# မှန်တာပြောသစ္စာ

## မောင်ဝံသ



အမှန်တရားကိုဖော်ထုတ်တဲ့ဆောင်းပါးများ

မောင်ဝံသ

မုန်တာပြော သစ္စာ

ပထမအကြိမ် - ဩဂုတ်လ၊ ၂၀၁၃
တန်ဖိုး - ၂၀၄၀ ကျပ်

**ဖြန့်ချိရေး**
ဒေါင်းစာပေ
၁၁၃၊ ၃၃လမ်း(အလယ်လမ်း)၊ ကျောက်တံတား။ ရန်ကုန်မြို့။
ဖုန်း- (၀၁) ၃၇၃၂၁၀ / ၀၉၅၀၄၀၉၉၄
e-mail: daung73@gmail.com

ထုတ်ဝေသူ-ဒေါ်ခင်မျိုးမြတ် (၀၃၃၈၄)၊ နန်းဒေဝီစာပေ - အမှတ် ၂၁၅၊ ရှမ်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ အတွင်းနှင့် အဖုံး ပုံနှိပ်သူ-ဒေါ်ခင်လှ (စာပေလောက) ၁၇၃၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ စာမူ ခွင့်ပြုချက်အမှတ် ၃၁၀၀၈၄၀၉၀၉။ မျက်နှာဖုံး ခွင့်ပြုချက် အမှတ် ၃၁၀၀၀၃၀၁၁၀။ စောင်ရေ - ၅၀၀။ အဖုံးသရုပ်ဖော်- ကာတွန်း ငွေကြည်။ အဖုံးဒီဇိုင်း - ချစ်ကြည်

၉၅၉.၁၀၃၂၀

ဝံသ ၊ မောင်
မုန်တာပြော သစ္စာ/ မောင်ဝံသ။ - ရန်ကုန် ၊
ဒေါင်းစာပေ ၊ ၂၀၁၀ ။
၁၉၂ - စာ ၊ ၁၃. ၁ × ၂၁.၄ စင်တီ။
(၁) မုန်တာပြော သစ္စာ

# မှန်တာပြောသစ္စာ

မောင်ဝံသ

## ၂၀၁၁ ဇွန်လအထိ မောင်ဝံသ ရေးသားထုတ်ဝေပြီး စာအုပ်များ

၁။ ကစ်ဆင်းဂျား (အတ္ထုပ္ပတ္တိ) ၁၉၇၃၊၁၉၇၃၊၁၉၇၄
၂။ မိုရှေဒါယန် (အတ္ထုပ္ပတ္တိ) ၁၉၇၄၊၁၉၇၆၊၂၀၀၂
၃။ နစ်ဆင် (အတ္ထုပ္ပတ္တိ) ၁၉၇၄
၄။ အာယန်းဒေး(သို့)ချီလီပြည်မှကြယ်နီ(အတ္ထုပ္ပတ္တိ) ၁၉၇၅
၅။ အီဂျစ်သမ္မတဆာဒတ် (အတ္ထုပ္ပတ္တိ) ၁၉၇၅၊၁၉၇၇
၆။ သမ္မတကတော်၏ ဘဝခရီး (အတ္ထုပ္ပတ္တိ) ၁၉၇၆၊၂၀၀၄
၇။ မာရှယ်တီတိုး (အတ္ထုပ္ပတ္တိ) ၁၉၇၇၊၁၉၈၀၊၂၀၀၇
၈။ မြန်မာချစ်သော မောင့်ဘက်တန် (အတ္ထုပ္ပတ္တိ) ၁၉၇၈၊၂၀၀၃၊၂၀၀၇
၉။ ခရူးရှက် (အတ္ထုပ္ပတ္တိ) ၁၉၇၉
၁၀။ ကစ်ဆင်းဂျား၏ အိမ်ဖြူတော်နှစ်များ ၁၉၈၁၊၂၀၀၃
၁၁။ မိုးမမြင်မြေမမြင် (ဘာသာပြန်) ၁၉၈၁၊၂၀၀၂
၁၂။ ခေတ်ပြိုင် ကမ္ဘာ့ရေးရာ အဘိဓာန် ၁၉၈၂
၁၃။ ကစ်ဆင်းဂျား၏ ကသောင်းကနင်းများ ၁၉၈၃၊၂၀၀၃
၁၄။ စတီးဝဲလ်နှင့် မြန်မာပြည်စစ်မျက်နှာ ၁၉၈၄၊၂၀၀၃
၁၅။ ရွှေနေကြီး ပယ်ရီမေဆင်နှင့် ခွေးအူသံအမှု
၁၆။ - နှင့် ခုနစ်လွှာပျိုဖြူအမှု
၁၇။ - နှင့် တေလေမအမှု
၁၈။ - နှင့် လျှို့ဝှက်သော စာရေးဆရာမအမှု
၁၉။ - နှင့် သေနတ်ကိုင်သော ကလေးအမှု
၂၀။ - နှင့် ကတ္တီပါလက်သည်းအမှု
၂၁။ - နှင့် စားပွဲထိုးမကလေးအမှု
၂၂။ - နှင့် ခြေရာပျောက်သက်သေအမှု
၂၃။ - နှင့် ကချေသည်အမှု
၂၄။ - နှင့် ဆေးလိပ်သည်မလေးအမှု
၂၅။ - နှင့် အစားထိုးမျက်နှာအမှု
၂၆။ - နှင့် လက်နှိပ်စက် စာရေးမအမှု
၂၇။ - နှင့် နှစ်ခြမ်းကွဲအိမ်ကြီးအမှု
၂၈။ - နှင့် အမွေခံသမီးအမှု
၂၉။ - နှင့် အိုင်အိုယူ လူသတ်မှု
၃၀။ - နှင့် လင်ကွာမလေး အမှု (၁၉၇၉-၁၉၉၃)
၃၁။ အရှင်ဇနကာဘိဝံသ၏
သာသနာရေး မှော်မှန်းချက်များ ၁၉၉၃
၃၂။ ကြယ်များဆီသို့(အာကာသသိပ္ပံဥာဏ်စမ်းပဟေဠိ)၂၀၀၂

၃၃။ ဒုတိယအတွေး (အတွေးအမြင်ဆောင်းပါးများ) ၂၀၀၃
၃၄။ ကမ္ဘာ့ထိပ်တန်းနိုင်ငံများ၏
နိုင်ငံရေး၊ စီးပွားရေး မြင်ကွင်းကျယ် ၂၀၀၃
၃၅။ ဂလိုဘယ်လိုက်ဇေးရှင်း သဲတရုပ်ရုပ် ၂၀၀၃
၃၆။ နိုင်ငံတကာအတွေး နိုင်ငံတကာအမြင် ၂၀၀၃
၃၇။ သတင်းစာပညာ သဘောတရားနှင့်လက်တွေ့ ၂၀၀၅
၃၈။ မှတ်ဖွယ်သုတ ၂၀၀၅
၃၉။ မှတ်ဖွယ်သုတ-၂ ၂၀၀၆
၄၀။ ဖူကူးယားမ သိုးမလေးဒေါ်လီ အီဒီအာမင်နှင့်
မျက်မှောက် ကမ္ဘာ့ရေးရာ ၂၀၀၅
၄၁။ နိုင်ငံခြားသွား စီးပွားရေးလုပ်မည်ဆိုလျှင် ၂၀၀၆
၄၂။ အတ္ထုပ္ပတ္တိအဘိဓာန် ၂၀၀၇
၄၃။ သူတို့ဆီက စာမြည်းများ ၂၀၀၇
၄၄။ ဂလိုဘယ်လိုက်ဇေးရှင်း ဒုတိယလှိုင်း ၂၀၀၇
၄၅။ မည်သို့သော လူဖြစ်ရမည်နည်း ၂၀၀၇
၄၆။ ဝေါမြို့က မိုဂိုးသို့ ၂၀၀၇
၄၇။ အမေရိကန်နိုင်ငံနှင့် ယနေ့ကမ္ဘာ၊
ယုံကြည်မှု ပြန်လည်တည်ဆောက်ခြင်း ၂၀၀၈
၄၈။ သတင်းဦးကာ ၂၀၀၈
၄၉။ ကမ္ဘာ့စီးပွားရေးဇာတ်ခုံပေါ်က ပုံရိပ်များ ၂၀၀၈
၅၀။ မိတ်ဆွေတိုးပွားရေး ၂၀၀၉
၅၁။ မှတ်ဖွယ်သုတ-၃ ၂၀၀၉
၅၂။ အရင်းရှင်စနစ်၏အနာဂတ်နှင့် ကမ္ဘာ့ရွေ့ရေး ၂၀၀၉
၅၃။ ပါဝါအပျော့နှင့် ကျားလေးကောင် ၂၀၀၉
၅၄။ နိုင်ငံကြီးသားများရဲ့ အက်တီကက် ၂၀၀၉
၅၅။ မာဂရက်သက်ချာ (နိုင်ငံရေး အတ္ထုပ္ပတ္တိ) ၂၀၁၀
၅၆။ ရှာမှ ရှားတဲ့နိုင်ငံရေးသမား ၂၀၁၀
၅၇။ ပစ်တိုင်းထောင် နိုင်ငံရေးသမား တိန့်ရှောင်ဖိန် ၂၀၁၀
၅၈။ ဝေါမြို့က လာခဲ့တယ် ၂၀၁၀
၅၉။ နိုင်ငံရေး စာကိုးစကားကိုး ၂၀၁၁
၆၀။ ခေတ်မီ နိုင်ငံရေးဝေါဟာရ အဘိဓာန် ၂၀၁၁
၆၁။ နိုင်ငံရေးစာရေးဆရာ တွမ်ပိန်း ၂၀၁၁
၆၂။ ပထမတန်းစားနိုင်ငံ၊ ပထမတန်းစားစိတ်ဓာတ် ၂၀၁၁
၆၃။ ကမ္ဘာ့သမိုင်းမှတ်တိုင်များနှင့်
ကမ္ဘာ့သတင်းထူးများမှတ်တမ်း ၂၀၁၂

## စာရေးဆရာ၊ သတင်းစာဆရာ ဦးစိုးသိမ်း (မောင်ဝံသ) ကိုယ်ရေး မှတ်တမ်း

အမည်ရင်း ဦးစိုးသိမ်း။ ၁၉၄၅ ခုနှစ် ဧပြီလ ၁၇ ရက်နေ့တွင် ပဲခူးတိုင်း၊ ဝေါမြို့နယ်၊ မြစ်ကျိုးရွာတွင် အဖ ဦးမောင်ခင်၊ အမိ ဒေါ်မြစိန်တို့မှ ဖွားမြင်သည်။ မြစ်ကျိုးရွာတွင် မူလတန်း၊ ပဲခူးမြို့ အမျိုးသားတန်းမြင့်ကျောင်း (ယခု အ.ထ.က ၃)တွင် ဆယ်တန်းအထိ၊ ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့(မြန်မာ၊ အင်္ဂလိပ်၊ ဘောဂဗေဒ၊ အနောက်တိုင်းသမိုင်း၊ ဒဿနိကဗေဒ ဘာသာတွဲဖြင့်) ၁၉၆၇ ၌ အောင်မြင်သည်။

၁၉၆၇ တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းစာပညာသင်တန်းကျောင်း။ ပထမပတ် သင်တန်းမှ သင်တန်းဆင်းခဲ့သည်။ အသက်မွေးဝမ်းကျောင်း သတင်းစာပညာ ဖဲလိုးရှစ် (Professional Journalism Fellowship)၊ မစ်ရှီဂန်တက္ကသိုလ်၊ အမေရိကန်နိုင်ငံ (၁၉၇၇)၊ ရေဂင်-ဖာ့ဆဲလ် (Reagan-Fascell Democracy Fellowship) ဒီမိုကရေစီ ဖဲလိုးရှစ်၊ ဝါရှင်တန်ဒီစီ၊ အမေရိကန်နိုင်ငံ (၂၀၁၀-၂၀၁၁)တို့ ရရှိခဲ့သည်။

လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ အယ်ဒီတာအဖွဲ့ဝင် (၁၉၆၅-၁၉၇၀)၊ မြန်မာ့အလင်းသတင်းစာ စီနီယာအယ်ဒီတာ (၁၉၇၀-၁၉၇၈)၊ ဟံသာဝတီသတင်းစာ၊ ခေါင်းကြီး ဆောင်းပါး အယ်ဒီတာ (၁၉၇၈)၊ ဗိုလ်တထောင်သတင်းစာ သတင်းအယ်ဒီတာ (၁၉၇၈-၁၉၈၈)၊ ခေါင်းစာပေ တည်ထောင်သူနှင့် အုပ်ချုပ်သူ (၁၉၇၃ မှ ယနေ့အထိ)၊ **'အတွေးအမြင်'** မဂ္ဂဇင်း တည်ထောင်သူနှင့် စီစဉ်သူ (၁၉၈၄ မှ ယနေ့အထိ)၊ **'သတင်းထူးဂျာနယ်'**၊ **'ဘက်စုံဂျာနယ်'** ထုတ်ဝေသူ၊ အယ်ဒီတာ (၁၉၈၈)၊ **'တော်ဝင်ဂျာနယ်'** အယ်ဒီတာ (၁၉၉၄-၉၅)၊ **'ပြည်သူ့ခေတ်ဂျာနယ်'** ထုတ်ဝေသူ၊ အယ်ဒီတာ (၂၀၁၀ မှ ယနေ့အထိ) လုပ်ကိုင်ခဲ့သည်။

နိုင်ငံရေး လူမှုရေး ဆောင်ရွက်ချက်များအနေဖြင့် ပဲခူးခရိုင်ကျောင်းသားသမဂ္ဂ၊ ရန်ကုန်တက္ကသိုလ် ဗုဒ္ဓဘာသာအသင်းကြီး အမှုဆောင် (၁၉၆၁-၆၂)၊ ပြည်ကျောင်းဆောင်၊ တကောင်း ကျောင်းဆောင်၊ ပင်းယကျောင်းဆောင် သဟာယနှင့် စာဖတ်အသင်းများနှင့် ရန်ကုန်တက္ကသိုလ် ကျောင်းသားညီညွတ်ရေးတပ်ဦး၊ ကျောင်းသား အခွင့်အရေး ကာကွယ်မှုကော်မတီ အစရှိသော ကျောင်းသား အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။

အထက်တန်းကျောင်းသားဘဝကတည်းက ကျောင်းမဂ္ဂဇင်းနှင့် စာနယ်ဇင်းအချို့တွင် ကလောင်သွေးခဲ့သည်။ ၁၉၆၂-၆၃ တွင် အထောက်တော်သတင်းစာ၏ တက္ကသိုလ်သတင်းထောက်အဖြစ် လုပ်ကိုင်ပြီး ရန်ကုန်တက္ကသိုလ် သတင်းထောက်အသင်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။

၁၉၇၃ တွင် **ဒေါက်တာဟင်နရီကစ်ဆင်းဂျား** နိုင်ငံရေး အတ္ထုပ္ပတ္တိစာအုပ်ကို ရေးသားထုတ်ဝေခြင်းဖြင့် လုံးချင်းစာအုပ်နယ်ပယ်သို့ စတင်ဝင်ရောက်သည်။ ထိုနှစ်ကစ၍ ဒေါင်းစာပေကို စတင် တည်ထောင်သည်။ နိုင်ငံရေးအတ္ထုပ္ပတ္တိစာအုပ်များ ဆက်တိုက် ရေးသားခဲ့သည်။

၁၉၈၈ ခုနှစ် ၈ လေးလုံး အရေးတော်ပုံကြီးတွင် သတင်းစာတိုက်ပေါင်းစုံ သပိတ်ကော်မတီကို ဦးဆောင်သူတစ်ဦးအဖြစ် ပါဝင်ခဲ့သဖြင့် ဗိုလ်တထောင် သတင်းစာတိုက် အယ်ဒီတာအဖြစ်မှ အငြိမ်းစားပေးခြင်း ခံခဲ့ရသည်။ ထို့နောက် ၁၉၈၈ မှ ၂၀၀၁ အထိ နိုင်ငံရေးနယ်သို့ ရောက်ရှိသွားကာ စာပေနယ်နှင့် ကင်းကွာခဲ့သည်။ ဟံသာဝတီ ဦးဝင်းတင်ကို အကြောင်းပြု၍ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်သို့ဝင်ရောက်ပြီး ပဲခူးတိုင်း စည်းရုံးရေးအဖွဲ့ဝင်၊ ဗဟိုဦးစီး အဖွဲ့ဝင်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် အဖြစ် အဆင့်ဆင့် တာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဝေါ်မြို့နယ် အမှတ် ၂ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံခဲ့ရသည်။ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခဲ့စဉ်အတွင်း ၁၉၈၉၊ ဇူလိုင် ၂၀ ရက်မှ ၁၉၉၀၊ ဧပြီ ၂၄ အထိ ပုဒ်မ ၁၀(က)ဖြင့် တစ်ကြိမ် အင်းစိန်ထောင်တွင် ထိန်းသိမ်းခံရပြီး ၁၉၉၀၊ အောက်တိုဘာ ၂၃ တွင် ပြန်လည် အဖမ်းခံရသည်။ ဤတစ်ကြိမ်တွင် စစ်ခုံရုံးမှ ထောင်ဒဏ် ၇ နှစ် ချမှတ်လိုက်သော်လည်း ဗိုလ်ချုပ်မှူးကြီး စောမောင်နှင့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အာဏာ အပြောင်းအလဲကြောင့် ၁၉၉၂၊ ဧပြီ ၂၉ တွင် ပြန်လည် လွှတ်မြောက်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည် ၁၉၉၅၊ ဇူလိုင်လတွင် နေအိမ်အကျယ်ချုပ်မှ ပထမအကြိမ် ပြန်လည် လွှတ်မြောက်လာပြီးနောက် ဝန်းရံကူညီပေးမှုကြောင့်ဟု ဆိုကာ ၁၉၉၆၊ မေလ ၂၁ ရက်မှ ၂၀၀၁၊ ဇွန်လ ၁၃ ရက်အထိ ပုဒ်မ ၁၀(က)ဖြင့် အင်းစိန်ထောင်တွင် ထိန်းသိမ်းခြင်း ခံခဲ့ရသည်။

၂၀၀၁ ဇူလိုင်လမှစ၍ စာပေနယ်သို့ ပြန်ရောက်ကာ မဂ္ဂဇင်း၊ ဂျာနယ်များတွင် ဆောင်းပါး၊ ဝတ္ထုနှင့် နိုင်ငံတကာရေးရာ ဝေဖန်ချက်များ ရေးသားလျက် ရှိပါသည်။ မိမိအပေါ် ကျေးဇူးတရားကြီးမားခဲ့သော သတင်းစာလောကအား ကျေးဇူးဆပ်သည့် အနေဖြင့် စာနယ်ဇင်းသမားမျိုးဆက်သစ်များအတွက် အထောက်အကူ ဖြစ်စေရန် **'သတင်းစာပညာ သဘောတရားနှင့် လက်တွေ့'** ကျမ်းကို ရေးသားပြုစုပြီး ၂၀၀၅ ခုတွင် ပုံနှိပ်ထုတ်ဝေရာ သုတစွယ်စုံ စာပေဆု ရရှိခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် ထုတ်ဝေသော **'အတ္ထုပ္ပတ္တိ အဘိဓာန်'** စာအုပ်ဖြင့် ထွန်းဖောင်ဒေးရှင်း

စာပေဆုကို ရရှိခဲ့သည်။ ၂၀၁၀ တွင် ထုတ်ဝေခဲ့သော **'ရှာမှ ရှားတဲ့ နိုင်ငံရေးသမားနှင့် နိုင်ငံရေးဆောင်းပါးများ'** စာအုပ်ဖြင့် ၂၀၁၁ ခု သုတစွယ်စုံစာပေဆု ရရှိခဲ့သည်။ ၂၀၁၂ ခုတွင် ထုတ်ဝေသော **'ခေတ်ပေါ် နိုင်ငံရေးဝေါဟာရ အဘိဓာန်'** စာအုပ်ဖြင့် ထွန်းဖောင်ဒေးရှင်း စာပေဆု ရရှိသည်။ စာပေသက်တမ်းအတွင်း ၂၀၁၂ ခုနှစ်အထိ စာအုပ် ၆၂ အုပ် ရေးသား ထုတ်ဝေပြီး ဖြစ်သည်။

၂၀၁၁ နှင့် ၂၀၁၂ ခုနှစ်များအတွက် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၂၀၁၁ ခုနှစ်အတွက် အမျိုးသားသတင်းဆု ကော်မတီ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

နိုင်ငံရေး အကျဉ်းသားဟောင်းများနှင့် လက်ရှိနိုင်ငံရေး အကျဉ်းသားများအား ကူညီထောက်ပံ့ရန် ဟံသာဝတီဦးဝင်းတင် ဖောင်ဒေးရှင်းကို တည်ထောင်ရေးအတွက် ၂၀၁၂ မတ်လတွင် စတင် လှုံ့ဆော် အကောင်အထည်ဖော်ခဲ့ပြီး ကိုယ်တိုင်လည်း ဘဏ္ဍာထိန်းတစ်ဦးအဖြစ် ဆောင်ရွက်လျက်ရှိသည်။

၂၀၁၂ ခု ဩဂုတ်လတွင် နှစ် ၅၀ အတွင်း ပထမဦးဆုံးအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သတင်းစာဆရာများ ညီလာခံမှ ရွေးကောက်တင်မြှောက်၍ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (Myanmar Journalists Association-MJA)၏ ဥက္ကဋ္ဌအဖြစ် တာဝန် ထမ်းဆောင်လျက် ရှိသည်။ ၂၀၁၂ ခု စက်တင်ဘာလတွင် မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ)ကို ဖွဲ့စည်းရာ ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်ခြင်း ခံရသည်။

ကျန်းမာရေးအခြေအနေ ဆိုးရွားလာမှုကြောင့် ဝိတိုရိယဆေးရုံတွင် ဆေးကုသမှု ခံယူခဲ့သည်။ ဆေးရုံတွင် ရှိနေစဉ်အတွင်း ၁၊ ဩဂုတ်၊ ၂၀၁၃ နေ့က ပြည်သူ့ခေတ်ဂျာနယ် 'ပြောချင်လွန်းလို့' ကဏ္ဍအတွက် '၂၆ နှစ်တာအတွက် ၂၆ ရက်ကြာ လက်စားချေခြင်း' စာမူကို နောက်ဆုံး ရေးသားခဲ့သည်။

၁၁၊ ဩဂုတ်၊ ၂၀၁၃၊ တနင်္ဂနွေနေ့ နံနက် ၆ နာရီ ၁၅ မိနစ်တွင် ဝိတိုရိယဆေးရုံတွင် ကွယ်လွန်သည်။ အမှတ် ၃၀၀၊ အခန်း ၆ (အေ)၊ မဟာဝဇ္ဇိရလမ်းမြလမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်လျက်ရှိပြီး ကွယ်လွန်ချိန်တွင် ဇနီးဒေါ်မြင့်မြင့်(ဒေါင်းစာပေ၊ အတွေးအမြင် မဂ္ဂဇင်း)၊ သမီးကြီး မထိုက်ထိုက်စိုး(ထိုက်)၊ သမီးလတ် မလတ်လတ်စိုး (လွတ်လပ်စိုး)၊ သားကြီး နောင်နောင်စိုး၊ သားငယ် ဒေါက်တာ ချမ်းသာစိုး၊ မြေး မောင်ရဲပြည့်ထိုက်နှင့် မလီလီစိုး တို့ ကျန်ရစ်သည်။

# မာတိကာ


ဆေးရုံပေါ်က အမှာစာ

လူ့အဖွဲ့အစည်းအတွက် အပေါင်းလက္ခဏာများ ၁၃

ဗိုးသုညတွေ ကြီးစိုးလွှမ်းမိုးတဲ့ခေတ် ၁၈

ပင်နယ်တီတော့ ကန်လိုက်ပြီ ၂၂

လူငယ်တွေအတွက် ဗိုရမ် ၂၆

ကျွန်တော်နှင့် ထောင်းအိမ်မက်များ ၃၀

အိမ်နီးချင်းဆက်ဆံရေးနှင့် အမျိုးသားရေးသတိ ၃၅

ပညာရေးမှာ ဘာတွေမှားခဲ့သလဲ ၄၀

လွှမ်းစရာနဲ့နာစရာ ဘယ်ဟာကို ရွေးထားကြမလဲ ၄၄

မဏ္ဍိုင်ကြီး သုံးခု အပြန်အလှန်စစ်ဆေးထိန်းညှိနိုင်တဲ့စနစ် ၄၈

သံချပ်အလွမ်း ၅၃

ဘြိဂ်ထဲက ထွက်ကြစို့ ၅၈

ထိုင်းမှာ ဒီမိုကရေစီ မသေသေးဘူး ၆၂

ဂေါ်ဘာချော့ သို့မဟုတ် မစစ်မှန်တဲ့အင်အားအတွင်းက
မွေးထုတ်လိုက်တဲ့ အဖျက်သဘော ၆၆

လက်ခုပ်ဩဘာပေးဖို့ ပြင်ထားပါတယ် ၇၂

အနုတ်လက္ခဏာ မဖြစ်စေချင်ပါ ၇၆

ရှေ့နေသားအဖပုံပြင် ၈၀

လူတွေ သိပ်မကြောက်တတ်ကြတော့ဘူးဆိုရင် ၈၄

ဒီမိုကရေစီ ကျင့်သုံးမှု ဆန်းစစ်ဖို့ ပေတံတစ်ချောင်း ၈၈

နိုင်ငံရေး ဗဟုသုတ ဘယ်လိုဖြန့်ကြမလဲ ၉၂

ရှောင်သုံးခုနဲ့ ဖျံကြောင်ငါး ၉၆

ဆန်ရှင်တစ်မြစ် တွေ့အောင် ရှာ ရအောင်ရှင်း ၁၀၀

ပြည်သူတွေ ပါဝင်ရမယ့် နိုင်ငံရေးတစ်ခေတ်ဆန်းပြီ ၁၀၈

နိုင်ငံရေးလုပ်ရမှာ မကြောက်ပါနဲ့ ၁၁၂

အရေးကြီး နိုင်ငံရေး အချိုးအကွေ့တစ်ခုနှင့်
ရိုးသားပွင့်လင်းသော ရှုမြင်ချက် ၁၁၇

ဂျာနယ်တွေ ပိုပြီး ဖတ်ကောင်းလာဦးမယ် ၁၂၁

တံခါးပေါက်ကြီးရဲ့တကျွီကျွီမြည်သံ ၁၂၅

တော်လှန်မျိုးဆက်မှ တည်ဆောက်ရေးမျိုးဆက်သို့ ၁၂၉

ဒီမိုကရေစီခရီး နီးအောင်ပင်လှမ်း ၁၃၄

ကြိုးနီစနစ်နဲ့ ဗျူရိုကရက်	၁၃၉
မေတ္တာ ကရုဏာ မုဒိတာ နိုင်ငံရေး	၁၄၂
လွှတ်တော်နိုင်ငံရေး နင်းဆီနိုင် အဖြစ်သို့	၁၄၆
မောင်ဝံသ သတိဆွဲလိုက်ပြီ	၁၅၀
အချိန်တရားသူကြီး၏ အဆုံးအဖြတ်	၁၅၅
နိုင်ငံရေးမှာ ပြည်သူအများစု ပါဝင်ရမယ်	၁၅၉
အသွင်ကူးပြောင်းရေးကာလ ပြဿနာ အချို့	၁၆၃
အတိုက်အခံအကွဲနှင့် ရွေးကောက်ပွဲ ရလဒ်	၁၆၉
ဒီမိုကရေစီကို အရိပ်တကြည့်ကြည့်	၁၇၃
နွံအိုင်လည်းမဟုတ် ခြောက်အိပ်မက်လည်းမဟုတ်	၁၇၈
နှုတ်တက်ရွရွ ရွတ်နေကြရမယ့် ဂါထာတစ်ပုဒ်	၁၈၂
အရင်းရှင်စနစ်အတွင်းက တော်လှန်ရေး	၁၈၆
ရာခိုင်နှုန်းပြည့်ထောက်ခံပါရစေ	၁၉၀

## ဆေးရုံပေါ်က အမှာစာ

**‘မှန်တာပြော သစ္စာ’** ဆောင်းပါးပေါင်းချုပ် ထုတ်ဝေရန် အသင့်ဖြစ်နေပြီလို့ ပြည်သူ့ခေတ် ပိုင်းတော်သားတွေက ပြောပြီး အမှာစာရေးနိုင်ရင် ရေးပေးဖို့ တောင်းဆိုလာပါတယ်။ ကျွန်တော်က ဝိတိုရိယဆေးရုံက မဆင်းရသေးပါဘူး။ ကျန်းမာရေး ပြန်လည်ထူထောင်နေရတုန်း ရှိပါသေးတယ်။ အခု အမှာစာကိုလည်း သမီးကို နှုတ်တိုက်ချပေးပြီး ရေးလိုက်ရပါတယ်။

**မှန်တာပြော သစ္စာ** ဆောင်းပါးတွေက True News သစ္စာဂျာနယ်မှာ ၂၀၀၈၊ ၂၀၀၉၊ ၂၀၁၀ လောက်က စာပေစိစစ်ရေးကို အရှောင်အတိမ်းတွေ နဲ့ ရေးခဲ့ရတဲ့ ဆောင်းပါးတွေ အများစုပါဝင် ပါတယ်။ True News မှာ ရေးခဲ့တဲ့ ဆောင်းပါးတွေအပြင် Messenger ဂျာနယ်၊ Popular News စတဲ့ ဂျာနယ်တွေမှာ ရေးခဲ့တဲ့ ဆောင်းပါးများကိုလည်း **မှန်တာပြော သစ္စာ** ခေါင်းစဉ်အောက်မှာ ထည့်သွင်း ဖော်ပြလိုက်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဆောင်းပါးအားလုံးဟာ **မှန်တာပြောသစ္စာ**ဆိုတဲ့ခေါင်းစဉ် အောက်မှာ ရှိသင့်တဲ့ အမှန်တရားကို ဖော်ထုတ်တဲ့ ဆောင်းပါးတွေလို့ ကျွန်တော် ယုံကြည်လို့ပါပဲ။

ဆင်ဆာ မလွတ်သေးသော နှစ်များတွင် စာပေစိစစ်ရေး၏ ‘ဖြတ် ထုတ် ဖြတ်’ စီရင်ချက်များကို သည်းညည်းခံ၍ ကျွန်တော်၏ **မှန်တာပြော သစ္စာ** ဆောင်းပါးများကို ဖော်ပြပေးခဲ့သော True News သစ္စာဂျာနယ် အယ်ဒီတာအဖွဲ့နှင့် Popular News ဂျာနယ်၊ Messenger ဂျာနယ် အယ်ဒီတာအဖွဲ့များအား ကျေးဇူးတင်စကားမပြောလျှင် ကျွန်တော်၏ တာဝန်မကျေဟု ခံယူလျက် ဤနေရာမှနေ၍ လှိုက်လှဲစွာ ကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုက်ပါသည်။

**မောင်ဝံသ**

၂၄၊ ဇူလိုင်၊ ၂၀၁၃

# လူ့အဖွဲ့အစည်းအတွက် အပေါင်းလက္ခဏာများ

အခုတလော ကျွန်တော်တို့နိုင်ငံမှာ မျှော်လင့်အားတက်စရာ ဖြစ်ရပ်အချို့ ခပ်စိပ်စိပ် ပေါ်ထွက်လာနေတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ အဲဒီထဲမှာ နိုင်ငံ့ အရေးကိစ္စမှန်သမျှရဲ့ အခေါင်အချုပ်ဖြစ်တဲ့ နိုင်ငံရေးနယ်ပယ်မှာ ထူးခြားသိသာတဲ့ အပြောင်းအလဲတွေ ပေါ်ထွက်လာနိုင်ဖွယ်ရှိတဲ့ အရိပ်လက္ခဏာတွေကို မြင်တွေ့နေကြရခြင်းက ဆယ်စုနှစ် နှစ်ခုကျော်ကာလအတွင်း ကျွန်တော်တို့ နိုင်ငံသားတွေရဲ့ မျှော်လင့်ချက် အဆင့်ကို အမြင့်ဆုံးသို့ ရောက်ရှိနေစေခဲ့တာ ဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့လို မြန်မာနိုင်ငံ အတွင်းမှာ တစ်လျှောက်လုံး ရှိလာခဲ့ကြ သူတွေရဲ့ သဘောထားမျှသာ မဟုတ်ပါဘူး။ ရှစ်ဆယ့်ရှစ် လှုပ်ရှားမှုကြီးနဲ့ ဆက်စပ်ပြီး ပြည်ပကိုရောက်ရှိ သွားခဲ့ကြသူတွေ ဟာလည်း တိုင်းပြည်အနာဂတ်နဲ့ ပတ်သက်ပြီး စိတ်ဝင်တစား စောင့်ကြည့်နေ ကြတယ်ဆိုတဲ့ အသံတွေ ကြားနေရပါတယ်။ ရှစ်ဆယ့်ရှစ် လှုပ်ရှား ရုန်းကန် မှုကြီးရဲ့ အကျိုးဆက်ရလဒ်တစ်ခုအဖြစ် ပေါ်ထွက်လာခဲ့တဲ့ 'ဗမာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး' (ABSDF) အမည်ရှိ လက်နက် ကိုင် ကျောင်းသားအဖွဲ့အစည်းရဲ့တက်ကြွ လှုပ်ရှားသူတစ်ဦး အဖြစ်ကနေ ပညာရှင်အဖြစ်ကို ပြောင်းလဲသွားခဲ့သူတစ်ဦး နေပြည်တော် နီးနှောဖလှယ်ပွဲတစ်ခုကို ရောက်လာပြီး 'နှစ်ပေါင်းနှစ်ဆယ်အတွင်း ဒီလို အခြေအနေမျိုး တစ်ခါမှ မကြုံခဲ့ဖူးလို့ ရင်တွေခုန်နေပါတယ်' လို့ ပြောခဲ့တဲ့ အကြောင်း မှတ်သား လိုက်ရတယ်ဗျ။

## အရပ်ဘက်အခြေပြု လူထု အဖွဲ့များ

ကျွန်တော်တို့နိုင်ငံမှာ (နည်းလွန်းပြီး နှေးလွန်းသေးတယ်လို့ ဆိုလိုက ဆိုစေ ဦးတော့) အခုလို နိုင်ငံရေး အခြေအနေတွေ ပြောင်းလဲ တိုးတက်လာနေချိန်မှာ ကျွန်တော် ထူးထူးခြားခြား သတိပြုမိနေတဲ့အပြောင်းအလဲနယ်ပယ် တစ်ခုကတော့ Civil

Society လို့ ခေါ်တဲ့ အရပ်ဘက်အခြေပြု လူထုအဖွဲ့အစည်းများ နယ်ပယ် ဖြစ်ပါတယ်။ အခုတလော သီးသန့် ပရဟိတလုပ်ငန်းတစ်ခုခုကို အာရုံစိုက် လုပ်ဆောင်ဖို့ စိတ်တူကိုယ်တူ သဘောချင်းတူမျှကြတဲ့ မိတ်ဆွေတွေ စုစည်းပြီး အဖွဲ့ကလေးတွေ ဖွဲ့စည်းတည်ထောင်လာကြတဲ့ သတင်းတွေကို ကျွန်တော်တို့ အဆက်မပြတ် ကြားလာနေရပါတယ်။

ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှု (တစ်နည်း) ကမ္ဘာကြီးပူနွေးလာမှုကို အန်တုစိန်ခေါ်ဖို့ ရည်ရွယ်ချက်နဲ့ ဖွဲ့စည်းထားတဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရေးအဖွဲ့တွေ၊ ငွေကြေးချို့တဲ့ဆင်းရဲနွမ်းပါးသူတွေမှာ သွေးလိုအပ်တဲ့ ပြဿနာ ပေါ်ပေါက်လာရင် နေရာမရွေး အချိန်မရွေး သွေးရရှိစေဖို့ ရည်ရွယ်ချက်နဲ့ ဖွဲ့စည်းထားတဲ့ သွေးလှူရှင် အဖွဲ့တွေ၊ ကျူရှင်လခမတတ်နိုင်လို့ အခြေခံပညာရေးနဲ့ ဖြစ်စေ အဆင့်မြင့် ပညာရေးနဲ့ဖြစ်စေ အလှမ်းဝေးနေကြရရှာသူတွေကို ပညာအလှူပေးဖို့ ရည်ရွယ်ချက်နဲ့ ဖွဲ့ထားတဲ့ ပညာဒါနအဖွဲ့တွေ၊ လက်ဦး ဆရာမည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဖဆိုတဲ့ လူသားတွေရဲ့ ပထမဦးဆုံးသော ဆရာဖြစ်တဲ့ မိဘနှစ်ပါးမရှိရှာကြလို့ လူ့အဖွဲ့အစည်းမှာ အမြဲတမ်း အောက်ကျ နောက်ကျနဲ့ နေသွားကြရဖို့များနေတဲ့ ကံအကျိုးပေးမလှသူ ကလေးငယ်တွေအတွက် တတ်နိုင်သမျှ ထောက်ပံ့ ကူညီဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဖွဲ့ထားတဲ့ မိဘမဲ့ ကလေး ကူညီရေးအဖွဲ့တွေ၊ အသက်တစ်ရာမနေရပေမယ့် အမှုတစ်ရာ ကြုံရတတ်တယ်ဆိုတဲ့ လူလောကကြီးမှာ တရားမျှတမှုကို တောင်းဆိုဖို့ မစွမ်းနိုင်ရှာကြသူတွေကို ဖေးမ ကူညီဖို့ ရည်ရွယ်ချက်နဲ့ ဖွဲ့ထားတဲ့ ဥပဒေ အထောက်အကူ ပြုအဖွဲ့တွေ၊ နိုင်ငံတကာ အဆင့်မီဆေးရုံကြီးတွေ ဟောတစ်ခု ဟောတစ်ခု ပေါ်ပေါက်လာနေချိန်မှာ ကွမ်းယာဆိုင်က စပ်ဆေးလေးတွေနဲ့ပဲ စခန်းသွားနေကြရရှာတဲ့ 'ဖွတ်ကျော ပြာစု ခရုဆန်ကျွတ်' လူတန်းစားတွေရဲ့ ကျန်းမာရေးအတွက် တတ်နိုင်သမျှ ကူညီ စောင့်ရှောက်ပေးဖို့ ရည်ရွယ်ချက်နဲ့ ဖွဲ့ထားတဲ့ ကျန်းမာရေးဒါနအဖွဲ့တွေ စသဖြင့် စသဖြင့် သာဓုမခေါ်ဘဲ မနေနိုင်လောက်စရာ ပရဟိတအဖွဲ့လေးတွေ အခုတလော အလျှိုအလျှိုပေါ်ထွက်လာတာကို မြင်တွေ့ကြားသိနေရပါတယ်။

## သုမင်္ဂလာဟောင်ဒေးရှင်း နီးနှောပလှယ်ပွဲ

ပြီးခဲ့တဲ့ စနေ တနင်္ဂနွေ စက်တင်ဘာ ၃-၄ က မော်ဘီ ညောင်နှစ်ပင်နားက မေတ္တာရှင် ရွှေပြည်သာကျောင်းမှာ ဒယ်အိုးဆရာတော်လို့ ထင်ရှားတဲ့ အရှင်သုမင်္ဂလက ပရဟိတ အသင်းပေါင်း ၁၀၀၀ကျော်ကို ဖိတ်ကြားပြီး ပရဟိတအသင်းများ

အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေး နီးနှောဖလှယ်ပွဲ တစ်ရပ် ကျင်းပတယ်။ သုမင်္ဂလာ ဖောင်ဒေးရှင်းတည်ထောင်ဖို့ပြင်ဆင်မှုတွေလည်း တင်ပြတယ်။ ပရိသတ် ၃၀၀၀ လောက်တက်ရောက်တဲ့ အဲဒီ နီးနှောဖလှယ်ပွဲကြီးကို ဧည့်သည်အဖြစ် ကျွန်တော်ရောက်သွားပါတယ်။ အလွန်မှလည်း ဝမ်းမြောက်ဝမ်းသာ သာခုခေါ်ခဲ့ရ ပါတယ်။

တကယ်တော့ ကျွန်တော်တို့နိုင်ငံသားတွေဟာ အကူအညီလိုအပ်နေသူတွေကို အကူအညီပေးတဲ့ကိစ္စ နယ်ပယ်မှာ တစ်နည်းပြောရရင် ပရဟိတ လုပ်ငန်းနယ်ပယ်မှာ ဒေသအဆင့်ကိုတောင် ကျော်လွန်ပြီး ကမ္ဘာ့အဆင့်အထိ ဂုဏ်သတင်း မွှေးပျံ့ ကျော်ကြားခဲ့တဲ့ နိုင်ငံသားတွေ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံကို အလည်အပတ် ရောက်ရှိဖူးကြတဲ့ နိုင်ငံခြားသားတိုင်းက ကျွန်တော်တို့ နိုင်ငံသားတွေရဲ့ ဖော်ရွေပျူငှာမှု၊ အကူအညီပေးတတ်မှုတို့ကို မထုတ်ဖော် မချီးကျူးဘဲ မနေနိုင်အောင် ဖြစ်လေ့ရှိကြတာ ကမ္ဘာသိဖြစ်ပါတယ်။ တစ်ဆက်တည်းပြောရရင် အဲဒီ အကူအညီပေးချင်တဲ့ စိတ်ဓာတ်အခံနဲ့ လွတ်လပ်မှုရဲ့ ပေါင်းစည်းခြင်းတစ်ခုအဖြစ် အရပ်ဘက်အခြေပြု လူထုအဖွဲ့အစည်းတွေ ကျွန်တော်တို့နိုင်ငံမှာ ထွန်းကားအားကောင်းခဲ့ဖူးပါတယ်။

## အပြောင်းအလဲများကြောင့်

ဒါပေမဲ့ အားလုံးသိကြတဲ့အတိုင်း ၁၉၆၀ အစောပိုင်းနှစ်တွေမှာ ပေါ်ပေါက်ခဲ့တဲ့ နိုင်ငံရေးအပြောင်းအလဲတွေက ကျွန်တော်တို့ လူ့ အဖွဲ့အစည်းရဲ့ အခြားသော နယ်ပယ်တွေလိုပဲ အဲဒီနယ်ပယ်ကိုလည်း ပြောင်းလဲပစ်လိုက်ပါတယ်။ ၁၉၆၄ ခုနှစ်မှာ ပြဋ္ဌာန်းလိုက်တဲ့ 'နိုင်ငံတော် စည်းလုံးညီညွတ်မှုကို ကာကွယ်စောင့်ရှောက်သော ဥပဒေ' က မြန်မာနိုင်ငံရေးမှာ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီမှတစ်ပါး အခြားသော နိုင်ငံရေးပါတီများရဲ့ တည်ရှိမှုကို နိဂုံးချုပ်သွားစေခဲ့တယ်။ တစ်ချိန်တည်းမှာ နိုင်ငံရေးရဲ့ အခက်အလက်မျှသာဖြစ်တဲ့ အဲဒီအရပ်ဘက် အခြေပြု လူထုအဖွဲ့အစည်းတွေဟာလည်း လုံးလုံးလျားလျား ပျောက်ကွယ်သွားတာ မဟုတ်ဘူးလို့ ပြောမယ်ဆိုရင်တောင် တစ်စတစ်စ ချည့်နဲ့အားနည်းသွားခဲ့ရတာတော့ အမှန်ပဲ ဖြစ်ပါတယ်။

## အချောင်သမား အတွေးအခေါ်တွေ

ပြည်သူလူထုအများစုကြီးရဲ့ စိတ်ဓာတ်ရေးရာ ရှုထောင့်ကကြည့်မယ် ဆိုရင်တော့ 'ဝဝစား ဝေးဝေးနေ ဝင်မပါနဲ့' ဆိုတဲ့ 'ဝသုံးလုံး' အတွေးအခေါ် 'မလုပ် မရှုပ် မပြုတ်'

ဆိုတဲ့ 'မသုံးလုံး' အတွေးအခေါ်၊ 'ခေါ်ရင်လာ နိုင်းတာလုပ် ခံမပြောနဲ့ ခိုးစား' ဆိုတဲ့ 'ခလေးလုံး အတွေးအခေါ်' စတဲ့ အချောင်သမား အတွေးအခေါ်တွေ လွှမ်းမိုးတွင်ကျယ်လာခဲ့တာ အမှန်ပါပဲ။ ဒီအခြေအနေနဲ့ တစ်ဆက်တည်းမှာ အများအကျိုးကို လွတ်လွတ်လပ်လပ် တန်းတူရည်တူ အခြေခံနဲ့ စိတ်တူသဘောတူသူတွေချင်း စုပေါင်းလက်တွဲလုပ်ဆောင်ကြရတာဖြစ်တဲ့ အရပ်ဘက် အခြေပြု လူထုအဖွဲ့အစည်းတွေ လုံးလုံးလျားလျား သက်ငင်ပြတ်မသွားဘဲ ဘာသာရေးဝတ်အသင်းတွေ ပုံသဏ္ဌာန်နဲ့ ငွေ့ငွေ့ကလေး ကျန်နေသေးတာအတွက်တော့ ကျွန်တော်တို့ နိုင်ငံသားတွေရဲ့ ပြင်းထန် နိုင်မာတဲ့ အများအကျိုးပြုစိတ်ဓာတ်ကိုလည်း ကျေးဇူးတင်ရပါတော့မယ်။

## ချိတ်ဆက်တည်းနှောင်ထားကြရတယ်

တကယ်တော့ အဖွဲ့အစည်းဆိုတာ ကျွန်တော်တို့လူသားတွေနဲ့ တစ်ပါတည်းလိုလို မွေးဖွားပေါ်ပေါက်လာခဲ့တဲ့ အရာတစ်ခုဖြစ်ပါတယ်။ သမိုင်းဦးဘုံမြေခေတ်မှာ ဆင်တွေ၊ ကြံ့တွေလိုလည်း ခွန်အားမကြီး၊ ကျားတွေ၊ ခြင်္သေ့တွေလိုလည်း မသန်မာ၊ မြွေတွေ၊ ကင်းတွေလိုလည်း အဆိပ်မရှိ၊ သမင်တွေ၊ ဒရယ်တွေလိုလည်း မပေါ့ပါး၊ မလျင်မြန်တဲ့ လူသားတွေဟာ မိမိတို့ဘဝရပ်တည်ရှင်သန်ရေးအတွက် မိမိတို့ အချင်းချင်း ကိုယ့်သဘောနဲ့ကိုယ် တစ်ယောက်နဲ့ တစ်ယောက် ချိတ်ဆက်တည်းနှောင်ထားကြတဲ့ လူ့အဖွဲ့အစည်းအပေါ်မှာပဲ လုံးလုံးလျားလျား မှီခိုအားထားခဲ့ကြရတာဖြစ်ပါတယ်။

ဒါကြောင့်လည်း 'လူဆိုတာ အဖွဲ့အစည်းအားဖြင့်သာ ရှင်သန် ရပ်တည် နိုင်တဲ့ တိရစ္ဆာန်တစ်မျိုးဖြစ်တယ်' (**Human is an social animal**) လို့ ပညာရှင်တွေက ဖွင့်ဆိုခဲ့ကြတာဖြစ်ပါတယ်။ လူသားရဲ့ အဲဒီမွေးရာပါပိုင်ခွင့်ကို လူသားဆီက ပုံသဏ္ဌာန်တစ်မျိုးမျိုးနဲ့ ခွဲထုတ်ဖို့ ကြိုးစားခဲ့သူ မှန်သမျှဟာလည်း မအောင်မြင်ခဲ့ကြောင်း အခိုင်အမာ အကြိမ်ကြိမ် သက်သေပြခဲ့ပြီးဖြစ်ပါတယ်။

အခုအချိန်မှာ ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံသားအားလုံး မျှော်လင့် တောင့်တနေကြတဲ့ ဒီမိုကရေစီနိုင်ငံတော်တစ်ခု ပေါ်ပေါက်လာတော့မယ်လို့ မျှော်လင့်နိုင်တဲ့ အရိပ်အယောင်တွေ စတင်မြင်တွေ့နေကြရပါပြီ။ ဒီအချိန်မှာ အရပ်ဘက် အခြေပြု လူထုအဖွဲ့အစည်းတွေ အပြိုင်းအရိုင်း ပေါ်ထွက်လာနေတာဟာ နိုင်ငံကို ချစ်မြတ်နိုးသူအားလုံး လိုက်လှဲနွှေးထွေးစွာ ကြိုဆိုကြရမယ့် အခြေအနေတစ်ရပ် ဖြစ်ပါတယ်။ ဒီကနေ့ ဂလိုဘယ် လိုက်ဇေးရှင်းခေတ်မှာ လူသားတွေ (တစ်နည်း) ပြည်သူတွေရဲ့ လိုလားချက်၊ လိုအပ်ချက်တွေဟာလည်း တစ်နေ့တခြား များပြားလာနေတာမို့

အဲဒါတွေ အားလုံးကို အစိုးရတစ်ခုတည်းက ဒိုင်ခံဖြေရှင်းပေးဖို့ ဘယ်လိုမှမဖြစ်နိုင်ဘူး ဆိုတဲ့ အချက်ဟာ အရင်ကထက် ပိုပိုပြီး ထင်ရှားပေါ်လွင် မြင်သာလာ နေပါ တယ်။ ဒါကြောင့်လည်း အခြေအနေနဲ့ လိုအပ်ချက်အရ အရပ်ဘက် အခြေပြု လူထု အဖွဲ့အစည်းတွေ ပေါ်ထွက်လာတာ ဖြစ်ပါတယ်။ တစ်နည်းပြောရရင် ဒီအဖွဲ့အစည်း တွေဟာ နိုင်ငံ့အကျိုး အမှန်တကယ် သယ်ပိုးထမ်းဆောင်နေတဲ့ အစိုးရတွေအတွက် အနုတ်လက္ခဏာ မဟုတ်ပါဘူး။ အပေါင်းလက္ခဏာသာ ဖြစ်ပါတယ်။ ဒီအချက်ကို သမ္မတကြီး ဦးသိန်းစိန် ဦးဆောင်တဲ့ မြန်မာနိုင်ငံ အစိုးရ ကလည်း ကောင်းကောင်းကြီး သိရှိထားလိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။

၆၊ စက်တင်ဘာ၊ ၂၀၁၁

○

# ဗိုးသုညတွေ ကြီးစိုးလွှမ်းမိုးတဲ့ခေတ်

နိုင်ငံရေး သဘောတရားနဲ့ ပတ်သက်ပြီး လွန်ခဲ့တဲ့ နှစ်သုံးလေးဆယ်လောက်က ဆရာဒဂုန်တာရာရဲ့ အဆိုအမိန့်တစ်ခုကို သတိရမိတယ်။ ဆရာက 'နိုင်ငံရေးဆိုတာ စီးပွားရေးစနစ် ပြုပြင်ပြောင်းလဲဖို့ လူစုလူဝေးနဲ့ တောင်းဆိုတာဖြစ်တယ်' လို့ ပြောခဲ့တာဖြစ်တယ်ဗျ။ ဖတ်ဖူးခဲ့တာ ကြာပြီဆိုတော့ တိတိကျကျတော့ ဟုတ်ချင်မှ ဟုတ်ပါလိမ့်မယ်။ ဒါပေမယ့် အဓိက ဆိုလိုချက်ကတော့ အဲဒီအတိုင်းဖြစ်တယ်လို့ ကျွန်တော် ပြောနိုင်တယ်ဗျ။

## ဓနဥစ္စာကို ဘယ်လို ခွဲဝေသလဲ

ဆရာ့ရဲ့စကားကို ကျွန်တော် နားလည်သဘောပေါက်တာကတော့ ကမ္ဘာမှာ ပေါ်ပေါက်ခဲ့သမျှ တော်လှန်ရေးတွေ၊ ပြည်တွင်းစစ်တွေ၊ လူထုအုံကြွမှုတွေအားလုံးဟာ နိုင်ငံရဲ့ ဓနဥစ္စာကို ဘယ်လိုခွဲဝေသလဲဆိုတဲ့ ကိစ္စအပေါ်မှာ မကျေမနပ်ဖြစ်ရာကနေ မြစ်ဖျားခံလာခဲ့ကြတာချည်းပဲဆိုတာ ဖြစ်တယ်ဗျ။ 'လူတိုင်းဟာ တစ်ခုခုကို ရောင်းပြီး အသက်ရှင်နေကြတာဖြစ်တယ်' ဆိုတဲ့ စကားလုံးတစ်ခုလိုပဲ ကမ္ဘာပေါ်မှာရှိသမျှ နိုင်ငံတိုင်းဟာလည်း မိမိပိုင်ဆိုင်တဲ့ သယံဇာတ အရင်းမြစ်တွေကိုဖြစ်စေ၊ မိမိ ထုတ်လုပ်တဲ့ ကုန်စည်နဲ့ဝန်ဆောင်မှုတွေကို ဖြစ်စေ ရောင်းချခြင်းကနေ မိမိရှင်သန် ရပ်တည်နိုင်မယ့် ဝင်ငွေကို ရရှိနေတာဖြစ်တယ်ဗျ။

အသိုင်းအဝိုင်း။ အဖွဲ့အစည်း။ နိုင်ငံရယ်လို့ ပေါ်ထွက်လာခဲ့ချိန်ကစပြီး လူသားတွေ ဒီကနေ့အထိ မပြတ်ရင်ဆိုင်နေကြရတဲ့ အဓိကပြဿနာကြီး တစ်ခုက

အဲ့သလို ရလာတဲ့ဝင်ငွေတွေကို ခွဲဝေသုံးစွဲတဲ့ကိစ္စဖြစ်တယ်ဗျ။ လုပ်ပိုင်ခွင့် အာဏာကို ကိုင်တွယ်သုံးစွဲတဲ့ အုပ်ချုပ်သူ လူတန်းစား (အစိုးရ)နဲ့အုပ်ချုပ်ခံလူတန်းစား (ပြည်သူ)တို့ကြားမှာ အဲဒီဝင်ငွေခွဲဝေ သုံးစွဲတဲ့ကိစ္စနဲ့ ပတ်သက်ပြီး သဘောထားကွဲပြားမှုဟာ တစ်လျှောက်လုံး ရှိလာခဲ့တဲ့ အခြင်းအရာတစ်ခုဖြစ်တယ်ဗျာ။ အဲဒီ သဘောထားကွဲပြားမှု နက်ရှိုင်းပြင်းထန်လာတဲ့အခါ သပိတ်တွေ၊ ဆန္ဒပြပွဲတွေ၊ လူထုအုံကြွမှုတွေစတဲ့ အသွင်သဏ္ဍာန်မျိုးစုံနဲ့ပေါ်ထွက်လာပြီး အဲဒါကိုမှန်မှန်ကန်ကန် မဖြေရှင်းနိုင်တဲ့အခါ လူမျိုးစုတွေရဲ့ သူပုန်ထမှုတွေ၊ ပြည်သူတွေရဲ့ အုံကြွတော်လှန်မှုတွေ ပေါ်ထွက်လာပြီး အဲဒီကနေ ရည်လျားကြမ်းတမ်းတဲ့ ပြည်တွင်း စစ်တွေကို မွေးထုတ်ပေးခဲ့တာပဲ ဖြစ်တယ်ဗျ။

## တရားမျှတမှု ကျဆုံးပြီဆိုရင်

အပ်နဲ့ထွင်းရုံနဲ့ ပြီးသွားနိုင်တဲ့ကိစ္စတစ်ခု ပုဆိန်နဲ့ပေါက်ရတဲ့ အခြေအနေအထိ ရောက်လာပြီရင်တော့ အားလုံးသိကြတဲ့အတိုင်း ထိခိုက်နစ်နာ ဆုံးရှုံးမှုက သိပ်ကို ကြီးတယ်ဗျ။ 'ပြည်တွင်းစစ်တစ်ခုရဲ့ ပထမဆုံးသေနတ်သံ ပေါ်ထွက်လာချိန်မှာ အဲဒီ သေနတ်ကျည်ဆန် ထိမှန်ပြီး ကျဆုံးသွားသူကတော့ တရားမျှတမှုဖြစ်တယ်' ဆိုတဲ့ နာမည်ကျော်နိုင်ငံရေးအဆိုအမိန့်တစ်ခု ရှိတယ်ဗျ။ တရားမျှတမှု ကျဆုံးသွားပြီဆိုမှတော့ အဲဒီလူ့အဖွဲ့အစည်းဟာ 'တောတွင်းဥပဒေ' Law of the Jungle ကြီးစိုးလွှမ်းမိုးရာ တိရစ္ဆာန်ကမ္ဘာအဖြစ်သို့ လျှောကျသွားပြီပေါ့ဗျာ။ တိရိစ္ဆာန် ကမ္ဘာ ဆိုတာ ငြိမ်းချမ်းမှုနိဂ္ဂိ၊ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီ ဗလာ၊ ဖွံ့ဖြိုးတိုးတက်မှု သုည ဖြစ်တယ်ဆိုတာ အားလုံး အသိ ဖြစ်တယ်ဗျ။

ဒီကနေ့ ကမ္ဘာကြီးကိုကြည့်လိုက်ရင် ဒီအချက်ကို ရှင်းရှင်းလင်းလင်း မြင်တွေ့နိုင်တယ်ဗျာ။ နိုင်ငံရဲ့ မနေဥစ္စာကို မှန်မှန်ကန်ကန်နဲ့ တရားနည်းလမ်းကျစွာ ခွဲဝေမှုပြုနိုင်တဲ့ နိုင်ငံများဟာ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဖွံ့ဖြိုးတိုးတက်နေကြပြီး အဲသလို မလုပ်နိုင်တဲ့နိုင်ငံများကတော့ မုန်တိုင်းထန်နေကြတာ ဖြစ်တယ်ဗျ။

## နိုင်ငံ နှစ်မျိုးနှစ်စား

နိုင်ငံရဲ့မနေဥစ္စာ ခွဲဝေမှုစနစ်ကို ပြုပြင်ပြောင်းလဲဖို့ (တစ်နည်း) နိုင်ငံရေးစနစ်ပြုပြင်ပြောင်းလဲဖို့ ပြည်သူတွေရဲ့ အုံကြွတွန်းကန်လှုပ်ရှား မှုတွေ ပေါ်ပေါက်ခဲ့ရာ နိုင်ငံတွေထဲမှာလည်း ပေါ်ထွက်လာတဲ့ ရလဒ်ကိုကြည့်ပြီး ပြောမယ်ဆိုရင် နှစ်မျိုးနှစ်စား

ရှိနေတာ ကို မြင်တွေ့နိုင်တယ်ဗျ။ တစ်မျိုးကတော့ ဉာဏ်ပညာနဲ့ အမြော်အမြင် အတော်အတန်ရှိတဲ့ အစိုးရတွေ အုပ်ချုပ်တဲ့နိုင်ငံ တွေဖြစ်ပြီး နောက်တစ်မျိုးကတော့ ဉာဏ်ပညာ အမြော်အမြင် နည်းပါးတဲ့ အစိုးရတွေ အုပ်ချုပ်တဲ့နိုင်ငံတွေ ဖြစ်တယ်ဗျ။

ပထမအမျိုးအစားနိုင်ငံတွေမှာ လူထုကြီးရဲ့ ဆန္ဒ(နှိုင်းယှဉ်ချက်အရ) မြန်မြန် ဆန်ဆန်ပြည့်ဝနိုင်ခဲ့တာကြောင့် အဲဒီနိုင်ငံတွေဟာ ငြိမ်းချမ်း လွတ်လပ် ဖွံ့ဖြိုး တိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံ လမ်းကြောင်းပေါ်သို့ ထိခိုက်နစ်နာ ဆုံးရှုံးမှု နည်းပါးစွာနဲ့ ရောက်ရှိလာနိုင်ခဲ့ကြတယ်ဗျ။

ဒုတိယအမျိုးအစားနိုင်ငံတွေမှာတော့ ဉာဏ်ပညာ၊ အမြော်အမြင် နည်းပါးတဲ့ ဖိုးသုညတွေ ကြီးစိုး လွှမ်းမိုးတဲ့ အစိုးရတွေဟာ မိမိတို့ပြည်သူတွေရဲ့ တရားနဲ့ လျော်ညီတဲ့ဆန္ဒကို ဗီဆန်အာခံဆန့်ကျင်ပြီး မိမိတို့ အာဏာ တည်မြဲရေးအတွက်သာ ခေါင်းမာမာနဲ့ လုပ်ဆောင်ခဲ့တဲ့အတွက် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ရှုထောင့်ကကြည့်ရင် ကြီးစွာသော ထိခိုက်နစ်နာဆုံးရှုံးမှုတွေ ပေါ်ပေါက်ခဲ့ရတယ်ဗျ။ "ဖွတ် မိကျောင်းဖြစ် မြစ်မချမ်းသာ"ဆိုတဲ့ စကားပုံနဲ့ကတော့ ကွက်တိပါပဲဗျာ။ (ကွယ်လွန်သူ ဝန်ကြီးချုပ် ဟောင်း ဦးနုက လူဖျင်းလူညံ့တွေကို ဖိုးသုညလို့ သုံးနှုန်းခဲ့တာ သဘောကျလွန်းလို့ ယူသုံးလိုက်တာပါ။)

## အာရပ်နွေဦးဒေသနိုင်ငံများရဲ့ဆုံးရှုံးမှု

IMF ရဲ့ အချက်အလက်တွေကို အသုံးပြုပြီး ပထဝီနိုင်ငံရေးဆိုင်ရာ အတိုင်ပင်ခံ အဖွဲ့တစ်ဖွဲ့က မကြာသေးခင်က ထုတ်ပြန်ခဲ့တဲ့ အစီရင်ခံစာ တစ်စောင်အရ 'အာရပ် နွေဦး' လို့ တင်စားခေါ်ဝေါ်နေကြတဲ့ လူထုအုံကြွမှုများ ပေါ်ပေါက်ခဲ့ရာ လစ်ဗျား။ ဆီးရီးယား၊ အီဂျစ်၊ တူနီးရှား၊ ဘာရိန်းနဲ့ ယီမင်နိုင်ငံတွေရဲ့ စုစုပေါင်း GDP ဆုံးရှုံးမှု ဒေါ်လာ ၂၀.၆၅ ဘီလျံနဲ့ ပြည်သူ့ဘဏ္ဍာငွေဆုံးရှုံးမှု ဒေါ်လာ ၃၅.၂၈ ဘီလျံရှိခဲ့တယ်လို့ သိရတယ်ဗျ။ ယီမင်နဲ့ လစ်ဗျားဟာ အခွန်အခ ဆုံးရှုံးမှု အဆိုးရွားဆုံးခံခဲ့ရတဲ့ နိုင်ငံတွေ ဖြစ်ပြီး ယီမင်က ၇၇% နဲ့ လစ်ဗျားက ၈၄% ဖြစ်တယ်လို့ ဆိုတယ်ဗျ။ လူထုအုံကြွမှုနဲ့ မငြိမ်မသက်ဖြစ်မှုများကြောင့် နိုင်ငံရဲ့ GDP အများဆုံး ဆုံးရှုံးခဲ့ရတဲ့နိုင်ငံက လစ်ဗျားဖြစ်ပြီး ဒေါ်လာ ၇.၆၇ ဘီလျံဆုံးရှုံးခဲ့ရတယ်လို့ အဲဒီအစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ အဲဒီထဲမှာ လူ့အသက်ဆုံးရှုံးမှုတွေ၊ အခြေခံ အဆောက်အအုံ ပျက်စီးမှုတွေ၊ စီးပွားရေးလုပ်ငန်းနဲ့ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတွေ၊ ဆုံးရှုံးသွားခဲ့မှုတွေ မပါသေးဘူးလို့ ဆိုတယ်ဗျ။ အဲဒါတွေပါ ထည့်တွက်ရင်တော့ ဆုံးရှုံးမှုဟာ မကြည့်ရဲလောက်အောင် ဖြစ်သွားနိုင်တယ်ဗျာ။

အဲဒါဟာ ပြည်သူတွေရဲ့ တရားနည်းလမ်းကျတဲ့ ဆန္ဒကို ဉာဏ်ပညာ အမြော်အမြင် နည်းပါးတဲ့ ဖိုးသုညအစိုးရတွေရဲ့ မိုက်မဲစွာ အာခံ ဆန့်ကျင်ခဲ့မှုတွေကြောင့် သက်ဆိုင်ရာနိုင်ငံတွေ ကုန်ကျခဲ့ရတဲ့ စရိတ်တွေ ဖြစ်တယ်ဗျာ။

## ကိုယ့်နိုင်ငံအတွက် စိတ်သက်သာရာရမိ

ဒီရေကို လက်ဖဝါးနဲ့တားဖို့ ကြိုးစားခဲ့တဲ့ လူတစ်ယောက် သို့မဟုတ် လူတစ်စုကြောင့် ထိခိုက်နစ်နာဆုံးရှုံးမှု အများအပြားနဲ့ ကြုံတွေ့ခဲ့ကြရတဲ့ အဲဒီနိုင်ငံတွေက ပြည်သူတွေအတွက် စာနာစိတ်တွေဖြစ်ပေါ်နေမိတဲ့ တစ်ချိန်တည်းမှာ သူတို့ဆီက ကပ်ဘေးဆိုးမျိုးကို ရှောင်လွှဲနိုင်ခဲ့ပြီဖြစ်ပုံရတဲ့ ကျွန်တော်တို့နိုင်ငံအတွက်တော့ စိတ်သက်သာရာရမိသလို ခံစားနေရတယ်ဗျာ။

၁၊ နိုဝင်ဘာ၊ ၂၀၁၁

○

## ပင်နယ်တီတော့ ကန်လိုက်ပြီ

မြန်မာ့နိုင်ငံရေးကို စိတ်ဝင်တစား စောင့်ကြည့် လေ့လာ အကဲခတ်နေကြသူ အားလုံး သိကြတဲ့အတိုင်း ၁၉၉၀ ရွေးကောက်ပွဲတုန်းက တောင်ပြိုကမ်းပြို အနိုင်ရခဲ့တဲ့ NLD ဒီချုပ် ပါတီက နိုဝင်ဘာလ ၁၈ ရက်နေ့မှာ ဒီချုပ် အဖွဲ့ဝင်များအတွက်သာမက တိုင်းပြည်ရဲ့ အနာဂတ်အတွက်ပါ အင်မတန်မှ ထူးခြား အရေးပါတဲ့ ဆုံးဖြတ်ချက်ကြီး တစ်ရပ်ကို ချမှတ်ခဲ့တယ်ဗျ။ အဲဒါကတော့ ပါတီကို မှတ်ပုံတင်ဖို့နဲ့ လာမယ့် ရွေးကောက်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင် သွားဖို့ဆိုတဲ့ ဆုံးဖြတ်ချက်ပဲ ဖြစ်တယ်ဗျ။

### ကြိုတင်ခန့်မှန်းလို့ရပါတယ်

ဒီချုပ်ဟာ ၂၀၁၀ ခုနှစ် မတ်လ ၂၉ ရက်နေ့တုန်းကလည်း အခုလိုပဲ ထူးခြားအရေးပါတဲ့ ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ခဲ့ဖူးပြီး အဲဒီတုန်းကတော့ ပါတီကို မှတ်ပုံမတင်ဖို့ ဖြစ်တယ်ဗျ။ အဲဒီတုန်းကနဲ့ အခုကြား မတူခြားနား တဲ့အခြေအနေတစ်ခုကတော့ ဟိုတုန်းက ဆုံးဖြတ်ချက် ထွက်မလာခင်ကလေး အထိ ဘယ်လိုဆုံးဖြတ်ချက်မျိုးကျ လာမယ်ဆိုတာ ခန့်မှန်းလို့ မရနိုင်ဖြစ်နေခဲ့ပြီ။ အခုကတော့ ဆုံးဖြတ်ချက်မချမီ ရက်အတန်ကြာကတည်းက ဘယ်လို ဆုံးဖြတ် ချက်မျိုး ကျလာလိမ့်မယ်ဆိုတာကို လူအတော်များများက ကြိုတင်ခန့်မှန်း ထားနိုင်ခဲ့ကြတာ ဖြစ်တယ်ဗျ။ အဲသလို ဘာကြောင့်ဖြစ်ခဲ့ရတာလဲဆိုတာနဲ့ ပတ်သက်လို့တော့ အားလုံးက သိထားကြပြီးသား ဖြစ်လို့ ကျွန်တော် မပြောတော့ဘူးဗျာ။

## မတူကွဲပြားတဲ့ အမြင်တွေ

နိုဝင်ဘာ ၁၈ ဆုံးဖြတ်ချက်ကျမလာခင်မှာ ဒီချုပ် မှတ်ပုံတင်သင့်၊ မတင်သင့် ကိစ္စနဲ့ ပတ်သက်ပြီး မတူကွဲပြားခြားနားတဲ့အမြင်ရှိသူတွေ နှစ်ဖက်စလုံးက မီဒီယာတွေပေါ်က တစ်ဆင့် မိမိတို့အမြင်တွေကို အပြန်အလှန် တင်ပြဆွေးနွေးခဲ့ကြတာ နိုင်ငံရေး စိတ်ဝင်စားသူတွေ အားလုံး အသိဖြစ်တယ်ဗျ။ ကျွန်တော်က ဒီကိစ္စဟာ တိုင်းပြည် အတွက် တကယ့်ကို အရေးကြီးတဲ့ကိစ္စ ဖြစ်တယ်လို့ ခံယူထားသူဖြစ်တာမို့ လေလှိုင်း မီဒီယာမှာရော ပုံနှိပ် မီဒီယာမှာပါ ဒီအကြောင်း အပြန်အလှန်ဆွေးနွေးတင်ပြ ငြင်းခုံမှုတွေကို တတ်နိုင်သမျှ ဖတ်ရှုနားထောင် စူးစမ်းလေ့လာခဲ့တယ်ဗျ။ အဲသလို စူးစမ်းလေ့လာနေသူ တစ်ယောက် အနေနဲ့ ပြောရရင် ဘက်နှစ်ဖက်စလုံးရဲ့ တင်ပြမှု တွေမှာ ထည့်သွင်းစဉ်းစားဖို့ ထိုက်တန်နေတဲ့ တစ်နည်းပြောရရင် အင်မတန်မှကို ခြေခြေမြစ်မြစ်ရှိတဲ့ ကျိုးကြောင်းပြမှုတွေရှိနေတာကို တွေ့ခဲ့ရတယ်ဗျ။ အထူးသဖြင့် စာတစ်စောင်ပေတစ်ဖွဲ့အနေနဲ့ ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် နှစ်ဦးအပါအဝင် ဒီချုပ် အဖွဲ့ဝင်တစ်စုက နိုဝင်ဘာ ၃ ရက်နေ့စွဲနဲ့ ထုတ်ပြန်ခဲ့တဲ့ စာတမ်း။ နိုဝင်ဘာလ ၁၆ ရက်နေ့စွဲနဲ့ ထုတ်ပြန်ခဲ့တဲ့ 'NLD ကို ယုံကြည်ကိုးစားတန်ဖိုးထားခဲ့ကြသည့် ပြည်သူပြည်သားများ' လို လက်မှတ်ထိုးထားတဲ့ စာတမ်းနဲ့ နိုဝင်ဘာလ ၁၈ ရက်နေ့မှာ ဝေငှခဲ့တဲ့ 'NLD လူငယ်များရဲ့ သဘောထား ကြေညာချက် (၁/ ၂၀၁၁)' တို့ကို ဖတ်ရှုခွင့်ရရှိခဲ့တာကြောင့် ကျွန်တော် အဲသလို ပြောဆိုရ တာဖြစ်တယ်ဗျ။

## အယူအဆဖော်ထုတ်တာကို အားပေးသင့်

တချို့ မိတ်ဆွေတွေက ဒီချုပ် ခေါင်းဆောင်ရဲ့ သဘောထား ဘယ်သို့ ဘယ်ပုံဆိုတာ မှန်းဆလို့ ရနေပြီဖြစ်တဲ့အချိန်မှာ ဒီလိုမျိုး ထပ်တွန့်မတက်သင့်ဘူး၊ ဒီချုပ် အတွင်း သဘော ကွဲလွဲ ကုန်ပြီလို့ ထင်စရာ ဖြစ်မယ်လို့ ပြောကြတယ်။ ကျွန်တော်ကတော့ ခုလို မတူကွဲပြားတဲ့ အယူအဆတွေကို ငြိမ်းချမ်းစွာ ထုတ်ဖော်ကြတာကို အားပေး သင့်တယ်လို့ ယုံကြည်တယ်။ တစ်သွေးတစ်သံ တစ်မိန့်ဆိုတာမျိုးဟာ ဒီမိုကရေစီ နိုင်ငံရေးမှာ မရှိအပ်ဘူးလို့ ကျွန်တော် အကြိမ်ကြိမ် ရေးခဲ့ပြီး ဖြစ်တယ်ဗျာ။

## ဂိုးပေါက်ကို ဘောလုံးပြေးသွားနေချိန်

ဘာပဲဖြစ်ဖြစ် အခုအချိန်မှာ ၁၉၈၈ လူ့ပ်ရှားမှုကြီးရဲ့ အကျိုးဆက်အဖြစ် ပြည်သူလူထု ထောက်ခံမှု အရှိဆုံး ပါတီကြီးအဖြစ် ပေါ်ထွက် လာခဲ့တာဖြစ်တဲ့ ဒီချုပ်ရဲ့ ခေါင်းဆောင်တွေဟာ 'သစ္စာ' ဂျာနယ်ပါ ဆောင်းပါးတစ်ပုဒ်ထဲမှာ ကျွန်တော် ရေးခဲ့ဖူးသလို ပင်နယ်တီစပေါ့ပေါ်က ဘောလုံးကို သူတို့ ဂိုးဝင်မယ်ထင်တဲ့ဘက်ကို ကန်သွင်းလိုက်ပြီဖြစ်တယ်ဗျ။ အခုအချိန်ဟာ ဂိုးပေါက်ရှိရာဘက်သို့ ဘောလုံးအရှိန်နဲ့ ပြေးသွားနေတဲ့အချိန်ဖြစ်တယ်လို့ ကျွန်တော် တင်စားချင်တယ်ဗျ။

## လူများစုကြီးရဲ့ဆန္ဒနဲ့ ကိုက်ညီ

ဒီမိုကရေစီရေးလူထုလှုပ်ရှားမှုကြီးထဲက ပေါက်ဖွားလာတာဖြစ်တဲ့ ဒီချုပ် ပါတီရဲ့ အဓိကမ တာဝန်က ကျွန်တော်တို့ နိုင်ငံကို တရားမျှတ လွတ်လပ် တန်းတူရည်တူရှိ ငြိမ်းချမ်း ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတစ်ခု ဖြစ်လာသည်အထိ ပြည်သူတွေကို ဦးဆောင် ခေါ်ယူသွားနိုင်ရေးပဲ ဖြစ်တယ်ဗျ ပါတီမှတ်ပုံတင်ရေး မတင်ရေး၊ ရွေးကောက်ပွဲ ဝင်ရေး မဝင်ရေးတို့ဆိုတာတွေက အဲဒီတာဝန်ကို ထမ်းဆောင်ရာမှာ လိုအပ်ရင် လိုအပ်သလို ပြောင်းလဲကိုင်စွဲ ကျင့်သုံးသွားရမယ့် နည်းပရိယာယ်တွေပဲ ဖြစ်တယ်ဗျ။ ဒါကြောင့် ကိုင်စွဲတဲ့နည်းပရိယာယ် မှန်,မမှန် ဆိုတာကို ပန်းတိုင်ရောက်၊ မရောက် (အနည်းဆုံးတော့ ပန်းတိုင်နဲ့ နီးကပ်လာနေခြင်း ရှိ၊ မရှိ) ဆိုတာနဲ့ပဲ ဆန်းစစ် သုံးသပ်ရမှာဖြစ်တယ်ဗျာ။ အဖြေမှန်,မမှန်ဆိုတာကိုပဲကြည့်ပြီး တွက်နည်း မှန်ခဲ့ခြင်း ရှိ,မရှိ ပြောဆိုနိုင်မှာဖြစ်တယ်ဗျ။ ဒါကြောင့် ပါတီမှတ်ပုံတင်ဖို့၊ ရွေးကောက်ပွဲဝင်ဖို့ နိုဝင်ဘာလ ၁၈ ရက်နေ့မှာ ဒီချုပ်က ဆုံးဖြတ်ခဲ့တဲ့ လုပ်ရပ်ဟာ မှန်သလား။ မှား သလား ဆိုတာကို ထွက်လာမယ့် အဖြေကိုပဲ စောင့်ကြည့်ပြီးမှ ပြောကြစို့လားဗျာ။

ဒါပေမဲ့ ဒီချုပ် က အဲဒီဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးတဲ့နောက် ပေါ်ထွက်လာတဲ့ ပြည်တွင်းပြည်ပက တုံ့ပြန်မှုတွေအရ သုံးသပ်ရမယ် ဆိုရင်တော့ အဲဒီဆုံးဖြတ်ချက်ဟာ မှန်တယ်လို့ မပြောနိုင်သေးဘူးဆိုရင်တောင် လူများစုကြီးရဲ့ဆန္ဒနဲ့ကိုက်ညီနေတယ် လို့တော့ ပြောရမှာဖြစ်တယ်ဗျ။

## ဖောက်ပြန်တယ်ဆိုတာ

မှတ်ပုံမတင်ဖို့ ပြင်းပြင်းဆန္ဒရှိခဲ့ကြသူတွေကတော့ ဒီချုပ် ခေါင်းဆောင်တွေ ဖောက်ပြန် သွားပြီလို့ ယူဆကောင်း ယူဆကြမှာဖြစ်တယ်ဗျ။ ဒါပေမဲ့ ဒီနေရာမှာ အမျိုးသား

ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ စကားတစ်ခွန်းကို ကျွန်တော်တို့အားလုံး ပြန်သတိရသင့်ကြတယ်ဗျာ။ ဗိုလ်ချုပ်က ဖောက်ပြန်တယ်ဆိုတဲ့စကားလုံးကို ကိုယ်ကျင့်သီလ တိမ်းပါးချွတ်ချော်သွားတာမျိုးအတွက်သာ အသုံးပြုသင့်ပြီး အခြေအနေ အချိန်အခါ ပေါ်မူတည်ပြီး အတွေးအခေါ် အယူအဆပြောင်းလဲသွားတာဟာ ဖောက်ပြန်တာ မဟုတ်ဘူးလို့ ပြောခဲ့တာ မှတ်သား စရာပဲဗျ။

## အနာဂတ်အကျိုးဆက်ကို ကြည့်

လူတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းတစ်ခုရဲ့တန်ဖိုးဟာ အဓိက အားဖြင့် သီလနဲ့ ပညာပေါ်မှာ မူတည်တာဖြစ်တယ်ဗျာ၊ အားလုံးသိကြတဲ့ အတိုင်း ဒီချုပ် ခေါင်းဆောင်တွေဟာ သီလအရာမှာ မှတ်ကျောက်အတင်ခံ ခဲ့ကြပြီးသားလို့ ပြောနိုင်တယ်ဗျ။ ဒါပေမဲ့ ပညာနဲ့ ပတ်သက်လာရင်တော့ ကျွန်တော်တို့ ပုထုဇဉ်လူသား ဘယ်သူမဆိုဟာ အငြင်းပွားစရာ ရှိသူတွေ ဖြစ်တာကြောင့် ပညာဉာဏ်အမြော်အမြင်နဲ့ ပြည့်စုံတဲ့ဆုံးဖြတ်ချက် ဟုတ်၊ မဟုတ်ဆိုတာကတော့ အနာဂတ်အကျိုးဆက်တွေက အဆုံးအဖြတ် ပေးသွားမှာပဲ ဖြစ်တယ်ဗျ။

ဘာပဲဖြစ်ဖြစ် အဲသလို အဖြေထွက်မလာသေးခင် စပ်ကြားကာလမှာတော့ ဒီမိုကရေစီ လိုလားတဲ့ ကျွန်တော်တို့ ပြည်သူအားလုံး အချိန်အခါ အခြေအနေနဲ့ ကိုက်ညီမှုရှိကြောင်း ထင်ရှားပေါ်လွင်နေတဲ့ ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့တဲ့ ဒီချုပ်ရဲ့ရှေ့ ခြေလှမ်းတွေကို စိတ်ရှည်ရှည် စောင့်ကြည့်ကြပါစို့လားဗျာ။

**၂၈၊ နိုဝင်ဘာ၊ ၂၀၁၁**

○

# လူငယ်တွေအတွက် ဗိုရမ်

တိုးတိုးတစ်မျိုး ကျယ်ကျယ်တစ်ဖုံ မကျေနပ်သံတွေ ထွက်ပေါ်ခဲ့တဲ့ ရွေးကောက်ပွဲတစ်ခုက တက်လာတဲ့၊ တချို့က အမည်ခံလို့ ခေါ်ဝေါ် သုံးနှုန်းခဲ့ကြတဲ့ အရပ်သားအစိုးရက နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုတချို့ လုပ်ဆောင်လာခဲ့ ပြီးတဲ့နောက် ကျွန်တော်တို့ နိုင်ငံကို တစ်ချိန်က အဖက်မလုပ် ဝိုင်းပယ်ထားခဲ့ကြတဲ့ ကမ္ဘာ့ဒီမိုကရေစီ နိုင်ငံကြီးတွေက ကိုယ်စားလှယ်အဖွဲ့တွေ အခုတလော ဥဒဟို ဝင်ထွက်သွားလာပြီး ရွှေလမ်းငွေလမ်းဖောက်လာ နေကြတာ အားလုံး အမြင်အကြားဖြစ်ပါလိမ့်မယ်ဗျာ။

## အမေရိကန်ဝန်ကြီးနဲ့တွေ့ဆုံစဉ်

အဲဒီထဲမှာ အမေရိကန်ပြည်ထောင်စုနိုင်ငံခြားရေးဝန်ကြီး ကျွန်တော်တို့ နိုင်ငံထဲမှာရှိနေနိုက် နိုင်ငံ့ခေါင်းဆောင်တွေနဲ့ တွေ့ဆုံစဉ်မှာ နှစ်ဦးနှစ်ဖက် ပြောဆို သွားခဲ့ကြတဲ့စကားတွေကလည်း မြန်မာပြည်သူတွေအတွက် အားတက်ရှင်လန်း ဝမ်းမြောက်စရာတွေချည်း ဖြစ်တာမို့ နှစ်ပေါင်း ငါးဆယ်နီးပါးကြာ နိုင်ငံတကာ စက်ဝိုင်းရဲ့ အစွန်အဖျားအစပ်နားလိုလိုမှာ နေထိုင်လာခဲ့ကြရတဲ့ ကျွန်တော်တို့ ပြည်သူတွေ ရင်ထဲ မျှော်လင့်ချက်တွေ ဝေဆာပြည့်ဖြိုးလာခဲ့တာ အမှန်ပဲဗျ။

## အချက်ပြနှိမ်တ်လက္ခဏာ

ကမ္ဘာ့ဒီမိုကရေစီနိုင်ငံကြီးတွေက တာဝန်ရှိပုဂ္ဂိုလ်တွေ အခုလို ကျွန်တော်တို့နိုင်ငံထဲကို ဥဒဟိုဝင်ထွက်လာကြပြီး ကျွန်တော်တို့ နိုင်ငံခေါင်းဆောင်တွေနဲ့

ပွင့်ပွင့်လင်းလင်း ထိတွေ့ဆက်ဆံလာကြတဲ့ အခြေအနေဟာ ကျွန်တော်တို့ နိုင်ငံ အနေနဲ့ ဒေသတွင်းမှာ တစ်ချိန်က ရရှိခဲ့ဖူးတဲ့ မြင့်မားတဲ့နေရာတစ်ခုကို မကြာတော့ မယ့် တစ်ချိန်မှာ ပြန်လည်ရရှိလာတော့မယ်ဆိုတာကို ပြသတဲ့ အချက်ပြနိမိတ် လက္ခဏာတစ်ခုလည်း ဖြစ်တယ်လို့ ယူဆမိတယ်ဗျ။

## ဒေသနဂ်ဗျူဟာအရ အရေးပါ

အားလုံးသိကြတဲ့အတိုင်း ကျွန်တော်တို့နိုင်ငံဟာ ဒေသတွင်းမှာ အင်မတန်ထူးခြားတဲ့ ဝိသေသလက္ခဏာတွေကို ပိုင်ဆိုင်ထားတဲ့ နိုင်ငံဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ အရှေ့တောင်အာရှဒေသကုန်းမကြီးမှာ အကြီးမားဆုံးနိုင်ငံဖြစ်တယ်။ အခုအချိန်မှာ စီးပွားရေးတစ်ဟုန်ထိုး တိုးတက်လာနေတဲ့ ကမ္ဘာ့လူဦးရေ အများဆုံး နိုင်ငံကြီးနှစ်ခု ဖြစ်တဲ့ တရုတ်၊ အိန္ဒိယတို့နဲ့သာမက ဒီကနေ့ ကမ္ဘာပေါ်မှာ စီးပွားရေး အလျင်မြန်ဆုံး နှုန်းနဲ့ ဖွံ့ဖြိုးတိုးတက်နေတဲ့ ဒေသတစ်ခုဖြစ်တဲ့ အရှေ့တောင်အာရှဒေသက နိုင်ငံများနဲ့ပါ နယ်မြေချင်း ထိစပ် နေတဲ့ တစ်ခုတည်းသောနိုင်ငံ ဖြစ်တယ်ဗျ။ တစ်နည်း ပြောရရင် တရုတ်၊ အိန္ဒိယနဲ့ အရှေ့တောင်အာရှ ဒေသကြီး သုံးခု ဆုံတွေ့ရာ ဗိုခံ လောက်ဆိုင်နေရာမှာ တည်ရှိနေတဲ့ ဒေသနဂ်ဗျူဟာအရ အင်မတန်မှ အရေးပါတဲ့ တစ်ခုတည်းသောနိုင်ငံ ဖြစ်တယ်ဗျ။

## ကမ္ဘာ့အဘာယ် ထည်ဝါခဲ့

ဒါကြောင့်လည်း အဲဒီအချက်တွေ အပါအဝင် အခြားသော အားသာချက်တွေကို အသုံးပြုပြီး တစ်ချိန်က ကျွန်တော်တို့နိုင်ငံရဲ့ ပါလီမန်ဒီမိုကရေစီ ခေတ်က ခေါင်းဆောင်တွေဟာ မြန်မာနိုင်ငံကို နိုင်ငံတကာစင်မြင့်ထက်မှာ ထိုက်တန်တဲ့ နေရာတစ်ခုရအောင် စွမ်းဆောင်ပေးနိုင်ခဲ့ကြတာ သမိုင်းမှာ အထင်အရှားဖြစ်ပါတယ်။ တစ်ချိန်က ကမ္ဘာ့ဇာတ်ခုံမှာ ထင်ရှားကျော်ကြားခဲ့တဲ့ ဘက်မလိုက်နိုင်ငံများအဖွဲ့ကို စတင်ထူထောင်တဲ့ နိုင်ငံတွေထဲမှာ ကျွန်တော်တို့နိုင်ငံပါဝင်ခဲ့ပြီး စစ်အေးခေတ်ရဲ့ ဦးဆောင်အခြေခံမှုကြီးဖြစ်တဲ့ ငြိမ်းချမ်းရေး အတူယှဉ်တွဲနေထိုင်မှုကို ဖော်ညွှန်းတဲ့ (ဘန်ဒေါင်းမူ)ကို ချမှတ်ရာမှာလည်း မြန်မနိုင်ငံဟာ ဦးဆောင်ပါဝင်တဲ့ နိုင်ငံတစ်ခု ဖြစ်ခဲ့တယ်ဗျ။ နိုင်ငံတကာ ဆက်ဆံရေးမှာ မြန်မာနိုင်ငံရဲ့ ထူးထူးခြားခြားအရေးပါအ ရာရောက်မှုနဲ့ ကမ္ဘာ့အလယ်မှာ မြန်မာနိုင်ငံ တင့်တယ်ထည်ဝါစွာ ရပ်တည်နိုင်ခဲ့မှု ကို နိုင်ငံတကာ မိသားစုက အလေးအနက်ထား အသိအမှတ်ပြုကြောင်း အထင်အရှား ဖော်ပြလိုက်တဲ့ လုပ်ရပ်တစ်ခုကတော့ မြန်မာနိုင်ငံသားတစ်ဦးကို ကုလသမဂ္ဂ အဖွဲ့

ကြီးရဲ့ အတွင်းရေးမှူးချုပ်အဖြစ် တည်တည့်တည်း တာဝန်ပေးခန့်အပ်ခဲ့မှုလည်း ဖြစ်တယ်ဗျာ။

အဲဒီနောက်ပိုင်း နိုင်ငံတကာ အလယ်မှာ မြန်မာနိုင်ငံရဲ့ပုံရိပ် ဘယ်လိုဖြစ်သွားခဲ့တယ်၊ ဘာကြောင့် အဲသလိုဖြစ်သွားခဲ့တယ်ဆိုတာ တွေကိုတော့ အားလုံးသိပြီးသားမို့ အစပြန်မဖော်တော့ဘူးဗျာ။

## လမ်းကြောင်းပေါ်ရောက်နေပြီ

ကျွန်တော် အပေါ်မှာ ပြောခဲ့တဲ့အတိုင်း အခုအချိန်မှာ ကျွန်တော်တို့ နိုင်ငံဟာ နိုင်ငံတကာစင်မြင့်ထက်မှာ ကျွန်တော်တို့ တစ်ချိန်က ရရှိခဲ့ဖူးတဲ့ မြင့်မားတဲ့နေရာ တစ်ခုကို မကြာခင် ပြန်လည်ရရှိတော့မယ့် လမ်းကြောင်းပေါ်မှာ ရောက်ရှိနေပြီဖြစ်တယ်ဗျ။ အစိုးရရဲ့ တာဝန် အရှိဆုံးပုဂ္ဂိုလ်များကလည်း ဘယ်တော့မှ နောက်ကြောင်းပြန်လှည့်တော့မှာ မဟုတ်ပါဘူးလို့ လူသိရှင်ကြား အခိုင်အမာ ပြောဆိုထားခဲ့ကြတာ အားလုံး အသိမို့ ကျွန်တော်တို့ နိုင်ငံ အဲဒီနေရာကို ပြန်လည်ရရှိတော့မယ်ဆိုတာ သေချာနေတယ်ဗျာ။

## ၆၀ ကျော် ၇၀ ကျော်တွေ

ဒီလိုအချိန်မျိုးမှာ အရေးအကြီးဆုံး အင်အားစုကတော့ ကျွန်တော်တို့ ထုံးစံအတိုင်း အမြဲပဲ ရည်ညွှန်းပြောဆိုနေကြရတဲ့ လူငယ်တွေပဲဗျ။ ဒီကနေ့ အစိုးရအဖွဲ့ကို ခေါင်းဆောင်နေတဲ့သူတွေရော နိုင်ငံရေးပါတီတွေကို ဦးဆောင်နေတဲ့သူတွေကိုရော ကြည့်လိုက်ရင် အသက် ၆၀ ကျော် ၇၀ ဝန်းကျင် လူကြီးတွေချည်းဖြစ်တာကို တွေ့ကြရမှာဖြစ်တယ်ဗျာ။ သူတို့ဟာ အလွန်ဆုံး နောက်ဆယ်စုနှစ်တစ်ခု ဒါမှမဟုတ် တစ်ခုကျော်ကျော်လောက်ဆိုရင် နိုင်ငံ့တာဝန် ပါတီတာဝန်တွေကို လူငယ်တွေထံ လွှဲပေးကြရမှာပဲ ဖြစ်တယ်ဗျ။

## စေတနာမှန် အရည်အချင်းရှိသူတွေ

အဲသလို တာဝန်လွှဲပြောင်းရယူချိန်မှာ လူရွယ်လူလတ်တွေဖြစ်နေကြမှာ ဖြစ်တဲ့ ဒီကနေ့ လူငယ်တွေအနေနဲ့ မိမိတို့ရဲ့ ဘက်စုံအရည်အသွေးများကို မြှင့်တင်ထားကြရမယ့် အလုပ်ဟာ အခုအချိန်မှာ မဖြစ်မနေအားသွန် ကြိုးပမ်းလုပ်ဆောင်နေကြရမယ့် လုပ်ငန်းဖြစ်တယ်ဗျ။ စေတနာမှန်သော်လည်း အရည်အချင်းမရှိ၊ အရည်အချင်းရှိသော်

လည်း စေတနာမမှန်၊ စေတနာလည်း မမှန်၊ အရည်အချင်းလည်း မရှိ၊ စေတနာလည်း မှန် အရည်အချင်းလည်းရှိဆိုတဲ့ လူငယ် လေး မျိုးထဲမှာ နောက်ဆုံး လူငယ် အမျိုးအစားများ လက်ထဲသို့ လုပ်ပိုင်ခွင့်များ ရောက်ရှိမှသာ ကျွန်တော်တို့ နိုင်ငံဟာ အတိတ်ဆိုးရဲ့ ခြောက်အိပ်မက်ကို အပြီးအပိုင် မြေမြှုပ်သင်္ဂြိုဟ်ပြီး အနာဂတ်ကို စိုးရိမ်ပူပန်မှု ကင်းရှင်းစွာ မျှော်နိုင်မှာ ဖြစ်တယ်ဗျာ။

## ဒီမိုကရေစီ နီးနှောဖလှယ်ပွဲကြီးသို့

တိုင်းပြည်အတွက် စေတနာမှန်တဲ့ လူငယ်တွေ မိမိတို့ရဲ့ဘက်စုံ အရည်အသွေးကို မြှင့်တင်ရာမှာ အရေးတကြီး လုပ်ဆောင်သင့်တဲ့ လုပ်ငန်းတစ်ခုကတော့ အခါ အားလျော်စွာပဲ ဖြစ်ဖြစ်၊ ပုံမှန်ပဲဖြစ်ဖြစ် စုဝေးတွေ့ဆုံကြပြီး နိုင်ငံကောင်းရာကောင်း ကျိုးဖြစ်စေမယ့် အကြောင်း အရာများကို ဆွေးနွေးကြခြင်း ဖြစ်တယ်ဗျ။ တစ်ချိန်က လူငယ်တွေ အဲသလို တွေ့ဆုံဆွေးနွေးစကားဝိုင်းဖွဲ့ပြီဆိုရင် အာဏာပိုင်တွေက 'ဒီကောင်လေးတွေ အဖျက်အမှောင့်လုပ်ကြမှာလား' ဆိုတဲ့ သံသယမျက်လုံးနဲ့ ကြည့်လေ့ရှိကြပေမယ့် အခုလို ခေတ်ပြောင်းစပြုနေတဲ့ အချိန်မှာတော့ လူငယ်တွေရဲ့ အဲသလို ဖိုရမ်လေးတွေကို လွတ်လွတ်လပ်လပ် လုပ်ခွင့်ပြုကြလိမ့်မယ်လို့ ယူဆနိုင်တယ်ဗျာ။ အင်းဝခေတ် စာဆိုကျော် ရှင်မဟာရဋ္ဌသာရရဲ့ 'သုစိပုဘာ ဝိလိသိဓာ' ဆိုတဲ့ ပညာရှာမှီးရာမှာ အသုံးပြုတဲ့နည်းလမ်း ရှစ် ခုထဲမှာ တွေ့ဆုံဆွေးနွေး စကား ပြောဆိုခြင်းလည်း ပါတာကြောင့် လူငယ်တွေ အဲဒီနည်းလမ်းကတစ်ဆင့် မိမိတို့ရဲ့ သမိုင်းဗဟုသုတ၊ နိုင်ငံတကာ ဗဟုသုတနဲ့ တွေးခေါ် ဆင်ခြင်နိုင်စွမ်း မြှင့်တင်ကြတာကို ဒီမိုကရေစီလိုလားသူ ဘယ်သူမဆိုက အားပေးကြမည်သာ ဖြစ်တယ်ဗျ။ ကျွန်တော်ကတော့ အဲဒီဖိုရမ် လေးတွေကတစ်ဆင့် နိုင်ငံတိုးတက်ရေးကို ထက်သန်တက်ကြွစွာ လုပ်ဆောင်ချင်ကြတဲ့ လူငယ်လူရွယ်အားလုံး ပါဝင် တက်ရောက်တဲ့ ဒီမိုကရေစီ ထွန်းကားတည်တံ့ပြန့်ပွားရေး နီးနှောဖလှယ်ပွဲကြီးတစ်ခု ပေါ်ပေါက်လာမယ့်နေ့ကို မျှော်လင့်နေမိကြောင်းပါဗျာ။

၆၊ ဒီဇင်ဘာ၊ ၂၀၁၁

○

# ကျွန်တော်နှင့် ဆောင်းအိပ်မက်များ

အခုရက်ပိုင်း ညနေ နေဝင်သွားပြီဆိုရင် နည်းနည်းလေး ချမ်းစိမ့်စိမ့်ဖြစ်လာပြီး ညသန်းခေါင်ကျော်လောက်ဆိုရင် သိသိသာသာအေး လာလို့ တစ်နွေလုံး တစ်မိုးလုံး ပစ်ထားခဲ့တဲ့ စောင်ကို အိပ်ချင်မူးတူးနဲ့ ဖမ်းဆွဲပြီး ခြုံရတဲ့ညတွေ ဆက်တိုက်လိုကို ကြုံလာရတော့မှ ဩော် ဆောင်းတောင် ရောက်လာပြန်ပြီကော ရယ်လို့ သတိပြု မိတော့တယ်ဗျ။

ကြက်သီးဖြန်းရုံလောက် အအေးဓာတ်ကို သယ်ဆောင်လာတဲ့ မြောက်ပြန် လေနဲ့အတူ ဆောင်းညတွေ ရောက်လာပြီဆိုတာနဲ့ တစ်တွဲတည်းပါလာတာ ကတော့ 'ဆောင်းတွင်းအိပ်မက်ကယောက်ကယက်' ဆိုရိုးစကားမှန်ကန်ကြောင်း ထပ်တလဲလဲ သက်သေပြနေတဲ့ ဟိုရောက် ဒီရောက် အိပ်မက်တွေပဲဖြစ်တယ်ဗျာ။

## အပေါ်ရောက်လိုက် အောက်ပြန်ကျလိုက်

အခုရက်ပိုင်းအတွင်း ညတိုင်းလိုလို အဲဒီကယောက်ကယက် ဟိုရောက် ဒီရောက် အိပ်မက်တွေက ကျွန်တော့်ရဲ့အိပ်စက်ခြင်းကို စိုးမိုးထားကြတယ်ဗျာ။ အိပ်မက်တွေက ပုံသဏ္ဍာန်အမျိုးမျိုးဖြစ်ကြပေမယ့် အားလုံးမှာတူညီတဲ့ တစ်ခုတည်းသော အချက်ကတော့ ရိုလာကိုစတာစီးရသလို ဖြုန်းခနဲ အပေါ်ရောက်သွားလိုက်၊ ဖြုန်းခနဲ အောက်ပြန်ရောက်လိုက်။ အခုပဲ ပျော်လိုက်ရ၊ ချက်ချင်းပဲ ဝမ်းနည်း ကြေကွဲလိုက်ရ။ အဲသလို ဆန့်ကျင်ဘက် ခံစားမှုတွေ ရောနှောလုံးထွေးနေတာဖြစ်တယ်ဗျ။ အဲဒီ ဆောင်းအိပ်မက်တွေက ကျွန်တော့်ရဲ့ဆောင်းညတွေကို သိမ်းပိုက်ထားကြတယ်ဗျာ။

## မသိစိတ်ရဲ့တုံ့ပြန်မှုတစ်မျိုး

အိပ်မက်ဆိုတာ လက်တွေ့ဘဝမှာ ကြုံတွေ့ရင်ဆိုင်ဖြတ်သန်းနေရတဲ့ အကြောင်းအရာ အဖြစ်အပျက်တွေအပေါ် မသိစိတ်ရဲ့ တုံ့ပြန်မှု ပုံသဏ္ဍာန် တစ်မျိုးဖြစ်တယ်ဆိုတဲ့ စိတ်သရုပ်ခွဲပညာရှင်တွေရဲ့ ရေးသားချက်ကို ဖတ်ဖူးထားတော့ ကျွန်တော် အခု တလော မက်နေတဲ့ ဆောင်းအိပ်မက် တွေဟာ အဲသလိုမျိုး ဖြစ်လေမလားလို့ လည်း တွေးနေမိတယ်ဗျ။

## တောင့်တမျှော်လင့်နေတဲ့အရာနှစ်ခု

အားလုံးသိကြတဲ့အတိုင်း ကျွန်တော်တို့နိုင်ငံနဲ့ ပတ်သက်ပြီး မြန်မာပြည်သူ တွေရော ကမ္ဘာ့ပြည်သူတွေပါ လတ်တလောမှာ ပြင်းပြင်းပြပြ လိုလား တောင့်တ စောင့်မျှော် နေကြတဲ့ အရာနှစ်ခုက ယုံကြည်ချက်ကြောင့် အကျဉ်းချထားခြင်း ခံနေကြရတဲ့ အကျဉ်းသားအားလုံး အမြန်ဆုံးနဲ့ ခြွင်းချက်မရှိ ပြန်လည် လွတ်မြောက်လာကြရေးနဲ့ ထာဝရငြိမ်းချမ်းရေးရဲ့ အရေးအကြီးဆုံးသောကနဦး ဝန်းကျင်အနေအထားအဖြစ် တစ်နိုင်ငံလုံးမှာ သေနတ်သံတွေ ရပ်စဲတိတ်ဆိတ် သွားရေးပဲဖြစ်တယ်ဗျ။

## မြစ်ဆုံရေကာတာ ကိစ္စ

စတုတ္ထမဏ္ဍိုင်ကို အလေးထားကြရမယ်ဆိုတဲ့ သမ္မတကြီးရဲ့ စကားကို အားကိုး အားထားပြုပြီး ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ ကျွန်တော့်ရဲ့ ဆောင်းတွင်း အိပ်မက်ကယောက်ကယက်တွေဟာ အဲဒီကိစ္စနှစ်ခုနဲ့ တိုက်ရိုက် ဆက်နွှယ်နေတယ်လို့ ကျွန်တော် တထစ်ချယုံနေမိတယ်ဗျာ။ တကယ်တော့ ပြောရရင် ကျွန်တော့်ရဲ့ ဆောင်းအိပ်မက်တွေဟာ မိုးနှောင်းကာလကတည်းက ပြောက်ကျိပြောက်ကျား စတင်နေခဲ့တာဖြစ်တယ်ဗျ။ တိတိကျကျပြောရရင် ဧရာဝတီမြစ်ဆုံ ရေကာတာ သတင်းနဲ့အတူ သန္ဓေတည်နေခဲ့တာဖြစ်တယ်ဗျ။ ပြည်သူတွေရဲ့ ဆန္ဒကို မဆန့်ကျင် ပါဘူးလို့ ဝန်ကြီးတစ်ပါးက ပြောလိုက်၊ နောက်ဝန်ကြီးတစ်ပါးက ဘယ်သူတွေပဲ ကန့်ကွက်ပါစေ အဲဒီစီမံကိန်းကို ဆက် လုပ်သွားမယ်လို့ ပြောလိုက်။ အဲဒီဝန်ကြီးကပဲ ဒီကိစ္စအတွက် လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ခံယူပါမယ်လို့ ပြောလိုက်နဲ့ကျွန်တော်တို့ ပြည်သူတွေဟာ ရိုလာကိုစတာစီးရသလို အပေါ်ရောက်သွားလိုက်၊ အောက်ပြန် ကျသွားလိုက်။ အိပ်မက်ထဲမှာလည်း ကျွန်တော်ဟာ ထိပေါက်လိုက်၊ လက်မှတ် ပျောက်သွားလိုက် ပြန်ရှာတွေ့လိုက်၊ နောက်တစ်ခါ ပြန်ပျောက်သွားလိုက်နဲ့

နောက်ဆုံး သမ္မတကြီးရဲ့ ဆုံးဖြတ်ချက် ထွက်ပေါ်လာတော့မှပဲ ကျွန်တော့်ရဲ့ ညတွေထဲက ဧရာဝတီ ခြောက်အိပ်မက်လည်း ထွက်သွားတော့တယ်ဗျာ။

## ရတနာသိုက်မြေပုံတစ်ခြမ်းပဲ ရသလို

ဧရာဝတီအိပ်မက်ထွက်သွားပေမယ့် ယုံကြည်ချက် အကျဉ်းသားအိပ်မက်နဲ့ ငြိမ်းချမ်းရေးအိပ်မက်တွေက ကျန်နေခဲ့သေးတာ ဖြစ်တယ်ဗျ။ အကျဉ်းသားကိစ္စမှာလည်း အရပ်သားအစိုးရတက်လာပြီး မကြာမီမှာ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် ပေးမယ်ဆိုတဲ့ သတင်းတွေ ထွက်လာတော့ ကျွန်တော့်အိပ်မက်က ရတနာသိုက်မြေပုံ ကောက်ရတဲ့ အိပ်မက်။ ပြစ်ဒဏ်တစ်နှစ်ပဲ လျှော့ပေါ့ပေး လိုက်တယ်ဆိုတဲ့ အမိန့် ထွက်လာတော့ ကျွန်တော့်အိပ်မက်က ကျွန်တော် ကောက်ရတဲ့ ရတနာသိုက်မြေပုံက တစ်ခြမ်းပဲဖြစ်နေတဲ့ အိပ်မက်။ ဒုတိယတစ်ကြိမ် လွတ်ငြိမ်းချမ်းသာခွင့်အမိန့် ထွက်လာပြန်တော့ ကျွန်တော့်အိပ်မက်က ရတနာသိုက်ရှိတဲ့ဂူနားရောက်လာပေမယ့် ဂူဝကို ရှာမတွေ့တဲ့ အိပ်မက်၊ လွတ်လာတဲ့အထဲ ယုံကြည်ချက်အကျဉ်းသားနစ်ရာလောက် ပါလာတယ် ကြားရတော့ ကျွန်တော့်အိပ်မက်က ရတနာသိုက်ရဲ့ သဲလွန်စ ရွှေမန်ကျည်းသီးတစ်တောင့် ကောက်ရတဲ့အိပ်မက်။ လူ့အခွင့်အရေးကော်မရှင်ရဲ့ ဒုတိယအကြိမ် မေတ္တာရပ်ခံချက် ထွက်လာတော့ ကျွန်တော့် အိပ်မက်က ဂူဝနားရောက်နေပါလျက် ဂူဝပျောက်နေတဲ့အိပ်မက်။ နောက်တစ်နေ့မှာ ယုံကြည်ချက်အကျဉ်းသားတချို့ (လေးငါးယောက်) ရဲ့ ထောင်အပြောင်းအရွှေ့သတင်းကြားရ တော့ ကျွန်တော့်အိပ်မက်က ရတနာသိုက်ရှိတဲ့ ဂူကြီးနဲ့ ပြန်ဝေးသွားပြန်တဲ့အိပ်မက်။ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူဆိုတာ မရှိပါဘူးဆိုတဲ့စကားမျိုးတွေ ကြားလိုက်ရတော့ ကျွန်တော့်အိပ်မက်က ရတနာသိုက်မြေပုံ ကျပျောက်သွားတဲ့ အိပ်မက်။

## ထီလက်မှတ်ပျောက်ပျောက်သွားသလို

ငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့ ကျွန်တော့်အိပ်မက်တွေကလည်း အဲသလိုပဲဗျ။ မီဒီယာတွေထဲမှာ အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲတွေ လုပ်နေပြီဆိုတဲ့ သတင်းနဲ့ တိုက်ပွဲတွေ ဆက်ဖြစ်နေတုန်းပဲဆိုတဲ့ သတင်းတွေ တစ်လှည့်စီ ထွက်ပေါ်နေတဲ့ တစ်ချိန်တည်းမှာ ကျွန်တော့်ရဲ့ အိပ်မက်တွေကလည်း ထီပေါက်လိုက်၊ လက်မှတ်ပျောက်လိုက်၊ ပြန်ကောက်ရလိုက်၊ ပြန်ပျောက်လိုက်နဲ့ ကျွန်တော်ဟာ အိပ်မက်ကပေးတဲ့

နလုံးရောဂါရနေသူဖြစ်နေပြီဗျ။ ထိုးစစ်ဆင်တိုက်ခိုက်မှုတွေ ရပ်ဆိုင်းဖို့ သမ္မတကြီးက ကာကွယ်ရေးဦးစီးချုပ်ထံ ညွှန်ကြားချက်ပေးပို့လိုက်ပြီ ဆိုတဲ့ သတင်းကြောင့် ဒီတစ်ခါတော့ ထီဆုငွေ တကယ်ရတော့မယ်ဆိုတဲ့ အိပ်မက်မက်ခဲ့ပေမယ့် ထိုးစစ်ဆင်တိုက်ခိုက်မှုတွေ ဆက်ရှိနေဆဲပဲ ဆိုတဲ့ ကေအိုင်အေတာဝန်ရှိသူတွေရဲ့ ပြောစကားတွေကြားနေရပြန်တော့ ကျွန်တော့်အိပ်မက်ထဲက ထီဆုငွေပုံကြီးဟာ တံလျှပ်လို ထိမရကိုင်မရဖြစ်နေရပြန်တယ်ဗျာ။ ဒီကြားထဲ အစိုးရဘက်က ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က ငြိမ်းချမ်းရေးရဖို့ နောက်ထပ် သုံး နှစ်တောင် စောင့်ရလိမ့်ဦးမယ်လို့ ပြောလိုက်ပြန်တော့ ခြော် ... ငါတို့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေရဲ့ သောကမျက်ရည်တွေ နောက်ထပ် အနည်းဆုံး သုံး နှစ်တော့ ဆက်ကျရဦးမယ့် သဘောပါလားလို့ တွေးမိပြီး ကျွန်တော့်အိပ်မက် တွေလည်း ဝက်ပါထဲမှာ တဝဲလည်လည် ဖြစ်ခဲ့ရပြန်တယ်ဗျာ။

## ခေါင်းအိပ်မက်တွေ မလိုချင်

ရှင်းရှင်းပြောရရင် ကျွန်တော့်ရဲ့ လူ့ဘဝသက်တမ်းတစ်ခုလုံးနီးပါး ကာလအတွင်း ပြည်သူတွေအနေနဲ့ ပထမဆုံးအကြိမ်အဖြစ် မျှော်လင့်ချက် ရောင်ခြည်တန်းတွေ မြင်နေကြရတာဖြစ်တဲ့ ဒီကနေ့ကာလမှာ ကျွန်တော် ခေါင်းတွင်းအိပ်မက် ကယောက်ကယက်တွေ မက်မနေချင်တော့ဘူးဗျာ။ ပြည်သူတွေ အဲဒီမျှော်လင့်ချက် ရောင်ခြည်တန်းကလေးတွေ မြင်လာရအောင် လုပ်ပေးခဲ့တဲ့ အစိုးရတစ်ရပ်ကို တချို့က မယုံသင်္ကာပြောနေကြတဲ့ စကားတွေကိုလည်း ကျွန်တော် မကြားချင်တော့ဘူးဗျ။ လက်ရှိအစိုးရဟာ စစ်အာဏာရှင်စနစ် ရာသက်ပန် တည်တံ့ ခိုင်မြဲရေးဆိုတဲ့ ‘မဟာသေနင်္ဂဗျူဟာ’ တစ်ရပ်ကို ချမှတ်ကျင့်သုံးနေတာသာဖြစ်တယ်၊ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD ဒီချုပ်ကို သူတို့တရားဝင်(Legitimate) ဖြစ်ဖို့ အတွက်သာ အသုံးချနေတာဖြစ်တယ်၊ လက်ရှိအစိုးရဟာ သူ့အရင်က စစ်အစိုးရ အဆက်ဆက်လိုပဲ နိုင်ငံရေးသမားတွေကို ခါးခါးသီးသီး မုန်းတီးတဲ့ အစိုးရဖြစ်တယ်၊ နိုင်ငံရေးအကျဉ်းသားတွေကို ဓားစာခံတွေအဖြစ် သဘောထားတဲ့ အစိုးရဖြစ်တယ်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအပေါ်လည်း အမြင်သဘောထား မပြောင်းဘဲ ကျဉ်းမြောင်းတဲ့လူမျိုးရေးအမြင်ရှိတဲ့ ခွဲထွက်ရေးဝါဒီသောင်းကျန်းသူတွေအဖြစ် ဆက်လက်ရှုမြင်နေတဲ့ အစိုးရဖြစ်တယ်စတဲ့ ပြည်တွင်း ပြည်ပ လူတချို့ရဲ့ စကားတွေကို ကျွန်တော့်မှာ လက်လည်းမခံချင်၊ ပိုင်ပိုင်နိုင်နိုင် ငြင်းလည်း မငြင်းနိုင်ဖြစ်နေရတယ်ဗျာ။

## မျက်စောင်းထိုးမခံရအောင်

ပြီးခဲ့တဲ့အမျိုးသားအောင်ပွဲနေ့က NLD ရုံးချုပ်မှာ ကျင်းပတဲ့ ဟောပြောပွဲမှာ ကဗျာဆရာကြီး ကိုလေး (အင်းဝဂုဏ်ရည်)က သူ့ဟောပြော မှုအဆုံးမှာ 'သမ္မတကြီး ဦးသိန်းစိန် သက်တော်ရာကျော်ရှည်ပါစေ' လို့ ဟစ်ကြွေးခဲ့တယ်ဗျ။ ကျွန်တော်တို့ စတုတ္ထမဏ္ဍိုင်သားအားလုံး မျက်စောင်းထိုး မခံရဘဲ လက်ရှိအစိုးရကို အားရပါးရ ထောက်ခံကြိုဆိုနိုင်ကြဖို့ အရေးအတွက် ဆောင်ကြဉ်းပေးပါလို့ သမ္မတကြီးနဲ့တကွ နိုင်ငံ့ခေါင်းဆောင်အားလုံးကို မေတ္တာရပ်ခံလိုက်ပါရစေဗျာ။

၂၀၊ ဒီဇင်ဘာ၊ ၂၀၁၁

○

# အိမ်နီးချင်းဆက်ဆံရေးနှင့် အမျိုးသားရေးသတိ

သည်တစ်ပတ်တော့ အိမ်နီးချင်း တရုတ်ပြည်ကြီးနဲ့ ကျွန်တော်တို့မှီတင်းနေထိုင်နေတဲ့ အမိမြန်မာပြည်ဆက်စပ်ပတ်သက်နေမှုတွေကို ဆင်ခြင်သုံးသပ်မိသမျှ တင်ပြချင်တယ်ဗျာ။

အခု အရှေ့တောင်အာရှဒေသလို့ခေါ်ခေါ်နေကြတဲ့ ဒေသကြီး တစ်ခုလုံးကို တစ်ချိန်က သမိုင်းပညာရှင် တွေက အင်ဒိုချိုင်းနားဒေသကို ခေါ်ဝေါ်ခဲ့ကြတာအားလုံး အသိပါ။ နိုင်ငံအကျယ်အဝန်း ပမာဏအရရော၊ လူဦးရေအရရော၊ ယဉ်ကျေးမှု အစဉ်အလာအရပါ အင်မတန်မှ ကြီးမားရင့်ညောင်းခိုင်မာလှတဲ့ အိန္ဒိယနဲ့ တရုတ်ဆိုတဲ့ နိုင်ငံကြီး နှစ်ခုကြားမှာ တည်ရှိနေတာကြောင့် ပထဝီသဘောအရ ကွက်ကွက်ကွင်းကွင်း ထင်းခနဲ လင်းခနဲ ဖြစ်သွားအောင် Indochina လို့ ခေါ်ဝေါ် ခဲ့ကြတာ ဖြစ်တယ်ဗျ။

## ဝိနနဲ့မဈိမတိုင်းသားအချိုး

အင်ဒိုချိုင်းနားဆိုတဲ့အတိုင်း အဲဒီဒေသနိုင်ငံတွေ နယ်မြေဒေသတွေဟာ အဲဒီနိုင်ငံကြီး နှစ်ခုကလာတဲ့ လူမျိုးရေး၊ ဘာသာရေး၊ ယဉ်ကျေး မှု၊ နိုင်ငံရေး စတဲ့ သက်ရောက်မှုမျိုးစုံကို မလွှဲမရှောင်သာ ခံယူခဲ့ကြရတာ ဖြစ်တယ်ဗျာ။ ကျွန်တော်တို့နိုင်ငံအကြောင်းကိုပဲ သီးခြားရွေးထုတ် ပြောမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့ လူများစုကြီး ကိုးကွယ်နေကြတဲ့ ဗုဒ္ဓဘာသာဟာ အိန္ဒိယနိုင်ငံက ရောက်ရှိလာခဲ့တာဖြစ်ပြီး ကျွန်တော်တို့နိုင်ငံမှာ တစ်ချိန်က အင်မတန်မှ ကျော်ကြားထင်ရှားခဲ့တဲ့ ပါဠိကြီးတစ်ခုဆိုရင် တရုတ်ကွန်မြူနစ်ခေါင်းဆောင်ကြီး မော်စီတုံးရဲ့ အတွေးအခေါ်ကို လုပ်ငန်း လမ်းညွှန်

အဖြစ် သတ်မှတ်ခဲ့ဖူးတာဖြစ်တယ်ဗျ။ အဲသလိုပဲ ကျွန်တော်တို့နိုင်ငံရဲ့ လူဦးရေမှာလည်း (ဆရာငြိမ်းကျော် အသုံးအနှုန်းနဲ့ ခဏငှားပြီးပြောရရင်) စိန တိုင်းသားတွေနဲ့ မဇ္ဈိမတိုင်းသားတွေရဲ့အချိုးက သိပ်မနည်းလှတဲ့အတိုင်းအတာနဲ့ ပါဝင်နေတယ်ဗျာ။

## အိန္ဒိယ–တရုတ်–ဂျပန်နဲ့မြန်မာ့နိုင်ငံရေး

ကျွန်တော်တို့ နိုင်ငံဟာ သမိုင်းတစ်လျှောက် ဘာသာရေးနဲ့ ယဉ်ကျေးမှုအရ အိန္ဒိယဘက်ကို ပိုမိုတိမ်းညွတ်ခဲ့ပါတယ်။ နိုင်ငံရေးအရလည်း အမျိုးသား လွတ်မြောက်ရေးလှုပ်ရှားမှုတစ်လျှောက် တရုတ်နဲ့ ပတ်သက်ခဲ့တာ အလွန်နည်းပါးတယ်။ ထင်ရှားတဲ့ မြန်မာနိုင်ငံရေးခေါင်းဆောင်တွေဟာ ဂန္ဓီ-နေရူးတို့ ခေါင်းဆောင်တဲ့ အိန္ဒိယကွန်ဂရက်ပါတီနဲ့ အိန္ဒိယ ကွန်မြူနစ်ပါတီနဲ့ အဆက်အစပ်များခဲ့တယ်။ ကိုလိုနီလက်အောက်က လွတ်မြောက်ဖို့ ရုန်းကန် လှုပ်ရှားကြရင်း လူငယ်ခေါင်းဆောင်တွေ အတွေးထဲ 'အနုနည်းနဲ့တော့ မရတော့ဘူး။ အကြမ်းနည်းနဲ့မှပဲ ရတော့မယ်' ဆိုတဲ့ အယူအဆ သန္ဓေတည်လာချိန် (၁၉၄၀တစ်ဝိုက်) ကျတော့မှ တရုတ်တော်လှန်ရေးသမားတွေနဲ့ ဆက်မိအောင် ပထမဆုံး ကြိုးစားခဲ့ကြတယ်။ တရုတ်နိုင်ငံမှာကလည်း ပြည်သူကို ဖိနှိပ်အုပ်စိုးနေပေမယ့် နယ်ချဲ့ဖက်ဆစ်ဂျပန်ကို တွန်းလှန်တိုက်ထုတ်ဖို့ စိတ်ကူး ရှိပုံမရတဲ့ ချန်ကေရှိတ်အစိုးရကို မော်စီတုံးဦးဆောင်တဲ့ ကွန်မြူနစ်ပါတီက ပြည်သူတွေရဲ့ အင်အားကိုပါရယူပြီး တော်လှန်နေတဲ့ အချိန်နဲ့တိုက်ဆိုင် နေတာမို့ သခင်အောင်ဆန်း ဦးဆောင်တဲ့ သခင်လူငယ်တစ်စုဟာ တရုတ်ကွန်မြူနစ်ပါတီဆီ အရောက်သွားပြီး အကူအညီတောင်းဖို့ ကြိုးစားခဲ့ကြတဲ့အထိ တရုတ်ပြည်နိုင်ငံရေးက မြန်မာ့နိုင်ငံရေးအပေါ် ဩဇာသက်ရောက်မှုရှိခဲ့တယ်ဗျ။ သခင်အောင်ဆန်းတို့ တရုတ်ကွန်မြူနစ်အဆက်အသွယ်ကိုစောင့်ရင်း ဂျပန်အဆက်အသွယ်တွေက လက်ဦးအောင် ခေါ်သွားကြတဲ့ သမိုင်းတစ်ကွက်ဟာ အလွန် စိတ်ဝင်စားဖို့ကောင်းတယ်ဗျာ။

## ပါတီစုံမှ တစ်ပါတီသို့

တရုတ်နိုင်ငံရေးက မြန်မာ့နိုင်ငံရေးအပေါ် ဩဇာသက်ရောက်မှုဟာ ကျွန်တော်တို့ နိုင်ငံရဲ့ နိုင်ငံရေးစနစ် တစ်ဆစ်ချိုးကွေ့သွားခဲ့တဲ့ ၁၉၆၂ နောက်ပိုင်းမှာ ပိုပြီးထင်ရှားလာခဲ့တယ်။ အကြောင်းကတော့ အဲဒီနှစ်ထဲမှာ နိုင်ငံတော်အာဏာကို သိမ်းယူခဲ့တဲ့ တပ်မတော်ခေါင်းဆောင်စုက နိုင်ငံလွတ်လပ်ရေးရတဲ့အချိန်ကစလို့ ကျင့်သုံးလာခဲ့တဲ့ (အိန္ဒိယနိုင်ငံရေးစနစ်နဲ့ အနှစ်သာရအားဖြင့် အတူတူဖြစ်တဲ့) ပါတီစုံစနစ်ကို

ဖျက်သိမ်းပြီး တရုတ်နိုင်ငံမှာ ကျင့်သုံးနေတဲ့ နိုင်ငံရေးစနစ်နဲ့ 'ကြောင်းတူသံကွဲ' ဖြစ်တဲ့ တစ်ပါတီ စနစ်ကို ပြောင်းလဲကျင့်သုံးခဲ့ကြလို့ပဲ ဖြစ်တယ်ဗျ။ အဲဒီအချိန်မှာ တောထဲကနေ အစိုးရကို လက်နက်စွဲကိုင်ပုန်ကန်တိုက်ခိုက်နေကြတဲ့ အဖွဲ့အစည်းတွေထဲက အင်အားအကြီးဆုံးအဖွဲ့ အပါအဝင် အဖွဲ့အချို့ရဲ့ လက်စွဲသဘောတရားကလည်း တရုတ်ကွန်မြူနစ်ပါတီ ကိုင်စွဲထားတဲ့ လက်ဝဲဝါဒပဲဖြစ်တာမို့ အဲဒီကာလတွေမှာ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဟာ အာဏာရရော အာဏာမဲ့ပါ အိန္ဒိယထက် တရုတ်နဲ့ အများကြီး ပိုနီးစပ်ခဲ့တာဖြစ်တယ်ဗျ။

## တရုတ်ကို အားထားခဲ့ရချိန်

ရှစ်ဆယ့်ရှစ် လူ့ပ်ရှားမှုကြီး နောက်ပိုင်းမှာတော့ အဲဒီအခြေအနေမက ပိုပြီး နက်ရှိုင်းသွားခဲ့တယ်ဗျ။ အကြောင်းကတော့ နိုင်ငံတော် အာဏာကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီလက်ထဲက လွှဲပြောင်းရယူခဲ့တဲ့ တပ်မတော်ခေါင်းဆောင်တွေက နိုင်ငံရေးစနစ်ကို ပါတီစုံစနစ် သို့ပြန်လည်ပြောင်းလဲလိုက်ပြီလို့ ပြောဆိုခဲ့ကြပေမယ့် လက်တွေ့မှာ စစ်တပ်ကသာ အုပ်ချုပ်တဲ့စနစ်ဖြစ်နေတာကြောင့် အနောက်ဒီမိုကရေစီနိုင်ငံကြီးတွေက မြန်မာနိုင်ငံအပေါ် ဒဏ်ခတ်ပိတ်ဆို့ အရေးယူမှုတွေ ချမှတ်ခဲ့ကြတယ်။ ဒီအနေအထားကို ခုခံကာကွယ်နိုင်ဖို့အတွက် မြန်မာ့စစ်ခေါင်းဆောင်တွေဟာ မိမိတို့အပေါ် နိုင်ငံတကာ မျက်နှာစာမှာ ရှေ့နေလုပ်ပြီး အခိုင်အမာ ကာကွယ်ပေးခဲ့တဲ့ ဗီတိုအာဏာပိုင် တရုတ်နိုင်ငံနဲ့ သမိုင်းမှာ မကြုံဖူးလောက်အောင် ရင်းနှီးနီးစပ်လာခဲ့တာပဲ ဖြစ်တယ်ဗျ။

## ဖိတဲ့ အိတဲ့ဒဏ်

နိုင်ငံနှစ်ခု အဲသလောက် နီးနီးကပ်ကပ် နက်နက်ရှိုင်းရှိုင်း ဆက်ဆံလာကြတဲ့ကိစ္စမှာ နှစ်နိုင်ငံစလုံးက ပြည်သူတွေ ရှုထောင့်က ကြည့်ရင် အကျိုးအမြတ်တွေ ရှိခဲ့ကြလိမ့်မယ်ဆိုတဲ့အချက်ကတော့ သံသယဖြစ်စရာမလိုဘူးဗျ။ ဒါပေမယ့် အင်အားကြီးတဲ့ နိုင်ငံတစ်ခုနဲ့ အင်အားသေးတဲ့ နိုင်ငံတစ်ခု၊ အထူးသဖြင့် ခြံစည်းရိုးချင်းကပ်နေတဲ့ အင်အားကြီးတဲ့နိုင်ငံတစ်ခုနဲ့ အင်အားသေးတဲ့ နိုင်ငံတစ်ခုတို့ရဲ့ ပုံမှန်ထက် ပိုပြီး နက်ရှိုင်းနီးကပ်တဲ့ ဆက်ဆံရေးမှာ ဘေးထွက်ဆိုးကျိုး သက်ရောက်မှုဒဏ်ကို နိုင်ငံငယ်က ပိုပြီးခံရမှာဖြစ်တယ်ဆိုတာ ရှင်းတယ်ဗျ။ နိုင်ငံကြီးရဲ့ ဖိတဲ့အိတဲ့ဒဏ်ကို နိုင်ငံငယ်က ကြာလေ ပိုခံစားရလေဖြစ်မှာ အသေအချာပါပဲဗျာ။

## နယ်စပ်မြို့တွေနဲ့ မန္တလေး

ဒါကြောင့်လည်း မြန်မာနယ်စပ်မြို့တွေဟာ တရုတ်မြို့တွေနဲ့ တစ်နေ့တခြား ပိုပိုပြီး တူလာနေကြပြီ။ မြန်မာဘုရင် နောက်ဆုံးမင်းစိုက်ခဲ့ ရာ မန္တလေးမြို့ရဲ့ အချက်အချာ နေရာအားလုံးလိုလိုကိုတောင် မြန်မာအမည်နဲ့ပေမယ့် မြန်မာစကား မပြောတတ်တဲ့ အသားဖြူနီစပ်စပ် မျက်ပေါက်ကျဉ်းကျဉ်းတွေက စီးနင်းသိမ်းပိုက်ထားကြပြီဆိုတဲ့ အရေးအသားတွေ ဒီဖက်နှစ်ပိုင်းမှာ ကျွန်တော်ကို ခပ်စိပ်စိပ်ဖတ်လာခဲ့ကြ ရတာ ဖြစ်တယ်ဗျာ။

အခုရက်ပိုင်းအတွင်း ကျွန်တော် ဖတ်လိုက်ရတဲ့ I.H.T သတင်းစာပါ ဆောင်းပါးတစ်ပုဒ်ကလည်း အမျိုးပျောက်မှာစိုးကြောက်သူ ကျွန်တော်တို့ နိုင်ငံသား တွေရဲ့ သွေးတိုးနှုန်းကို ပိုပြီးမြန်စေမှာဖြစ်တယ်ဗျ။ အဲဒီဆောင်းပါးက တရုတ်နိုင်ငံမှာ ကျားမအချိုး အလွန်အမင်း ကွာဟမှုကြောင့် အိမ်ထောင်ဖက် ရှာမတွေ့နိုင်သူ တရုတ်အမျိုးသားတွေ ပိုမိုပြီး များလာနေတဲ့အကြောင်း ဖြစ်တယ်ဗျ။ အမေရိကန် နိုင်ငံမှာ ကျားမအချိုးက ၁၀၅း၁၀၀ ရှိနေချိန်မှာ တရုတ်ကျေးလက်ဒေသ တွေမှာ ၁၂၀း၁၀၀ ဖြစ်နေတဲ့အကြောင်း။ ပြည်နယ် ကိုး ခုမှာဆိုရင် ၁၆၀း၁၀၀ လောက်တောင် ဖြစ်နေတဲ့အကြောင်း ဖော်ပြထားတယ်ဗျ။ ကျွန်တော်တို့ မြန်မာ အမျိုးသမီးငယ်လေး တွေ တရုတ်ပြည်မှာ အရောင်းစား ခံနေကြရတဲ့ အခုတလော ခပ်စိပ်စိပ်ကြားလာရ တဲ့သတင်းတွေနဲ့ ဒီဆောင်းပါးကို ဆက်စပ်ကြည့်ပြီး ကျွန်တော်တော့ ရင်မောမိတာ အမှန်ပဲဗျာ။

## အိမ်နီးချင်းကို ရွေးလို့မရ

ဆွေမျိုးဆိုတာ မခေါ်ရင်ရတယ် မတော်ချင်လို့တော့ မရဘူးဆိုသလို ကမ္ဘာမှာ အိမ်နီးချင်းနိုင်ငံဆိုတာလည်း ရွေးလို့ရတာမျိုး မဟုတ်ဘူးဗျ။ ကိုယ့်အိမ်နီးချင်း ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ မဖြစ်မနေ မိတ်ဝတ်မပျက် ဆက်ဆံရ မှာပဲ ဖြစ်တယ်ဗျ။ ဒါပေမဲ့ ကိုယ့်ထက် အဆပေါင်းများစွာ အင်အားပိုမိုကြီးထွားတဲ့ အိမ်နီးချင်းနိုင်ငံနဲ့ ဆက်ဆံရတဲ့ နိုင်ငံငယ်တစ်ခုရဲ့ ဦးစီးခေါင်းဆောင် တွေအနေနဲ့က တော့ အင်မတန်ကို ပါးပါးနပ်နပ်နဲ့ သတိတမန် ဉာဏ်မြေကတုတ်လုပ်ကြဖို့တော့ လိုသပေါ့ဗျာ။ ရေတိုအကျိုးထက် ရေရှည်အကျိုးကို ကြည့်ပြီး လျှော့တန်လျှော့ တင်းတန်တင်း နည်းပရိယာယ်ကြွယ်ဝစွာနဲ့ ဆက်ဆံခဲ့ကြတဲ့ အိမ်နီးချင်း ဒစ်ပလို မေစီတွေကို နမူနာယူနိုင်ကြမယ်ထင်တယ်ဗျာ။

## အမျိုးသားရေးသတိနဲ့ဆင်ခြင်

မြန်မာပြည်သူများရဲ့အကျိုးစီးပွားရှုထောင့်က ရပ်တည်ပြီး ရောဝတီမြစ်ဆုံရေကာတာ စီမံကိန်းကို မြန်မာနိုင်ငံဘက်က မကြာသေးခင်ကပဲ ရပ်ဆိုင်းလိုက်တယ်။ နှစ်ပေါင်း ငါးဆယ်ကျော်အတွင်း ပထမဆုံးအကြိမ်အဖြစ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး တစ်ဦး မြန်မာနိုင်ငံ လာလည်တယ်။ အခုတလော ကြားရတဲ့သတင်းတစ်ခုမှာ မန္တလေးမြို့က ကျောင်းဘုတ်ကြီးတွေမှာ မြန်မာနဲ့ အင်္ဂလိပ် ဘာသာနှစ်ခုက လွဲပြီး တခြားဘာသာစကားတွေ အသုံးပြုဖို့ တားမြစ်လိုက်တယ်လို့ ဆိုတယ်။ အဲဒီလုပ်ရပ်ရဲ့ ပစ်မှတ်က တရုတ်ဘာသာစကားလို့ဆိုကြတယ်။ နှစ်ပေါင်း နှစ်ဆယ်ကျော်အတွင်း ပထမဆုံးအကြိမ်အဖြစ် တရုတ်သံအမတ်ကြီးက ဒီချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်း စုကြည်နဲ့ လာတွေ့သွားတယ်။ ကျွန်တော်တို့နိုင်ငံအတွက် အလွန်တရာ အရေးပါတဲ့ တရုတ်နိုင်ငံနဲ့ ဆက်ဆံရေးမှာ နိုင်ငံခေါင်းဆောင်တွေနဲ့ တစ်ပြိုင်တည်း လိုက်ပြီး ကျွန်တော်တို့ ပြည်သူတွေကလည်း အမျိုးသားရေးသတိနဲ့ မပြတ်မလပ် ဆင်ခြင် နေသင့်ကြတယ်လို့ တိုက်တွန်းလိုက်ရကြောင်းပါဗျာ။

**၂၇၊ ဒီဇင်ဘာ၊ ၂၀၁၁**

**၀**

## ပညာရေးမှာ ဘာတွေမှားခဲ့သလဲ

၂၀၁၂ ခုနှစ်ဟာ နှစ်ပေါင်းငါးဆယ်ကြာကာလအတွင်း ကျွန်တော်တို့ မြန်မာပြည်သူတွေအတွက် လွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး စတဲ့ ကမ္ဘာ့လူသားအားလုံး ရရှိခံစား ပိုင်ဆိုင်နိုင်ခွင့်ရှိတဲ့ ကောင်းမြတ်ခြင်းတရားတွေနဲ့ ပတ်သက်တဲ့ မျှော်လင့်ချက် ရောင်ခြည်တွေ အပြိုးပြက်ဆုံး လင်းလက်တောက်ပမယ့် နှစ်တစ်နှစ်ဖြစ်ဖွယ် ရှိနေတာကြောင့် ဒီနှစ်အတွက် ကျွန်တော့်ရဲ့ပထမဆုံးဆောင်းပါးကို လောကမှာ အမြင့်မြတ်ဆုံးဖြစ်တဲ့ ပညာအကြောင်းနဲ့ ဖွင့်လိုက်ချင်တယ်ဗျာ။

## ပညာသည် တန်ခိုးအာနိသင်

'ပညာသည် တန်ခိုးအာနိသင်' (Knowledge is power) လို့ အလယ်ခေတ် ဗြိတိသျှလူမှုဗေဒပညာရှင်ကြီး ဆာဖရန်စစ်ဘေကွန်က ဆိုခဲ့ဖူးတယ်ဗျ။

ပညာဟာ ကမ္ဘာမှာ လူသားရယ်လို့ ပီပီပြင်ပြင် ဖြစ်ထွန်းပေါ်ပေါက်လာချိန်ကစလို့ ဒီကနေ့ တတိယထောင်စုနှစ်ထဲ ဝင်လာခဲ့တဲ့အချိန် အထိ လူသားရဲ့ အရေးအရာတွေမှာ ဘယ်တုန်းကမှ အောက်တန်းနောက်တန်း တစ်နေရာမှာ အထားခံခဲ့ရဖူးတာ မဟုတ်ဘူးဆိုပေမယ့် ဒီကနေ့ခေတ်လောက် ပညာကို လူ့အရေးကိစ္စအားလုံးရဲ့ ထိပ်ဆုံးမှာ အထူးဦးစားပေး အလေးထား အာရုံစိုက်နေကြတာမျိုးကတော့ လူ့ သမိုင်း တစ်ခုလုံးအနေနဲ့ ပြောရရင် ဒါပထမဆုံးဖြစ်တယ်လို့ဆိုရလိမ့်မယ် ထင်တယ်ဗျ။

## ၂၀၁၁ခုမှာ အထူးခြားဆုံး အာရပ်နွေဦး

နှစ်ဟောင်းအကုန် နှစ်သစ်အကူးကာလထုတ်ဝေတဲ့ ပြည်တွင်းပြည်ပ စာနယ်ဇင်း အားလုံးလိုလိုမှာ ကုန်လွန်သွားခဲ့ပြီဖြစ်တဲ့ ၂၀၁၁ ခုနှစ်ရဲ့အထူးခြားဆုံး အခြင်းအရာ တစ်ခုကို ဆန်းစစ်သုံးသပ်ခဲ့ကြရာမှာ အားလုံးဟာ အာရပ် ကမ္ဘာမှာ ရာစုနှစ်နဲ့ချီ အိပ်ပျော်နေခဲ့ကြတဲ့ ပြည်သူတွေ နိုးထလာကြပြီး ပြည်သူ့စွမ်းပကား (People Power) နဲ့ အာဏာရှင် အစိုးရတွေကို တွန်းလှဲဖြိုချ ဖယ်ရှားပစ်ခဲ့ကြမှုကို တင်စား သုံးနှုန်းတဲ့ 'အာရပ်နွေဦး' ကို တညီတညွတ်တည်း ရွေးချယ်ခဲ့ကြတယ်ဗျ။ တစ်ဆက် တည်းမှာ အဲဒီအာရပ်ကမ္ဘာက လူထုလှုပ်ရှားမှုတွေရဲ့ဝင်ရိုးဟာ တွစ်တာ၊ ဖေ့စ်ဘွတ်၊ ဂူဂဲလ်၊ ယူကျု၊ အိုင်ပက်၊ အိုင်ဖုန်း စတဲ့ ခေတ်မီဆက်သွယ်ရေးနည်းပညာနဲ့ နည်းပညာပစ္စည်းတွေ ဖြစ်တယ်။ တစ်နည်းပြောရရင် ပညာပဲ ဖြစ်တယ်လို့ ခွဲခြမ်း စိတ်ဖြာသုံးသပ်သူ အားလုံးက မီးမောင်းထိုးပြခဲ့ကြတယ်ဗျာ။

## ဗုဒ္ဓသည် ပညာအဓိကဘုရား

ကျွန်တော်တို့နိုင်ငံမှာ လူများစုကြီး ကိုးကွယ်ရာ ဗုဒ္ဓသာသနာကို ထူထောင်ခဲ့တဲ့ ဂေါတမမြတ်စွာဗုဒ္ဓဟာလည်း သဒ္ဓါအဓိက၊ ဝီရိယအဓိက၊ ပညာအဓိကဆိုတဲ့ ဘုရားတွေအနက် ပညာအဓိက ဘုရားဖြစ်တယ်ဆိုတာ ဗုဒ္ဓ ဘာသာဝင်တိုင်း အသိဖြစ်တယ်ဗျ။ အဲ့ဒါရဲ့ အကျိုးဆက်အဖြစ် ကျွန်တော်တို့ နိုင်ငံဟာလည်း ပညာကို အထူးအလေးအမြတ်ထားဦးစားပေးတဲ့ နိုင်ငံတစ်ခု ဖြစ်ခဲ့တယ်ဆိုတာ ကျွန်တော်တို့ နိုင်ငံရဲ့ နိုင်ငံရေးသမိုင်း၊ လူမှုရေးသမိုင်း၊ ယဉ်ကျေးမှုသမိုင်းတွေကို လေ့လာကြည့်ရင် အထင်အရှား မြင်တွေ့နိုင်တယ်ဗျ။ ပြည်သူတွေရဲ့ အသက်အိုးအိမ် စည်းစိမ်အားလုံးကို လူတစ်ဦးတည်းက ပိုင်ဆိုင်တဲ့ သက်ဦးဆံပိုင်ဘုရင်စနစ်မှာတောင် ပညာရှင်တွေ လူ့အဖွဲ့အစည်းရဲ့ ရှေ့ဆုံးတန်း ထိပ်ဆုံးတန်းမှာ နေရာပေးခြင်းခံခဲ့ကြရတဲ့ အဖြစ် အပျက်တွေ ကျွန်တော်တို့ နိုင်ငံသမိုင်းမှာ အများအပြားရှိခဲ့တာ သမိုင်း လေ့လာသူ အားလုံး အသိဖြစ်တယ်ဗျ။

## ပညာရဲ့နေရာ လျှောကျခဲ့ရ

ဒါပေမဲ့ လွန်ခဲ့တဲ့နှစ်ပေါင်းငါးဆယ်ကာလအတွင်း အဲဒီအခြေအနေဟာ ယိုယွင်း ယိမ်းယိုင်ခဲ့ရတယ်ဗျာ။ 'ပညာအခြေခံ လူ့အဖွဲ့အစည်း' ဆိုတဲ့ သဘောတရား အဲဒီကာလအတွင်း တရားဝင် ဖျက်သိမ်းခြင်းခံခဲ့ရတာ မဟုတ်ပေမယ့် လက်တွေ့

အနှစ်သာရအရတော့ ပညာဟာ ဦးစားပေး အဆင့်ကနေ လျှော့ကျခဲ့ရ (ဒါထက် ပိုပြီး ပီပီပြင်ပြင်ရှင်းရှင်းလင်းလင်းဖြစ်သွားအောင် ပြောရရင်) ပညာဟာ သစ္စာခံမှုရဲ့ နောက်ကို ပို့ပစ်လိုက်ခြင်း ခံရတာ ဖြစ်တယ်ဗျ။ အကျိုးဆက်ကတော့ အားလုံးသိကြတဲ့ အတိုင်းပါပဲ။ အဲဒီခေတ်ရဲ့ ပထမ မျိုးဆက်ကာလမှာ နိုင်ငံဟာ 'ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံးနိုင်ငံ' (LDC) ဖြစ်သွားခဲ့ပြီး ဒုတိယမျိုးဆက်ကာလမှာ 'ရှုံးနိမ့်သောနိုင်ငံ' (Failed State) တစ်ခုအဖြစ်ဆီသို့ တရွေ့ရွေ့လျှောကျနေတဲ့ နိုင်ငံတစ်ခုအဖြစ် ကျရောက်သွားခဲ့တာပဲ ဖြစ်တယ်ဗျ။

## သဘော်ကြီး ပြန်ပေါ်လာသလို

အခုတော့ တဖြည်းဖြည်းချင်း နစ်နေတဲ့ သဘော်ကြီးဟာ တစ်ချိန်က အတိုက်အခံဖြစ်သူတွေ အပါအဝင် ပြည်သူတစ်ရပ်လုံး အားကြိုးမာန်တက် ခပ်ထုတ်နေတဲ့ရေတွေကြောင့် တဖြည်းဖြည်းချင်း ရေပေါ်ကို ပြန်ပေါ်စပြုနေပြီဗျာ။ အဲဒီဖြစ်စဉ်ရဲ့ အစမှတ်တစ်ခုကတော့ 'စတုတ္ထမဏ္ဍိုင်ကို အလေးထား ကြရမယ်' ဆိုတဲ့ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ရဲ့စကား ဖြစ်တယ်လို့ ကျွန်တော်ကတော့ ယူဆတယ်ဗျ။ သမ္မတကြီးရဲ့ အဲဒီစကားက လက်တွေ့အနှစ်သာရအရ ပြောရရင် ရာစုတစ်ဝက်လောက် အမှိုက်ပုံးထဲရောက် နေခဲ့တဲ့ 'ပညာ' ကို ဆွဲထုတ် ဆေးကြောသန့်စင်တိုက်ချွတ်ပြီး သူ့ရဲ့နေရာမှန်ဖြစ်တဲ့ နဝရတ်ကိုးပါး စီခြယ်ထားတဲ့ ကလပ်ပေါ် ပြန်တင်ပေးလိုက်တာဖြစ်တယ်ဗျာ။ ပညာလောကသားတစ်စုရဲ့ အခန်းကဏ္ဍကို လေးစားအသိအမှတ်ပြုကြဖို့ အုပ်ချုပ်ရေးယန္တရားအဆင့်ဆင့်ကို ညွှန်ကြားလိုက်တာဖြစ်တယ်ဗျ။

## ပုဂ္ဂလိကကျောင်းများထူထောင်ခွင့်

အဲဒီနောက်ပိုင်း ပညာရေးနဲ့ ပတ်သက်ပြီး နောက်ထပ်ပြုပြင် ပြောင်းလဲမှုတွေ အစိုးရက ဦးဆောင်ပြုလုပ်လာတာကို မြင်တွေ့ခဲ့ကြရတယ်ဗျ။ အဲဒီထဲမှာ အထင်ရှားဆုံးကတော့ ပုဂ္ဂလိကကျောင်းများ တည်ထောင်ခွင့် ဥပဒေ ထွက်ပေါ်လာခြင်းနဲ့ ၂၀၁၂ ပညာသင်နှစ်က စပြီး တက္ကသိုလ်ပညာသင်နှစ်ကို တစ်နှစ်တိုးလိုက်တဲ့ အစီအစဉ်တို့ပဲ ဖြစ်တယ်ဗျ။

ကျွန်တော်က လွတ်လပ်ငြိမ်းချမ်းဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ရေးအတွက် ပညာရေးဟာ အခရာဖြစ်တယ်ဆိုတဲ့ သဘောတရားကို နက်နက် ရှိုင်းရှိုင်း နှစ်နှစ်ကာကာ ယုံကြည်ထားသူဖြစ်တာမို့ ပညာရေးတိုးတက်ဖို့ အမှန်တကယ်

ရည်ရွယ်တဲ့ ဘယ်လိုကြိုးပမ်းမှုမျိုးကို မဆို ယေဘုယျအားဖြင့် ကြိုဆိုချင်ပါတယ်ဗျ။ ဒါကြောင့် နိုင်ငံတော်အစိုးရရဲ့ အဲဒီကြိုးပမ်းမှုတွေကိုလည်း ကြိုဆိုတယ်ဗျာ။

## ဘာတွေမှားခဲ့သလဲ

ဒါပေမဲ့ နှစ်ပေါင်းငါးဆယ်လောက် ယိုယွင်းယိုင်နဲ့နေခဲ့တဲ့ ပညာရေး ယန္တရားကြီး တစ်ခုလုံး အားကောင်းမောင်းသန် ဖြစ်လာဖို့ ဆိုရင် အဲဒီကာလမှာ ဘာတွေ မှားခဲ့တာလဲဆိုတာတွေကို အစွဲကင်းကင်းနဲ့ ဆန်းစစ်လေ့လာ ဖော်ထုတ်ပြီး အမှန်ရောက်အောင် အမှားပြင် ပြောင်းလဲလာတဲ့ခေတ်စနစ်နဲ့အညီ အသစ်ထပ်မံ ဖြည့်စွက်တာမျိုးတွေ မလုပ်ဘဲနဲ့ကတော့ မဖြစ်နိုင်ဘူးလို့ ကျွန်တော် ယူဆတယ်ဗျ။

ဥပမာ ဒီမိုကရေစီပညာရေးစနစ်မှာ အဓိကအခန်းကဏ္ဍက ပါဝင်သူ (Stake holder) တစ်ဦးဖြစ်တဲ့ ကျောင်းသားတွေရဲ့ တကယ့်ရင်ထဲက အသံတွေ ကြားနိုင်ဖို့ အရေးမှာ ပင်မအခြေခံဖြစ်တဲ့ စစ်မှန်တဲ့ ကျောင်းသား ကိုယ်စားလှယ်တွေ ထွက်ပေါ်လာအောင် ဘယ်လိုလုပ်မလဲ။ ဆရာက သင်၊ ကျောင်းသားက ထိုင်နားထောင်ပြီးတော့ တကယ် ဘာမှနားမလည်ဘဲ အလွတ်ကျက် ပြန်ဖြေတဲ့ တစ်လမ်းသွား ပညာရေးစနစ်ကို ဘယ်လိုပြုပြင် ပြောင်းလဲမလဲ။ အရွယ်မတိုင်ခင် စီးပွားရေးလုပ်ငန်းထဲ ရောက်နေကြတဲ့ ကလေးသူငယ်အားလုံး မဟုတ်တောင် အများစုကြီး စာသင်ခန်းထဲ ရောက်လာအောင် ဘယ်လိုလုပ်မလဲ။ တစ်နေ့ကို သုံးလေးနာရီလောက် ဘတ်စ်ကားပေါ်မှာ အလဟဿ အချိန်ဖြုန်းပြီးမှရောက်နိုင်တဲ့ မြို့စွန်မြို့ဖျားက နေရာတွေမှာ တက္ကသိုလ်တွေ ရောက်နေတာ ဘာကြောင့်လဲ။ အဲဒီလိုဖြစ်နေတာ သဘာဝ ကျရဲ့လား။ နိုင်ငံအတွက် အကျိုးဖြစ်ထွန်းရဲ့လား။ အကျိုးထက် အပြစ်က ပိုများနေသလား။ တက္ကသိုလ်ကြီးတွေဟာ ခမ်းနားကြီးကျယ် သလောက် ပညာရေးအနှစ်သာရ မယ်မယ်ရရ မရှိတဲ့ 'အဆင်းလှဆန်း လူ့ပေါက်ပန်း' တွေလို ဖြစ်နေသလား။ 'တက္ကသိုလ် ရဲ့အသက်ဟာ သုတေသန' ဆိုတဲ့စကားနဲ့ မြန်မာနိုင်ငံက တက္ကသိုလ်တွေ ကိုက်ညီရဲ့လား စတဲ့ စတဲ့ မေးခွန်းပေါင်းများစွာအတွက် အမြန်ဆုံး အဖြေရှာ လုပ်ဆောင်ခြင်းမရှိဘဲနဲ့တော့ ကျွန်တော်တို့နိုင်ငံ ကမ္ဘာကြီး မဆိုထားနဲ့ အိမ်နီးချင်း နိုင်ငံတချို့ကိုတောင် အမီလိုက်နိုင်ဖို့ မလွယ်သေးဘူးလို့ ကျွန်တော် ထင်တယ်ဗျာ။

၃၊ ဇန်နဝါရီ၊ ၂၀၁၂

# လွမ်းစရာနဲ့နာစရာ ဘယ်ဟာကို ရွေ့ထားကြမလဲ

၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့ရဲ့ ညသန်းခေါင်ယံ ၁၂ နာရီတိတိ အချိန်မှာ ၂၀၁၂ အတွက် မျှော်မှန်းပြီး 'ပျော်ရွှင်စရာ နှစ်သစ်ဖြစ်ပါစေ' လို့ ကမ္ဘာသူ ကမ္ဘာသားတွေ သံပြိုင်အော်ဟစ်ကြွေးကြော် ဆုတောင်းခဲ့ကြတယ်ဗျ။

တခြားနိုင်ငံတွေက ပြည်သူတွေအတွက်တော့ မပြောတတ်ဘူး။ ကျွန်တော်တို့နိုင်ငံက ပြည်သူတွေအတွက်ကတော့ တကယ့်မင်္ဂလာရှိတဲ့ ၂၀၁၂ နှစ်သစ်ဟာ ဇန်နဝါရီလ ၁၃ ရက်နေ့မှ စတင်ခဲ့တယ်ဆိုတာ ပြည်သူအားလုံး အသိဖြစ်တယ်ဗျာ။ ရှင်လိင်ပြန်တဲ့နေ့ မင်္ဂလာဆောင်တဲ့နေ့နဲ့ ထောင်က လွတ်တဲ့နေ့ဆိုပြီး လူတစ်ယောက်ရဲ့ဘဝမှာ အပျော်ဆုံးနေ့ သုံးနေ့ရှိတဲ့အနက် ထောင်ကလွတ်တဲ့နေ့ရဲ့အပျော်ဘယ်လောက် နက်ရှိုင်းကြီးမားတယ်ဆိုတာ ကိုယ်တိုင်ကိုယ်ကျ ကြုံတွေ့ခံစားခဲ့ဖူးသူတွေ ကောင်းကောင်းသိကြပါတယ်။ အဲဒီနေ့က လွတ်လာသူတွေထဲမှာ တချို့ဆိုထောင်ထဲမှာ ဆယ်စုနှစ်တစ်ခု ကျော်ကြာအောင် နေခဲ့ကြရသူတွေ ဖြစ်ကြတာမို့ မိမိတို့ ချစ်သောသူများနဲ့ အဲဒီလောက်ကာလကြာကြာ ခွဲခွာနေကြရရာကနေ ရုတ်တရက် အခုလို ပြန်လည်ပေါင်းစည်းနိုင်ခဲ့ကြရာမှာ သူတို့ရင်ထဲ ခံစားနေရတဲ့ ပျော်ရွှင် ဝမ်းမြောက်မှုကို ကျွန်တော်တို့ စာနာသဘောပေါက် နားလည် နိုင်ပါတယ်ဗျာ။

## အဓိကလူတွေပါလာပြီ

လွတ်လာသင့်တဲ့သူတချို့ ထောင်တွေထဲမှာ ကျန်နေသေးတာ မှန်ပေမယ့် ဒီတစ်ကြိမ်မှာ ကျွန်တော်တို့ ပြည်သူတွေ မျှော်လင့်တောင့်တနေကြတဲ့ အဓိက ယုံကြည်ချက်အကျဉ်းသားအားလုံးလိုလို ပြန်လည် လွတ်မြောက်လာကြတာ ဖြစ်တဲ့အတွက် မြန်မာပြည်သူတစ်ရပ်လုံးနဲ့ နိုင်ငံတကာ အသိုင်းအဝိုင်းကလည်း သူတို့ရဲ့ ဝမ်းသာပီတိကို အရင်းအတိုင်း မခြွင်းမချန်ဖော်ပြနေကြတာကို မီဒီယာတွေက တစ်ဆင့် မြင်တွေ့

ကြားသိ နေရလေတော့ ကျွန်တော်တို့ ပြည်သူတစ်ရပ်လုံး အပျော်ပေါ် အပျော်ဆင့်နေကြတယ်ဗျာ။ ဒါ့အပြင် ရှစ်ဆယ့်ရှစ်မျိုးဆက်ကျောင်းသား ခေါင်းဆောင် မင်းကိုနိုင်သရက်ထောင်က ၁၃ ရက်နေ့ မနက် ၁၀ နာရီလောက်မှာ လွတ်လာတာဖြစ်ပေမယ့် ရန်ကုန်က သူ့မိသားစု ဆီကို ၁၄ ရက်နေ့ ည ၉ နာရီလောက်မှ ပြန်ရောက်လာနိုင်တဲ့အထိ လမ်းခရီး မြို့အဆင့်ဆင့်က ပြည်သူတွေက တစ်ခဲနက်ကြိုဆိုဧည့်ခံ ခဲ့ကြတယ်ဆိုတဲ့ သတင်းတွေ ကြားရတော့ ကျွန်တော်တို့မှာ ကြက်သီးမွေးညင်းထလောက်အောင် ဝမ်းသာပီတိဖြစ်ခဲ့ရတယ်ဗျာ။

## ကျွန်တော် ကြုံးဝါးမိတယ်

ဒါပေမဲ့ ပြန်လည်လွတ်မြောက်သူများဟာ ပြည်သူ့အကျိုး နိုင်ငံအကျိုး အများ အကျိုးအတွက် ဘဝသာမက လိုအပ်ရင် အသက်ကိုတောင် ပေးအပ်စွန့်လွှတ်ဖို့ ပိုင်းဖြတ်ထားကြသူများပီပီ မီဒီယာတွေရဲ့ မေးခွန်းတွေကို ဖြေကြားရာမှာ မိမိတို့ရဲ့ ပုဂ္ဂလိကပျော်ရွှင်ဝမ်းမြောက်မှုနဲ့ ဘဝရှေ့ရေးထက် ရှေ့ဆက်လုပ်ကိုင်သွားမယ့် မိမိတို့ရဲ့နိုင်ငံရေး ရည်မှန်းချက်များအကြောင်း ပိုမိုအလေးထားပြီး ပြောသွားတာ တွေကိုကြားရ ဖတ်ရတော့ ဒီလို သူရဲကောင်းအာဇာနည်တွေ အများကြီးရှိနေတဲ့ ငါတို့တိုင်းပြည် မကြာခင် ဒေသရဲ့ထိပ်ဆုံး နိုင်ငံအဆင့်ကို ဘာကြောင့် မရောက်နိုင်ရမှာလဲဆိုပြီး ကျွန်တော် တစ်ကိုယ်တည်း ကြုံးဝါးမိခဲ့တယ်ဗျ။ လွတ်မြောက်လာသူအများစုက ဒီကနေ့ ကျွန်တော်တို့ နိုင်ငံ ဦးတည်လျှောက်လှမ်းနေတဲ့ လမ်းကြောင်းအပေါ် နှစ်သက်ကျေနပ်မှုရှိနေကြပြီ။ အဲဒီလမ်းကြောင်းအတိုင်း ဆက်လက်လျှောက်လှမ်း ချီတက်သွားနိုင်စေဖို့ ဝိုင်းဝန်းပံ့ပိုးကူညီသွားကြပါမယ်လို့ ကတိပြုခဲ့ကြတဲ့ စကားသံတွေကလည်း ကျွန်တော်တို့နိုင်ငံ အနာဂတ်အတွက် အားတက်စရာစည်တော်သံတွေ ဖြစ်တယ်ဗျာ။

## စိတ်ထားတွေ ပြင်ကြမယ်

အခုလို နိုင်ငံအတွက် မင်္ဂလာအပေါင်းနဲ့ ခပြောင်းနေတဲ့ မင်္ဂလာအချိန်မှာကျွန်တော်တို့ ပြည်သူအားလုံး (ပြည်သူအားလုံးလို့ ဆိုရာမှာ ရာစုတစ်ဝက် ကျော်လောက်တစ်ဖက်နဲ့ တစ်ဖက် ခါးခါးသီးသီး နာနာကြည်းကြည်း ဖြစ်ခဲ့ကြတဲ့ အစိုးရအဆက်ဆက်ရဲ့ဘက်တော်သား အားလုံးနဲ့ အတိုက်အခံ အဆက်ဆက်ရဲ့ဘက်တော်သားအားလုံးကိုဆိုလိုတာဖြစ်တယ်ဗျ။) တစ်ယောက်ကိုတစ်ယောက် အမျက်အဒေါ မရှိ သံသယမထား

ဘဲ တကယ့်ကို စစ်မှန်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးအမြင်နဲ့ ကြည့်နိုင်ကြလေအောင် မိမိတို့ရဲ့ စိတ်နေစိတ်ထား (mindset) များကို ပြန်လည်ဆေးကြောလျှော်ဖွပ်သန့်စင်ကြမှာ ဖြစ်တယ်ဗျ။

## မမေ့နိုင်စရာ အမှောင်ခေတ်

တကယ်တော့ အတိုက်အခံအဆက်ဆက်ဘက်က ကြည့်ရင် အဲဒီနှစ် ငါးဆယ်ကာလဟာ ဘယ်လိုမှ မေ့ပျောက်လို့ မရနိုင်လောက်စရာ ခါးသီးနာကြည်းစရာအတိ ပြီးခဲ့တဲ့ အမှောင်ခေတ်ကာလတစ်ခု ဖြစ်ခဲ့တာပဲ ဗျ။ မိမိကိုယ်တိုင်ရဲ့ ဘဝမှာ ထိခိုက်ဒဏ်ရာရ ဆုံးရှုံးနစ်နာခဲ့ရတာ၊ မိမိရဲဘော်ရဲဘက်များရဲ့ ဘဝတွေ ဆုံးရှုံးနစ်နာခဲ့ရတာ၊ တချို့ဆို အသက်တောင် စွန့်လွှတ်ပေးဆပ် သွားခဲ့ရတာတွေကြောင့် အတိုက်အခံတွေရဲ့ မျက်လုံးတွေဟာ ဘယ်လောက် ရင့်ကျက် ပြည့်ဝမှုနဲ့ ဆေးကြောသန့်စင်ထားသည်ဖြစ်ပါစေ၊ ဒေါသအမျက် အခိုးအလျှံတွေကတော့ တစ်စုံတစ်ခုသော အတိုင်းအတာအထိ ရှိနေခဲ့ကြတာ ဖြစ်တယ်ဗျ။ ဒါကြောင့်လည်း အဲဒီကာလအတွင်း အစိုးရအဆက်ဆက် လုပ်ခဲ့တာမှန်သမျှ ကျွန်တော်တို့ အကောင်း မမြင် နိုင်ခဲ့ကြတာ၊ စိတ်ထဲမှာ 'ကောင်းသားပဲ' လို့ မြင်ရင်တောင် နှုတ်က ပြောမထွက်နိုင် ဖြစ်ခဲ့ကြတာဖြစ်တယ်ဗျ။

## တည်တံ့ရေးကြိုးပမ်းကြတာ

၁၉၆၂-၈၈ ကာလမှာရော ၁၉၈၈-၂၀၁၀ ကာလမှာပါ အုပ်ချုပ်ခဲ့တဲ့ အစိုးရတွေဟာ နိုင်ငံ့ကောင်းကျိုးအတွက်လို့ သူတို့ယူဆတဲ့ကိစ္စတွေကို လုပ်ခဲ့ကြမှာ သေချာပေမယ့် အဲဒီကာလတွေအတွင်း လွတ်လပ်မှု ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးများ လုယူသိမ်းပိုက်ထားခြင်း ခံနေကြရတဲ့ ကျွန်တော်တို့ အတိုက်အခံတွေရဲ့ မျက်လုံးတွေထဲမှာတော့ အဲဒါတွေဟာ တစ်ပါတီအာဏာ ရှင်စနစ်၊ အဲဒီနောက်စစ်အာဏာရှင်စနစ် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အားထုတ်ကြိုးပမ်းမှုတွေပဲ ဖြစ်ခဲ့တယ်ဗျ။ လမ်းစဉ်ပါတီခေတ် နိဂုံးချုပ် သွားချိန်မှာ ကျွန်တော်တို့ နိုင်ငံဟာ ဒေသတွင်းမှာ သစ်တောနဲ့ သတ္တုသယံဇာတ အရင်းအမြစ်တွေကို ထိန်းသိမ်းအထားနိုင်ဆုံး နိုင်ငံအဖြစ် တည်ရှိနေခဲ့တာ ရှစ်ဆယ့်ရှစ်နောက်ပိုင်း စစ်အစိုးရလက်ထက်မှာ လမ်းတံတားနဲ့ တက္ကသိုလ်၊ ကောလိပ် စတဲ့ အခြေခံအဆောက်အအုံတွေ တစ်ဟုန်ထိုး တိုးတက်များပြား လာခဲ့တာတွေကို ကျွန်တော်တို့ အတိုက်အခံတွေ 'ချစ်သော မျက်စိ' နဲ့ ကြည့်နိုင်စွမ်းမရှိ ဖြစ်ခဲ့ကြတယ်ဗျ။

## နိုင်ကွပ်ချေမှုန်းရေး အဓိက

တစ်ဖက်မှာ အဲဒီနှစ် ငါးဆယ်ကာလအတွင်း အစိုးရအဆက်ဆက်ကလည်း အတိုက်အခံတွေအပေါ် ခက်ထန်တင်းမာတဲ့ မျက်လုံးနဲ့ပဲ တောက်လျှောက်ကြည့်လာခဲ့တာဖြစ်တယ်ဗျ။ 'ငါတို့နဲ့ သဘောထားချင်းမတူတဲ့ နိုင်ငံ့ကောင်းကျိုးလုပ်ဆောင်သူ'လို့ မမြင်ဘဲ နိုင်ငံကောင်းအောင် ငါတို့ ဒီလောက်လုပ်ပေးနေတာတောင် အကောင်းမမြင်ဘဲ အဆိုးမြင်ဝါဒီ အဖျက်သမားတွေလို့ မြင်တဲ့အတွက် ညှိနှိုင်း ဆွေးနွေး အဖြေရှာလက်တွဲ ပူးပေါင်း လုပ်ကြရမယ့်အစား အပြတ် နိုင်ကွပ်ချေမှုန်းဖို့သာ တစိုက်မတ်မတ် လုပ်ဆောင်ခဲ့တာ ဖြစ်တယ်ဗျ။ ခေတ်ဦးမှာ နိုင်ငံရေးတက်ကြွလှုပ်ရှားသူတွေကို တစ်ကျွန်းပို့ပြီး 'ယုံကြည်ချက်အမြစ်နုတ်ပစ်ဖို့' ကြိုးစားခဲ့သလို ခေတ်လယ်မှာ ထောင်တွေထဲ အလုံးအရင်းနဲ့ ထည့် အသံတိတ်သွားစေဖို့ ကြိုးပမ်းခဲ့ပြီး ခေတ်နှောင်းမှာ မကြားဝံ့ မနာသာစရာထောင်ဒဏ်တွေနဲ့အတူ မိသားစုနဲ့ ဝေးရာ အကျဉ်း ထောင်တွေ ပို့တဲ့နည်းနဲ့ 'ငြိမ်ဝပ်ပိပြား'သွားစေဖို့ လုံးပမ်းခဲ့တာ အားလုံးအမြင် အသိဖြစ်တယ်ဗျ။ ထောင်ထဲမှာ ရာဇဝတ်ပြစ်မှု ကျူးလွန်ထားသူတွေပဲ ရှိတယ်ဆိုတဲ့ အပြောနဲ့ အတိုက်အခံတွေအပေါ် စိတ်ဓာတ်ရေးရာအရ ထိုးနှက်တဲ့ တစ်ချိန်တည်းမှာ မိမိတို့လုပ်ရပ်ကိုလည်း မိမိတို့ ကာကွယ်ခဲ့ တာဖြစ်တယ်ဗျာ။

## ဘယ်အမြင်နဲ့ကြည့်မလဲ

အခုအချိန်မှာတော့ အဲဒီအမှောင်ခေတ်နိဂုံးရဲ့ နိဒါန်းစနေပြီဖြစ်တယ်ဗျာ။ လွတ်လပ်ငြိမ်းချမ်းတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ရဲ့ အခြေခံ အုတ်မြစ်ဖြစ်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို အားသွန်ကြိုးပမ်း တည်ဆောက် ကြရမယ့် အခုလိုအချိန်မျိုးမှာ အစိုးရနဲ့ အတိုက်အခံ နှစ်ဖက်စလုံးက အတိတ်ကို ပြန်ကြည့်တဲ့အခါ 'လွမ်းစရာလာ နာစရာနဲ့ဖျောက်' ဆိုတဲ့ အမြင်နဲ့မကြည့်ဘဲ 'နာစရာရှိရင် လွမ်းစရာနဲ့ ဖြေ' ဆိုတဲ့အမြင်နဲ့ ကြည့်ကြရမှာဖြစ်တယ်ဗျ။ 'ကျွန်ုပ်တို့ မေ့တော့မမေ့နိုင်၊ သို့သော် ခွင့်လွှတ်နိုင်သည်' (We cannot forget but we can forgive) ဆိုတဲ့ အတွေးအခေါ်ပိုင်ရှင်များသာလျှင် လူသစ် စိတ်သစ် ဘဝသစ်ကို တည်ဆောက်နိုင်စွမ်းရှိသူများဖြစ်ကြတာကြောင့် ကျွန်တော်တို့အားလုံး အခုလို မင်္ဂလာအချိန်မှာ မင်္ဂလာရှိတဲ့ အတွေးအခေါ်ပြောင်းလဲမှုကို စတင်လုပ်ဆောင်ကြပါစို့လို့ တိုက်တွန်း နှိုးဆော်လိုက်ချင်တယ်ဗျာ။

၃၊ ဖေဖော်ဝါရီ၊ ၂၀၁၂

○

## မဂ္ဂိုင်ကြီး သုံး ခု
## အပြန်အလှန်စစ်ဆေးထိန်းညှိနိုင်တဲ့စနစ်

လောကမှာ စွယ်စုံ ဘက်စုံ ထူးချွန်တဲ့လူ အင်မတန်ရှားပါတယ်။ တစ်သိန်းတစ်ယောက် တစ်သန်းတစ်ယောက်လောက်သာ ရှိနိုင်တာမျိုးမို့ သူတို့ဟာ ခြွင်းချက်လူသားတွေဖြစ်တယ်ဗျ။ ကျွန်တော်တို့ဆီက ကွယ်လွန်သူ ရုပ်ရှင်မင်းသား ကိုဝင်းဦးလိုလူမျိုးတွေပေါ့ဗျာ။ သရုပ်ဆောင်လုပ်တော့လည်း အောင်မြင်၊ သီချင်းဆိုတော့လည်း အောင်မြင်၊ ဒါရိုက်တာလုပ်တော့လည်း အောင်မြင်၊ စာရေးတော့လည်း အောင်မြင်၊ မဂ္ဂဇင်းထုတ်ဝေတော့လည်း အောင်မြင်။ အင်မတန်မှ ရှားပါးတဲ့လူမျိုးပေါ့ဗျာ။

### လေ့ကျင့်ပုံချင်း မတူကြလို့

အားကစားမှာလည်း ထူးချွန်တယ်ဆိုတဲ့ အားကစားသမားတွေဟာ သူတို့သန်ရာသန်ရာ အားကစားနည်းတစ်မျိုးမှာသာ ထူးချွန်ကြတာ ဖြစ်တယ်ဗျ။ ဒီလိုဖြစ်ရတာကလည်း လူတစ်ယောက်ဟာ အားကစားနည်းမျိုးစုံမှာ ထူးချွန်အောင်မြင်သူ မဖြစ်နိုင်တဲ့အတွက် သူတို့ စိတ်အားထက်သန်ရာ အားကစားနည်းတစ်ခုတည်းကိုပဲ စူးစူးစိုက်စိုက် လေ့ကျင့်ရာကနေ အဲဒီအားကစားနည်းမှာ ထူးထူးချွန်ချွန် အောင်မြင်ခဲ့ကြတာ ဖြစ်တယ်ဗျ။ အပြေး၊ ရေကူး၊ စက်ဘီးစီး စတဲ့ အားကစားနည်း သုံးလေးငါးမျိုး ပေါင်းစပ် ထားတဲ့ ပင်တာသလွန်တို့၊ ဒက်ကာ သလွန်တို့လို ပြိုင်ပွဲတွေမှာ အောင်မြင်သူတွေဟာလည်း အပြေးတစ်ခုတည်း၊ ဒါမှမဟုတ် ရေကူးတစ်ခုတည်း

ပြိုင်ရတဲ့ ပြိုင်ပွဲတွေမှာ အောင်မြင်သူတွေမဟုတ်တာကို တွေ့ကြရမှာ ဖြစ်တယ်ဗျ။ ဒါ့အပြင် မီတာတစ်ရာ ချန်ပီယံဟာ မီတာနှစ်ရာ မီတာလေးရာ လက်ဆင့်ကမ်း စတဲ့ ပြိုင်ပွဲတွေမှာလည်း ချန်ပီယံဖြစ်နိုင်ပေမယ့် မာရသွန်ပြိုင်ပွဲမှာ ဝင်ပြေးရင်တော့ ပန်းဝင်တဲ့အထိ ပြေးနိုင်ရင်တောင် ကံကောင်းဗျ။ အဲသလိုပဲ အောင်မြင်တဲ့ဘောလုံး သမားတစ်ယောက်ကို လက်ဝှေ့စင်ပေါ်သွားတင် ပေးလိုက်ရင် နာနာပ်ယူရဖို့ များမှာ ဖြစ်သလို ထူးချွန်တဲ့ ဘတ်စကက်ဘောသမားတစ်ယောက် တင်းနစ်ပြိုင်ပွဲ သွားဝင်ရင် ဘောလုံး မျက်နှာမှန်ပြီး ပစ်လဲရင်လဲမှာပဲဗျ။ ဒီလိုဖြစ်ရတာတွေရဲ့ အကြောင်းရင်းဟာ ကစားနည်းတွေရဲ့ သဘောသဘာဝ မတူကြတာအပေါ် မူတည်ပြီး ကြိုတင် ပြင်ဆင် လေ့ကျင့်ထားကြပုံချင်း မတူကြတာ ဖြစ်တယ်ဗျ။

## မဏ္ဍိုင်ကြီးတွေ

ခေတ်သစ်နိုင်ငံရေးသိပ္ပံမှာလည်း ဒီသဘောပါပဲ။ နိုင်ငံတော်တစ်ခုကို ဖွဲ့စည်း တည်ဆောက်ရာမှာ တစ်ဦးကောင်းတစ်ယောက်ကောင်းနဲ့ မဖြစ်ဘူးဆိုပြီး ဥပဒေ ပြုရေး မဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်ဆိုတဲ့ မဏ္ဍိုင်ကြီး သုံးရပ် ခွဲခြားထားတာဟာ မခွဲမဖြစ်လို့ ခွဲခြားထားတာဖြစ်တယ်ဗျ။ အဲဒီမဏ္ဍိုင်ကြီးသုံးခု တစ်ခုကိုတစ်ခု အပြန်အလှန် စစ်ဆေးထိန်းညှိရင်း ဟန်ချက်ညီညီရပ်တည် (check and balance) နေကြမှသာ နိုင်ငံတစ်ခုဟာ တည်ငြိမ် လုံခြုံငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုး တက်နိုင်တယ်ဆိုတာကို သမိုင်းအတွေ့အကြုံတွေအရ သိရှိခဲ့ကြပြီးဖြစ်တာမို့ နိုင်ငံရေး သိပ္ပံပညာရှင်တွေက အဲဒီမဏ္ဍိုင်သုံးရပ် သဘောတရားကို အခိုင်အမာ အနှစ်ချုပ် ဖော်ထုတ်ထားကြတာဖြစ်တယ်ဗျ။ ဒီဘက်ခေတ်မှာတော့ ဒီမိုကရေစီစနစ် ခိုင်မာစွာ ရှင်သန်ဖွံ့ဖြိုးတိုးတက်နေကြပြီဖြစ်တဲ့ နိုင်ငံတွေက မီဒီယာလောကကို နောက်ထပ် မဏ္ဍိုင်တစ်ခုအဖြစ် တလေးတစား နေရာ ပေးပြီး ကျန်မဏ္ဍိုင်သုံးခုကို ဝိုင်းဝန်းကူညီ စစ်ဆေးထိန်းညှိစေရင်း ဒီမိုကရေစီစနစ်ကို ပိုပြီးခိုင်မာသထက် ခိုင်မာအောင် ကြိုးပမ်း နေကြတာ တွေ့ရတယ်ဗျ။

## ဝင်လာချင်လွန်းလို့

ကျွန်တော်တို့ နိုင်ငံမှာ လွန်ခဲ့တဲ့ တစ်နှစ်လောက်ကစပြီး ပေါ်ထွက်လာခဲ့တဲ့ ဒီမိုကရေစီဘက်ကို ဦးတည်တဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲ မှုတွေရဲ့ အကျိုးဆက်အဖြစ် အခုဆိုရင် နိုင်ငံတကာ ကော်ပိုရေးရှင်းကြီးတွေ ကျွန်တော်တို့နိုင်ငံထဲ ဝင်ပြီး

ရင်းနှီးမြှုပ်နှံမှုတွေ လုပ်ကြဖို့ ခြေလှမ်းတပြင်ပြင်ဖြစ်နေတာ အားလုံးအသိဖြစ်တယ်ဗျာ။ (နိုင်းယဉ်ချက်အရ) နှစ်ပေါင်းများစွာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ရှားပါးချို့တဲ့ခဲ့တဲ့ ကျွန်တော်တို့နိုင်ငံကလည်း အဲဒီနိုင်ငံတကာ ကော်ပိုရေးရှင်းကြီးတွေ နိုင်ငံထဲ ရဲရဲတင်းတင်း ဝင်လာပြီး ငွေလုံးငွေရင်းပမာဏ ကြီးကြီးနဲ့ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ချင်စိတ်တွေ ပေါ်ပေါက်လာအောင် ဖြစ်နိုင်သမျှ နည်းလမ်းပေါင်းစုံသုံးပြီး အားသွန်ကြိုးပမ်း ဆောင်ရွက်နေတာ တွေ့ရတယ်ဗျ။

## သွားရည်ကျစရာ စက်မှုဇုန်တွေ

ဒီနှစ်ထဲမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း ၆ ရာခိုင်နှုန်း ရှိလာစေဖို့ဆိုတဲ့ ရည်မှန်းချက်နဲ့ ကျွန်တော်တို့နိုင်ငံကို ဒေသတွင်းမှာ ရင်းနှီးမြှုပ်နှံ သူတွေအတွက် ဆွဲဆောင်မှုအရှိဆုံး ဖြစ်လာစေမယ့် အခွန်မက်လုံးဥပဒေကြမ်းတစ်ခုကို ကျွမ်းကျင်သူတွေ ရေးဆွဲနေကြတဲ့ အပြင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူတွေအတွက် အဓိက အနှောင့်အယှက် အဟန့်အတားကြီး တစ်ခုဖြစ်နေတဲ့ အမေရိကန်ဒေါ်လာနဲ့ မြန်မာကျပ်ငွေ တရားဝင် လဲလှယ်နှုန်း တစ်မျိုးတည်းဖြစ်ရေးကိုလည်း အိုင်အမ်အက်ဖ် အကူအညီနဲ့ စတင် ဆောင်ရွက်နေပြီဖြစ်တယ်ဗျ။ ဒါ့အပြင် ရှိထားပြီးသား စက်မှုဇုန်တွေသာမက ဘားအံ၊ ထားဝယ်နဲ့ သီလဝါတို့လို တည်ဆောက်ဖို့ စိုင်းပြင်းနေတဲ့ ဧရာမစက်မှုဇုန်ကြီး တွေကလည်း နိုင်ငံခြားက ရင်းနှီးမြှုပ်နှံသူတွေကို သွားရည် တမျှားမျှားကျစေလျက် ရှိတယ်ဗျ။

## ရင်းနှီးမြှုပ်နှံမှုသုံးမျိုး

ပညာရှင်တွေရဲ့ လေ့လာဆန်းစစ်ချက်တွေအရ နိုင်ငံတစ်ခုထဲကို ဝင်ရောက်ရင်းနှီးမြှုပ်နှံတဲ့ စီးပွားရေးလုပ်ငန်း သုံး မျိုး ရှိတယ်လို့ ဆိုတယ်ဗျာ။ ပထမဆုံးတစ်မျိုးက အဲဒီနိုင်ငံက သစ်၊ သတ္တု၊ ရေနံနဲ့ ဓာတ်ငွေ့စတဲ့ သဘာဝ သယံဇာတရင်းမြစ်တွေကို ထုတ်ယူမယ့် ကုမ္ပဏီ တွေ။ ဒုတိယတစ်မျိုးက သူတို့ထုတ်လုပ်တဲ့ ကုန်ပစ္စည်းတွေကို ရောင်းချဖို့ ဝင်လာတဲ့ ကုမ္ပဏီတွေဖြစ်ပြီး နောက်ဆုံးတစ်မျိုးကတော့ သူတို့ရဲ့ငွေကြေးနဲ့ နည်းပညာတွေကို အသုံးပြုပြီး အဲဒီနိုင်ငံထဲမှာ ကုန်ထုတ်လုပ်ငန်းတွေ လုပ်ဆောင်မယ့် ကုမ္ပဏီတွေဖြစ်တယ်ဗျ။

အဲဒီကုမ္ပဏီ သုံး မျိုးထဲမှာ တတိယကုမ္ပဏီမျိုးတွေသာလျှင် ကျွန်တော်တို့နိုင်ငံအတွက် ရေရှည်အကျိုးဖြစ်ထွန်းစေမှာ ဖြစ်တယ် ဆိုတဲ့ အချက်ကတော့

ရှင်းတယ်ဗျ။ ဒါပေမဲ့ နှစ်ပေါင်းများစွာ အိမ်နီးချင်းနိုင်ငံတွေနဲ့ ယှဉ်ရင်တောင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မည်မည်ရရ လောက်လောက်လားလား မရှိခဲ့တဲ့ ကျွန်တော်တို့ နိုင်ငံအတွက်တော့ ကျန်တဲ့ကုမ္ပဏီနှစ်မျိုးကိုလည်း ငြင်းဆန်လို့ မဖြစ်နိုင်သေးဘူးဗျ။ အိမ်သာလို့ ဝင်လာတဲ့ ဧည့်သည်တွေကို ဖြူနီကြောင်ကျား ခွဲခြားလို့ မရသေးဘူး ပေါ့ဗျာ။

## သားရဲတွေ ခေါ်မသွင်းမိဖို့

ဒါပေမဲ့ တာဝန်ရှိပုဂ္ဂိုလ်များအနေနဲ့ နိုင်ငံသူ နိုင်ငံသားများရဲ့ ဘဝများ ပိုမိုတိုးတက် ကောင်းမွန်လာစေရေးကို မျှော်ကိုးပြီး နိုင်ငံခြားက ရင်းနှီးမြှုပ်နှံသူတွေကို ဖိတ်ခေါ် ကမ်းလှမ်းရာမှာ 'သမင်ကို ခန်အုပ်ကိုက်ဖြတ်ဝါးမျိုစားသောက်ဖို့လောက်ကိုပဲ ချောင်းနေတဲ့ သားရဲတွေကို ခေါ်သွင်းမလာမိစေဖို့ အထူးသတိထားကြလိမ့်မယ်လို့ ကျွန်တော် မျှော်လင့်တယ်ဗျ။ ကိုယ့်နိုင်ငံထဲ ဝင်ရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရာမှာ သဘာဝ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု အကဲဖြတ်ချက် (EIA) လူမှုရေးအပေါ် သက်ရောက်မှု အကဲဖြတ် (SIA) ကျန်းမာရေးအပေါ် သက်ရောက်မှုအကဲဖြတ်ချက် (HIA)၊ ယဉ်ကျေးမှုအပေါ် သက်ရောက်မှုအကဲဖြတ်ချက် (CIA) တွေကို အလေး ထားတဲ့ မှတ်ကျောက်အတင်ခံပြီးသား ကုမ္ပဏီကြီးတွေကို အဓိကပစ်မှတ်ထား ဆွဲဆောင်ကြလိမ့်မယ်လို့ မျှော်လင့်တယ်ဗျာ။

## တရုတ်ကို မရောင်းဖို့

အခုရက်ပိုင်းအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်တဲ့ အင်တာနက် သတင်းတစ်ပုဒ်ကို ဖတ်လိုက်ရတယ်ဗျ။ အဲဒါကတော့ သူ့နိုင်ငံထဲက စုစုပေါင်း ဟက်တာ ၈၀၀၀ လောက် အကျယ်ရှိတဲ့ လယ်မြေ ၁၆ ခုကို တရုတ်ကုမ္ပဏီတစ်ခုကို ရောင်းမယ့် နယူးဇီလန်အစိုးရရဲ့ အစီအစဉ်ကို နယူးဇီလန်တရားရုံးတစ်ရုံးက ပိတ်ပင် တားမြစ်လိုက်တယ်ဆိုတဲ့ သတင်းဖြစ်တယ်ဗျ။

သတင်းထဲမှာ ဖြစ်စဉ်အသေးစိတ်မပါလို့ မသိရပေမယ့် တရားဥပဒေ စိုးမိုးရေးကို နှစ်ပေါင်းများစွာ ငတ်မွတ်တောင့်တလာခဲ့ရတဲ့ လူတစ်ယောက်အနေနဲ့ တရားရေး မဏ္ဍိုင်က အုပ်ချုပ်ရေးမဏ္ဍိုင်ကို စစ်ဆေးထိန်းညှိ (check and balance) လိုက်ခြင်း ကို ပြသတဲ့ တစ်ချက်တည်းနဲ့တင် အဲဒီသတင်းကို ဖတ်ပြီး ရင်ထဲမှာ ကျေနပ် အားရစိတ် ဖြစ်ပေါ် ခဲ့တာကိုတော့ ကျွန်တော် ဝန်ခံတယ်ဗျာ။

ကျွန်တော်တို့နိုင်ငံမှာလည်း မဂ္ဂဇိုင်းကြီးသုံးခုတစ်ခုနဲ့တစ်ခု လွတ်လပ် အမှီအခိုကင်းစွာ ရပ်တည်နိုင်ပြီး တစ်ခုကိုတစ်ခု အပြန်အလှန် စစ်ဆေး ထိန်းညှိနိုင်တဲ့ အနေအထားမျိုးရောက်လာဖို့ ပန်းတိုင်ထားပြီး ကြိုးစားကြရမှာပဲဗျ။ အဲဒီပန်းတိုင်ကို မမှေ့မလျော့ ဦးတည်နေကြဖို့ကိုတော့ ကျွန်တော်တို့ စတုတ္ထမဂ္ဂဇိုင်းက အခါမလပ် သတိပေး တွန်းအားပေးနေမည် ဖြစ်ကြောင်းပါဗျာ။

၂၁၊ ဖေဖော်ဝါရီ၊ ၂၀၁၂

ဝ

# သံချပ်အလွမ်း

'သစ်ရွက်ရော်ရီ၊ ဣန္ဒနီဝယ်၊ သီဂီတစ်ဝက်၊ ဖက်၍ဆေးစုံ၊ ခြယ်သောပုံသို့၊ ရဂုံမြိုင်-တွင်။ တောလုံးလင်းသား'

နိုင်ငံရေးသတင်းစာဆရာအဖြစ် ဂုဏ်ယူနေတဲ့ မောင်ဝံသတစ်ယောက် ရုပ်/သံလွှင့်တဲ့ ဘောလုံးပွဲကြည့်တယ် ပြောလိုက်၊ အငြိမ့်ခွေ ကြည့်တယ် ပြောလိုက်နဲ့ ဟော ... ခုတစ်ခါ လာပြန်ပြီ။ အနုအလှ သမုဒယသံပါတဲ့ ကဗျာတွေ ဘာတွေ ရွတ်လို့။ တစ်ချိန်က ဆရာမင်းလူရေးခဲ့တဲ့ နာမည်ကြီး ကဗျာတစ်ပုဒ်ရဲ့ ခေါင်းစဉ်လို 'ဘာတွေဖြစ်ကုန်ကြပြီလဲ' လို့ ဇဝေဇဝါတွေ မဖြစ်ကြပါနဲ့ဗျာ။

ဆောင်းအကုန် နွေအကူး လေရူးတွေ တသုန်သုန်တိုက်ခတ်လာနေပြီး ဥသြငှက်လေးတွေလည်း တစာစာတွန်ကျူးနေချိန်မှာ ကျွန်တော့် ရင်ထဲ ဘယ်ဆီ ဘယ်ဝယ်မှန်းမသိ လွမ်းသလိုလို ဆွေးသလိုလို ဖြစ်လာတာနဲ့ ပါးစပ်ထဲရောက်လာတဲ့ နွေဘွဲ့ကဗျာလေးတစ်စကို ရွတ်လိုက်မိတာသာ ဖြစ်ပါတယ်။ ဘာမှဖြစ်တာ မဟုတ်ပါဘူးဗျာ။

## ကမ္ဘာတစ်လွှားက နွေဦးတွေ

အားလုံးသိကြတဲ့အတိုင်း ကမ္ဘာတစ်လွှားမှာ 'နွေဦး' ဆိုတဲ့ စကားလုံးကလည်း အတော်ကလေး ခေတ်စားနေတာကိုးဗျ။ အာရပ်နွေဦး တဲ့။ အာဖရိကနွေဦးတဲ့။ ရုရှနွေဦးတဲ့။ ဟိုတလောလေးက အစ္စရေးမှာ ဆန္ဒပြပွဲတွေ ရက်သတ္တပတ်နဲ့ ချီပြီး ဖြစ်လာတော့ အစ္စရေးမှာရော နွေဦးဖြစ်လာဦးမှာလား ဆိုပြီး ဂျာနယ်လစ်တွေက

မေးခွန်းထုတ်ခဲ့ကြဖူးတယ်ဗျ။ အဲသလိုပဲ မလေးရှားမှာ အတိုက်အခံခေါင်းဆောင် အန်ဝါအီဗရာဟင်ကို တရားရုံးက တရားသေလွှတ်လိုက်တော့ မလေးရှားမှာ နွေဦးပေါက်လာတော့မှာလား။ နောက်တော့ တရုတ်ပြည်က လယ်သမား ဆန္ဒပြပွဲတွေ အတော်များလာတာကို ကြည့်ပြီး နဂါးတို့ပြည်ကြီးရော နွေဦးကို ရှောင်လို့ လွတ်နိုင်ပါတော့ မလားဆိုပြီး သတင်းထောက်တွေ၊ အယ်ဒီတာတွေ၊ ပင်တိုင်ဆောင်းပါးရှင်တွေ ပြောခဲ့၊ ဆိုခဲ့၊ ရေးခဲ့၊ သားခဲ့ကြသေးတယ်ဗျ။ မဟုတ်မှ လွဲရောဆိုပြီး အနာဂတ္တိဟောကိန်း ထုတ်သူအဖြစ် လက်မထောင်ချင်လို့ပဲလား။ ဒါမှမဟုတ် ဆရာတင့်တယ် (အောင်မြင်) ရေးခဲ့ဖူးသလို 'ခါနာတစ်လုတ်အတွက် ဝါစာကမာလုပ်' ကြ တာပဲလားတော့ မပြောနိုင်ဘူးပေါ့ဗျာ။

ကျွန်တော်တို့နိုင်ငံမှာကတော့ အခုမှ တကယ့်နွေဦးအစစ်က စတာ ဖြစ်တယ်ဗျ။ တင်စားချက်နွေဦးမဟုတ်ဘူး။ တကယ့် အစစ်အမှန် နွေဦးဗျ။ မြတ်စွာဘုရားရှင်ကို ဇာတိဌာနီ ကပိလဝတ်ပြည် ပြန်ချင်တဲ့ စိတ်ခံစားမှု ပေါ်ပေါက်လာအောင် ကာဠုဒါယီ အမတ်က စကားအလင်္ကာ တန်ဆာ အမျိုးမျိုးဆင်ပြီး တဖွဲ့တနွဲ့ ဧကာပတ်ကုံး စကားတွေနဲ့ ခြယ်သအမွှမ်းတင်ခဲ့တဲ့ တကယ်ကို လုပတဲ့နွေဦးကို ရောက်နေတာ ဖြစ်တယ်ဗျ။

## အနှစ်သာရရှိတဲ့ နွေဦး

ပြောရရင် ကျွန်တော်တို့နိုင်ငံအတွက် ဒီနွေဦးဟာ ရာစုတစ်ဝက် ကာလအတွင်း အလှပဆုံးနွေဦး အဓိပ္ပာယ်အနှစ်သာရ အပြည့်ဝဆုံး နွေဦးဖြစ်တယ်ဗျ။ သဘာဝအရ လှပတဲ့ နွေဦးဖြစ်သလို နိုင်ငံရေးအရ အနှစ်သာရပြည့်ဝတဲ့ နွေဦး ဖြစ်တယ်ဗျ။ အကြောင်းကတော့ နှစ်ပေါင်း ငါးဆယ်ကာလအတွင်း ပါဝင်သင့်ပါဝင်ထိုက်သူ အများဆုံး ပါဝင်ခွင့် ရရှိနေကြတဲ့ နိုင်ငံရေးဝန်းကျင် အနေအထား တစ်ရပ်မှာ ကျွန်တော်တို့နိုင်ငံရဲ့ အနာဂတ်အတွက် အရေးကြီးတဲ့ ထင်ဟပ်ချက်တစ်ရပ် ဖြစ်လာမယ့် ကြားဖြတ်ရွေးကောက်ပွဲတစ်ခု ဆင်နွှဲဖို့ ရှိနေတဲ့ နွေဦးဖြစ်နေတာ ကြောင့်ပဲဗျ။ ၁၉၉၀ ရွေးကောက်ပွဲ မကျင်းပမီနဲ့ ကျင်းပပြီးစ နွေဦးဟာလည်း အခုနွေဦးလိုပဲ လှပခဲ့တာပါပဲလို့ စောဒကတက်ချင်သူတွေ ရှိကောင်းရှိနိုင်မှာဖြစ်ပေမယ့် အဲဒီတုန်းက ရှစ်ဆယ့်ရှစ် မျိုးဆက် ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်က ထောင်ထဲမှာ၊ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်က အိမ်အကျယ်ချုပ် ကျခံနေရတဲ့အပြင် အဲဒီအခြေအနေတွေရဲ့ အကျိုးဆက်အဖြစ် ကျွန်တော်တို့နိုင်ငံအပေါ် နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ အမြင်ကလည်း မကြည်

မလင်ဖြစ်နေတဲ့ အနေအထား တွေနဲ့ တွဲစပ်ထားတဲ့ နွေဦးဖြစ်တာကြောင့် အဲဒီအပြစ် အနာအဆာတွေ ကင်းရှင်းနေတဲ့ ဒီကနေ့ နွေဦးကိုသာ နှစ်ငါးဆယ်အတွင်း အလှဆုံး နွေဦးလို့ ကျွန်တော် ဆိုခြင်း ဖြစ်တယ်ဗျ။

## သဘာဝကောရာဇ်နွေဦး

တခြားနိုင်ငံတွေရဲ့ နွေဦးတွေမှာ ဘယ်လိုအင်္ဂါရပ်တွေ ပါဝင်တယ်ဆိုတာ ကျွန်တော် မသိပေမယ့် ကျွန်တော်တို့နိုင်ငံရဲ့ နွေဦးကတော့ တပ်တောင်တာ ဗိုလ်ထု အခြွေအရံ အသင်းအပင်းများစွာ ဝန်းရံခနေတဲ့ သဘာဝကောရာဇ်တစ်ပါး ပဲဆိုတာ ကျွန်တော် တို့ နိုင်ငံသားအားလုံး သိပါတယ်ဗျာ။

အဲဒီထဲမှာ အထင်ရှားဆုံးသော အခြွေအရံတွေထဲက တစ်ခုကတော့ လေရူးနဲ့ အတူ လွင့်မျောပြီး မှန်မှန်လွင့်ပျံနေတဲ့ ဥဩတွန်သံဖြစ်တယ်ဗျ။ နောက် အခြွေအရံက တော့ အစွမ်းကုန်ဖူးပွင့်လာကြတဲ့ ပန်းပေါင်းစုံဖြစ်တယ်ဗျ။ အဲဒီ ပန်းတွေထဲမှာ အခေါင်အချုပ်ကတော့ 'တစ်နှစ်တွင် သည်တစ်လ၊ တစ်လတွင် တစ်ရက်တည်း၊ ခက်ခဲတဲ့ ရက်ဗုဒ္ဓါ၊ ပွင့်ရှာကြ စုံမြိုင်တွင်း'ဆိုသလို နွေဦးရဲ့အလှဆုံး အထူးဆုံး တစ်ရက်ကို ရွေးပြီး အစွမ်းကုန်ပွင့်အာလေ့ရှိတဲ့ ပန်းပိတောက်မင်းဖြစ်တယ်ဗျ။ အဲဒါတွေပြီးတဲ့နောက် ကျွန်တော်တို့ နိုင်ငံမှာ နွေဦးရဲ့ အထူးခြားဆုံး အခြွေအရံကြီး ကတော့ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းခြင်းကို အမှတ်အသားပြုတဲ့ သင်္ကြန် ပွဲတော်ကြီး ဖြစ်တယ်ဗျ။

## သင်္ကြန်နဲ့သံချပ်

အခုအချိန်မှာ အဲဒီသင်္ကြန်ပွဲတော်ကြီးရဲ့ ရှေ့တော်ပြေး 'တူးပို့ တူးပို့' တေးသံတွေကို လည်း ဟိုနား ဒီနားတွေက ခပ်စိပ်စိပ်ကြားလာ နေရပြီဗျာ။ ဒီအချိန်မှာ ကျွန်တော့် ဆောင်းပါးအစမှာ ရေးခဲ့သလို ကျွန်တော့်ရင်ထဲ ဘယ်ဆီ ဘယ်ဝယ် ဘာကိုများ လွမ်းသလိုလို ဆွေးသလိုလို ဖြစ်နေပါလိမ့်ဆိုတာကို နက်နက်တွေးကြည့်လိုက်မိတော့ တခြားဟုတ်ပါရိုးလား။ ကျွန်တော်တို့ လူမျိုးတွေရင်ထဲ 'နှစ်လှ္ဘာပေါင်းမှ တစ်ရွက် မည်တဲ့' စွယ်တော်ရွက်ကို မြင်နေကြသလို သူပါမှ သင်္ကြန်အစစ်မည်သလို မြင်နေ-ကြတဲ့ 'သံချပ်'တွေပဲ ဖြစ်တယ်ဗျ။

အလံတံခွန် မပါသော ရထား၊ ခင်ပွန်းယောကျ်ားမရှိသော မိန်းမတို့ဟာ လောက အလယ်မှာ မတင့်တယ်သလို ကျွန်တော်တို့နိုင်ငံက ပြည်သူတွေအတွက်လည်း

သင်္ကြန်နဲ့သံချပ်ဆိုတာ နှစ်လှည့်ဘာပေါင်းမှ တစ်ရှက်မည်တဲ့ စွယ်တော်ရွက်လို တင့်တယ်ပြီး ကျက်သရေ မင်္ဂလာရှိတဲ့ အရာတစ်ခုဖြစ်ခဲ့တာ အားလုံးအသိဖြစ်တယ်ဗျ။ သင်္ကြန်နဲ့ သံချပ် ပေါင်းဖက်မှု သမိုင်းကြောင်းနဲ့ ပတ်သက်ပြီး တိတိကျကျ မသိပေမယ့် သမိုင်းခေတ် အတော်စောစော ကတည်းက သူတို့နှစ်ခု အတွဲအဖက်ဖြစ်ခဲ့ကြတာဖြစ်တယ်ဆိုတာလောက်တော့ ကျွန်တော် သိတယ်ဗျ။ အားလုံး သိကြတဲ့အတိုင်း သံချပ် ဆိုတဲ့ ကဗျာလင်္ကာ ကလည်း လူ့အဖွဲ့အစည်း အသိုင်းအဝိုင်းအတွင်း ဖြစ်ပျက်နေတာတွေထဲက အမြင်မတော်တာတွေကို အပြုသဘောနဲ့ ထောက်ပြဖို့ ပေါ့ပေါ့ပါးပါး ပျော်ရွှင်ရယ်မောရင်း ပြုပြင်သွားစေနိုင်မယ့်စကားလုံး အသုံးအနှုန်းမျိုးတွေနဲ့ ရေးစပ် သီဆိုရတာ ဖြစ်တာမို့ မြန်မာပြည်သူ အားလုံးလောက်က ချစ်ခင်နှစ်သက်ကြတာ ဖြစ်တယ်ဗျ။

## ဖြေသိမ့်စရာ ဖြစ်ခဲ့တယ်

၁၉၆၂ မှ ပါတီစုံ ဒီမိုကရေစီစနစ် တစ်ခန်းရပ်သွားပေမယ့် ဒီမိုကရေစီရဲ့ အခက်အလက်တစ်ခုဖြစ်တဲ့ သံချပ်တွေကတော့ နောက်တစ်ကြိမ် နိုင်ငံရေးအလှည့်အပြောင်းဖြစ်တဲ့ ၁၉၈၈ နားရောက်တဲ့အထိ အံ့ဖွယ်သရဲ ဆက်လက်ရှင်သန်နေခဲ့ပြီ။ အဲဒီကာလနောက်ပိုင်းကျ မှသာ 'မျိုးတုံးပျောက်ကွယ်' သွားခဲ့တာ အားလုံးအသိဖြစ်တယ်ဗျာ။ ဒီမိုကရေစီ ဆိတ်သုဉ်းနေတယ်လို့ အများသိထားခဲ့ကြတဲ့ လမ်းစဉ်ပါတီခေတ်တစ်လျှောက်လုံးမှာ သင်္ကြန်သံချပ်တွေဟာ အခြေခံပြည်သူလူထုအများစုကြီးအတွက် ဖြေသိမ့်စရာဖြစ်ခဲ့တယ်ဗျာ။ ဂန္ထဝင်မောင်ဝိုင်းတို့ မောင်ကြေးမုံတို့ စတဲ့ သံချပ်ဆရာတွေ၊ 'ဆိတ်ပါးစပ် နတ်မျက်စိ' 'အနန္တစွမ်းအားရှင်' စတဲ့ သံချပ်အဖွဲ့တွေဟာ ပြည်သူတွေရဲ့ အသည်းကျော်တွေပေါ့ဗျာ။ ကျွန်တော် ကြားဖူးသလောက် အခု လူထုခေါင်းဆောင်တစ်ဦးဖြစ်နေပြီဖြစ်တဲ့ ရှစ်ဆယ့်ရှစ်မျိုးဆက် ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်တို့ နာမည်ကျော် ဟာသသရုပ်ဆောင်ဇေလုဝတို့ဆိုရင်လည်း တစ်ချိန်က သံချပ်အဖွဲ့သားတွေ ဖြစ်ခဲ့ဖူးတယ်လို့ သိရတယ်ဗျ။

သင်္ကြန်သံချပ်တွေကို သတိရလိုက်တာနဲ့ ၁၉၈၉ခုနှစ် ဒီချုပ်ရဲ့ သင်္ကြန် သံချပ်ပြိုင်ပွဲတွေကို ပြေးမြင်လိုက်တယ်ဗျာ။ ၅၄ တက္ကသိုလ်ရိပ်သာလမ်း၊ ဒီချုပ်ရဲ့ ထိုစဉ်က ဌာနချုပ်ရှေ့မှာ စင်ကြီးထိုးပြီး တိုင်းနဲ့ပြည်နယ် အဖွဲ့ပေါင်းစုံက အကအလှတွေအပြင် သဘာဝကျကျ သံချပ့်ထိုး ပြိုင်ပွဲဝင်ကြတာကို။ ပြိုင်ပွဲ ကြီးကြပ်သူလူကြီးတစ်ယောက်အနေနဲ့ ကျွန်တော်တို့ ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီပွဲဟာ ရန်ကုန်မြို့ရဲ့ နောက်ဆုံး သင်္ကြန် သံချပ်သံတွေ ဝေစည်ခဲ့တဲ့ပွဲ ဖြစ်မယ် ထင်ပါတယ်။ သင်္ကြန်လည်း

ပြီးရော၊ ပြိုင်ပွဲဝင် သံချပ်မောင်တွေလည်း အင်းစိန်ထောင်ထဲ ရောက်ကုန်ကြတာ ပါပဲဗျာ။

## လမ်းမပျောက်အောင် သတိပေးနိုင်

မည်သို့ရှိစေ၊ သံချပ် အထူးသဖြင့် သင်္ကြန်သံချပ်တွေဟာ ဘယ်သူပဲ ဖြစ်ဖြစ် ပေါ့ပေါ့ပါးပါး ရယ်မောပျော်ရွှင်ရင်း ကိုယ့်ရဲ့ ချွတ်ယွင်း အားနည်းချက်တွေကို မသိမသာပြုပြင်သွားစေနိုင်တဲ့ အခွင့်အရေး ရစေတဲ့အရာတွေ ဖြစ်တာကြောင့် ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွက် ဘယ်ဘက်က ကြည့်ကြည့် သိပ်ကို ‘အရေးပါတဲ့ အခြင်းအရာ တစ်ခုဖြစ်တယ်လို့ ခိုင်ခိုင်မာမာ ယုံကြည်ထားတယ်ဗျာ။ အထူးသဖြင့် အခုလို ကျွန်တော်တို့နိုင်ငံ အိမ်နီးနားချင်းနိုင်ငံတွေနဲ့ ယှဉ်ရင်တောင် အတော်ကလေး နောက်ကျ နေပြီ ဖြစ်တဲ့ အချိန်မျိုးမှာ သင်္ကြန်သံချပ်တွေဟာ ကျွန်တော်တို့ အားလုံး ဒီမိုကရေစီပန်းတိုင်ဆီသို့ ချီတက်နေကြရင်း လမ်းပျောက်မသွားစေဖို့၊ လမ်းဖောက် မမှားစေဖို့၊ လမ်းကောက်မသွားမိစေဖို့ သတိပေးတဲ့နေရာမှာ အများကြီး အထောက် အကူ ဖြစ်စေမှာဖြစ်တယ်ဗျ။

ဒါကြောင့် နှစ်ပေါင်းငါးဆယ်အတွင်း ကျွန်တော်တို့နိုင်ငံရဲ့ အလှဆုံးနွေဦးကို ဖြတ်သန်းနေချိန်မှာ အဲဒီနွေဦးရဲ့ သင်္ကြန်ဟာ ခြိမ့်ခြိမ့်သဲသဲ သံချပ်ပြိုင်ပွဲကြီးတွေနဲ့ ပေါင်းစပ်ထားတဲ့ သင်္ကြန်သာ ဖြစ်ခဲ့မယ်ဆိုရင်တော့ ဒီနွေဦးဟာ တကယ့်ကို အလှထူး တဲ့ မြန်မာ့နွေဦးဖြစ်လာမှာ ဧကန် မုချပါပဲဗျာ။

၂၈၊ ဖေဖော်ဝါရီ၊ ၂၀၁၂

○

## ဗြိုဟ်ထဲက ထွက်ကြစို့

လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ နီးပါးကာလအတွင်း နိုင်ငံရေးကို စိတ်ပါဝင်စားမှုရှိသူတွေ တစ်နည်း ပြောရရင် ကိုယ့်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်တက်ကြွကြွ ပါဝင်လှုပ်ရှားလိုသူတွေအတွက် ရွေးစရာလမ်းက အနှစ်သာရအရ ပြောရင် (in effect) နှစ်ခုတည်း ရှိခဲ့တာဖြစ်ပါတယ်။ တစ်လမ်းက တပ်မတော်က အတွင်းသား အမာခံအဖြစ်ရှိနေတဲ့ အာဏာရအဖွဲ့အစည်းနဲ့ ပူးပေါင်းတဲ့လမ်း ဖြစ်ပါတယ်။ အဲဒီလမ်းက ရှင်းရှင်းပြောရရင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး တာဝန်များကို အထိရောက်ဆုံး ထမ်းဆောင်နိုင်တဲ့ အနေအထား (တစ်နည်း) နိုင်ငံတော် အကြီးအကဲနေရာမျိုးကို တပ်မတော်သားမဟုတ်သူ တစ်ဦးအနေနဲ့ ရရှိရောက်ရှိဖို့ ဘယ်လိုမှ မဖြစ်နိုင်တဲ့ လမ်းပါ။

### တောနဲ့ထောင်

နောက်တစ်လမ်းကတော့ အစိုးရနဲ့ ဆန့်ကျင်တဲ့လမ်းပါ။ အဲဒီလမ်းကို ရွေးချယ်သူတွေအတွက်လည်း လက်တွေ့မှာ ရောက်ရှိသွားဖို့ သေချာပေါက် မျှော်လင့်ထားနိုင်တဲ့ နေရာက နှစ်ခုပဲရှိပါတယ်။ တစ်ခုက ထောင်ထဲနဲ့ နောက်တစ်ခုက တောထဲပါ။

အဲဒီကို ဝန်းကျင်အနေအထားမျိုးမှာ နိုင်ငံရေးခံယူချက်လည်းရှိ အစိုးရရဲ့မူဝါဒများကို မနှစ်သက်လို့ အစိုးရနဲ့လည်း မပူးပေါင်းနိုင်၊ ထောင်ထဲ သို့မဟုတ် တောထဲကိုလည်း မသွားနိုင်ကြသူတွေအတွက် ရှင်သန်စရာဘဝ ပုံစံတစ်ခုပဲ ရှိပါတယ်။ အဲဒါကတော့ 'အပြစ်ရှိသူ တစ်ယောက်ရဲ့ ခံစားချက်မျိုး' (guilty conscious) နဲ့ အသက်ရှင်နေထိုင်ရခြင်းပဲ ဖြစ်ပါတော့တယ်။

## အနားသုံးနား

ဒီလိုနဲ့ ကျွန်တော်တို့နိုင်ငံဟာ အစိုးရနဲ့ သဘောထားချင်း မတူသူများအတွက် လှုပ်ရှားစရာ နိုင်ငံရေးကွက်လပ် (Political Space) မရှိ၊ တပ်မတော်သားမဟုတ်ရင် နိုင်ငံအကြီးအကဲဖြစ်ခွင့်မရှိတဲ့ အနားတစ်နား၊ အစိုးရလုပ်သမျှ အကုန်ဆန့်ကျင်မယ် ဆိုတဲ့ အနားတစ်နား၊ အပြစ်သား ခံစားချက်ကြီးကို အမြဲရင်မှာ ပွေ့ထားရတဲ့ အနားတစ်နားဆိုတဲ့ အနား သုံးနားနဲ့ တည်ဆောက်ထားတဲ့ တြိဂံထဲမှာ ပိတ်မိပြီး ထွက်မရဖြစ်နေခဲ့တာ ဖြစ်ပါတယ်။ အကျိုးဆက်ကတော့ ကမ္ဘာ့အဆင့်မပြောနဲ့ ဒေသအဆင့်မှာတောင် ကိုယ့်နောက်မှာ လူနည်းသထက်နည်းပြီး ကိုယ့်ရှေ့မှာ လူများသထက် များလာနေတဲ့ အခြေကို ဆိုက်နေခဲ့တာပါပဲ။ (လက်ရှိကျင်းပနေတဲ့ ၂၆ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲရဲ့ အဆင့်ဇယားက ဒီအချက်ကို သက်သေပြနေပါတယ်။)

## ပြောင်းလဲတော့မှာလား

အခုတော့ အဲဒီအခြေအနေဟာ အခြေအမြစ်ကစပြီး အရင်းခံကျကျ ပြောင်းလဲသွားတော့မှာလားလို့ စဉ်းစားနိုင်လောက်စရာ အရိပ် အယောင် တချို့ကို ထင်ထင်ရှားရှား မြင်တွေ့နေရပါပြီ။ ၂၀၁၀ ရွေးကောက်ပွဲက ပေါ်ထွက်လာတဲ့ နိုင်ငံတော်သမ္မတဦးသိန်းစိန် အစိုးရရဲ့ လုပ်ဆောင်ချက် တချို့က အဲသလို တွေးစရာဖြစ်လာအောင် ပံ့ပိုးကူညီခဲ့တာဖြစ်ပါတယ်။ အစိုးရရဲ့ အဲဒီလုပ်ဆောင်ချက်တွေအပေါ် ပြည်တွင်း ပြည်ပ နိုင်ငံရေး အင်အားစုတွေကလည်း လိုက်လျောညီထွေ တုံ့ပြန်ခဲ့ကြပါတယ်။

## မှတ်တိုင်ကြီး နှစ်ခု

ဒီလိုနဲ့ မြန်မာ့နိုင်ငံရေး အပြောင်းအလဲ ရေစီးကြောင်းဟာ တစ်နေ့ထက်တစ်နေ့ ပိုမိုသွက်လက်မြန်ဆန်လာခဲ့ရာကနေ အခုဆိုရင် သမိုင်းတွင်လောက်တဲ့ မှတ်တိုင်ကြီး (Land Mark) နှစ်ခုကို ဖြတ်ကျော်နိုင်ခဲ့တဲ့ အနေအထားကိုတောင် ရောက်ရှိခဲ့ပြီ ဖြစ်ပါတယ်။ အဲဒါတွေ ကတော့ ၂၀၁၄ မှာ အဖွဲ့ရဲ့ဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံကို တာဝန်ယူခွင့်ပေးဖို့ အာဆီယံ ခေါင်းဆောင်တွေက သဘောတူ ဆုံးဖြတ်ခဲ့ကြခြင်းနဲ့ မှတ်ပုံတင်ဖို့ NLD ပါတီက ဆုံးဖြတ်လိုက်ခြင်းတို့ပါပဲ။

## နဂါးကြီး ခေါင်းက စပြီး ကွေ့နေတယ်

အဲဒီဖြစ်ရပ်တွေရဲ့ ဖော်ပြချက်က နဂါးကြီးတွေကတော့ ခေါင်းကစပြီး ကွေ့နေပြီဆိုတာပါပဲ။ တစ်ချိန်က မျက်နှာချင်းဆိုင်ပြီး ထိပ်တိုက်တွေဖို့ တူရှုပြုနေသလို မြင်တွေ့နေရတဲ့ နဂါးကြီးနှစ်ကောင်ဟာ အခုဆိုရင် ရန်ဘက်အသွင်မဟုတ် ပြိုင်ဘက်အသွင်နဲ့ တစ်ဖက်တည်းသောအရပ်ဆီသို့ ဦးတည်ရွေ့လျားကြဖို့ အရှိန်ယူပြင်ဆင်နေကြပြီ ဖြစ်ပါတယ်။ ပန်းတိုင်တစ်ခုတည်းဘက်ကို တူရှုပြုပြီး အပြေးပြိုင်ကြမယ့် ပြိုင်ပွဲဝင်များရဲ့ အသွင်ကို ဆောင်နေပါတယ်။

ဒီအချိန်မှာ နဂါးကြီးတွေရဲ့ ခန္ဓာကိုယ်တွေနဲ့တူတဲ့ ကျွန်တော်တို့ ပြည်သူတွေကလည်း ခေါင်းရဲ့လှုပ်ရှားမှုနဲ့ အမီလိုက်ပြီး ရွေ့လျားကြဖို့ လိုအပ်နေပါပြီ။

လွန်ခဲ့တဲ့ နှစ်ပေါင်း ငါးဆယ်နီးပါးကာလအတွင်း ကျွန်တော်တို့နိုင်ငံ ပြည်သူလူထုကြီးရဲ့ အစိတ်အပိုင်း အများအပြားဟာ အစိုးရ ဝန်ထမ်းတွေကို ရန်သူလို မမြင်ဘူးဆိုရင်တောင် မိတ်ဆွေတွေလိုတော့ လုံးဝမမြင်ခဲ့ကြဘူး။ ရဲ၊ တရားသူကြီး၊ အကျဉ်းထောင်ဝန်ထမ်း၊ ထောက်လှမ်းရေးစတဲ့ လုံခြုံရေးနဲ့ တရားဥပဒေဆိုင်ရာ အစိုးရဝန်ထမ်းတွေပေါ် ထားရှိတဲ့ သဘောထားကျတော့ ပိုလို့တောင်ဆိုးပါတယ်။ အပြန်အလှန်အဖြစ် အဲဒီအစိုးရဝန်ထမ်းတွေက အဲဒီပြည်သူ အစိတ်အပိုင်းတွေအပေါ် ထားတဲ့ သဘောထားကလည်း သိပ်ကို ဆိုးခဲ့ပါ တယ်။ နှစ်ဖက်အကြား ဆက်ဆံရေးက တစ်ဦးပေါ်တစ်ဦး အပြန်အလှန်မှီခိုတဲ့ ဆက်ဆံရေး (Interdependent Relationship) မျိုး မဟုတ်ဘဲ တစ်ဦးကိုတစ်ဦး အပြန်အလှန် ချေဖျက်တဲ့ ဆက်ဆံရေးမျိုး (Intereliminate Relationship) သာ ဖြစ်ခဲ့ပါတယ်။

## စိတ်နေစိတ်ထားတွေ ပြောင်းရမယ်

အခုအချိန်မှာ ကျွန်တော်တို့အားလုံးရဲ့ အဲဒီစိတ်နေစိတ်ထား (mindset) တွေကို အခြေခံကစပြီး ပြောင်းလဲနိုင်ဖို့ စတင်ကြိုးပမ်းကြရတော့မှာ ဖြစ်ပါတယ်။ နှစ်ဖက်စလုံးရဲ့အခြေခံစိတ်နေသဘောထား (Basic Mentality) တွေကို ပြောင်းလဲပစ်ကြမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့တိုင်းပြည်မှာ နိုင်ငံ့ကံကြမ္မာကို အပြောင်းအလဲ ဖြစ်စေနိုင်တဲ့ အရေးကြီးတဲ့ အင်အားစုတွေက ကျွန်တော် အထက်မှာ တင်ပြခဲ့တဲ့ ဘြိဂ်ကို ဖျက်ပစ်ဖို့ စတင်ကြိုးပမ်းနေကြချိန်မှာ ကျွန်တော်တို့ ပြည်သူတွေက အဲဒီဘြိဂ်ကို မြန်နိုင်သမျှ မြန်မြန် ပြိုပျက်အောင် ဖြိုဖျက်ကြဖို့ လိုပါတယ်။

ဒီနေရာမှာ စကားစပ်မိလို့ ပြောချင်တာတစ်ခုက အခုလိုအခြေအနေ အချိန်အခါ မျိုးရောက်လာတဲ့ အချိန်မှာတောင် နိုင်ငံရေးခေါင်းဆောင် တချို့ရဲ့ လှုပ်ရှားမှုတွေကို မသက်သာတဲ့မျက်လုံးတွေနဲ့ အနီးကပ်စောင့်ကြည့်ဖို့ တာဝန်ပေးခြင်းခံထားရပုံရတဲ့ အရပ်ဝတ် လုံခြုံရေးသမားတွေကို မြင်တွေ့နေ ရတာကတော့ နားမလည်နိုင် လောက်အောင် ဖြစ်နေရကြောင်းပါ။

❍

## ထိုင်းမှာ ဒီမိုကရေစီ မသေသေးဘူး

ထိုင်းနိုင်ငံ ပါလီမန်ရွေးကောက်ပွဲမှာ လွန်ခဲ့တဲ့ ငါးနှစ်က အာဏာသိမ်း ဖြုတ်ချခံခဲ့ရတဲ့ ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရဲ့ နှမ ယင်းလတ် ရှင်နာဝပ်ထရ ဦးဆောင်တဲ့ ဖြူထိုင်း (Puea Thai party) ပါတီက အနိုင်ရသွားပြီဗျာ။

ယင်းလတ်ဟာ အစ်ကိုသက်ဆင်ရဲ့ ကိုယ်ပွားအဖြစ် ရွေးကောက်ပွဲ ဝင်ခဲ့တာ ဖြစ်တယ်။ အသက် ၄၄ နှစ်ပဲ ရှိသေးပြီး ရုပ်ရည် သနားကမားနဲ့ ယင်းလတ်ဟာ စီးပွားရေးသမားဘဝကနေ နိုင်ငံရေးထဲဝင်ကြတာ တကယ်တမ်း နိုင်ငံရေးလုပ်သက် ပြောရင် သိတင်း ခြောက်ပတ်ပဲရှိသေးတယ်လို့ လန်ဒန်ထုတ် ဂါဒီယန်သတင်းစာကြီး က ရေးလိုက်တယ်ဗျ။ သို့ပေမယ့် ယင်းလတ်က နိုင်ငံရေးစကား ကောင်းကောင်း ပြော တတ်သားပဲ။ ပထမဆုံး သူ ပြောလိုက်တာက 'ဒါဟာ ဖြူထိုင်းပါတီက ရွေးကောက်ပွဲ နိုင်လိုက်တယ်လို့ ကျွန်မ မပြောချင်ပါဘူး။ ဒါဟာ ထိုင်းပြည်သူတွေရဲ့ အောင်ပွဲဖြစ်ပါ တယ်' တဲ့ဗျာ။ အတော် 'နပ်'တယ်လို့ ပြောရမယ်ဗျ။

### ပြဿနာတွေ တန်းစီလာဦးမယ်

သက်ဆင်အုပ်စုက ရွေးကောက်ပွဲနိုင်လိုက်ပြန်ပြီဆိုတော့ ပြဿနာတွေကလည်း တန်းစီပေါ်လာဦးမယ်လို့ ခန့်မှန်းတွေ ထွက်ပေါ် လာတယ်။ ထိုင်းနိုင်ငံရေးမှာ ပုလိပ် လူထွက်၊ စီးပွားရေးသမား သက်ဆင် နိုင်ငံရေးထဲ ဝင်လာပြီး ထိုင်းရတ်ထိုင်းဆိုတဲ့ ပါတီထောင်၊ ၂၀၀၁ ရွေးကောက်ပွဲနိုင်ပြီး ဝန်ကြီးချုပ် တက်ဖြစ်၊ ထိုင်းပြည်စီးပွားရေး တက်အောင်လုပ်နိုင်တယ်ဆိုပြီး နာမည်ကောင်းရလာချိန်မှာ သူဟာ ဘုရင်နဲ့စစ်တပ် နဲ့ လိုက်လျောညီထွေ မဖြစ်တဲ့အတွက် အာဏာသိမ်းခံရ၊ အဲဒီနောက်ပိုင်း ထိုင်းနိုင်ငံရဲ့ ဒီမိုကရေစီဟာ ပုံပျက်ပန်းပျက် ဖြစ်နေခဲ့တာကလား။

## အစိုးရငွေတွေသုံးပြီး စည်းရုံးခဲ့တယ်

သက်ဆင် ဝန်ကြီးချုပ် ဖြစ်ခဲ့ချိန်မှာ အစိုးရငွေစုဘဏ်နဲ့ အစိုးရပိုင် ငွေကြေးအဖွဲ့အစည်း တွေကနေ ကျေးရွာ ဖွံ့ဖြိုးရေး ရန်ပုံငွေ အဖွဲ့များဆီကို ဒေါ်လာ သန်း ၂၃၀၀ ထုတ်ချေးခိုင်းတယ်။ လယ်သမားတွေနဲ့ အသေးစား လုပ်ငန်းရှင်ကလေးတွေဟာ ချေးငွေတွေ မကြုံစဖူး ရခဲ့ကြတယ်။ အစိုးရရဲ့ အိုးအိမ်ဘဏ်ကလည်း အိုးအိမ်ဆောက်လုပ်ရေး ချေးငွေ ဒေါ်လာ သန်း ၅၂၀၀ ထုတ်ချေးခဲ့တယ်။ အိမ်သုံး ပီစီကွန်ပျူတာတွေ ဝယ်ဖို့ ဒေါ်လာသန်း ၃၀၀ ထုတ်ချေးတယ်။ တက္ကစီကားသစ်တွေဝယ်ဖို့က ဒေါ်လာသန်း ၁၂၀၀၊ အစိုးရဝန်ထမ်းတွေ အားလပ်ရက် ခံစားခွင့် ချေးငွေတွေ ပေးဖို့က ဒေါ်လာသန်း ၂၂၀၀ အသီးသီး ခွင့်ပြုခဲ့တယ်။

ထိုင်းကျေးရွာ ထောင်ပေါင်း များစွာမှာ မြင်ကွင်းတွေ ပြောင်းလဲ သွားတယ်။ ကျေးလက်တွေမှာ အိမ်သစ်တွေ၊ မော်တော်ဆိုင်ကယ် အသစ်တွေနဲ့ ပေါများလာတယ်။ ရွာသားတွေဟာ ကျေးရွာဖွံ့ဖြိုးရေး ရန်ပုံငွေကနေ ငွေချေးခွင့်ရှိတယ်။ ယခင်အကြွေးတွေ မဆပ်သေးဘဲ ဆိုင်းငံ့ထားတုန်း နောက် အကြွေးယူလို့ ရသေးတယ်။

သက်ဆင်အမိန့်နဲ့ ထုတ်ချေးထားတဲ့ ကြွေးမြီတွေဟာ နည်းနည်း နောနော မဟုတ်ဘူး။ ၂၀၀၁ က စပြီး အစိုးရပိုင်ဘဏ်တွေက ဆင်းရဲသားတွေအတွက် ထုတ်ချေးရတဲ့ ကြွေးပေါင်းဟာ ဒေါ်လာ ၁၃ ဘီလျံ ရှိခဲ့တယ်လို့ ဆိုတယ်။

## အမတ်တွေ အရေးမပါတော့ဘူး

ထိုင်းရဲ့ နိုင်ငံရေး ဆက်ဆံမှု အနေအထားလည်း ပြောင်းသွားတယ်။ အမတ်တွေဟာ ပြည်သူလူထုနဲ့ အစိုးရအကြား ပေါင်းကူးတံတားအဖြစ် ရပ်တည်ခဲ့ကြရာက သက်ဆင်ခေတ်မှာ အမတ်တွေရဲ့နေရာ ပျောက်သွား သတဲ့။ ပြည်သူလူထု လိုအပ်ချက်ကို လွှတ်တော်ကတစ်ဆင့် အစိုးရထံ တင်ပြ အရေးဆိုရတဲ့ အလုပ်မျိုးကို အမတ်တွေ လုပ်စရာ မရှိတော့ဘူး။ မဲဆန္ဒရှင်တွေက သက်ဆင်အပေါ် ယုံကြည်မှု အပြည့်နဲ့ မဲပေးခဲ့ကြတယ်။ အမတ်လောင်း ဘယ်သူ ဘယ်ဝါ ဆိုတာကို ကြည့်မနေတော့ဘူး။ သက်ဆင်ရဲ့ ခေါင်းဆောင်မှုကို ထောက်ခံပြီး ထိုင်းရုပ်ထိုင်း TRT ကို မဲထည့်ခဲ့ကြတဲ့ အနေအထား ဖြစ်သွားတယ်။ သက်ဆင်က ကျေးလက်ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးတဲ့ လက်တွေ့ လုပ်ငန်းတွေကို (အမတ် တွေက မတောင်းဆိုရဘဲ) လုပ်ပေးနေတယ်လို့ တောသူတောင်သားတွေက ယုံကြည်နေကြတယ်။

## ကျေးလက်ကို ပိုင်ရင် ပြီးရော

သက်ဆင်ဟာ ကျေးလက်တွေကို အပိုင်စည်းရုံးထားနိုင်ရင် နောင် ဘယ်အချိန်ပဲ ရွေးကောက်ပွဲလုပ်လုပ် သူပဲ နိုင်မယ်ဆိုတာ တွက်ထားပြီးသား။ မှန်လည်းမှန်တယ်။ ဒုတိယအကြိမ်ရွေးကောက်ပွဲနိုင်ပြီး ၂၀၀၆ခု စက်တင်ဘာ လမှာ အာဏာသိမ်းခံရပြီး နိုင်ငံခြားမှာ ထွက်ပြေးနေရချိန် သူ့တပည့်တွေက ပါတီသစ်ထောင်ပြီး ရွေးကောက်ပွဲ ဝင်ခဲ့တာတောင် နိုင်မြဲနိုင်ကာ အစိုးရ ဖွဲ့နိုင်ခဲ့သေးတာပဲ။ စားတော်ကဲကြီး ဆမတ် ဆိုသူတောင် သက်ဆင်ရဲ့ ကိုယ်ပွားအဖြစ် ဝန်ကြီးချုပ် တက်လုပ်ခဲ့သေးတယ်ဗျ။

နောက်တော့ ဆမတ်အစိုးရကို လူထုဆန္ဒပြပွဲတွေနဲ့ ဖြုတ်ချပြီးတော့ ဘုရင်နဲ့ စစ်တပ်က ကျောထောက်နောက်ခံပြုတဲ့ လက်ရှိဝန်ကြီးချုပ် အဘီဆစ်တက်လာတယ်။ သူ့အစိုးရကိုလည်း သက်ဆင်ကိုထောက်ခံတဲ့ အနီဝတ်လူထုတွေက ဆန္ဒပြပွဲကြီးတွေနဲ့ ဒုက္ခပေးပြန်တယ်။

သက်ဆင်ရဲ့ ထိုင်းရက်ထိုင်းပါတီ ၂၀၀၁ကစလို့ ရွေးကောက်ပွဲဝင်ခဲ့တာ အခု အကြိမ်ဟာ လေးကြိမ်မြောက် ဖြစ်ပါတယ်။ နာမည်တွေ ပြောင်းပြီး အခုနောက်ဆုံး ဖြူထိုင်းနာမည်ဖြစ်သွားပေမယ့် သက်ဆင်ရဲ့ ပါတီလို့ပဲ ကျေးလက်လူထုက စွဲနေတယ်။

## ရှပ်နီဆန္ဒပြပွဲတွေ

၂၀၁၀ နှစ်ဦးပိုင်း မတ်လထဲမှာ ကျွန်တော် ဘန်ကောက်မြို့ကို အလည်ရောက်တော့ ရှပ်နီဝတ်တွေ အကြီးအကျယ် ဆန္ဒပြဖို့ လှုပ်ရှားနေချိန်ဖြစ်တယ်။ ဘန်ကောက်မြို့က အရောင်းအဝယ်သမားတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ၊ ကမ္ဘာလှည့်ခရီးသွား လုပ်ငန်းသမားတွေ ကျိုးလန့်စာစား ဖြစ်နေတယ်။ ဆန္ဒပြပွဲတွေ ဖြစ်မှာကို ဘန်ကောက် မြို့သူ မြို့သား အများစုက မလိုလားဘူး။ တောကလူတွေ မြို့တက်ပြီး စားရချောင်လို့ ဆန္ဒပြနေကြတာနဲ့ပဲ ငါတို့ အလုပ်အကိုင်တွေ ပျက်ရတော့မယ်လို့ စိုးရိမ်ပူပန် နေကြတယ်ဗျ။

ကျွန်တော်က ဘန်ကောက်မြို့သားတွေရဲ့ အမြင်ဟာ သဘာဝ ကျသလားလို့ မေးကြည့်တော့ ကျွန်တော့် မိတ်ဆွေများက ထိုင်းနိုင်ငံရေးဟာ ရှုပ်ထွေးသယောင် ရှိပေမယ့် မရှုပ်ထွေးတဲ့အကြောင်း။ အခု ဖြစ်နေတာတွေဟာ တောနဲ့ မြို့ အာဏာ လွန်ဆွဲပွဲကနေ ပေါက်ဖွား လာခြင်းသာ ဖြစ်ကြောင်း ပြောပြတယ်။ မြို့နေပညာတတ် တွေနဲ့ ကြေးရတက်တွေ၊ စီးပွားရေးသမားတွေက စစ်တပ် ကျောထောက် နောက်ခံ ပြုထားတဲ့ လက်ရှိအစိုးရကို သဘောကျတယ်။ ဘုရင်ကလည်း လက်ရှိအစိုးရနဲ့

စစ်တပ်ဘက်က ရှိတယ်။ ကျေးလက်က လူတွေကတော့ သက်ဆင်လက်ထက်မှာ သူတို့ အနေအစား ချောင်ပြီး အကျိုးခံစားခဲ့ရတာတွေကို ကျေနပ်နေတယ်။ သက်ဆင်ဟာ အစိုးရငွေတွေကို နားလှည့်ပါးလှည့် လုပ်ပြီး ကျေးလက်က လူတွေကို စည်းရုံးသိမ်းသွင်းခဲ့တယ်ဆိုတာ ရွာသားတွေ မသိဘူး။ သူတို့ဟာ စားရချောင်လို့ ဆန္ဒပြနေကြတယ်ဆိုတာထက် သက်ဆင်လက်ထက်မှာ သူတို့ စားဝတ်နေရေး ပြေလည်ခဲ့တာ အမှန် ဖြစ်လို့သက်ဆင်နဲ့သက်ဆင်ပါတီ အဆက်ဆက်ကို ထောက်ခံခဲ့ကြတာလို့ ဆိုတယ်ဗျ။

## ငွေများမဲနိုင် ဒီမိုကရေစီလား

ဒါဆိုရင် 'ငွေများ မဲနိုင်' ဒီမိုကရေစီ ဖြစ်နေပြီလားလို့ ကျွန်တော် သံသယ ဖြစ်လာတယ်။ အခု ယင်းလတ်နိုင်သွားပုံကိုပဲ ကြည့်ဗျာ။ နောက်ဆက်တွဲ ပြဿနာတွေကတော့ တထွေးကြီးလိုက်လာဦးမှာ မြင်ယောင်ပါသေးတယ်။

မည်သို့ရှိစေ၊ ရွေးကောက်ပွဲ အနိုင်အရှုံး တရားဝင်မကြေညာသေးခင်၊ သို့ပေမယ့် မဲအခြေအနေတွေ အတော်သိပြီဆိုရင်ပဲ လက်ရှိဝန်ကြီးချုပ် အဘီဆစ်က သူတို့ရှုံးပါတယ်၊ ဖြူထိုင်းပါတီ နိုင်သွားပါပြီလို့သဘောထား ကြီးကြီး ဂုဏ်သိက္ခာရှိရှိ ထုတ်ဖော် ပြောဆိုသွားတာ ကြားလိုက်ရတော့ ထိုင်းနိုင်ငံမှာ ဒီမိုကရေစီ မသေ သေးဘူး လို့ကျွန်တော် ယုံကြည်လိုက်ရ ကြောင်းပါဗျာ။

**၄၊ ဇူလိုင်၊ ၂၀၁၁**

○

# ဂေါ်ဘာချော့ သို့မဟုတ် မစစ်မှန်တဲ့အင်အားအတွင်းက မွေးထုတ်လိုက်တဲ့ အချက်သန္ဓေ

(ဆိုဗီယက် အင်ပါယာကြီး ပြိုကွဲခြင်း နှစ် ၂၀ ပြည့်ချိန် လေ့လာ သုံးသပ်ချက်)

ဒီနှစ် အေဒီ ၂၀၁၁ ခုနှစ်ဟာ အမေရိကန်နိုင်ငံဦးဆောင်တဲ့ အနောက်တိုင်းလစ်ဘရယ် ဒီမိုကရေစီနိုင်ငံတွေက 'မကောင်းဆိုးဝါး အင်ပါယာ' လို့ ခေါ်ဝေါ်ခဲ့ကြတဲ့ ဆိုဗီယက် ပြည်ထောင်စုကြီးပြိုကွဲသွားခဲ့မှု အနှစ် ၂၀ တင်းတင်းပြည့်မြောက်ခဲ့တဲ့ နှစ် ဖြစ်တယ်ဗျ။

ဒုတိယကမ္ဘာစစ်အပြီးမှာ စတင် သန္ဓေတည်လာခဲ့ပြီး ဘာလင်တံတိုင်းကြီး တည်ဆောက်မှုနဲ့အတူ ပီပြင်စွာပေါ်ထွက်လာခဲ့တဲ့ 'စစ်အေး' ဆိုတဲ့ ခေတ်ကြီး တစ်ခေတ်ကလည်း အဲဒီဆိုဗီယက်ပြည်ထောင်စုကြီး ပြိုကွဲခဲ့မှုနဲ့အတူ နိဂုံးချုပ် သွားခဲ့တာ ဖြစ်တယ်ဗျာ။

အမေရိကန်ဦးဆောင်တဲ့ လစ်ဘရယ်ဒီမိုကရေစီနိုင်ငံတွေနဲ့ ဆိုဗီယက်ဦးဆောင် တဲ့ကွန်မြူနစ် ဆိုရှယ်လစ်နိုင်ငံတွေအကြား သဘောတရားရေး၊ အယူအဆရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုစတဲ့နယ်ပယ်အားလုံးမှာ တရားဝင်ရော၊ တရား မဝင်ပါ နည်းလမ်းပေါင်းစုံသုံးပြီး အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြတဲ့ အဲဒီစစ်အေး ခေတ်ကြီး နိဂုံးချုပ်သွားခဲ့ရတာဟာ ဆိုဗီယက်ပြည်ထောင်စုရဲ့ နောက်ဆုံးသမ္မတ မစ်ခေးလ်ဂေါ်ဘာချော့ လက်ထက်မှာ ဖြစ်တယ်ဆိုတာလည်း အားလုံးအသိပဲ ဖြစ်တယ်ဗျ။

## သူ့ရဲ့ကောင်းလား၊ ပြည်ဖျက်သစ္စာဖောက်လား

ကမ္ဘာတစ်လွှားက နိုင်ငံပေါင်းများစွာတို့မှာ ပြည်တွင်းစစ်မီးတွေကို မွေးဖွား ဒါမှမဟုတ် လောင်စာဖြည့်ပေးခဲ့တဲ့ အဲဒီစစ်အေးဆိုတဲ့ တင်းမာ အေးစက်တဲ့ကာလရှည်ကြီးတစ်ခု အဆုံးသတ်သွားခဲ့ရာမှာ အရေးအကြီးဆုံးကဏ္ဍက ပါဝင်ခဲ့တဲ့ ဂေါ်ဘာချော့ကို စစ်အေးတိုက်ပွဲမှာ အနိုင်ရရှိသွားတဲ့ လစ်ဘရယ်ဒီမိုကရေစီနိုင်ငံတွေရဲ့အသိုင်း

အဝိုင်းက လိုက်လိုက်လုံလုံ ချီးကျူးထောမနာပြုခဲ့ကြပြီး ကမ္ဘာ့ငြိမ်းချမ်းရေးနိုဘယ်လ်ဆု ဆိုတဲ့ အမြင့်ဆုံး ဂုဏ်ဒြပ်ကိုတောင် ချီးမြှင့်ခဲ့ပေမယ့် နိုင်ငံတကာစင်မြင့်မှာ အမေရိကန်နဲ့ပခုံးချင်းယှဉ်ပြီး ထည်ထည်ဝါဝါရပ်တည်နိုင်ခဲ့တဲ့ ဆိုဗီယက်အင်ပါယာ ခေတ်ကို နှမြောတသအောက်မေ့သတိရ နေကြသူတွေကတော့ ဂေါ်ဘာချော့ကို အကြီးဆုံးသော အမျိုးသားသစ္စာဖောက်တစ်ယောက်အဖြစ် ရှုမြင်ခဲ့ကြ၊ အခုအထိ ရှုမြင် နေကြဆဲ ဖြစ်တယ်ဗျာ။ ကျွန်တော်တို့ လူသားတွေရဲ့သမိုင်းဟာ အဲဒီလိုမျိုး ဆန့်ကျင်ဘက်အမြင်တွေနဲ့ ပြည့်နှက်နေတဲ့ ဇာတ်လမ်း ရှည်ကြီး တစ်ပုဒ်ဖြစ်တာမို့ ဂေါ်ဘာချော့နဲ့ပတ်သက်ပြီးတော့လည်း အဲသလိုဆန့်ကျင်ဘက်အမြင်နှစ်မျိုးရှိနေတာ အဆန်းမဟုတ်ဘူးဗျ။ အမှန်အမှားဆိုတာ ရှုမြင်သူရဲ့ ရပ်တည်ချက်ကိုထင်ဟပ် ကိုယ်စားပြုနေတဲ့အရာဖြစ်တာမို့ ဖြစ်ရပ်တိုင်း ဘယ်ဟာအမှန်၊ ဘယ်ဟာအမှားဆိုတာ လူတိုင်းမှာ သုံးသပ်ရှုမြင်ခွင့်ရှိတယ်ဗျာ။ အဲဒီရှုမြင်ချက်တွေအတွက် သက်ရောက်မှု တွေကိုလည်း လူတိုင်းက မျှော်လင့်ကြရမှာပဲဗျ။

ယခု ကျွန်တော်ပြောပြချင်တာက ဒီလ ၁၂ ရက်နေ့စွဲနဲ့ ဘီဘီစီဝက်ဘ်ဆိုက်မှာ ဖတ်ရှုခဲ့ရတဲ့ဆောင်းပါးတစ်ပုဒ် အကြောင်းဖြစ်ပါတယ်။ ဆောင်းပါးရှင်က ဘီဘီစီ သတင်းထောက် ဘရစ်ဂျက်ကင်ဒယ်လ်ဖြစ်ပြီး ဆောင်းပါးက မကြာသေးခင်က ဂေါ်ဘာချော့နဲ့သူ ပြုလုပ်ခဲ့တဲ့ တွေ့ဆုံမေးမြန်းခန်းတစ်ခုအကြောင်းပါ။ ၁၉၉၁ ဩဂုတ်လထဲမှာ ဆိုဗီယက် ပြည်ထောင်စုရဲ့သမ္မတဖြစ်သူ မစ်ခေးလ်ဂေါ်ဘာချော့ ခရိုင်းမီးယားမှာ အားလပ်ရက်အပန်းဖြေနေတုန်း သူ့ရဲ့နိုင်ငံရေးပြုပြင် ပြောင်းလဲရေး လုပ်ငန်းတွေအပေါ် မကျေမနပ်ဖြစ်နေကြတဲ့ ကွန်မြူနစ်အမာခံ ဆိုဗီယက်ထိပ်တန်း ခေါင်းဆောင်တစ်စုက ဂေါ်ဘာချော့ကို ဖယ်ရှားဖြုတ်ချပြီး အာဏာသိမ်းဖို့ ကြိုးပမ်း ခဲ့ကြတယ်။ အဲဒီအချိန်တုန်းက မော်စကိုမြို့မှာ ဘီဘီစီသတင်းထောက် အဖြစ်တာဝန် ထမ်းဆောင်နေခဲ့တဲ့ ကင်ဒယ်က နှစ် ၂၀ ကြာသွားပြီးတဲ့နောက်မှာ မစ္စတာ ဂေါ်ဘာချော့နဲ့ တွေ့ဆုံမေးမြန်းခန်း ပြုလုပ်ခဲ့တာ ဖြစ်တယ်ဗျ။

## ဂေါ်ဘာချော့ရဲ့မှုလဘူတ

ကင်ဒယ်ရဲ့ဆောင်းပါးကို မူရင်းအနှစ်သာရမပျက်စေဘဲ လိုအပ်သလောက် ကောက် နုတ်ပြီး ဖော်ပြလိုက်ပါတယ်။

သူကိုယ်တိုင်ရဲ့ဖွင့်ဟဝန်ခံချက်အရ မစ္စတာဂေါ်ဘာချော့ဟာ ပြုပြင်ပြောင်းလဲ ရေးဝါဒီတစ်ယောက်အဖြစ် သူ့ရဲ့နိုင်ငံရေးဘဝကို စတင်ခဲ့သူမဟုတ်ပါဘူး။ သူဟာ မျိုးချစ်စိတ်ပြင်းထန်သူတစ်ဦးနဲ့ စွဲမြဲတဲ့ကွန်မြူနစ်တစ်ဦး ဖြစ်ခဲ့ပါတယ်။

တက္ကသိုလ်ကျောင်းသားဘဝ နောက်ဆုံးအတန်းတင်စာမေးပွဲမှာ စတာလင်အကြောင်း အထူးပြု လေ့လာချက်စာတမ်းနဲ့ ဖြေဆိုဖို့ ရွေးချယ်ခဲ့တာကိုကြည့်ရင် အဲဒီအချက်ကို မြင်နိုင်တယ်။ သူ့ရဲ့စာတမ်းခေါင်းစဉ်က 'စတာလင်ဟာ စစ်ပွဲမှာ ကျွန်တော်တို့ရဲ့ ဂုဏ်ကျက်သရေဖြစ်တယ်။ စတာလင်ဟာ ကျွန်တော်တို့လူငယ်ဘဝရဲ့တောင်ပံတွေဖြစ်တယ်'လို့ဖြစ်ပြီး သူကွန်မြူနစ်ပါတီထဲဝင်ဖို့ ဘယ်သူကမှ တိုက်တွန်းခဲ့တာမဟုတ်ဘူး။ သူ့သဘော သူ့ဆန္ဒနဲ့ ထက်ထက်သန်သန် အားတက်သရော ဝင်ရောက်ခဲ့တာဖြစ်တယ်လို့ ဂေါ်ဘာချော့က ပြောပါတယ်။

ကွန်မြူနစ်ဝါဒနဲ့ဆိုဗီယက်ပြည်ထောင်စုဦးတည်လျှောက်လှမ်းနေတဲ့လမ်းအပေါ် သူ့ပထမဆုံးသံသယဝင်လာတာက ၁၉၅၀ သူ မော်စကို တက္ကသိုလ်ကို စတင်တက်ရောက်ခဲ့ချိန်မှာဖြစ်တယ်လို့ သူက ပြောပါတယ်။ ၁၉၅၃ မှာ စတာလင်ကွယ်လွန်အနိစ္စရောက်သွားခဲ့ခြင်းက ပညာတတ် အသိုင်းအဝိုင်းကို မွန်းကျပ်မှုများထဲက လွတ်မြောက်သွားစေခဲ့တယ်။ အဲဒီကာလမှာ မစ္စတာဂေါ်ဘာချော့ဟာ သူ့ရဲ့နောက်ပိုင်းတွေးတောဆင်ခြင်မှုတွေကို ပုံလောင်းပေးခဲ့တဲ့ လူတချို့နဲ့မိတ်ဆွေ ဖြစ်ခဲ့တယ်။ အဲဒီထဲမှာ ထူးထူးခြားခြားဖော်ပြရမယ့် တစ်ယောက်ကတော့ ဇဒီနက်မလီနာအမည်ရှိ ချက်ကိုစလိုဗက်ကျောင်းသားတစ်ယောက်ပဲ ဖြစ်တယ်လို့ ဂေါ်ဘာချော့က မှတ်မှတ်ရရ ပြောပြပါတယ်။

## လူသားမျက်နှာနဲ့ဆိုရှယ်လစ်ဝါဒ

ဂေါ်ဘာချော့ရဲ့အရင်းနှီးဆုံးသူငယ်ချင်းဖြစ်ခဲ့တဲ့ အဲဒီကျောင်းသား ဇဒီနက်မလီနာဟာ နောက်ပိုင်း ၁၉၆၇ မှာ ပေါ်ပေါက်ခဲ့တဲ့ "ပရာဟာနွေဦး"ရဲ့ ဗိသုကာဖြစ်လာခဲ့တယ်။ အဲဒီလှုပ်ရှားမှုကတော့ ဆိုရှယ်လစ်စနစ်ကို လူသားမျက်နှာ တပ်ဆင်ပေးဖို့ (Socialism with the Human Face) တစ်နည်းပြောရရင် လူတစ်ဦးချင်းရဲ့လွတ်လပ်မှုနဲ့ အခွင့်အရေးများကို လေးစား အသိအမှတ်ပြုတဲ့ ဆိုရှယ်လစ်စနစ် ဖြစ်လာစေဖို့ အတွက် ချက်ကိုစလိုဗက်နိုင်ငံက ပြုပြင်ပြောင်းလဲရေးဝါဒီ ပညာတတ်များ ဦးဆောင်ဆင်နွှဲတဲ့ 'အတွင်းပိုင်း တော်လှန်ရေး' တစ်ခု ဖြစ်ပါတယ်။

အဲဒီတော်လှန်ရေးကို ၁၉၆၈ မှာ ချက်ကိုစလိုဗက်ကီးယားနိုင်ငံက အမာခံကွန်မြူနစ်တွေနဲ့ ဆိုဗီယက်တင့်ကားတွေ ပူးပေါင်းပြီး ချေမှုန်းပစ်လိုက်ပါတယ်။ အဲသလို ချေမှုန်းအပြီးမှာ ဆိုဗီယက်ခေါင်းဆောင်တွေက ဆိုဗီယက်တပ်နီတော် ဝင်ရောက် သွားခဲ့ရတာဟာ ချက်ကိုစလိုဗေးကီးယား ပြည်သူတွေရဲ့ ဖိတ်ခေါ်ကမ်းလှမ်းချက်အရသာဖြစ်ကြောင်း တွင်တွင်ပြောဆိုခဲ့ကြပြီး ဆိုဗီယက်ကွန်မြူနစ်

ပါတီဝင်များကိုလည်း အဲဒီကျူးကျော်ဝင်ရောက်မှုဟာ မှန်ကန်တရားမျှတမှုရှိကြောင်း အနိုင်အမာပြောဆိုကြဖို့နဲ့ အဲဒီကျူးကျော်ဝင်ရောက်မှုအပေါ် မေးခွန်းထုတ်သူတွေကို ဆန့်ကျင်ရှုတ်ချကြဖို့ ညွှန်ကြားခဲ့တယ်။ အဲဒီအချိန်မှာ ပါတီရဲ့သစ္စာရှိဘက်တော်သား တစ်ဦးဖြစ်နေပြီဖြစ်တဲ့ ဂေါ်ဘာချော့ဟာလည်း ပါတီရဲ့ရပ်တည်ချက်အတိုင်း တစ်သဝေမတိမ်းလိုက်နာ ကျင့်သုံးခဲ့ပါတယ်။

## အမှန်တရားကို ရင်ဆိုင်ခဲ့ရချိန်

ဒါပေမယ့် နောက်နှစ် ချက်ကိုစလိုဗေးကီးယားနိုင်ငံကို ဆိုဗီယက်ကိုယ်စားလှယ် အဖွဲ့တစ်ဖွဲ့နဲ့အတူ အလည်အပတ်ရောက်ရှိ သွားချိန်မှာတော့ မစ္စတာဂေါ်ဘာချော့ဟာ အမှန်တရားကို မျက်စိကျိန်းအောင် မြင်တွေ့ခဲ့ရပါတော့တယ်။

ဖောက်ပြန်ရေးသမားတွေရဲ့ တန်ပြန်တော်လှန်ရေးကို ချေမှုန်းပစ်ဖို့ ပြည်သူတွေက ဆိုဗီယက်ပြည်ထောင်စုဆီက စစ်ရေးအပါအဝင် ကူညီ ထောက်ပံ့မှုအားလုံးကို လိုလိုလားလားတောင်းခံခဲ့တယ်ဆိုတဲ့ နိုင်ငံတစ်နိုင်ငံမှာ ဂေါ်ဘာချော့တို့အဖွဲ့ဟာ ပြည်သူတွေရဲ့ဆန့်ကျင်မှုနဲ့ ရင်ဆိုင်ခဲ့ရ ပါတော့တယ်။ နေရာအတော်များများမှာ သူတို့တွေ ဆုံခဲ့ရတဲ့ ချက်ပြည်သူတွေရဲ့ သူတို့နဲ့ စကားပြောချင်စိတ်မရှိပုံကို မြင်တွေ့ခဲ့ကြရပြီး သူတို့သွားရောက် လည်ပတ်တဲ့ စက်ရုံတစ်ရုံမှာလည်း အလုပ်သမား အားလုံး လိုလိုက သူတို့ကို ကျောခိုင်းထားခဲ့ကြပါတယ်။ အလုပ်သမားတွေဟာ ရန်လို အော်ဟစ်ဆန့်ကျင်တာမျိုး မလုပ်နိုင်ကြပေမယ့် သူတို့ တတ်နိုင်တဲ့နည်းနဲ့ သူတို့ရဲ့ သဘောထားအမှန်ကို ပြသခဲ့ကြတာပါ။

အဲဒီအတွေ့အကြုံက မစ္စတာဂေါ်ဘာချော့ရဲ့အတွေးအမြင်တွေကို အတော်လေး ပြောင်းလဲသွားစေခဲ့ပါတယ်။ အဲဒီခရီးကအပြန် ဂေါ်ဘာချော့ခေါင်းထဲမှာ အတွေးသစ် အမြင်သစ်တွေ စတင်သန္ဓေတည်နေပါပြီ။

## ထိပ်ဆုံးနေရာရောက်အောင်

ဒါပေမယ့် ဂေါ်ဘာချော့ဟာ ပါးနပ်သူတစ်ဦးဖြစ်ပါတယ်။ သူဟာ စိတ်ထဲမှာ ဆိုဗီယက် ပြည်ထောင်စု ကျင့်သုံးနေတဲ့ နိုင်ငံရေးစနစ်နဲ့ပတ်သက်ပြီ သံသယတွေရှိစပြုနေပြီ ဖြစ်ပေမယ့် အပြင်ပန်းမှာတော့ အဲဒီစနစ်ကို အလုပ်အကျွေးပြုရာမှာ စံပြပုဂ္ဂိုလ်တစ်ဦး အဖြစ်၊ ရှေးရိုးစွဲ ဆိုဗီယက် ခေါင်းဆောင်ဟောင်းကြီးတွေရဲ့ အရိုက်အရာကိုဆက်ခံဖို့ အသင့်တော်ဆုံးလူငယ်ခေါင်းဆောင်အဖြစ်အများက ရှုမြင်လာအောင် ‘နေပြ’ နိုင်ခဲ့ ပါတယ်။

အဲဒီအရှည်အချင်းကြောင့်ပဲ ဆိုဗီယက်ပြည်ထောင်စု ကျင့်သုံးနေတဲ့ နိုင်ငံရေး စနစ် အပေါ် ကြီးမားသောသံသယ စတင်ပေါ်ပေါက်လာခဲ့ပြီးတဲ့နောက် ၁၆ နှစ်အကြာမှာ မစ္စတာဂေါ်ဘာချော့ဟာ အဲဒီနိုင်ငံရေးယန္တရားကြီးရဲ့ ထိပ်ဆုံးနေရာအထိ တက်လှမ်းရောက်ရှိနိုင်ခဲ့တာ ဖြစ်ပါတယ်။

## အာဏာသိမ်းရန်ကြိုးပမ်းမှု

ဆိုဗီယက်ပြည်ထောင်စုရဲ့ ခေါင်းဆောင်ဖြစ်လာခဲ့ပြီးနောက် မကြာမီမှာပဲ ဂေါ်ဘာချော့ဟာ သူ့ခေါင်းထဲမှာ နှစ်ရှည်လများ အမြစ်တွယ် နေခဲ့ပြီးဖြစ်တဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲရေး လုပ်ငန်းတွေကို 'ပယ်ရယ်စထရိုက်ကာ' 'ဂလပ်စနော့' ခေါင်းစဉ်တွေနဲ့ စလုပ်ပါတော့တယ်။ နောက်ဆုံးတော့ သူ့ရဲ့အဲဒီနိုင်ငံရေးပြုပြင်ပြောင်းလဲရေး လုပ်ငန်းတွေက ၁၉၉၁ ဩဂုတ်လ ၂၀ ရက်နေ့မှာ ကွန်မြူနစ်အမာခံတွေရဲ့ အာဏာသိမ်းဖို့ကြိုးပမ်းမှုကို ဖြစ်ပေါ်စေခဲ့ပြီး အဲဒါရဲ့အကျိုးဆက်အဖြစ် ဆိုဗီယက်ပြည်ထောင်စုကြီး ပြိုကွဲမှုအထိ ဦးတည်သွားစေခဲ့ပါတော့တယ်။

ခေတ်သစ်ကမ္ဘာရဲ့မဟာအင်အားရှင်နိုင်ငံကြီးနှစ်ခုထဲက တစ်ခုရဲ့ခေါင်းဆောင်အဖြစ်ကို လက်လွှတ်ခဲ့ရပြီးတဲ့နောက် အနှစ်နှစ်ဆယ်ကြာလာတဲ့ အခုအချိန်အထိ မစ္စတာ ဂေါ်ဘာချော့ဟာ အေးစက်တင်းမာမှုလွှမ်းမိုးကြီးစိုးတဲ့ကာလရှည်ကြီးတစ်ခုဖြစ်တဲ့ စစ်အေးခေတ်ကို ကူညီနိဂုံးချုပ် ပေးခဲ့သူတစ်ဦးအဖြစ် ချီးကျူးထောမနာပြုခြင်းကို ခံနေရဆဲဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီကာလတစ်လျှောက်လုံးမှာ သူဟာ ဝေဖန်ပြစ်တင်မှု တစ်ပုံတပင်နဲ့လည်း ကြုံတွေ့ခဲ့ရပါတယ်။ မိမိစတင်ခဲ့တဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းကို အရှိန်မြှင့်ဖို့ပျက်ကွက်ခဲ့သူ၊ ကွန်မြူနစ်ပါတီကို သမိုင်းရဲ့ အမှိုက်ပုံးထဲသို့ အချိန်မီစွန့်ပစ်ဖို့ ပျက်ကွက်ခဲ့သူ၊ သူ့ကိုထောက်ခံသူတွေနဲ့ဆန့်ကျင်သူတွေအကြား အင်အားချိန်ခွင်လျှာညှိရာမှာ သူတစ်ခါက အသုံးပြုခဲ့တဲ့ အပေးအယူအလျှော့အတင်းတွေရဲ့သားကောင်အဖြစ်သို့ ပြောင်းလဲကျရောက်သွားတဲ့သူ စတဲ့ဝေဖန်ပြစ်တင်မှုတွေ ဖြစ်ပါတယ်။

## ဘယ်လိုတွေရှိခဲ့သလဲ

ဒါပေမယ့် ဆိုဗီယက်ကွန်မြူနစ်စနစ်ရဲ့ ထုတ်ကုန်တစ်ခုဖြစ်တဲ့လူတစ်ယောက်က အဲဒီကြီးမားလှတဲ့ ဘီလူးသရဲ အင်ပါယာဝိမာန်ကြီးတစ်ခုလုံး ပြိုလဲသွားစေခဲ့တဲ့ ပထမဆုံးလက်သီးချက်ကို ထိုးရဲလောက်တဲ့ သံမဏိစိတ်ဓာတ်နဲ့ ပရိယာယ်တွေ ဘယ်လိုက ဘယ်လိုတွေရှိသွားခဲ့သလဲ ဆိုတဲ့အကြောင်းကတော့ ဘယ်လောက်

တွေးတွေး ဘယ်လောက်ရေးရေး တွေးဖို့ရေးဖို့ ထိုက်တန်တဲ့အကြောင်းအရာပဲ ဖြစ်ပါတယ်။

ဘီဘီစီသတင်းဆောင်းပါးရှင် ဘရစ်ဂျက်ကင်ဒယ်လ်က သူ့ဆောင်းပါးကို အဲသလိုနိဂုံးချုပ်ထားတယ်ဗျ။

## တိမ်တစ်ခဲနက် ရွာရင်းပျက်ခဲ့ပုံတွေ

သူ့ဆောင်းပါးက ကျွန်တော့်အတွေးတွေကို လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်က ကမ္ဘာပေါ်မှာ ဖြစ်ပွားခဲ့တဲ့ ကြီးမားလှတဲ့သမိုင်းဆိုင်ရာ လှည့်ပြောင်းမှုကြီးတစ်ခုနဲ့နောက်ဆက်တွဲ ဖြစ်ရပ်များဆီသို့ ဆွဲခေါ်သွားခဲ့တယ်ဗျာ။ ဆိုဗီယက်က မအောင်မြင်တဲ့ အာဏာသိမ်းပွဲပြီးနောက် မကြာမီမှာ တစ်ချိန်ကအင်မတန်အင်အားကြီးမားလှတယ်လို့ယူဆခြင်းခံခဲ့ရတဲ့ ဆိုဗီယက်အင်ပါယာကြီး 'တိမ်တစ်ခဲနက် ရွာရင်းပျက်သို့' ဆိုသလို တစ်မဟုတ်ချင်း ပြိုကွဲသွားခဲ့ပုံတွေ၊ အဲဒီနောက်မကြာမီမှာပဲ နောက်ထပ်အင်ပါယာငယ် တစ်ခုဖြစ်တဲ့ ယူဂိုစလားဗီးယား ပြည်ထောင်စု ပြိုကွဲသွားခဲ့ပုံတွေ၊ အခုလတ်တလော ပေါ်ပေါက်နေတဲ့ 'အာရပ်နွေဦး'အထိ ပုံရိပ်တွေကတော့ အစုံပဲဗျ။

အဲဒီပုံရိပ်တွေထဲ နစ်မျောနေရင်း ကျွန်တော် စဉ်းစားနေမိတာတွေကတော့ 'မျိုးစေ့မမှန် ပင်မသန်'ဆိုသလို လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူရည်တူရှိမှုဆိုတဲ့ လောကပါလတရားတွေအပေါ်မှာ တည်ဆောက်ထားတာမဟုတ်တဲ့အင်အားဟာ အမြင်မှာ ပမာဏ ဘယ်လောက်ပဲ ကြီးမားပေမယ့် တကယ်တော့ စစ်မှန်တဲ့အင်အား မဟုတ်ကြောင်း။ အဲဒီအင်အားဟာ အနေး သို့မဟုတ် အမြန် မုချမသွေပြိုလဲပျက်သုဉ်းရမှာပဲ ဖြစ်ကြောင်း။ အဲဒီအင်အားကို အပြင်ကလာတာမဟုတ်ဘဲ အဲဒီအင်အား စနစ်ကြီးက မွေးထုတ်ပေးလိုက်တဲ့အရာကပဲ ဖြိုလှဲပစ်မှာဖြစ်ကြောင်း စတဲ့သင်ခန်းစာတွေပဲ ဖြစ်ကြောင်းပါဗျာ။

၁၂၊ ဩဂုတ်၊ ၂၀၁၁

○

# လက်ခုပ်ဩဘာပေးဖို့ ပြင်ထားပါတယ်

မကြာသေးခင် တစ်ရက်က ဘီဘီစီ အင်တာနက်ဝက်ဘ်ဆိုက်မှာ စိတ်ဝင်စားစရာကောင်းတဲ့ သတင်းတစ်ပုဒ် ဖတ်လိုက်ရတယ်ဗျူ။

သတင်းက ဂွါတီမာလာနိုင်ငံကလာတဲ့ သတင်းပါ။ သတင်းမှာ ဂွါတီမာလာ သမ္မတ အယ်လ်မာရိုကိုလွမ်က သူ့နိုင်ငံရဲ့ပြည်တွင်းစစ်အတွင်း လွန်ခဲ့တဲ့ နှစ်သုံးဆယ်နီးပါးလောက်က ရွာတစ်ရွာမှာ အစိုးရတပ်ဖွဲ့ရဲ့ အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုကို ခံခဲ့ကြရတဲ့ ကလေး၊ လူကြီး၊ ယောက်ျား၊ မိန်းမ နှစ်ရာကျော်ကျော်တို့အတွက် တရားဝင်ဝန်ချတောင်းပန်ခဲ့တယ်လို့ ဖော်ပြထားတယ်ဗျူ။ 'ကျွန်တော်တို့နိုင်ငံရဲ့ သမိုင်းမှာ အမည်းစက်အဖြစ် စွန်းထင်း ပေကျံနေခဲ့တဲ့ အဲဒီဖြစ်ရပ်အတွင်း သေဆုံးသွားခဲ့ကြသူတွေနဲ့ သူတို့ရဲ့မိသားစုဆွေမျိုးသားချင်းတွေကို နိုင်ငံတော်သမ္မတအနေနဲ့ နိုင်ငံရဲ့ လက်နက်ကိုင်တပ်ပေါင်းစု အကြီးအကဲအနေနဲ့ နိုင်ငံတော်ကို တိုင်တည်သစ္စာဆိုပြီး ကျွန်တော် ဝန်ချတောင်းပန်ပါတယ်' လို့ မြို့တော်က ယဉ်ကျေးမှုနန်းတော်မှာ ပြုလုပ်တဲ့ တရားဝင်ဝန်ချတောင်းပန်ပွဲ အခမ်းအနားမှာ သမ္မတက ပြောဆိုခဲ့တယ်လို့ သတင်းက ဆိုတယ်ဗျာ။

ဒီသတင်းမှာ မိမိရှေ့က အစိုးရတစ်ခု လုပ်သွားခဲ့တဲ့ မကောင်းတဲ့လုပ်ရပ်တစ်ခုအတွက် ထမင်းရည်ပူလာ လျှာလွှဲ ခေါင်းရှောင်တာမျိုး မလုပ်ဘဲ ရဲရဲရင့်ရင့်တာဝန်ယူခဲ့တဲ့ သမ္မတတစ်ဦးရဲ့ လေးစားအားကျဖွယ် စိတ်ထားနဲ့ လုပ်ရပ်ကို မြင်တွေ့နိုင်ကြမှာ ဖြစ်တယ်ဗျူ။ ပြောမယ်ဆိုရင် သမ္မတကိုလွမ်ဟာ အဲဒီရာဇဝတ်မှုကြီးကို အစိုးရတပ်ဖွဲ့တစ်ဖွဲ့က ကျူးလွန်ခဲ့ချိန်မှာ အစိုးရနဲ့ ဘယ်လိုမှပတ်သက်ဆက်စပ်မှု မရှိခဲ့သူ တစ်ဦးဖြစ်တာမို့ သူ သမ္မတဖြစ်လာချိန်မှာ အဲဒီရာဇဝတ်မှုကြီးနဲ့ ပတ်သက်လို့

ဘာမှမပြောဘဲ နာစေးနေလို့ရတယ်ဗျ။ အဲဒီရာဇဝတ်မှုကြီးအတွက် သူ့အနေနဲ့ တစ်ခုခုလုပ်ပေးဖို့ ဒါမှမဟုတ်ပြောပေးလို့ သူ့မှာ တရားဥပဒေအရ ဘာတာဝန်ဝတ္တရား (Legal Duty) မှ ရှိတာ မဟုတ်ဘူးဗျ။ ဒါပေမယ့် သူဟာ ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ တာဝန်ရှိမှု (Moral Obligation) အရ အခုလိုဝန်ချတောင်းပန်ခဲ့တာ ဖြစ်တာကြောင့် ဂွါတီမာလာသမ္မတ အယ်လ်တာရိုကိုလွှမ်ဟာ လူကြီးလူကောင်း ဆန်သူ၊ ကိုယ်ကျင့် သိက္ခာတရားကို တန်ဖိုးထားလေးစားသူ နိုင်ငံခေါင်းဆောင် တစ်ဦးဖြစ်တယ်လို့ ဆိုရမှာ ဖြစ်တယ်ဗျာ။

ဒီနေရာမှာ စကားစပ်မိလို့ နိုင်ငံတစ်နိုင်ငံအကြောင်း နောက်ကြောင်းပြန် ပြောပြချင်တယ်ဗျာ။ အဲဒီနိုင်ငံကတော့ ဆားဘီးယားနိုင်ငံပါ။ နိုင်ငံတကာ ရေးရာများ ကို စဉ်ဆက်မပြတ် လေ့လာခဲ့ကြသူတွေအနေနဲ့ အဲဒီနိုင်ငံအကြောင်း ကောင်းကောင်း သိကြမှာ ဖြစ်တယ်ဗျ။ ဒုတိယ ကမ္ဘာစစ် အတွင်း နာဇီဝါဒ တိုက်ဖျက်ရေးသူရဲ ကောင်းဖြစ်ခဲ့တဲ့ မာရှယ်တီးတိုး ထူထောင်ခဲ့တဲ့ ယူဂိုဆလား ဗီးယားပြည်ထောင်စုမှာ ဆားဘီးယားဟာ အတွင်းသားအမာခံနေရာက ပါဝင်ခဲ့တဲ့ နိုင်ငံတစ်ခုဖြစ်တယ်ဗျ။

ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲသွားခဲ့မှုနဲ့အတူ ကမ္ဘာမှာ ကွန်မြူနစ်ဝါဒရဲ့ဩဇာ အရှိန်အဝါ ကျဆင်းလာနေတဲ့ ၁၉၉၀ အစောပိုင်းနှစ်တွေမှာ ကွန်မြူနစ် ယူဂို ဆလားဗီးယား ပြည်ထောင်စုဟာလည်း ခွဲထွက်ရေး လှုပ်ရှားမှုတွေနဲ့ ရင်ဆိုင်ခဲ့ရတယ် ဗျာ။ အဲဒီလှုပ်ရှားမှုတွေထဲမှာ လူသိအများဆုံးကတော့ ၁၉၉၂ ကနေ ၁၉၉၅ အထိ ဖြစ်ပွားခဲ့တဲ့ ဘော့စနီးယားနိုင်ငံရဲ့ ခွဲထွက်ရေး ကြိုးပမ်းမှုဖြစ်တယ်ဗျ။ အဲဒီစစ်ပွဲ အတွင်း ဘော့စနီးယား ဆာ့ဘ်တပ်ဖွဲ့တွေဟာ ဘော့စနီးယားမူစလင်တွေရဲ့ ခွဲထွက်ရေး ကြိုးပမ်းမှုကို ဟန့်တားဖို့ ကြိုးစားရင်း လူမျိုးတုံးသန့်စင်မှု၊ လူသားဖြစ်မှုကို ဆန့်ကျင်မှုလို့ ဆိုနိုင်လောက်တဲ့ ဧရာမစစ်ရာဇဝတ်မှုကြီးတွေကို ကျူးလွန် ခဲ့ကြတယ်ဗျ။ အဲဒီထဲက အဆိုးဆုံးဖြစ်ရပ်ဖြစ်တဲ့ ဆရီဘရင်နီးယားမြို့က ဖြစ်ရပ်မှာဆိုရင် ဘော့စနီးယား ဆာ့ဘ်တပ်ဖွဲ့တွေဟာ ဘော့စနီးယား မူစလင် အမျိုးသား ကြီးငယ် ၈၀၀၀ လောက်ကို အစုလိုက် အပြုံလိုက် သတ်ဖြတ် ခဲ့တာဖြစ်တယ်ဗျာ။

တိုတိုပြောရရင် ဆာ့ဘ်တပ်ဖွဲ့တွေ အဲသလောက် ရက်စက်ကြမ်းကြုတ်တဲ့ နည်းလမ်းတွေ သုံးပြီး ဟန့်တားခဲ့ပေမယ့် ဘော့စနီးယားဟာ နောက်ဆုံးမှာ ယူဂိုစလားဗီးယားပြည်ထောင်စုက ခွဲထွက်ပြီး လွတ်လပ်တဲ့နိုင်ငံတစ်ခု ဖြစ်သွားခဲ့ တယ်။ ခရိုအေးရှားခွဲထွက်ရေး လှုပ်ရှားမှု၊ ဘော့စနီးယားခွဲထွက်ရေး လှုပ်ရှားမှုတွေရဲ့ ရိုက်ခတ်မှု ဂယက်အရှိန်တွေကြောင့် ဆားဘီးယားမှာလည်း ဆလိုဘိုဒန်မီလိုစီဗစ်

ဦးဆောင်တဲ့ အစွန်းရောက် အမျိုးသားရေးဝါဒီ အစိုးရ ပြုတ်ကျပြီး ဒီမိုကရေစီ အစိုးရတစ်ရပ် တက်လာခဲ့တယ်ဗျာ။

ဒါပေမယ့် ဘော့စနီးယားစစ်ပွဲမှာ မကြားဝံ့ မနာသာလောက်စရာ စစ်ရာဇဝတ်မှုကြီးတွေကို ဦးဆောင်ကျူးလွန်ခဲ့ကြသူတွေအဖြစ် နိုင်ငံတကာ အသိုင်းအဝိုင်းရဲ့ သဘောထားခြင်းခံခဲ့ရတဲ့ ဘော့စနီးယားဆာ့ဘ် နိုင်ငံရေး ခေါင်းဆောင် ရာဒိုဗန် ကရာဇစ်နဲ့ စစ်ဘက်ခေါင်းဆောင် ဗိုလ်ချုပ်ကြီး ရက်ကိုမလာဒစ်တို့ကတော့ အဲဒီစစ်ပွဲပြီးသွားလို့ ဆယ်စုနှစ်တစ်ခုကျော် ကြာလာတဲ့အထိ ဆားဘီးယားနိုင်ငံထဲမှာ လှည့်ပတ် ရှောင်ပုန်းနေနိုင် ခဲ့ကြတယ်ဗျ။

မီလိုစီဗစ်ခေတ်လွန် ဆားဘီးယားအစိုးရ အဆက်ဆက်ဟာ သူတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ခုတည်းသော မျှော်လင့်ချက်အဖြစ် ဥရောပသမဂ္ဂအဖွဲ့ဝင်ရောက်ခွင့်ရရှိဖို့ ဆန္ဒပြင်းပြခဲ့ကြတယ်ဗျာ။ ဒါပေမယ့် လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီကို အမိကထားတဲ့ ဥရောပ သမဂ္ဂက ဆားဘီးယားနိုင်ငံကို သူတို့အဖွဲ့ဝင် ဝင်ခွင့်ပြုရေး အဓိက ခြွင်းချက်အဖြစ် ကရာဇစ်နဲ့ မလာဒစ်တို့နှစ်ဦးကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး ရှေ့မှောက်အရောက် ပို့ပေးရေးကို တောင်းဆိုခဲ့ကြတယ်ဗျ။ တစ်နည်းအားဖြင့် လက်ရှိဆားဘီးယားအစိုးရအနေနဲ့ သူ့ရှေ့က အစိုးရတစ်ခု ကျူးလွန် သွားခဲ့တဲ့ စစ်ရာဇဝတ်မှုများအတွက် တာဝန်ယူမှုအပြည့်ရှိကြောင်း အဲဒီနည်းနဲ့ သက်သေပြဖို့ တောင်းဆိုခဲ့တာ ဖြစ်တယ်ဗျ။ ဒါပေမယ့် အားလုံးသိကြတဲ့အတိုင်း အဲဒီပုဂ္ဂိုလ်နှစ်ယောက်ကပဲ အပုန်းကောင်းလွန်းတာလား။ ဒါမှမဟုတ် မီလိုစီဗစ်ခေတ်နောက်ပိုင်း ဆားဘီးယားအာဏာပိုင်တွေကပဲ မျက်စိအမြင် ချို့တဲ့ကြလေသလားတော့ မပြောတတ်ဘူး။ ဆားဘီးယား အီးယူဝင်ခွင့်ရရေးဟာ 'နီးလျက်နဲ့ဝေး' ဆိုသလို ဖြစ်ခဲ့တယ်ဗျ။

အခုတော့ အဲဒီပုဂ္ဂိုလ်နှစ်ယောက်စလုံးကို ဆားဘီးယားက လက်ရဖမ်းဆီးပြီး အိုင်စီစီကို ပို့လိုက်ပြီဗျာ။ ဒီတော့ ဆားဘီးယား ဟာလည်း တာဝန်သိတာဝန်ယူတဲ့ နိုင်ငံတစ်ခုအဖြစ် ဥရောပသမဂ္ဂကို မကြာခင်ဝင်ရောက်ခွင့်ရရှိတော့မှာ ဖြစ်တယ်ဗျာ။

ဒီကနေ့ ကမ္ဘာကြီးဟာ ပေါက်ကွဲတိုးတက်နေတဲ့ သတင်းနည်းပညာတန်ခိုးနဲ့ အပြောင်းလဲပြီးပြောင်းလဲနေပြီ ဖြစ်တယ်ဗျ။ ဟင်းလင်း ပွင့်သွားတဲ့ ကမ္ဘာကြီးမှာ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ တရားမျှတရေး၊ တန်းတူညီမျှရေး၊ ငြိမ်းချမ်းရေး စတဲ့အသံတွေဟာ ကမ္ဘာကြီးရဲ့နေရာတိုင်းမှာ အိမ်တံခါးဖွင့်လိုက်တာနဲ့ အလုအယက် တိုးဝင်လာကြတဲ့အရာတွေဖြစ်နေပြီ ဖြစ်တယ်ဗျ။ တစ်ချိန်တည်းမှာ တာဝန်သိဖို့ တာဝန်ယူဖို့ တာဝန်ခံဖို့ဆိုတဲ့ တောင်းဆိုသံတွေဟာလည်း ဘယ်သူ၊ ဘယ်အဖွဲ့အစည်း၊

ဘယ်အစိုးရမှ ရှောင်ပြေးလို့ မရနိုင်တော့လောက်အောင် နောက်က တကောက်ကောက်လိုက် နေကြတာ ဖြစ်တယ်ဗျ။

ကျွန်တော်တို့ နိုင်ငံမှာလည်း အားလုံးသိကြတဲ့အတိုင်း ခေတ်သစ်တစ်ခု အတွင်းသို့ ချင်းနင်းဝင်ရောက်ဖို့ ကြိုးစားနေကြတယ်ဗျ။ တစ်ချိန်ကလို ကမ္ဘာ့ တစ်စိတ်တစ်ပိုင်း တစ်ခြမ်းတစ်ဖွဲ့တည်းနဲ့ ဆက်ဆံတာမျိုးမဟုတ်ဘဲ အရှေ့အနောက် တောင် မြောက် ဝဲယာနိုင်ငံအားလုံးနဲ့ ချစ်ကြည်ရင်းနှီးတဲ့ ဆက်ဆံရေးတည်ဆောက်ဖို့ လုံးပန်းနေတဲ့ ကာလဖြစ်တယ်ဗျ။ အထူးသဖြင့် ဒီမိုကရေစီ ပန်းတိုင်ဆီသို့ ဦးတည် ချီတက်နေပြီဖြစ်တဲ့ ကျွန်တော်တို့နိုင်ငံဟာ ကမ္ဘာ့ဒီမိုကရေစီနိုင်ငံများနဲ့ ဆက်ဆံရေး မှာ သမိုင်းစာမျက်နှာသစ် ဖွင့်လှစ်ဖို့ ရည်ရွယ်ကြိုးပမ်းနေတဲ့ကာလဖြစ်တယ်ဗျာ။

ဧရာဝတီမြစ်ဆုံရေကာတာကိစ္စ ဆုံးဖြတ်ချက်နဲ့အတူ အရင်လူများရဲ့ အမှားကို မြင်ရဲတဲ့ တာဝန်သိတာဝန်ခံတာဝန်ယူမှုရှိတဲ့ အစိုးရ တစ်ရပ်အဖြစ် ပြည်တွင်းပြည်ပက လက်ခုပ်သံတွေ ရရှိခဲ့တဲ့ လက်ရှိအစိုးရအနေနဲ့ နောက်ထပ် အဲသလိုအမှားမျိုးတွေကို ဘယ် လောက်များများနဲ့မြန်မြန် ပြင်နိုင်ဦးမလဲဆိုတာကို ပြည်တွင်းကရော နိုင်ငံ တကာ မိသားစုကပါ စိတ်ဝင်စားစောင့်ကြည့်နေကြတာ ဖြစ်တယ် ဗျာ။ ကျွန်တော်တို့ စတုတ္ထမဏ္ဍိုင်သားတွေဆိုတာကတော့ လုပ်ငန်းသဘာဝအရကို နားပါးမျက်စိလျင် ရတဲ့လူတွေဖြစ်တာကြောင့် အဲသလို လုပ်ရပ်မျိုး ပေါ်လာတာနဲ့ အရင်ဆုံး ဩဘာ ပေးနိုင်ဖို့ လက်ခုပ်တပြင်ပြင်ဖြစ်နေကြပါတယ်လို့ ပြောပြချင်တယ်ဗျာ။

# အနုတ်လက္ခဏာ မဖြစ်စေချင်ပါ

မြန်မာပြည်သူတွေနဲ့ မြန်မာပြည်ကို ချစ်ခင်ကြတဲ့ ကမ္ဘာ့ပြည်သူတွေ လောလောဆယ် စိတ်ဝင်တစား ပြောဆိုဆွေးနွေးနေကြတဲ့ အကြောင်းအရာကတော့ မြန်မာအစိုးရက ထုတ်ပြန်လိုက်တဲ့ လွတ်ငြိမ်းချမ်းသာခွင့် အမိန့် ကြေညာချက်နဲ့ နောက်တစ်နေ့မှာ အဲဒီအမိန့်အရ အကျဉ်းသားတချို့ လွတ်မြောက်ပေးခဲ့ကြတဲ့ ကိစ္စဖြစ်တယ်ဗျ။

ပြည်သူတွေရဲ့ မျက်စိ၊ နားနဲ့ ပါးစပ်အဖြစ် ကိုယ့်ကိုယ်ကိုယ် တာဝန်ပေးပြီး မြင်သမျှ ကြားသမျှကို စတုတ္ထမဏ္ဍိုင် လောကသား တစ်ဦးအဖြစ် အစိုးရကိုရော၊ ပြည်သူတွေကိုပါ ပြန်လည်တင်ပြ ပေးနေသူတစ်ယောက်အနေနဲ့ အဲဒီကိစ္စနဲ့ ပတ်သက် လို့ ပြည်သူတွေကြား ပြောဆို ဆွေးနွေး ဝေဖန်သုံးသပ်နေ ကြတာတွေကို ဟစ်တိုင်လုပ်လိုက်ပါရစေ။

## ထူးမခြားနားသာ

ပြည်သူတွေရဲ့ အသံတွေထဲမှာ အကျယ်လောင်ဆုံးအသံကတော့ အဲဒီလွတ်ငြိမ်းချမ်းသာခွင့်အမိန့် အမှတ် ၄၉/ ၂၀၁၁ ရဲ့ အနှစ်သာရ အပေါ် ဘဝင်မကျကြတဲ့ အသံပဲဗျာ။ ဒီအသံရဲ့ဆိုလိုရင်းက ဒီလိုပါ။ ပြည်တွင်းက နိုင်ငံရေးအင်အားစုအများကရော ပြည်ပက ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ အသိုင်းအဝိုင်းတစ်ခုလုံးကပါ အင်တိုက်အားတိုက် တောင်းဆိုနေကြတာက မြန်မာနိုင်ငံမှာ ဒီကနေ့ မရှိမဖြစ် လိုအပ်နေတဲ့ အမျိုးသားပြန်လည် သင့်မြတ်ရေးအတွက် ကြီးစွာ အထောက်အကူဖြစ်စေမယ့် ယုံကြည်ချက်အကျဉ်း သားများ ခြွင်းချက်မရှိ ပြန်လည်လွတ်မြောက်လာရေးဖြစ်တယ်။

မြန်မာအစိုးရရဲ့ ထိပ်တန်းတာဝန်ရှိသူများကလည်း အဲဒီတောင်းဆိုချက်ဟာ ကျိုးကြောင်း ဆီလျော်ပြီး မဖြစ်မနေ ဖြည့်ဆည်းပေးဖို့ လိုအပ်တာကို သဘောပေါက်ကြောင်း အခွင့်ကြုံတိုင်း ပြောဆိုခဲ့တယ်။ ဒါပေမယ့် အမိန့်ကြေညာချက် ထွက်လာတော့ အဲဒီတောင်းဆိုချက်ကို ရည်ညွှန်းတဲ့စကားအသုံးအနှုန်း ဝေါဟာရ တစ်ခုမှ ပါမလာခဲ့ဘူး။ သမ္မတဦးသိန်းစိန် ဦးဆောင်တဲ့ အစိုးရက မိမိတို့ဟာ ပြည်သူလူထုက ရွေးကောက်တင်မြှောက်လိုက်တဲ့ ဒီမိုကရေစီ အရပ်သား အစိုးရဖြစ်တယ်လို့ တဖွဖွပြောနေပေမယ့် အဲဒီအမိန့်ကြေညာချက်အရ ပြောမယ်ဆိုရင် သူ့အရင်က ရွေးကောက်ခံ မဟုတ်တဲ့ အာဏာသိမ်း အစိုးရတွေရဲ့ လုပ်နည်းလုပ်ဟန်နဲ့ ထူးမခြားနားသာ ဖြစ်နေပါတယ်။

## အကျယ်လောင်ဆုံး အသံ

အိမ်နီးချင်း နိုင်ငံတွေက မိမိတို့ နိုင်ငံကိုကျော်သွားကြပြီဆိုတဲ့စကားနဲ့ မိမိဟာ ပကတိအရှိတရားကို လက်ခံနိုင်စွမ်းရှိသူ တစ်ယောက်ဖြစ်ကြောင်း သက်သေပြခဲ့တဲ့ သမ္မတကြီးဦးသိန်းစိန်ဟာ ယုံကြည်ချက်အကျဉ်းသား လွှတ်ပေးရေးကိစ္စမှာ တစ်မျိုးတစ်ဖုံ ဖြစ်သွားခဲ့တာဟာ ဘာကြောင့်လဲ။ ဖြစ်နိုင်ခြေတွေကတော့ အများကြီးပဲ။ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် ဒီကိစ္စမှာ အစိုးရက ဒီလို ရပ်တည်လိုက်တာက ယုံကြည်မှု ပြန်လည်တည်ဆောက်ရေး လုပ်ငန်းတွေကို လုပ်ဆောင်နေတဲ့ (တစ်နည်း) ပြည်သူလူထုရဲ့ ယုံကြည်မှုကို ပြန်လည်ရရှိရေး ကြိုးပမ်းနေတဲ့ အခုလိုကာလမျိုးမှာ အစိုးရအတွက် အနတ်လက္ခဏာသာဖြစ်တယ်။ ဒီအမိန့်ကြေညာချက်က အမျိုးသား ပြန်လည်သင့်မြတ်ရေးကို လုပ်ဆောင်နေပါတယ်ဆိုတဲ့ အစိုးရရဲ့စကားကို ပြည်သူတွေ ပိုပြီး သံသယပွားလာဖို့သာ ဖြစ်စေခဲ့တယ်။ အဲဒီအသံက အကျယ်လောင်ဆုံး ဖြစ်တယ်ဗျ။

## ဖရာဝတီ ရမှတ်ထဲက ပြန်လျော့သွားနိုင်

အဲဒီအမိန့်ကြေညာချက်အရ အကျဉ်းထောင်တွေက လွှတ်လာတဲ့ အကျဉ်းသားတွေကို ကြည့်ပြီး ပြည်သူတွေရဲ့ အဲဒီသံသယဟာ ပိုပြီး ကြီးထွားသွားခဲ့တယ်ဗျ။ အကြောင်းကတော့ လွှတ်လာသူ ၆၀၀၀ ကျော်ထဲမှာ ပြည်တွင်းပြည်ပက တောင်းဆိုနေကြတဲ့ 'ယုံကြည်ချက်ကြောင့် အကျဉ်းချခံထားရသူ'က နှစ်ရာဝန်းကျင်လောက်ပဲပါပြီး အမျိုးသား ပြန်လည် သင့်မြတ်ရေးနဲ့ ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေး လုပ်ငန်းစဉ်မှာ

မဖြစ်မနေ ပါဝင်ရမယ့်သူ အတော်များများ ကျန်ရစ်ခဲ့တာကြောင့်ပဲ ဖြစ်တယ်ဗျ။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး အတော်ကလေးဘဝင်မကျဖြစ်နေသူ မိတ်ဆွေတစ်ယောက်ကို ကျွန်တော်က 'ဆန္ဒသိပ်မစောပါနဲ့ဗျာ။ ဆက်ပြီး လွှတ်ပေးမယ်ဆိုတဲ့ သတင်း တွေ ကျွန်တော်တို့ ကြားထားပါတယ်။ မကြာခင် နိုင်ငံရေးအကျဉ်းသား တွေအားလုံး လွတ်မြောက်လာမှာပါ။ အားလုံးကို တစ်ပြိုင်တည်း လွှတ်မပေးတာက လုံခြုံရေး အတွက် စိုးရိမ်မှုပန်လို့ ဖြစ်နိုင်ပါတယ်'

လို့ ပြောတော့ သူက-

'အဲဒီအကြောင်းပြချက်က မခိုင်လုံပါဘူးဗျာ။ အခု ကျွန်တော်တို့ နိုင်ငံမှာ အစပျိုးပေါ်ပေါက်နေတဲ့ ဝန်းကျင် အနေအထား (atmosphere) အရ ပြောရင် နိုင်ငံရေး အကျဉ်းသား အားလုံးကို တစ်ပြိုင်တည်း လွှတ်ပေး လိုက်လို့ အဆိုးထက် အကောင်းဖြစ်လာဖို့ကပဲ ပိုများပါတယ်။ ထောင်ထဲမှာ နှစ်လရှည်ကြာနေခဲ့ကြရရာကနေ ပြန်လည် လွတ်မြောက်လာလို့ ပျော်ရွှင် ဝမ်းမြောက်နေကြတဲ့ နိုင်ငံရေး အကျဉ်းသားတွေနဲ့ သူတို့ရဲ့ မိသားစုဝင်တွေဟာ ဒီမိုကရေစီဖြစ်စဉ်တစ်ခုလုံးရဲ့ ရပ်ဆိုင်း လိုက်မှုကြောင့် အားတက် ရွှင်လန်းနေကြတဲ့ ပြည်သူတွေနဲ့ ပေါင်းစည်းသွားကြမှာပါ။ ပြည်သူတွေရဲ့ဆန္ဒနဲ့ အညီ မှန်မှန်ကန်ကန်လုပ်ဆောင်နေတဲ့ အစိုးရတစ်ခု တစ်နည်း ပြောရရင် ပြည်သူတွေရှေ့က မားမားမတ်မတ် ရပ်တည်ပြီး ကိုလိုနီလက်သစ်တွေကို ခုခံဆန့်ကျင်သွားလို့ အားယူပြင်ဆင်နေပုံရတဲ့ အစိုးရတစ်ခု ကယိမ်းကယိုင်ဖြစ်အောင် လုပ်ကြမှာ မဟုတ်ပါဘူး။ အခုတိုင်း ဆက်သွားရင် အစိုးရဟာ အမျိုးသားပြန်လည် သင့်မြတ်ရေး ယုံကြည်မှု တည်ဆောက်ရေး အတွက် အင်မတန်ကောင်းတဲ့ အခွင့်အလမ်းတစ်ခုကို လက်လွှတ်ဆုံးရှုံး သွားရနိုင်တယ်လို့ ကျွန်တော်ထင်တယ်။ အခုဆို မြန်မာအစိုးရဟာ ဒီမိုကရေစီကြောင့်ရခဲ့တဲ့ အမှတ်ထဲက တချို့ကိုတောင် ပြန်ပြီး ဆုံးရှုံးသွားခဲ့ပြီလို့ တချို့က ပြောနေကြတယ်လို့ ပြန်ပြီးပြောဆိုပါတယ်။

## ဘာကြောင့် ချော်တောငေါ့သွားပါလိမ့်

ကျွန်တော်ကတော့ မိတ်ဆွေရဲ့ အမြင်ကို ပြန်လည် ငြင်းချက် မထုတ်တော့ပါဘူး။ ကျွန်တော့်မှာ ငြင်းချက်ထုတ်နိုင်တဲ့ အခွင့်အာဏာလည်း မရှိပါဘူး။ တစ်ခုပဲ စိတ်ထဲ အံ့သြနေမိပါတယ်။ သမ္မတကြီး ဦးသိန်းစိန် ရာထူးလက်ခံပြီး မကြာခင်လပိုင်းအတွင်း လွတ်ငြိမ်းချမ်းသာခွင့် ကြေညာမယ်လို့ သတင်းထွက်ခဲ့တယ်။ တကယ်တမ်းကျတော့ ကျခံနေရတဲ့ ထောင်ဒဏ်ကနေ တစ်နှစ် လျှော့ပေးတာ ဖြစ်နေတယ်။ ကြားရသူတိုင်း ဟာခနဲ ဟင်ခနဲ ဖြစ်ကုန်တယ်။ ကျွန်တော်တို့လည်း အများကြီး စိတ်ပျက်သွားပါတယ်။

သို့ပေမယ့် ကျွန်တော်တို့ အနေနဲ့ သမ္မတကြီးအပေါ်မှာ အကောင်းမြင်တဲ့ဘက်ကို တိမ်းညွှတ်နေခဲ့လေတော့ နောက်တစ်ခါဆိုရင်တော့ ယုံကြည်ချက် အကျဉ်းသား အားလုံးကို ထောင်ခါတော့မှာပါလို့ မျှော်လင့်ချက်နဲ့ စောင့်နေခဲ့တာ ခုချိန်တိုင် အောင်ပါပဲ။ ဟော အခု 'နောက်တစ်ခါ လာပြန်ပြီဟေ့' လို့ ပြောစရာ ဖြစ်အောင် ဘာကြောင့်များ ခုလို ချော်တောငေါ့သွားပါလိမ့်ဗျာ။

**၁၈၊ အောက်တိုဘာ၊ ၂၀၁၁**

○

## ရှေ့နေသားအဖပုံပြင်

နိုင်ငံရပ်ခြားဟာသတို့ ပင်လယ်ရပ်ခြားဟာသတို့ သူတို့ဆီက ဟာသများတို့ဆိုတဲ့ ခေါင်းစဉ်အောက်က စာစုကလေးများကို စာဖတ်သူ အများစု ဖတ်ဖူးကြမယ်ထင်ပါတယ်။ အုန်းခနဲ ဝါးလုံးကွဲအောင်ရယ်ရတဲ့ ဟာသမျိုးမဟုတ်ဘဲ ဖတ်ရှုခဲ့ရပြီးတဲ့နောက်နှစ်ကာလအတော်ကြာတဲ့အထိ တစိမ့်စိမ့်တွေးလေ တခွိခွိရယ်ရလေဆိုတဲ့ ဟာသမျိုးတွေပါ။ ဆရာတင်ခွေမိုးတို့၊ ဆရာခင်မောင်တိုး(မိုးမိတ်)တို့ဆိုရင် အဲဒီလိုမျိုးဟာသတိုကလေးတွေကို ပေါင်းချုပ်စာအုပ်တွေတောင် ရိုက်နှိပ်ထုတ်ဝေထားကြပြီးပါပြီ။ ဆရာမောင်ကောင်းထိုက်ကတော့ အဲဒီဟာသစာစုလေးတွေဘာသာပြန်ဆို တဲ့အလုပ်ကို စိုက်လိုက်မတ်တတ်လုပ်နေသူပါ။ သူ့နာမည်နဲ့ ထုတ်ဝေခဲ့တဲ့ အဲဒီလိုဟာသစာအုပ် အတွဲ ၂၀ ကျော်ကျော် လောက်တောင်ရှိပြီ ထင်တယ်ဗျ။

အဲဒီဟာသစာစုကလေးတွေထဲမှာ အမျိုးအစား အစုံပါပါတယ်။ မိန်းမတွေအကြောင်း။ ယောက်ျားတွေအကြောင်း။ ဆရာဝန်တွေ၊ ရှေ့နေတွေ၊ အင်ဂျင်နီယာတွေ၊ ယာဉ်ထိန်းရဲတွေ စတဲ့ ပရော်ဖက်ရှင်နယ်တွေအကြောင်း စသဖြင့် စုံတကာစေ့နေတာပါပဲ။ အဲဒီဟာသစာစုလေးတွေကို တီထွင်ရေးသားသူတွေရဲ့ မျက်စိထဲမှာ ကမ္ဘာလောကကြီးတစ်ခုလုံးဟာ လှောင်ပြောင်သရော်စရာတွေနဲ့ ပြည့်နှက်နေသလိုပါပဲ။ ယမမင်းကြီးနဲ့ ကောင်းကင်ဘုံက တမန်တော်တွေတောင် ချန်မထားပါဘူး။

အဲဒီဟာသစုကလေးတွေထဲမှာ နိုင်ငံရေးဟာသတွေလည်း အမျိုးအစားအတော်များများ ပါဝင်ပါတယ်။ အဲဒီနိုင်ငံရေးဟာသတွေ ထဲမှာမှ အများစုက ဆိုဗီယက်ပြည်ထောင်စုကို သရော်တဲ့ဟာသတွေ ဖြစ်ပါတယ်။ နိုင်ငံရေးဟာသတွေဟာ စစ်အေးခေတ်ထဲမှာ များများစားစား ထွက်ပေါ်လာကြတာဖြစ်ပြီး အဲဒီဟာသစာစုတွေကို တီထွင်ရေးသားခဲ့သူတွေက ဆိုဗီယက် ဆန့်ကျင်တဲ့ အနောက်နိုင်ငံသားတွေ

အထူးသဖြင့် အမေရိကန်နိုင်ငံသားတွေ ဖြစ်ကြတာမို့ သူတို့ရဲ့ အဓိကပစ်မှတ်ဟာ ဆိုဗီယက်ဖြစ်နေတာ အံ့ဩစရာ မဟုတ်ပါဘူး။

အဲဒီအချက်ကနေ ကောက်ချက်ဆွဲနိုင်တာတစ်ခုက လွတ်လပ်မှု၊ လူ့အခွင့်အရေး၊ ဒီမိုကရေစီစတဲ့ လူသားရဲ့ အခြေခံပိုင်ခွင့်တွေ ဆိတ်သုဉ်းနေတဲ့ ဒါမှမဟုတ် ပါးရှားနေတဲ့ အခြေအနေတစ်ခုအောက်မှာ နေထိုင်နေကြရတဲ့ ပြည်သူတွေနဲ့ အဲဒီပြည်သူတွေရဲ့ ကာယိကဒုက္ခ၊ စေတသိကဒုက္ခတွေကို စာနာနားလည်ကြသူတွေဟာ အဲဒီဒုက္ခတွေထဲ (ခေတ္တခဏပဲဖြစ်ဖြစ်) လွတ်မြောက်ရာ စိတ်ထွက်ပေါက်တစ်ခုအဖြစ် အဲဒီလိုမျိုး ဟာသပုံပြင် ဇာတ်လမ်းလေးတွေကို တီထွင် ဖြန့်ဝေတတ်ကြတယ်ဆိုတာပါပဲ။

ရာစုနှစ်တစ်ဝက်ကျော်ကာလအတွင်း ကျွန်တော်တို့နိုင်ငံမှာလည်း အဲသလို မျိုး ဟာသပုံပြင် ဇာတ်လမ်းလေးတွေ ထောင်ဂဏန်း ရာဂဏန်း မဟုတ်တောင် ဆယ်ဂဏန်းချီလောက်တော့ ရှိခဲ့မှာ သေချာပါတယ်။ ကျွန်တော်တစ်ယောက်တည်း ကြားဖူးတာတင် ဆယ်ပုဒ်မကလို့ အဲသလို အခိုင်အမာပြောနိုင်တာပါ။ တစ်ချိန်က နွားကိုခိုးသတ်ပြီး အရပ်ထဲမှာ တိုးတိုးတိတ်တိတ် ကျိတ်ပြီး ရောင်းရတဲ့ အသား ဖြစ်ခဲ့ဖူးတာမို့ အဲဒီတုန်းက အမဲသားကို တိုးတိုးသားလို့ ခေါ်ခဲ့ကြသလိုပဲ၊ အဲဒီ ဟာသပုံပြင်ဇာတ်လမ်း လေးတွေကလည်း အုပ်ချုပ်သူ အစိုးရပိုင်းက ပုဂ္ဂိုလ်တွေ မကြားအောင် ပြည်သူတွေကြားထဲမှာပဲ တိုးတိုးတိတ်တိတ် ပြောဆိုရယ်မောကြရတဲ့ အရာတွေ ဖြစ်တာကြောင့် သူတို့ကိုလည်း တိုးတိုးပုံပြင်တွေလို့ပဲ အသိမှားကြပါတယ်။

အခုတော့ အကြောင်းကလည်း တိုက်ဆိုင်နေ၊ ကျွန်တော်တို့ လက်တွေကို တစ်လျှောက်လုံး ထိန်းချုပ်လာခဲ့တဲ့ စာပေစိစစ်ရေး ဌာနက လွတ်လပ်ခွင့်ကို အတိုင်းအတာတစ်ခုအထိ ပေးလာတဲ့အချိန်လည်း ဖြစ်နေတာကြောင့် ကျွန်တော် ကြားဖူးထားတဲ့ တိုးတိုးပုံပြင် လေးတစ်ပုဒ်အကြောင်း ပြောပြချင်ပါတယ်။

## အဲဒီအမှုနဲ့မင်းကို ကျောင်းထားခဲ့တာ

နိုင်ငံရေးစိတ်ဝင်စားတဲ့ မြန်မာစာဖတ် ပရိသတ်အများစုကတော့ ကြားဖူးပြီးသား ဖြစ်မှာပါ။ ပုံပြင်က ရှေ့နေသားအဖအကြောင်း ဖြစ်ပါတယ်။ တိုတိုလေးပဲ။ ပုံပြင်ကို သားရှေ့နေက ဖခင်ရှေ့နေ တစ်သက်လုံးလိုက်ခဲ့ပေမယ့် မပြီးပြတ်ခဲ့တဲ့ သူဌေးကြီး တစ်ဦးရဲ့အမှုကို သုံးပြီးပြတ်အောင် လိုက်နိုင်ခဲ့ကြောင်း အဖေကို ဂုဏ်ယူဝင့်ကြွားစွာ ပြောဆိုတဲ့ အခန်းနဲ့ဖွင့်ပါတယ်။ အဲဒီတော့ အဖေ့ရှေ့နေက 'မင်း တော်တော်မိုက် ပါလား။ မင်း အခုလိုရှေ့နေဖြစ်တဲ့အထိ ကျောင်းတက်နိုင်ခဲ့တာ အဲဒီသူဌေးကြီးအမှုက

ရတဲ့ငွေတွေကြောင့်ကွ။ နားလည် လား' လို့ ပြောလိုက်ပါတယ်။ ပုံပြင်လေးက ဒါပါပဲ။

## ပြည်တွင်းစစ်ကို အချိန်ဆွဲနေခဲ့တာ

အဲဒီပုံပြင်လေးရဲ့ သက်တမ်း ဘယ်လောက်ရှိခဲ့ပြီဆိုတာ ကျွန်တော် မသိပါဘူး။ ကျွန်တော်စပြီးကြားဖူးတာတင် ဆယ်စုနှစ် အတော်ကြာခဲ့ပြီမို့ တော်တော်တော့ အသက်ကြီးနေလောက်ပါပြီ။ နိုင်ငံရေး စကားဝိုင်းတွေမှာ ကျွန်တော်တို့နိုင်ငံရဲ့ ပြည်တွင်းစစ်အကြောင်း ရောက်လာတိုင်းလိုလိုမှာ အဲဒီပုံပြင်လေးကို ကြားရလေ့ရှိပါတယ်။ ပါလီမန်ဒီမိုကရေစီကို ဖျက်သိမ်းပြီးနောက် ပေါ်ပေါက်လာတဲ့ အစိုးရတွေဟာ (ပုံပြင်ထဲက ဖခင် ရှေ့နေကြီး အမှုကို အချိန်ဆွဲ လိုက်နေသလိုမျိုး) ပြည်တွင်းစစ်ကို မပြီးနိုင်အောင် တမင်အချိန်ဆွဲနေခဲ့ကြတာ ဖြစ်တယ်ဆိုတဲ့အချက် ပေါ်လွင်အောင် ဖော်ပြဖို့ အဲဒီပုံပြင်လေးကို တီထွင်ခဲ့တာဖြစ်မှာ သေချာပါတယ်။

ပုံပြင်တို့ ပြက်လုံးတို့ဆိုတာက သူတို့ရဲ့ အခြေခံသဘာဝအရကို ကွင်းကွင်းကွက်ကွက် ထိထိမိမိ စူးစူးရှရှ ကွဲကွဲပြားပြားဖြစ်အောင် ဖော်ပြရတာမျိုး ဖြစ်တာကြောင့် တကယ့်အခြေအနေမှန်ကို ကိုယ်စားပြုတာကို မဆိုနိုင်ပါဘူး။ အထူးသဖြင့် ဖိနှိပ်မှုအောက်မှာ နေနေရတယ် လို့ ခံစားနေကြရတဲ့ ပြည်သူတစ်ရပ်ဟာ သူတို့က ဖိနှိပ်သူလို့မြင်နေတဲ့ လူတန်းစားအကြောင်း ပြောဆိုရာမှာ လွန်ကဲတဲ့ဥပမာတွေ၊ ဥဒါဟရဏ်တွေ သုံးစွဲကြလိမ့်မယ်ဆိုတာ ဝေဒင်မေးစရာမလိုပါဘူး။

ကျွန်တော်ကတော့ စစ်အစိုးရအဆက်ဆက်ဟာ သူတို့အကျိုးစီးပွား အတွက် ပြည်တွင်းစစ်ကို မပြီးအောင် တမင်အချိန်ဆွဲပြီး မွေးထား ခဲ့ကြတာဖြစ်တယ်လို့ မယုံကြည်ပါဘူး။ အဲဒီအစား အတ္တတွေ၊ မာနတွေ၊ အာဃာတတွေ၊ သံသယတွေ၊ ဒေါသတွေကြောင့်သာ ပြည်တွင်းစစ် အခုအထိ သက်ဆိုးရှည်နေတာဖြစ်တယ်လို့ ယူဆသူပါ။

## မပြီးနိုင်တဲ့ စစ်ပွဲဆိုတာ မရှိ

လောကမှာ ဖြေရှင်းလို့မရနိုင်တဲ့ ပြဿနာဆိုတာ မရှိပါဘူး။ အဲသလိုပဲ မပြီးဆုံးနိုင်တဲ့ စစ်ပွဲဆိုတာလည်း မရှိပါဘူး။ အနည်းဆုံးတော့ ကျွန်တော့်တို့နိုင်ငံက ပြည်တွင်းစစ်ဟာ ပါလက်စတိုင်း-အစ္စရေးပဋိပက္ခနဲ့ အခြားအနည်းငယ်သော ပဋိပက္ခတွေလို ကမ္ဘာ့နာ တစ်ခု မဟုတ်ပါဘူး။ ဒါကြောင့် တန်းတူရည်တူ အခြေခံပေါ်မှာ အမြော်အမြင်ရှိရှိ သဘောထား ကြီးကြီးထားပြီး ဖြေရှင်းရင် မကျေလည်စရာ အကြောင်းမရှိပါဘူး။

သဘောထားကြီးရမယ်ဆိုရာမှာလည်း မကြာသေးမီက ထောင်က လွတ်လာတဲ့ ပြည်သူချစ် ဟာသပညာရှင် ကိုဇာဂနာ ပြောသလို နိုင်ငံတော်အစိုးရဘက်က ထားရှိရမယ့် သဘောထားပါ။

အထူးသဖြင့် ကမ္ဘာ့အခြေအနေရော မြန်မာ့အခြေအနေပါ အခွင့်သာမှု ရှိနေတဲ့ အခုလို အချိန်မျိုးမှာ သမ္မတကြီးဦးသိန်းစိန် ဦးဆောင်တဲ့ အစိုးရအနေနဲ့ ရာစုနှစ်တစ်ဝက်ကျော်ကြာလာခဲ့ပြီဖြစ်တဲ့ ပြည်တွင်းစစ်ကို အပြီးတိုင် ရပ်စဲချုပ်ငြိမ်းသွားအောင် စွမ်းဆောင်နိုင်ခဲ့တဲ့ အစိုးရတစ်ရပ်အဖြစ် ကမ္ဘာ့သမိုင်းမှာ မော်ကွန်းတင်ခံရမယ့် အခွင့်အရေးကို လက်မလွှတ်သင့်ပါဘူး။ ကျွန်တော်တို့ကတော့ ရေရှည်အမှုကြီးကို အပြတ်ဖြတ်ပစ်တဲ့ သားရေရှုံ့နေရဲ့ လုပ်ရပ်မျိုးကိုပဲ လိုလားကြောင်းပါဗျ။

**၁၈၊ အောက်တိုဘာ၊ ၂၀၁၁**

○

# ရှုတွေ သိပ်မကြောက်တတ်ကြတော့ဘူးဆိုရင်

မှတ်သုံမိုးကို သယ်ဆောင်လာမယ့် တောင်လေကလေး သုတ်ဖြူးစပြုလာတယ်ဆိုရင်ပဲ ပူပြင်းလောင်မြိုက်တဲ့ နွေကာလတစ်လျှောက်လုံး ညှိုးလျော် နွမ်းလျနေခဲ့ကြရတဲ့ မြက်ပင်ကလေးတွေအစ သစ်ပင်ကြီးတွေအဆုံး သွေးလာတဲ့ တောင်ပြန်လေထဲမှာ ခေါင်းတမော့မော့ ရင်တစွင့်စွင့်နဲ့ လွန့်လူးနိုးကြွလာနေကြသလိုပဲ ကျွန်တော်တို့နိုင်ငံမှာ ဒီမိုကရေစီ လေချိုအေး ကလေး သွေးလာတယ်ဆိုရုံရှိသေး အပူရှိန် ထန်ပြင်းတဲ့ ရာစုတစ်ဝက်မျှ နွေကန္တာရ တစ်လျှောက်လုံး အကြောက်တရားအောက်မှာ ငြိမ်ဝပ်ပိပြား နေခဲ့ကြရတဲ့ 'သတ္တိ'ပုရစ်ဖူးလေးတွေ တစ်ရစ်ချင်း ဝေစပြုလာနေတာကို တွေ့မြင်ရ တာ ရွှင်လန်းအားရစရာကောင်းလှတယ်ဗျာ။

## လောကပါလတရားနှစ်ပါး

အရှက်နဲ့ အကြောက်ဆိုတဲ့ ဟိရိနဲ့သြတ္တပ္ပတရားနှစ်ပါးဟာ လောကကြီး ပျက်စီးမသွားအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်တဲ့ လောကပါလတရားနှစ်ပါးဖြစ်တယ် ဆိုတာ ဗုဒ္ဓဘာသာဝင်အားလုံး သိကြတယ်ဗျ။ ဒါပေမယ့် လောကကိုစောင့်ရှောက်တဲ့အရှက်တရား ဆိုတာ မကောင်းမှုပြုလုပ်ရမှာကို ရှက်ခြင်းကို ဆိုလိုတာဖြစ်တယ်။ လောကကို စောင့်ရှောက်တဲ့ အကြောက်တရားဆိုတာ မကောင်းမှုပြုလုပ်ရမှာကို ကြောက်ခြင်းကို ဆိုလိုတာဖြစ်တယ် ဆိုတာတွေကိုတော့ လူတိုင်းတိတိကျကျ ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်ကြတယ်လို့ ကျွန်တော်မထင်ဘူး ဗျာ။ ဒီလိုဖြစ်ရခြင်းမှာ ကျွန်တော်တို့နိုင်ငံမှာ ရာစုနှစ်တစ်ဝက်ကြာလွှမ်းမိုးတွင်ကျယ်သွားခဲ့တဲ့ တစ်မိန့်တစ်အာဏာ နိုင်ငံရေး စနစ်ကလည်း အရေးကြီးတဲ့ တစ်ခန်း တစ်ကဏ္ဍက ပါဝင်စေ့ဆော်ခဲ့တယ်လို့ ကျွန်တော် ဆိုချင်တယ်ဗျာ။

## မျက်နှာပြောင်တဲ့ 'ယဉ်ကျေးမှု'

ဒါကြောင့်လည်း နိုင်ငံဝန်ထမ်းတစ်ဦးက 'ကျွန်တော့်လခကတော့ ၄၅ဝကျပ်ပါ။ ဒါပေမယ့် အောက်ဆိုက်ကတော့ တစ်လတစ်သောင်း လောက် ရပါတယ်' ဆိုတဲ့ စကားမျိုးကို လူပုံအလယ်မှာ ဂုဏ်ယူဝင့်ကြွားစွာ ပြောရဲတဲ့၊ အဲဒီလိုပြောတဲ့လူကို ပတ်ဝန်းကျင်က လူများစုက အထင်ကြီးလေးစားအားကျတဲ့ မျက်လုံးတွေနဲ့ ဝိုင်းကြည့်ကြတဲ့ ယဉ်ကျေးမှုတစ်ခု အဲဒီကာလအတွင်း ကျွန်တော်တို့နိုင်ငံမှာ ထွန်းကားခဲ့တာ ဖြစ်တယ်ဗျ။ အများအကျိုးကို ရှုပ်ရှုပ်ခွံခွံဆောင်ရွက်ရမယ့်ကိစ္စမျိုး မှာတော့ ကြောက်ရွံ့နေပြီး အခွင့်အရေးယူတဲ့နေရာ၊ အများပိုင်ပစ္စည်း အလွဲသုံးစား လုပ်တဲ့နေရာ တွေမှာတော့ ရဲရဲဝံ့ဝံ့ ရှေ့တန်းထွက် မျက်နှာပြောင်ပြောင်နဲ့ မကြောက်မရွံ့ လုပ်ဆောင်တဲ့ ယဉ်ကျေးမှုတစ်ခု ထွန်းကားခဲ့တာ ဖြစ်တယ်ဗျ။ အမှန်တကယ် ရှက်သင့်၊ ကြောက်သင့်တဲ့ကိစ္စတွေကိုတော့ မရှက်မကြောက်လုပ်ကြပြီး မရှက်သင့် မကြောက်သင့်တဲ့ကိစ္စတွေကျတော့ ရှက်ခဲ့ကြ ကြောက်ခဲ့ကြတဲ့ 'ဖုန်းဆိုးကျတ်တီး' ကာလကြီးတစ်ခုပေ့ါဗျာ။

အခုတော့ ဇောက်ထိုးပြောင်းပြန်ဖြစ်နေခဲ့တဲ့ အဲဒီဟီရိနဲ့ ဩတ္တပ္ပတို့ရဲ့ပုံရိပ်တွေ ဟာ သမ္မတကြီး ဦးသိန်းစိန်အစိုးရရဲ့ မကြာသေးခင် ရက်ပိုင်း လပိုင်း အနည်းငယ် အတွင်း လုပ်ခဲ့တဲ့ ခြေလှမ်းတချို့ရဲ့ တွန်းအားကြောင့် ပြန်လည် တည့်မတ်စပြုလာ နေတာကို မြင်တွေ့နေရတယ်ဗျ။

## လွှတ်တော်ထဲက မြင်ကွင်းအချို့

အဲဒီထဲမှာ အထင်ရှား အမြင်သာဆုံးကတော့ လွှတ်တော်ထဲက မြင်ကွင်းတွေပဲဗျ။ ပါတီကြီးတစ်ခုက မီးသေအောင် လွှမ်းမိုးထားတဲ့ အဲဒီလွှတ်တော်အပေါ် ပြည်သူတွေ အမြင်မကြည်ဖြစ်ခဲ့ကြတာ အားလုံး အသိဖြစ်တယ်ဗျာ။ သို့သော် စစ်မှန်တဲ့ပါတီစုံ ဒီမိုကရေစီစနစ်ကို ထင်ဟပ်နေတဲ့ လွှတ်တော်တစ်ခု ဖြစ်လာဖို့ အဝေးကြီး လျှောက်လှမ်းရဦးမှာ ဖြစ်တယ်ဆိုတဲ့ အချက်က ငြင်းမရသေးသည့် တိုင်အောင် အခုနောက်ပိုင်းမှာ တစ်စတစ်စ ပိုမိုမြင်တွေ့လာကြရတဲ့ လွှတ်တော်တွင်းက ဒီမိုက ရေစီမြင်ကွင်းတချို့ကြောင့် ပြည်သူတွေ စိတ်အတန်ပြေလာနေတာကို တွေ့ရတယ်ဗျာ။ အထူးသဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တစ်ဦးတည်းက ရွေးချယ်ပေးလိုက်တဲ့ တပ်မတော်သား ကိုယ်စားလှယ်တွေ မိမိတို့ရဲ့သဘောထားအမြင်တွေကို လွတ်လွတ် လပ်လပ် တင်ပြဆွေးနွေးခဲ့ကြတယ်ဆိုတဲ့ သတင်းက ထူးခြားတဲ့ အခြေအနေတွေကို ဖော်ပြနေတယ်ဗျ။

## ပွင့်ပွင့်လင်းလင်း ရဲရဲတင်းတင်း

လွှတ်တော်ပြင်ပနိုင်ငံရေးမှာလည်း နိုင်ငံရေး အင်အားစုတွေဟာ မိမိတို့ မှန်တယ်ထင်တဲ့ အလုပ်တွေကို ရဲရဲဝံ့ဝံ့လုပ်ဆောင်နေကြတာ တွေ့နေရတယ်ဗျာ။ အဲဒီထဲမှာ ဇရာဝတီ ကယ်တင်ရေးကိစ္စဟာ ထင်ရှားတဲ့ ဥပမာတစ်ခုဖြစ်တယ်ဗျာ။ ဒါ့အပြင် ပရဟိတ စိတ် ထက်သန်တဲ့ လူငယ် လူလတ်တွေဟာ အများအကျိုးပြုလုပ်ငန်းတွေကို အရင်ဘယ်တုန်းကမှနဲ့ မတူအောင် ပွင့်ပွင့်လင်းလင်း ရဲရဲတင်းတင်း လုပ်ကိုင်လာနေကြတာကို မြင်တွေ့ရတာ အားရစရာကောင်းလှတယ်ဗျာ။

## သတင်းထောက်ကို ပြောရဲ ဆိုရဲ

ဒီနေရာမှာ အထူးအလေးထား ဖော်ပြရမယ့်ကိစ္စတစ်ခုကတော့ နိုင်ငံ့ဝန်ထမ်းများ၊ အုပ်ချုပ်ရေးပိုင်းက တာဝန်ရှိ ပုဂ္ဂိုလ်များလည်းပဲ မမှန်ကန်တဲ့ အကြောက်တရားလောင်းရိပ်အောက်က လွတ်မြောက်လာနေကြပုံရတဲ့ ကိစ္စ ဖြစ်တယ်ဗျ။ မကြာသေးခင်ကအထိ ပုဂ္ဂလိက ဂျာနယ်သတင်းထောက်တွေနဲ့ မတွေ့ရဲ မပြောရဲ မဆိုရဲဖြစ်ခဲ့ကြ။ နိုင်ငံခြားအသံလွှင့်ဌာနတွေက ဖုန်းလာရင် လက်ခံစကားမပြောရဲခဲ့ကြတဲ့ အဲဒီပုဂ္ဂိုလ်တွေဟာ အခုအချိန်မှာ ဂျာနယ်သတင်းထောက်တွေနဲ့ရော နိုင်ငံခြားအသံလွှင့် ဌာနတွေနဲ့ပါ တာဝန်သိစိတ်၊ တာဝန်ယူစိတ် ရှိရှိနဲ့ လက်ခံတွေ့ဆုံ ပြောဆိုနေကြတာကို ကျွန်တော်တို့ ဖတ်နေ ကြားနေကြရတယ်ဗျာ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လည်းဖြစ်၊ ငွေရှင်ကြေးရှင်တစ်ဦးလည်းဖြစ်သူတစ်ယောက်ဆိုရင် အဲသလို ရေဒီယိုအင်တာဗျူး မကြာခဏ လုပ်သူဖြစ်လို့ သူ့ရဲ့ရပ်တည်ချက်ထင်မြင်ယူဆချက်တွေကို ကျွန်တော်တို့ မပြတ်သိရှိနေရတယ်ဗျာ။ ကိုယ့်ရပ်တည်ချက် မှန်တယ် မှားတယ်ဆိုတာကို ပြည်သူက ဆုံးဖြတ်လိမ့်မယ်။ ကိုယ့်အမြင် အယူအဆကို ပွင့်ပွင့်လင်းလင်း ရဲရဲတင်းတင်း ပြောပြဖို့က ကိုယ့်တာဝန် ဖြစ်တယ်ဆိုတဲ့ သဘောထားမျိုးနဲ့ အခုလို ပြောပြနေတာတွေကို ကျွန်တော်ကတော့ လက်ခုပ်များများ တီးပေးတယ်ဗျာ။

## ဒီမိုကရေစီနဲ့ စာပေစိစစ်ရေး

တစ်လျှောက်လုံး စာပေလောကသားတွေနဲ့ တကျက်ကျက်၊ မတည့်အတူနေ ဖြစ်ခဲ့တဲ့ စာပေစိစစ်ရေး ဌာနရဲ့ ဒုညွှန်ကြားရေးမှူးချုပ် ဆိုရင်လည်း မကြာသေးခင်က နိုင်ငံခြား အသံလွှင့်ဌာနတစ်ခုနဲ့ အင်တာဗျူးမှာ ဒီမိုကရေစီနဲ့ စာပေစိစစ်ရေးဟာ

မအပ်စပ်ပါဘူးလို့ ရဲရဲတင်းတင်း ပွင့်ပွင့်လင်းလင်း ပြောချလိုက်တာ ကြားလိုက်ရတယ်ဗျ။ စာပေစိစစ်ရေး ဌာန ညွှန်ကြားရေးမှူးတစ်ယောက်ဆီက အဲဒီလိုစကားမျိုး ကြားရတယ်ဆိုတာ တစ်ချိန်ကဆိုရင်တော့ 'ကျားသားမိုးကြိုး' လို့ အလန့်တကြား ရေရွတ်ရမယ့် ကိစ္စမျိုးမဟုတ်လားဗျာ။ မကြာသေးခင်ကပဲ True News သစ္စာဂျာနယ်က ကျွန်တော့် ဆောင်းပါးတစ်ပုဒ်မှာ ဒီမိုကရေစီနဲ့ စာပေစိစစ်ရေးဆိုတာ အမြင်မတော် ဆင်တော်နဲ့ ခလောက်လိုပါပဲလို့ ရေးလိုက်တာကို စာပေ စိစစ်ရေးက မဖြတ်မတောက် ခွင့်ပြုလိုက်ကတည်းက သူတို့တွေလည်း အလားတူ သဘောထားရှိကြလို့ ဖြစ်မယ်ဆိုတာ တွက်ဆမိခဲ့ပါတယ်ဗျ။

ဒီအခြေအနေတွေကို ကြည့်ပြီး ကျွန်တော်ကတော့ အကြောက်တရား လွှမ်းမိုးတဲ့ အမှောင် ခေတ်ကြီးထဲက ကျွန်တော်တို့နိုင်ငံ ထွက်မြောက်တော့မှာလားဆိုတဲ့ အတွေးတွေနဲ့ မျှော်လင့်ချက်တွေ ဝေဖြာ နေမိကြောင်း ပါဗျား။

**၂၀၊ အောက်တိုဘာ၊ ၂၀၁၁**

○

# ဒီမိုကရေစီ ကျင့်သုံးမှု ဆန်းစစ်ဖို့ ပေတံတစ်ချောင်း

ဒီမိုကရေစီစနစ်မှာ နိုင်ငံတော် အာဏာဆိုတာ တစ်ခုကိုတစ်ခု အပြန်အလှန် ထိန်းကျောင်းမှုရှိသော်လည်း၊ တစ်ခုအပေါ်တစ်ခု လွှမ်းမိုးမှု လုံးဝမရှိတဲ့ ဥပဒေပြု မဏ္ဍိုင်၊ တရားရေးမဏ္ဍိုင်နဲ့ အုပ်ချုပ်ရေးမဏ္ဍိုင်ဆိုတဲ့ ထောက်တိုင်ကြီး သုံး ခုအပေါ် မီဒီယာဆိုတဲ့ စတုတ္ထ မဏ္ဍိုင်ရဲ့ အနီးကပ်စောင့်ကြည့်မှုအောက်မှာ တည်ရှိတဲ့ အရာတစ်ခုဖြစ်တယ်ဆိုတာ အခုအချိန်မှာ နိုင်ငံရေးသိပ္ပံပညာရပ်ကို စိတ်ပါဝင်စား သူတိုင်း သိနေကြပြီးသားဖြစ်တဲ့ အခြေခံသဘောတရား တစ်ခုဖြစ်တယ်ဗျ။

## ဘယ်လောက်ကျင့်သုံးနေသလဲ

ဒီမိုကရေစီဆိုတာ ပန်းတိုင်ဖြစ်တဲ့ တစ်ချိန်တည်းမှာ ကျင့်စဉ်လည်း ဖြစ်တာကြောင့် ဒီမိုကရေစီပန်းတိုင်ဆီသို့ ဦးတည် လျှောက်လှမ်းနေတဲ့ နိုင်ငံတစ်ခု ခရီးဘယ် လောက်ပေါက်နေတာလဲဆိုတဲ့ အချက်ကို အဲဒီနိုင်ငံက နိုင်ငံရေးမှာ ပတ်သက် ဆက်နွှယ်သူတွေ ဒီမိုကရေစီကျင့်စဉ်ကို ဘယ်လောက်ကျင့်သုံး နေသလဲ ဆိုတဲ့ အချက်နဲ့ပဲ တိုင်းတာရမှာဖြစ်တယ်ဗျ။ တစ်နည်းပြောရရင် အထက်မှာ ဖော်ပြခဲ့တဲ့ အာဏာမဏ္ဍိုင်ကြီး သုံး ခုဟာ သူတို့ အမှန်တကယ် တည်ရှိရမယ့် တစ်ခုနဲ့တစ်ခု ‘စစ်ဆေးထိန်းညှိ’ Check and Balance နိုင်တဲ့ အနေအထားမှာရှိရဲ့လား။ ဆိုလို တာက မဏ္ဍိုင်တစ်ခုက တစ်ခုအပေါ် မလျော်သြဇာသုံးပြီး လွှမ်းမိုးနေသလား။ အဲဒီအနေအထားမှာ မရှိဘူးဆိုရင် အဲဒါကို စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ မီဒီယာတွေက ဝေဖန်ထောက်ပြကြရဲ့လား။ ဝေဖန်ထောက်ပြခွင့်ရော ရကြရဲ့လား စတဲ့ အချက်တွေ

နဲ့ ဒီမိုကရေစီခရီး ဘယ်လောက်ပေါက်နေသလဲ ဆိုတာကို တိုင်းတာကြရမှာပဲ ဖြစ်တယ်ဗျ။

## တရားဥပဒေစိုးမိုးမှု

အထူးသဖြင့်တော့ တရားဥပဒေစိုးမိုးမှုရှိခြင်း၊ မရှိခြင်းဟာ ဒီမိုကရေစီပန်းတိုင်သို့ ဦးတည်လျှောက်လှမ်းနေတယ်ဆိုတာ တကယ် ဟုတ်,မဟုတ်၊ ဒီမိုကရေစီကျင့်စဉ်များကို ကျင့်သုံးနေခြင်း တကယ် ရှိ,မရှိကို စစ်ဆေးတိုင်းတာတဲ့ အကောင်းဆုံးမှတ်ကျောက်ဖြစ်တယ်ဗျ။ ရွှေစစ်ရင် မှတ်ကျောက်အတိုက်ခံနိုင်တယ်ဆိုတဲ့ စကားလိုပဲ တရားဥပဒေစိုးမိုးမှု ရှိမရှိဆိုတဲ့ မှတ်ကျောက်နဲ့ တိုက်ကြည့်လိုက်ရင် ဒီမိုကရေစီ စစ်,မစစ်ဆိုတဲ့အချက်ဟာ ဘွားဘွားကြီးပေါ်ထွက်လာမှာပဲ ဖြစ်တယ်ဗျာ။ တရားဥပဒေရဲ့ အထက်မှာ ဘယ်သူမှ မရှိဆိုတဲ့စကားဟာ ဒီမိုကရေစီရဲ့ အသည်းနှလုံးဖြစ်တယ်ဗျ။

## စွက်ဖက်နှောင့်ယှက်မှု ကင်းရဲ့လား

ဒီမှာ တရားဥပဒေစိုးမိုးမှု ရှိ,မရှိဆိုတာကို ဘယ်လိုတိုင်းတာမလဲဆိုတဲ့ မေးခွန်းထွက်ပေါ်လာတယ်ဗျ။ ဒါကတော့ ရှင်းပါတယ်ဗျာ။ တရားရုံးကြားနာ စစ်ဆေးမှုတွေဟာ နိုင်ငံတကာ အသိုင်းအဝိုင်းက လက်ခံထားတဲ့ စံချိန်စံညွှန်းတွေနဲ့ ကိုက်ညီရဲ့လား။ တရားသူကြီးတွေဟာ သူတို့အလုပ်ကို လွတ်လွတ်လပ်လပ် လုပ်နိုင်ကြရဲ့လား။ တစ်နည်းပြောရရင် တရားရေး မဏ္ဍိုင်ဟာ စတုတ္ထမဏ္ဍိုင်အပါအဝင် အခြား မဏ္ဍိုင်တွေ အထူးသဖြင့် အုပ်ချုပ်ရေးမဏ္ဍိုင်ရဲ့ ဝင်ရောက်စွက်ဖက်နှောင့်ယှက်လွှမ်းမိုးမှုမှ ကင်းလွတ်ရဲ့လားဆိုတာတွေနဲ့ စစ်ဆေးတိုင်းတာလိုက်ရင် လယ်ပြင်မှာ ဆင်သွားသလို အဖြေက ထင်ထင်ရှားရှားကြီး ပေါ်ထွက်လာမှာပဲ ဖြစ်တယ်ဗျာ။

ကျွန်တော်နဲ့ စကားစပ်မိလို့ မကြာသေးခင် ရက်သတ္တပတ် အနည်းငယ်အတွင်း ဖတ်ရှုဖြစ်ခဲ့တဲ့ တရားစီရင်ရေးစနစ်နဲ့ ပတ်သက်တဲ့ နိုင်ငံတကာ သတင်းတချို့အကြောင်း လက်တို့ပြီး ပြောပြချင်တယ်ဗျာ။

## ဘရာဇီးက တရားသူကြီး

သတင်းတစ်ခုက ဘရာဇီးကလာတာဖြစ်တယ်ဗျ။ သတင်းမှာ တရားသူကြီးတစ်ဦးက နိုင်ငံမှာ ကမ္ဘာ့ တတိယအကြီးဆုံး ဖြစ်လာမယ့် ရေကာတာကြီး တည်ဆောက်ရေး

လုပ်ငန်းတွေကို ရပ်ဆိုင်းထားဖို့ အမိန့်ထုတ်ပြန်လိုက်တယ်လို့ ပါတယ်ဗျ။ အဲဒီ စီမံကိန်းဟာ အစိုးရရဲ့ စီမံကိန်းဖြစ်တာကြောင့် အစိုးရရဲ့ရပ်တည်ချက်နဲ့ ဆန့်ကျင် နေတဲ့ အဲဒီစီရင်ချက်အတွက် အထက်ရုံးကို အယူခံတင်မယ်လို့ အစိုးရက ပြော ပေမယ့် အဲဒီတရားသူကြီးကို ဖိအားပေးတာမျိုး၊ တရားသူကြီး ဘယ်လိုဆုံးဖြတ် ဆုံးဖြတ် စီမံကိန်းကို ဆက်လုပ်မယ်လို့ ပြောတာမျိုးတွေ မရှိခဲ့ဘူးဗျ။

## တရုတ်ပြည်က တရားသူကြီး

နောက်သတင်းတစ်ခုက တရုတ်နိုင်ငံက လာတာ ဖြစ်တယ်ဗျာ။ နယ်မြို့လေးတစ်မြို့မှာ မြို့ခံတွေက ဓာတုစက်ရုံတစ်ရုံကြောင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုတွေ ပေါ်ပေါက်လာနေတယ်ဆိုပြီး အဲဒီစက်ရုံကို ပိတ်ပေးဖို့ ဆန့်ကျင်ကန့်ကွက်ဆန္ဒပြ တောင်းဆိုခဲ့ကြတယ်။ အဲဒီကိစ္စ တရားရုံးရောက်သွားတဲ့အခါ တရားသူကြီးက အာဏာပိုင်တွေနဲ့ ဆက်နွယ်မှုရှိနေတဲ့ စက်ရုံပိုင်ရှင်ဘက်ကမလိုက်ဘဲ ဒေသခံတွေရဲ့ တောင်း ဆိုချက်အတိုင်း စက်ရုံပိတ်ဖို့ စီရင်ချက်ချမှတ်ခဲ့တယ်ဗျာ။

## သိမ်းပိုက်လယ်တွေ ပြန်ပေးစေ

နောက်သတင်းတစ်ခုက အိန္ဒိယကဗျ။ အုတ္တာပရာဒက်ရှ်ပြည်နယ် အလာဟာဘတ်မြို့ တရားရုံးက လယ်သမားတွေဆီက သိမ်းထားတဲ့ လယ်မြေတွေ ပြန်ပေးဖို့ ပြည်နယ် အစိုးရကို အမိန့်ပေးလိုက်တယ်ဆိုတဲ့ သတင်းဖြစ်တယ်ဗျ။

အဲဒီဖြစ်ရပ် သုံး ခု စလုံးမှာ တရားရေးမဏ္ဍိုင်ဟာ အုပ်ချုပ်ရေးမဏ္ဍိုင်ဆီက ရောက်ရှိကောင်း ရောက်ရှိလာနိုင်တဲ့ ဖိအားကို မမှု ဘဲ ရဲရဲရင့်ရင့် လွတ်လွတ်လပ်လပ် စီရင်ဆုံးဖြတ်ခဲ့တာကို တွေ့ကြရမှာ ဖြစ်တယ်ဗျ။ တစ်နည်းပြောရရင် ဒီဖြစ်ရပ် သုံး ခုဟာ ဒီမိုကရေစီ တရားစီရင်ရေးစနစ် သို့မဟုတ် တရားဥပဒေစိုးမိုးမှုရှိခြင်းရဲ့ ကောင်းမွန်တဲ့ ဥပမာတွေ ဖြစ်တယ်ဗျာ။

## မျက်စိဒေါက်ထောက် ကြည့်နေမှာ

အခုဆိုရင် ကျွန်တော်တို့နိုင်ငံမှာ လွှတ်တော်က ဥပဒေတွေ တစ်ခုပြီးတစ်ခု အတည် ပြု ထုတ်ပြန်နေတာ တွေ့ရတယ်ဗျာ။ ကျွန်တော်တို့ စတုတ္ထမဏ္ဍိုင်သားတွေကတော့ အဲဒီ ဥပဒေတွေဟာ ဒီမိုကရေစီပြုပြင် ပြောင်းလဲရေးကို ဦးတည်တဲ့ ဥပဒေတွေ ဟုတ်မဟုတ် မျက်စိဒေါက်ထောက် ကြည့်နေ၊ ဆန်းစစ်နေမှာပဲဗျ။ ဥပဒေတွေ

သက်ဝင်လှုပ်ရှားလာတာနဲ့အမျှ အဲဒီဥပဒေတွေကို တရားရုံးတွေက ဆုံးဖြတ်စီရင် အကောင်အထည် ဖော်ကြရတော့မှာ ဖြစ်တယ်ဗျ။ အဲဒီအချိန်မှာ တရားသူကြီးတွေဟာ သူတို့လက်ထဲရောက်လာတဲ့ အမှုကိစ္စတွေကို ဘယ်လောက် လွတ်လွတ်လပ်လပ် အမှီအခိုကင်းကင်း ဆုံးဖြတ်စီရင်နိုင်ကြမလဲဆိုတာကို ပြည်တွင်းကရော ပြည်ပကပါ အထူးအာရုံစိုက်စောင့်ကြည့်နေကြမှာ ဖြစ်ကြောင်းပါဗျာ။

၁၊ နိုဝင်ဘာ၊ ၂၀၁၁

# နိုင်ငံရေး ဗဟုသုတ ဘယ်လို ဖြန့်ကြမလဲ

ဗိုလ်ချုပ်အောင်ဆန်းတို့ ကျောင်းသားခေါင်းဆောင်ဘဝတုန်းက ကျောင်းသားတွေ ပညာဗဟုသုတ တိုးပွားစေဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ နိုင်ငံရေးလောကက ပညာရှင်တွေကို ဖိတ်ကြားပြီး ကျောင်းသားသမဂ္ဂမှာ ဟောပြောပွဲတွေ အခါအားလျော်စွာ ကျင်းပပေးခဲ့တဲ့ အကြောင်း ဖတ်ဖူးပါတယ်။ ကျွန်တော်တို့ ရန်ကုန်တက္ကသိုလ်မှာ ရှိစဉ်ကလည်း နှစ်စဉ်လိုလို အဆောင် သဟာယနှင့် စာဖတ်အသင်းတွေက စာရေးဆရာ၊ သတင်းစာဆရာ ကြီးတွေ၊ နိုင်ငံရေးသမားကြီးတွေကို တက္ကသိုလ်နယ်မြေထဲ ပင့်ဖိတ်ပြီး ဟောပြောပွဲတွေ ကျင်းပပေးခဲ့ပါတယ်။

## ဗဟုသုတ အရင်းအမြစ်

လွတ်လပ်ရေးရပြီး ဒီမိုကရေစီ ခေတ်တစ်လျှောက်လုံးမှာ ပြည်တွင်းစစ်မီး အရှိန်အမြင့်ဆုံး တောက်လောင်ခဲ့တဲ့ အချိန်တွေ လောက်ကလွဲပြီး ကျန်ကာလ တစ်လျှောက်လုံး နိုင်ငံရေး ပါတီတွေ၊ ပုဂ္ဂလိက သတင်းစာတွေ အတော်ကလေး လွတ်လွတ်လပ်လပ် လှုပ်ရှား လုပ်ကိုင်နိုင်ခဲ့ကြတာမို့ လူငယ်တွေအဖို့ နိုင်ငံရေး အပါအဝင် အခြားသော ဗဟုသုတ အသိပညာရရာရကြောင်း အရင်းအမြစ်တွေ သိပ်မရှားပါးခဲ့ဘူးလို့ ဆိုရမှာ ဖြစ်တယ်ဗျ။

## ရေးသူ ဖတ်သူ ဆွေးနွေးပွဲများ

ပြောရရင် ကျွန်တော်တို့ နိုင်ငံမှာ ပါတီစုံဒီမိုကရေစီစနစ်ကို တစ်ပါတီစနစ်နဲ့ အစားထိုးခဲ့တဲ့ ဇရာမအပြောင်းအလဲကာလကြီးတစ်ခုရဲ့ အစောပိုင်း အတော်ဝေးဝေးအထိ ကာလတွေမှာတောင်မှ ကျွန်တော်တို့ ပြည်သူတွေ အထူးသဖြင့် လူငယ်တွေအတွက် မိမိတို့ ဦးနှောက်ကို ကျယ်ပြန့်ကြီးထွားစေတဲ့ လွတ်လပ်စွာ တွေးခေါ်မှုဆိုင်ရာ ပညာဗဟုသုတ ရရာရကြောင်း အရင်းအမြစ်တွေရှိနေခဲ့သေးတယ်ဗျ။ အဲဒီကာလမှာ နိုင်ငံရေးပါတီတွေ မရှိတော့ဘူးဆိုပေမယ့် လွတ်လပ်ခွင့် အတော်အတန် ရှိနေသေးတဲ့ သတင်းစာတွေနဲ့ မန္တလေး က မဟာ့ဝိမာန်စာပေလှုပ်ရှားမှု၊ ရန်ကုန် ပိုင်အမ်စီအေက ရေးသူဖတ်သူ ဆွေးနွေးပွဲတွေက ပြည်သူတွေကို စာပေ၊ နိုင်ငံရေးဗဟုသုတနဲ့ ဒီမိုကရေစီအလေ့အထတွေကို ဆက်လက် ပံ့ပိုးနေခဲ့ သေးတယ်ဗျ။ အဲဒီကာလ နောက်ပိုင်း တစ်ပါတီစနစ် တဖြည်းဖြည်းချင်း အခြေခိုင် လာတာနဲ့အမျှ ပြည်သူတွေ အကြား ပါတီစုံခေတ် လက်ကျန်ဒီမိုကရေစီ အလေ့အထ အကြားအမြင် ဗဟုသုတ တွေ တစ်စတစ်စ ဖျော့မှိန် ကုန်ခန်း လာခဲ့တယ်။ ဒါတောင်မှ နတ်တော်လကို စာဆိုတော်လအဖြစ် သတ်မှတ်ပြီး တစ်နိုင်ငံလုံးအနှံ့မှာ ကျင်းပခဲ့တဲ့ စာပေဟောပြောပွဲတွေက ဒီမိုကရေစီ ငတ်မွတ်နေကြတဲ့ ပြည်သူတွေအတွက် ဖြေသိမ့်စရာ အားဆေး တစ်ခွက် ဖြစ်ခဲ့တယ်ဗျ။

## တစ်ကျော့ပြန်လာချိန်

အဲဒီနောက်မှာတော့ အားလုံးသိကြတဲ့အတိုင်း အဲဒီအားဆေးလေးတောင်မှ မမှီဝဲရတော့တဲ့ အခြေအနေကို ရောက်ရှိသွားခဲ့ရတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရေစီရေး အခြေအနေဟာလည်း 'တွင်းနက်'ကြီးထဲ ကျရောက်သွားခဲ့ရပြီး အဲဒီအခြေအနေရဲ့ အကျိုးဆက် အဖြစ် ၁၉၈၈ မှာ ပြည်သူတွေရဲ့ ဒီမိုကရေစီတောင်းဆိုတဲ့ အုံကြွလှုပ်ရှားမှုကြီး ပေါ်ပေါက်လာ ခဲ့တော့တယ်ဗျာ။

အခုတော့ အဲဒီအခြေအနေဟာ အပြောင်းအလဲတစ်ခုဆီသို့ တစ်နေ့တခြား တရွေ့ရွေ့လာနေပြီ ဖြစ်တယ်ဗျာ။ အထူးသဖြင့် ၂၀၁၀ ရွေးကောက်ပွဲနဲ့ တက်လာတဲ့ အစိုးရအဖွဲ့ အကြီးအကဲဖြစ်တဲ့ သမ္မတကြီးဦးသိန်းစိန်ရဲ့ ရာထူးလက်ခံမိန့်ခွန်းထဲမှာ အများမျှော်လင့် မထားတဲ့စကားတွေ ပါလာခဲ့ပြီး အဲဒီနောက် တစ်ဆက်တည်းလိုလို အစိုးရနဲ့ လွှတ်တော်ရဲ့ ဒီမိုကရေစီကို ရှေးရှုတဲ့ လုပ်ရပ်တွေ တစ်ခုပြီး တစ်ခု ဆိုသလို ထွက်ပေါ်လာခဲ့ပြီးနောက်မှာ ဒီမိုကရေစီနိုင်ငံအဖြစ်သို့ တစ်ကျော့ပြန် ဦးတည်

လျှောက်လှမ်းရာမှာ အသက်ပမာ အရေးပါလှတဲ့ နိုင်ငံရေး၊ သမိုင်းနဲ့ အထွေထွေဗဟုသုတဆိုင်ရာ ပညာရပ်ဟောပြောပွဲတွေ တစ်စတစ်စတိုးတက် ပြန့်ပွား ထွန်းကားလာခဲ့တယ်ဗျာ။

## ကျေးဇူးတင်ရမည့် အပွဲများ

ဒီနေရာမှာ အဲဒီလိုမျိုး ဟောပြောပွဲတွေကို အစောစောကတည်းက ဦးဆောင်ကျင်းပပေးနေခဲ့တဲ့ ကုန်သည်ကြီးများနဲ့ စက်မှုလုပ်ငန်းရှင်များအသင်း၊ ငါးလုပ်ငန်းအသင်း စတဲ့ အဖွဲ့အစည်းတွေကို ကျေးဇူးဥပကာရ အထူးတင်ရှိကြောင်း ပြောဖို့မေ့ကျန်ခဲ့လို့ မဖြစ်ဘူးဗျ။ အဲဒီအဖွဲ့အစည်းတစ်ခုက ဦးစီးပြုလုပ်ခဲ့တဲ့ ဟောပြောပွဲတစ်ပွဲမှာ ကျွန်တော် သွားရောက် ဟောပြောခဲ့တာကလွဲပြီး ကျန်တဲ့ဟောပြောပွဲတစ်ခုမှ ကျွန်တော် သွားရောက်နားထောင်နိုင်ခဲ့ခြင်း မရှိပေမယ့် အဲဒီအဖွဲ့အစည်းတွေက ဦးစီးပြုလုပ်တဲ့ အထွေထွေဗဟုသုတ၊ နိုင်ငံရေးနဲ့ သမိုင်းဆိုင်ရာ ဟောပြောပွဲတွေဟာ ထူးထူးခြားခြား အောင်မြင်မှုတွေ ရရှိခဲ့တာကို သူပြော ငါပြောနဲ့ ဗီဒီယိုတွေကတစ်ဆင့် ကျွန်တော် သိခွင့်ရရှိခဲ့တယ်ဗျာ။

## အားတက် ရွှင်လန်းမိ

မကြာသေးမီတစ်ရက်ကလည်း ဝါဏိဇ္ဇဘွဲ့ရများ အသင်းက ဖိတ်ကြားလို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် စတုတ္ထမဏ္ဍိုင်၏ အခန်း ကဏ္ဍဆိုတဲ့ ခေါင်းစဉ်နဲ့ ကျွန်တော် သွားရောက် ဟောပြောခဲ့တယ်ဗျ။ အဲဒီဟောပြောပွဲကို အလွှာစုံ၊ အရွယ်စုံ၊ ကျားမအစုံက လူတွေ ခန်းလုံးပြည့်တက်ရောက်ခဲ့ရုံသာမက ဟောပြောပွဲအပြီး ပြုလုပ်တဲ့ မေးမြန်းဆွေးနွေးပွဲမှာလည်း တက်တက်ကြွကြွ မေးမြန်း ဆွေးနွေး ခဲ့ကြတာကိုကြည့်ပြီး ကျွန်တော့်ရင်ထဲမှာ တိုင်းပြည် အနာဂတ်အတွက် အားတက်ရွှင်လန်းစိတ်တွေ တဖွားဖွားပေါ်ထွက်လာခဲ့မိ တယ်ဗျာ။

## မောင်စူးစမ်းနှင့် ဦးကိုကိုလှိုင်

မကြာသေးခင်က မော်နီတာဂျာနယ်က ဦးစီးပြီး စာရေးဆရာကြီး မောင်စူးစမ်းနဲ့ နိုင်ငံတော်သမ္မတရဲ့ နိုင်ငံရေး အကြံပေးအဖွဲ့ ခေါင်းဆောင် ဦးကိုကိုလှိုင်တို့ကို ဖိတ်ကြားဟောပြောစေခဲ့တဲ့ပွဲမှာလည်း အင်မတန်မှ တက်ကြွထက်သန်တဲ့ ဒီမိုကရေစီအလေ့အထတွေကို မြင်တွေ့ခဲ့ ကြရတယ်ဗျာ။ ဒီမိုကရေစီခေတ်မှာ စာနယ်ဇင်းတွေ

ဟာ ပြည်သူတွေရဲ့ နှာ။ မျက်စိ၊ ပါးစပ်ဖြစ်တာကြောင့် ပြည်သူတွေ အသိပညာ ဗဟုသုတ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အထူးလိုအပ်နေတဲ့အရာတစ်ခုကို အခုလို ဖြည့်ဆည်းပေးခဲ့တာကို ကျွန်တော်တို့ ကျေးဇူးတင်ကြရမှာ ဖြစ်တယ်ဗျ။ မော်နီတာ ဂျာနယ် လိုပဲ အခြားတတ်နိုင်တဲ့ ဂျာနယ်တွေကလည်း လိုက်လုပ်လာကြမယ်ဆိုရင် သိပ်ကောင်းမှာပဲလို့ ကျွန်တော် တွေးနေမိတယ်ဗျာ။

## လူငယ်တွေအတွက် လမ်းကြောင်း

ဒီမိုကရေစီစနစ်ဆိုတာ လုပ်ပိုင်ခွင့်ကို ပြည်သူတွေအကြား ဖြန့်ဝေသုံးစွဲတဲ့စနစ် ဖြစ်တယ်ဗျ။ ဒါကြောင့် ပြည်သူတွေ အထူးသဖြင့် လူငယ်တွေ ဂိမ်းဆိုင်၊ ဘီလီယက်ခုံ၊ ဘီယာဆိုင်၊ ကေတီဗီ၊ အနိုပ်ခန်းတွေအစား နိုင်ငံတည်ဆောက်ရေးလမ်းကြောင်းပေါ် မလွဲမသွေ ရောက်ရှိလာစေမယ့် ပညာရပ်ဆိုင်ရာနဲ့ သမိုင်းဆိုင်ရာ နိုင်ငံရေးဆိုင်ရာ ဟောပြောပွဲတွေ မပြတ်ပေါ်ပေါက်နေစေဖို့ ကိစ္စအတွက် အစိုးရမှာ သာမက ပြည်သူ တွေ (တစ်နည်း)အရပ်ဘက် အခြေပြုလူ့အဖွဲ့အစည်းတွေမှာပါ တာဝန်ရှိတယ်လို့ ကျွန်တော် ယူဆမိကြောင်းပါဗျာ။

၁၊ နိုဝင်ဘာ၊ ၂၀၁၁

○

# ရှောခ်သုံးခုနဲ့ ဖျံကြောင်ငါး

ကျွန်တော်က ဘဝရပ်တည်မှုအနေအထားအရ အခြေခံပြည်သူတွေနဲ့ တစ်သားတည်း တစ်ဆက်တည်း ရှိနေတဲ့အပြင် စာနယ်ဇင်းသမား တစ်ယောက်ဆိုတဲ့ မိမိရဲ့ အသက်မွေးဝမ်းကျောင်း အလုပ်အရ မျက်စိ၊ နားကို ကျယ်ကျယ်ဖွင့်ထားရသူဖြစ်လို့ ပြည်သူ တွေရဲ့ ရင်ခုန်သံကို အတော်ကလေး ကြည်ကြည်လင်လင် ပီပီသသ ကြားသိနေတယ်လို့ ပြောဝံ့တယ်ဗျ။

မြန်မာနိုင်ငံက အခြေခံပြည်သူလူထု အများစုကြီးရဲ့ ရင်ထဲက စကားသံကို အရင်း အတိုင်းကြားရလေ့ရှိသူတစ်ယောက်အနေနဲ့ ပွင့်ပွင့်လင်းလင်း ပြောရရင် ပြည်သူ လူထု ရောမအများစုကြီးဟာ ၂၀၀၈ မှာ အတည်ပြုခဲ့တဲ့ အခြေခံဥပဒေနဲ့ ပတ်သက် လို့ရော ၂၀၁၀ မှာ ကျင်းပပြုလုပ်ခဲ့တဲ့ ရွေးကောက်ပွဲနဲ့ ပတ်သက်လို့ပါ မျှော်လင့်ချက် ကြီးကြီးမားမား ထားခဲ့ကြတာ မဟုတ်ဘူးဗျ။ ရှင်းရှင်းပြောရရင် အဲဒီ နှစ်ခုစလုံးကို သိပ်စိတ်ဝင်စားခဲ့ကြတာ မဟုတ်ဘူးဗျာ။ အဲဒီကာလတွေတုန်းက ပြည်သူတွေအကြား ‘မဲပြာပုဆိုး’ ပုံပြင်၊ ‘ရသေ့ရှစ်သောင်း’ ပုံပြင်တွေပဲ ဆက်လက်တွင်ကျယ်ပျံ့နှံ့နေခဲ့တာ ဖြစ်တယ်ဗျ။

စိတ်ပျက်လက်ပျက်နဲ့ ထိုင်းထိုင်းမှိုင်းမှိုင်း တွေတွေဝေဝေ ဖြစ်နေကြတဲ့ ပြည်သူ တွေ ရွေးကောက်ပွဲနီးလာချိန်မှာ ဒီမိုကရေစီကို လှတ်တော် ကတစ်ဆင့် ဖော်ဆောင် မယ်လို့ ကြွေးကြော်ထားကြတဲ့ ပါတီတချို့ရဲ့ မဲဆွယ်လှုပ်ရှားမှုတွေကြောင့် နည်းနည်းကလေး လှုပ်တုတ်တုတ် ဖြစ်သွားခဲ့ကြသေးပေမယ့် ရွေးကောက်ပွဲအပြီး မဲရေတွက်ချိန်မှာ ဟိုက ဒီက ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာတဲ့ ‘ကြိုတင်မဲ’ သတင်းတွေကြောင့် မြန်ပြီး ပက်လက်လန်သွားခဲ့ကြရပြန်တယ်ဗျာ။

## ရှော့ခ် သုံးခု

ဒါပေမယ့် ရွေးကောက်ပွဲနောက်ပိုင်းမှာ ပြည်သူတွေဟာ ရှော့ခ် 'Shock' ကြီး သုံးခုနဲ့ ကြုံတွေ့ခဲ့ကြရတယ်ဗျ။

ပထမဆုံး ရှော့ခ်က ၂၀၁၀ ရွေးကောက်ပွဲနဲ့ တက်လာတဲ့ အစိုးရအဖွဲ့ရဲ့ အကြီးအကဲ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ရဲ့ မိန့်ခွန်းတွေ ဖြစ်တယ်ဗျ။ စစ်အစိုးရဟောင်းလက်ထက် ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူရဲ့ သမ္မတရာထူး လက်ခံ မိန့်ခွန်းမှာ စစ်အစိုးရဟောင်းရဲ့ ထူးမခြားနား သဘောထားတွေပဲ ပါလာမှာပဲလို့ ပြည်သူတွေထင်ထားခဲ့ကြပေမယ့် မိန့်ခွန်းမှာပါတဲ့အချက် အတော်များများကြောင့် ပြည်သူတွေ အငိုက်မိပြီး ရှော့ခ်ရသွားခဲ့ကြတယ်ဗျ။ အထူးသဖြင့် နိုင်ငံရဲ့အခြေအနေမှန်ကို ဝန်ခံလိုက်တဲ့အချက်၊ အခြေခံဥပဒေ ကို လက်မခံနိုင်သူတွေ၊ လွှတ်တော်ပြင်ပက နိုင်ငံရေးအင်အားစုတွေနဲ့လည်း လက်တွဲပူးပေါင်းဆောင်ရွက်သွားမယ်ဆိုတဲ့အချက်တွေက ငေးငေးငိုင်ငိုင် ဖြစ်နေကြတဲ့ ပြည်သူတွေကို လှုပ်နှိုးလိုက်သလို ဖြစ်သွားစေခဲ့တယ်ဗျ။

ဒုတိယရှော့ခ်က လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်တို့ ဗိုလ်ချုပ်အောင်ဆန်းဓာတ်ပုံ ရှေ့မှာ ယှဉ်တွဲရပ်နေကြတဲ့ဓာတ်ပုံ သတင်းစာမှာ ပါလာခဲ့တုန်းက ဖြစ်တယ်ဗျာ။ ဆယ်စုနှစ် နှစ်ခုကျော်လောက် ရန်ဘက်လိုသဘောထား ဆက်ဆံလာခဲ့တဲ့အစိုးရနဲ့ သဘောထား ကွဲပြားသူတစ်ယောက်ကို အခုအချိန်ကစပြီး တန်းတူရည်တူ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ဆက်ဆံသွား တော့မယ်ဆိုတဲ့ သတင်းစကားနဲ့ လက်ရှိ တပ်မတော်ဟာ လူအများ (လူအနည်းလည်းဖြစ်ချင်ဖြစ်မယ်ပေါ့ဗျာ) ထင်နေကြသလို စစ်အာဏာရှင် စနစ်ကို ကျင့်သုံးမယ့် တပ်မတော်မဟုတ်ဘဲ ပြည်သူတွေ ချစ်ခင်ကြည်ညိုလေးစားတဲ့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ လမ်းစဉ်အတိုင်း လျှောက်လှမ်းသွားမယ့် တပ်မတော်ဖြစ်တယ်ဆိုတဲ့ သတင်းစကားနှစ်ခုကို တစ်ပြိုင်တည်းမှာ ပေးပို့လိုက်တဲ့ အဲဒီ ဓာတ်ပုံ ကြောင့် ပြည်သူတွေရဲ့ မှုန်ဝါးဖျော့တော့နေတဲ့ မျှော်လင့်ချက် ဒုတိယရှော့ခ်ရပြီး ပိုမိုလင်းလက်တောက်ပသွားခဲ့တာ ဖြစ်တယ်ဗျ။

တတိယရှော့ခ်က ဧရာဝတီမြစ်ဆုံမှာ ရေကာတာ တည်ဆောက်မယ့် စီမံကိန်းကို ရပ်ဆိုင်းထားမယ်ဆိုတဲ့ သမ္မတကြီးရဲ့ ကြေညာချက် ထွက်ပေါ်လာချိန်မှာ ရခဲ့တာ ဖြစ်တယ်ဗျ။ အခြေခံဥပဒေနဲ့ ရွေးကောက်ပွဲရဲ့ယုံကြည်အားထားလောက်ဖွယ်ရှိမှုအပေါ် သံသယကြီးစွာ ရှိနေကြတဲ့ ပြည်သူတွေထံ မိမိတို့ အစိုးရဟာ ပြည်သူ့ဆန္ဒကို

မဆန့်ကျင်တဲ့ အစိုးရဖြစ်တယ်ဆိုတဲ့ သတင်းစကားပေးပို့ခဲ့တဲ့ အဲဒီလုပ်ရပ် ကြောင့် တတိယရှော့ခ်ရသွားတဲ့ ပြည်သူတွေရဲ့ မျှော်လင့်ချက်ဟာ ဒီတစ်ကြိမ်မှာ အတော် ကလေးမြင့်မားတဲ့နေရာအထိ ရောက်ရှိသွားခဲ့ တယ်ဗျ။

## စိတ်ရှုပ်ထွေးစရာတွေ

ဒါပေမယ့် အဲဒီရှော့ခ်တွေရခဲ့တဲ့ကာလအတွင်းမှာရော နောက်ပိုင်းမှာပါ ပေါ်ထွက်လာ တဲ့ အစိုးရရဲ့လုပ်ရပ်တွေကတော့ ပြည်သူတွေကို စိတ်ရှုပ်ထွေးမှုတွေပဲ ဖြစ်ပေါ်စေ ခဲ့တယ်လို့ ပြောရမယ်ဗျာ။

အဲဒီလုပ်ရပ်တွေအနက် အဓိကလုပ်တဲ့လုပ်ရပ်တစ်ခုကတော့ နယ်စပ်ဒေသ တွေမှာ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့တွေနဲ့ တိုက်ပွဲများ (တချို့အချိန်မှာ ပြင်းထန်စွာ) ဆက်လက်ဖြစ်ပွားနေတဲ့ကိစ္စ ဖြစ်တယ်ဗျ။ နောက်လုပ်ရပ်က မြန်မာ ပြည်သူကရော ကုလသမဂ္ဂအပါ အဝင် နိုင်ငံတကာ အသိုင်းအဝိုင်းကပါ တစိုက် မတ်မတ် တောင်းဆိုနေကြတဲ့ အကျဉ်းသားလွတ်ပေးရေးကိစ္စ ဖြစ်တယ်ဗျ။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့အပေါ် လက်ရှိအစိုးရရဲ့ ပြုမူဆက်ဆံ နေပုံကြောင့် လက်ရှိအစိုးရနဲ့ အရင်ကရှိခဲ့တဲ့ စစ်အစိုးရတွေ အခြားအခြေခံက စပြီး ပွဲပြီး ခြားနားမှုရှိနေပြီဆိုတဲ့ အယူအဆဟာ ထင်ယောင်ထင်မှားဖြစ်မှုတစ်ခုလားဆို ပြီး မေးခွန်းထုတ်စရာ ပေါ်ပေါက် နေတာ အမှန်ပဲဗျ။ အဲသလိုပဲ တိုင်းတစ်ပါးနယ်ချဲ့ကို ကိုလိုနီအစိုးရကတောင် သူနဲ့ သဘောထားမတူတဲ့သူတွေကို နိုင်ငံရေး အကျဉ်းသား လို့ သဘောထားနိုင်ခဲ့ပေမယ့် ဒီမိုကရေစီနိုင်ငံ တည်ဆောက်မယ်လို့ ပြောထားတဲ့ မြန်မာတိုင်းရင်းသား အရပ်သားအစိုးရက စစ်အစိုးရဟောင်းတွေ လက်ထက်က ထောင်ဒဏ်ချမှတ်ခံထားကြရတဲ့ အစိုးရနဲ့ သဘောထားချင်း မတူသူတွေကို ယုံကြည်ချက်ကြောင့် အကျဉ်းချ ခံနေကြရသူများ သို့မဟုတ် နိုင်ငံရေးအကျဉ်းသား လို့တောင် သတ်မှတ်ခေါ်ဝေါ်သုံးစွဲနိုင်ခြင်းမရှိတဲ့ အချက်က လက်ရှိအရပ်သားအစိုးရဲ့ ဒီမိုကရေစီကတိကဝတ်တွေအပေါ် သံသယတွေ ပိုမိုတိုးပွားလာအောင် အားပေးနေ သလို ဖြစ်နေတယ်ဗျာ။

ဒီနောက်မှာ ကျွန်တော် ငယ်ငယ်က ကြားခဲ့ဖူးတဲ့ လူပြက်တစ်ယောက်ရဲ့ ပြက်လုံးကို သွားသတိရမိတယ်ဗျ။ လူပြက်က ရခိုင်လူမျိုး တံငါသည်တစ်ယောက် ပစ်လိုက်တဲ့ကွန်ထဲမှာ ဖျံတစ်ကောင်ပါလာလို့ ဖျံကို ဘာကောင်မှန်းမသိတဲ့ အဲဒီ တံငါသည် ညည်းပြောပြောပုံကို ရခိုင်လေသံနဲ့ ပြောပြီး ပြက်လုံးထုတ်ခဲ့တယ်။ အဲဒီရခိုင်တံငါသည် ညည်းပုံက ဒီလိုဗျ။ "ဝေး ... ကြောင်လို့ဆိုရမှာကလည်း ရေထဲက

ရတော့ကြောင်လို့ မဆိုနိုင်။ ငါးလို့ဆိုရမှာလည်း နှုတ်ခမ်းမွေးနဲ့မို့ ငါးလို့မဆိုနိုင်။ ဒီကောင် ဘာကောင်လဲဝေ့” လို့ ဖြစ်တယ်ဗျ။

သမ္မတကြီးဦးသိန်းစိန်ရဲ့အစိုးရအနေနဲ့ ကြောင်လား။ ငါးလား ခွဲခြားမရ ဖြစ်နေသူတွေကို မကြာခင်အချိန်ကာလအတွင်း ကောင်းစွာ သက်သေပြနိုင်လိမ့်မယ်လို့ မျှော်လင့်ကြောင်းပါဗျ။

၉၊ နိုဝင်ဘာ၊ ၂၀၁၁

၀

# ဆန်ရှင်ဇာတ်မြစ် တွေ့အောင် ရှာ ရအောင်ရှင်း

ဒီကနေ့ ဈေးကွက်စီးပွားရေးခေတ်မှာ နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အဆုံးအဖြတ်ပေးတာက နိုင်ငံခြားတိုက်ရိုက် ရင်းနှီး မြှုပ်နှံမှု (Foreign Direct Investment-FDI) ပဲ ဖြစ်တယ်ဗျ။ FDI က နိုင်ငံတစ်နိုင်ငံကို ခိုင်မာတဲ့ နိုင်ငံခြားငွေ (Hard Foreign Currency) ကို အခွန်အခ ပုံသဏ္ဍာန်များမှတစ်ဆင့် အလုံးအရင်းနဲ့ ရရှိစေတာကြောင့် နိုင်ငံရဲ့ အထွေထွေ အသုံးစရိတ်အတွက် အကြီးဆုံးသော အထောက်အပံ့ဖြစ်တဲ့အပြင် အလုပ်အကိုင်သစ်များကိုလည်း ဖန်တီးပေးတာကြောင့် နိုင်ငံရဲ့ အလုပ်လက်မဲ့ ပြဿနာကို ကျယ်ကျယ်ပြန့်ပြန့် ဖြေရှင်းပေးရာရောက်ပြီး အဲဒီကတစ်ဆင့် လူမှုရေး တည်ငြိမ်မှုကိုလည်း ဆောင်ကြဉ်းပေးနိုင်တာ ဖြစ်တယ်ဗျာ။

ကွန်မြူနစ်ဝါဒ ခေတ်ကောင်းစဉ်တုန်းကတော့ အဲဒီဝါဒီအစိုးရတွေရဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပတ်သက်တဲ့ အဓိကလမ်းစဉ်က ကိုယ်ထူ ကိုယ်ထ ကိုယ့်အားကိုယ်ကိုးရေး ဖြစ်တယ်ဗျ။ သူတို့ရဲ့ ကိုယ်ထူကိုယ်ထ ကိုယ့်အားကိုယ်ကိုးဆိုတာက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် FDI အပေါ် လုံးလုံးအလေးမထား သို့မဟုတ် မဆိုစလောက်ကလေးသာ အလေးထားခြင်းကို ဆိုလိုတယ်။ မိမိပြည်သူတွေရဲ့ ကုန်ထုတ်စွမ်းအား မြင့်မားရေးကို အလေးထား တွန်းတင်မှုနဲ့ အဲဒါကို သွင်းကုန်လျှော့ချရေး ရည်ရွယ်တဲ့တင်းကျပ်တဲ့ ခြိုးခြံချွေတာရေး စည်းမျဉ်းစည်းကမ်းများနဲ့ ပေါင်းစပ်တဲ့ မူဝါဒဖြစ်တယ်ဗျ။ အဲဒီစီးပွားရေး မူဝါဒကို စီမံကိန်းစီးပွားရေးမူဝါဒ သို့မဟုတ် အမိန့်ပေးစီးပွားရေး မူဝါဒလို့လည်း ဈေးကွက်စီးပွားရေး ပညာရှင်တွေက ခေါ်ဝေါ်သုံးနှုန်း ခဲ့ကြတယ်ဗျ။

အဲဒီစီးပွားရေးမူဝါဒ အောင်မြင်မှုရှိခဲ့တယ် မရှိခဲ့ဘူးဆိုတာကိုတော့ နှစ်ဆယ်ရာစုကုန်ဆုံးခါနီး နှစ်တွေမှာ ဆိုဗီယက်ယူနီယံနဲ့ အရှေ့ဥရောပနိုင်ငံတွေ ကြုံတွေ့

ခဲ့ရတဲ့ အဖြစ်အပျက်တွေက ရှင်းပြနေတယ်ဗျ။ ကျွန်တော်တို့ အိမ်နီးချင်း ကမ္ဘောဒီးယားနိုင်ငံမှာ ခမာနီအစိုးရ လက်ထက် (၁၉၇၅-၇၉) ပေါ်ပေါက်ခဲ့တဲ့ သွေးလန့်ချောက်ချားစရာ လူအစုလိုက် အပြုံလိုက် သေဆုံးခဲ့ရမှုတွေကလည်း အဲဒီစီးပွားရေးမူဝါဒ ရဲ့ သမိုင်းစာမျက်နှာ တစ်ခုပဲ ဖြစ်တယ်ဗျာ။

## အက်ဖ်ဒီအိုင်နောက် သဲကြီးမဲကြီးလိုက်

ဘာပဲပြောပြော ၁၉၉၇ တုန်းက အာရှနိုင်ငံတချို့ ကြုံတွေ့ခဲ့ကြရတဲ့ ဘဏ္ဍာရေး အကျပ်အတည်း ၂၀၀၈ မှာ ကမ္ဘာ့နိုင်ငံကြီး အများ အပြား ကြုံတွေ့ခဲ့ကြရတဲ့ ဘဏ္ဍာရေးအကျပ်အတည်းတွေ ရှိခဲ့တာတောင်မှ လွတ်လပ်တဲ့ ဈေးကွက်စီးပွားရေးစနစ်ကို (တစ်နည်း) နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် FDI အပေါ် အဓိက အလေးထားတဲ့ စီးပွားရေးစနစ်ကို နန်းပလ္လင်ပေါ်က တွန်းချနိုင်တဲ့ စီးပွားရေးစနစ် တစ်ခု အခုထိ ပေါ်မလာသေးတာ အထင်အရှားဖြစ်တယ်ဗျ။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ ဝန်းကျင်ကာလ အတွင်း စီးပွားရေးတစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်လာခဲ့တော့ BRIC လို့ အတိုကောက်ခေါ်နေကြတဲ့ ဘရာဇီး၊ ရုရှား၊ အိန္ဒိယနဲ့ တရုတ်၊ အစောပိုင်း အာရှကျားတွေဖြစ်ကြတဲ့ ဟောင်ကောင်၊ တရုတ်တိုင်ပေ၊ တောင်ကိုရီးယား၊ စင်ကာပူ၊ နောက်ပေါက်ကျားတွေ ဖြစ်ကြတဲ့ မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ် စတဲ့ နိုင်ငံတွေ အားလုံးရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှုရဲ့ သော့ချက်ဟာလည်း FDI မြင့်တက်လာမှုပဲ ဖြစ်တယ်လို့ စီးပွားရေးပညာရှင် အားလုံးက တညီတညွတ်တည်း ကောက်ချက်ချခဲ့ကြတယ်ဗျာ။

ဒါကြောင့်လည်း ဒီကနေ့ ကမ္ဘာမှာ နိုင်ငံကြီးငယ်အားလုံးက FDI နောက်ကို အပြိုင်အဆိုင် သဲကြီးမဲကြီး လိုက်နေကြတာဖြစ်တယ်ဗျ။ FDI ရဖို့အရေး ဆွဲဆောင်စည်းရုံးသိမ်းသွင်းမှုမျိုးစုံ လုပ်နေကြရတာဖြစ်တယ်ဗျ။ FDI ဝင်လာမယ့်လမ်းမှာ အနှောင့်အယှက် အဟန့် အတားဖြစ်စေမယ့် အရာမှန်သမျှကို ရှင်းလင်းဖယ်ရှားနိုင်ဖို့ ကြိုးပမ်းနေကြတာ ဖြစ်တယ်ဗျ။

ကျွန်တော်တို့ နိုင်ငံမှာလည်း အဲဒီလုပ်ငန်းကို နိုင်ငံတော်အစိုးရက အထူး အလေးထားပြီး လုပ်ဆောင်နေတာ အထင်အရှား မြင်တွေ့နေကြရတယ်ဗျ။ ဒါပေမဲ့ အဲသလို အားတက်စရာ သတင်းတွေကြားနေရတဲ့ တစ်ချိန်တည်းမှာ ဘဝင်မကျချင်စရာ နားမလည်နိုင်စရာ အခြေအနေတွေကိုလည်း မြင်တွေ့နေကြရတယ်ဗျာ။

## ဂျပန် ဘာကြောင့် ပြန်ထွက်

အောက်တိုဘာလ ၂၈ ရက်နေ့ထုတ် မော်ဒန်သတင်းဂျာနယ် အမှတ် (၂၈၁) ထဲက သတင်းတစ်ပုဒ်ကို ဖတ်မိတော့ ကျွန်တော့်ရင်ထဲက အဲဒီခံစားချက် ပိုပြီးစူးရှ သွားခဲ့တယ်ဗျ။ သတင်းက 'အခြေအနေကြည့်ပြီး ဂျပန်တို့ ရင်းနှီးမြှုပ်နှံလို' လို့ ခေါင်းစဉ်တပ်ထားတဲ့ သတင်း ဖြစ်တယ်ဗျ။ အဲဒီသတင်းမှာ 'အရင်ကတော့ ဂျပန်ရင်းနှီးမြှုပ်နှံမှုတွေက ဝင်လာခဲ့ပြီးပေမယ့် ခဏနဲ့ ပြန်ထွက်သွားရတယ်။ သူတို့ (ဂျပန်) အကြောက်ဆုံးက Sanction (စီးပွားရေးပိတ်ဆို့မှု) ပဲ။ ပြီးတော့ အရင်က ဒီနိုင်ငံရဲ့ စီးပွားရေးမူဝါဒ အပြောင်းအလဲ မြန်တာကို ကြောက် တယ်' ... လို့ အာဆီယံဂျပန် စီးပွားရေးလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲဥက္ကဋ္ဌ ဒေါက်တာ ခင်ရွှေက ပြောပါတယ်လို့ ဖော်ပြထားတယ်ဗျာ။ နောက် အဲဒီသတင်း တစ်နေရာမှာလည်း ဆွေးနွေးပွဲတက်ရောက်လာသူ လုပ်ငန်းရှင်တစ်ဦးက 'ကျွန်တော့်အတွေ့အကြုံအရ ပြောရရင် တခြားနိုင်ငံတွေက ရင်းနှီးမြှုပ်နှံမှုဝင်လာဖို့က ဂျပန်ကို စောင့်ကြည့်ကြတာများတယ်၊ ဂျပန်က စေ့စပ်သေချာတယ်' လို့ ပြောဆိုခဲ့ကြောင်း ဖော်ပြထားပြီး နောက်တစ်နေရာမှာတော့ လက်ရှိ အခြေအနေမှာ မြန်မာနိုင်ငံရဲ့ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုက ၁၂ ကနေ ၁၄ ရာခိုင်နှုန်းအထိပဲ ရှိတယ်။ စက်မှုကဏ္ဍမှာ ၄၀% တိုးတက်မှု မရှိဘူးဆိုရင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်တယ်လို့ မဆိုနိုင်ဘူးလို့ ဖော်ပြထားတယ်ဗျာ။

## ဆန်ရှင်တွေ ဘာကြောင့်ဖြစ်

အဲဒီစကားတွေကို အနှစ်ချုပ်ကြည့်လိုက်တဲ့အခါ ကျွန်တော်တို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အဟန့်အတားဖြစ်နေတာက 'ဆန်ရှင်' Sanction တွေ ဖြစ်တယ်ဆိုတာကို တွေ့ကြရမှာဖြစ်တယ်ဗျ။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံရဲ့ အမျိုးသားဖွံ့ဖြိုးတိုး ကြ်ရေး ခရီးလမ်းမှာ အဓိက အဟန့်အတားအဖြစ် တည်ရှိနေတဲ့ အဲဒီ Sanction တွေကို ဖယ်ရှားရေးဟာ ကျွန်တော်တို့အားလုံးရဲ့ အမျိုးသားရေးတာဝန်ကြီး ဖြစ်တယ်ဗျ။ ဒီတာဝန်ကို ထမ်းဆောင်ရာမှာ ကျွန်တော်တို့ ပထမဆုံး လှမ်းသင့်တဲ့ခြေလှမ်းက အဲဒီ Sanction တွေ ဘာကြောင့်ဘယ်လို စတင်ပေါ်ပေါက်လာသလဲ။ အခုအထိ ဘာကြောင့် ဆက်ရှိနေသေးတာလဲ ဆိုတာတွေကို စဉ်းစားသုံးသပ်ခြင်း ဖြစ်တယ်ဗျာ။ 'အတွေးမှန်မှ အလုပ်မှန်မယ်'ဆိုတဲ့စကားအတိုင်း ပြဿနာရဲ့ ဇာစ်မြစ်ကို မှန်မှန်ကန်ကန် တွေးတော ဆင်ခြင် ဖော်ထုတ်နိုင်မှသာ အဲဒီပြဿနာကို ဖြေရှင်းနိုင်မှာဖြစ်ကြောင်းပါဗျာ။

၂၂၊ နိုဝင်ဘာ၊ ၂၀၁၁

# မတူကွဲပြားတဲ့ အမြင်ဆိုတာ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နဲ့ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံဆွေးနွေးကြပြီးတဲ့နောက် ပြည်သူတွေကို အသိပေး ပြောကြားခဲ့တဲ့ ခေါင်းဆောင်နှစ်ဦးရဲ့စကားထဲမှာ ပါဝင်တဲ့ အဓိကအချက်တစ်ချက်က 'နှစ်ဖက်အကြား အမြင်မတူတာတွေကို ခဏ ဘေးဖယ်ထားပြီး အမြင်တူတာတွေကို လက်တွဲလုပ်ဆောင်သွားဖို့ သဘောတူခဲ့ကြတယ်' ဆိုတဲ့ အချက် ဖြစ်တယ်ဆိုတာကို အားလုံးမှတ်မိနေကြလိမ့်မယ်ထင်တယ်ဗျ။

## တိုးတက်ဖြစ်ထွန်းမှုတွေ

အခုဆိုရင် အားလုံးသိကြတဲ့အတိုင်း ကျွန်တော်တို့ နိုင်ငံမှာ လိပ်ခဲတည်းလည်း တအုံနွေးနွေးဖြစ်နေတဲ့ကိစ္စကြီးနှစ်ခု ပြေလည်သွားပြီ ဖြစ်တယ်ဗျ။ တစ်ခုက ၂၀၁၄ မှာ မြန်မာနိုင်ငံအာဆီယံဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခွင့်ရရှိရေးဖြစ်ပြီး နောက်တစ်ခုက NLD ဒီချုပ် မှတ်ပုံတင်ရေး ဖြစ်တယ်ဗျ။ အဲဒီပြဿနာကြီးနှစ်ခု ပြေလည်သွားမှုရဲ့ အကျိုးဆက်အဖြစ် နှစ်ပေါင်း ၅၀ ကျော်ကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးတစ်ဦး ကျွန်တော်တို့ နိုင်ငံကို မကြာခင် အလည်အပတ် ရောက်ရှိလာတော့မှာ ဖြစ်တယ်ဗျာ။ အခြား အခြားသော သံတမန် ဆက်ဆံရေး ပြောင်းလဲတိုးတက်မှုတွေလည်း အများအပြား ဖြစ်ပေါ်နေတယ်ဗျ။

## ဘာတွေ အမြင်မတူကြတာလဲ

ဒီအချိန်မှာ ကျွန်တော်က ခေါင်းဆောင် နှစ်ဦးရဲ့ 'အမြင်မတူတာတွေ' ဆိုတဲ့စကားကို ခွဲခြမ်းစိတ်ဖြာကြည့်နေမိတယ်ဗျာ။ ဘယ်အမြင်တွေမှာ မတူတာလဲ။ ဘာကြောင့်

မတူကြတာလဲ။ ဘယ်အမြင်က ယထာဘူတကျသလဲ စတာတွေကို ခုနစ်စဉ် အမျှင်တန်း တွေးကြည့်နေမိတာ ဖြစ်တယ်ဗျ။

အားလုံးသိကြတဲ့အတိုင်း ၁၉၆၂ မှာ ကျွန်တော်တို့နိုင်ငံရဲ့နိုင်ငံရေးဟာ အသွင် သဏ္ဌာန်ရော အနှစ်သာရပါ လုံးဝပြောင်းလဲသွားခဲ့တယ်ဗျာ။ ၁၄နှစ်သက်တမ်းပဲ ရှိခဲ့ရှာတဲ့ ပါလီမန် ဒီမိုကရေစီဟာ လက်စတုံး ခံလိုက်ရတယ်။ ဆန့်ကျင်သူတွေက 'စစ်အာဏာရှင်စနစ်' လို့ အမည်တပ်ခဲ့ကြတဲ့ အဲဒီ နိုင်ငံရေးစနစ် အပြောင်းအလဲကို ဦးဆောင်လုပ်ကိုင်ခဲ့ကြသူတွေက ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့က သူတို့လုပ်ရပ်ကို မြန်မာနိုင်ငံမှာ ခေတ်ပြောင်းတော်လှန်ရေး ဆင်နွှဲလိုက်ခြင်းလို့ မော်ကွန်းထိုးခဲ့ကြ ပေမယ့် သူတို့နဲ့ သဘောထားချင်း မတူ ကွဲပြားသူတွေကတော့ အဲဒီနေ့ကို မြန်မာနိုင်ငံ မှာ ဒီမိုကရေစီကွယ်လွန် အနိစ္စရောက်သွားတဲ့နေ့အဖြစ် နောက်ပိုင်းမှာ ပိုပိုပြီး ရှုမြင် လာခဲ့ကြတယ်ဆိုတာ အထင်အရှားဖြစ်တယ်ဗျာ။ ဆိုလိုတာက အဲဒီအချိန်ကစပြီး ကျွန်တော်တို့နိုင်ငံမှာ တစ်ခုနဲ့တစ်ခု ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ခြားနားတဲ့ အမြင် နှစ်ခု ပေါ်ပေါက် လာခဲ့တယ်လို့ ဆိုနိုင်တယ်ဗျ။

## အမြင်နှစ်ရပ်ကို ကိုယ်စားပြု

ပွင့်ပွင့်လင်းလင်း ပြောရရင် ဒီကနေ့ တည်ရှိနေတဲ့ သမ္မတကြီး ဦးသိန်းစိန်ဦးဆောင်တဲ့ အစိုးရနဲ့ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်း စုကြည် ဦးဆောင်တဲ့ အင်အားစုတို့ဟာ အဲဒီမတူကွဲပြားခြားနားတဲ့ အမြင်နှစ်ရပ်ကို ကိုယ်စားပြုနေကြသူတွေလို့ ပြောနိုင် တယ်ဗျာ။ မကြာသေးမီက ခေါင်းဆောင်နှစ်ဦး ပြောဆိုခဲ့ကြတဲ့ 'မတူတဲ့ သဘောထား အမြင်တွေ' ဆိုတာဟာ အဲဒီနှစ်ပေါင်း ငါးဆယ်ကျော် ကာလတစ်လျှောက်လုံး တည်ရှိလာခဲ့တဲ့ အမြင်မတူမှုတွေကို ဆိုလိုတာဖြစ်တယ်လို့ ကျွန်တော်တော့ ယူဆ တယ်ဗျ။

## လျော့ကာန်သင့်မြတ် သဘောထား

အမြင်မတူတာတွေကို ခဏဘေးဖယ်ထားပြီး အမြင်တူတာတွေကို ပူးပေါင်းလက်တွဲ လုပ်ဆောင်ကြမယ်ဆိုတာ ဒီကနေ့လို ကျွန်တော်တို့နိုင်ငံမှာ အမျိုးသားပြန်လည် သင့်မြတ်ရေး အသည်းအသန်လိုအပ်နေတဲ့ ကာလမျိုးမှာ မဖြစ်နေထားရှိရမယ် အင်မတန်မှ လျော့ကာန်သင့်မြတ်တဲ့ သဘောထား ဖြစ်တယ်ဗျာ။ ဒါပေမဲ့ ကျွန်တော်တို့ အမှန်တကယ် ကြုံခိုင်တောင့်တင်း ရေရှည်ခံတဲ့ ဒီမိုကရေစီနိုင်ငံတစ်ခု တည်ဆောက်

ချင်တယ်ဆိုရင်တော့ ကျွန်တော်တို့ဟာ အဲဒီမတူတဲ့ အမြင်ဆိုတဲ့ ပြဿနာကို တစ်နေ့မှာ မလွဲမသွေ ကိုင်တွယ်ဖြေရှင်းရမှာပဲ ဖြစ်တယ်ဗျ။ အဲသလို တစ်နေ့နေ့မှာ မလွဲမသွေကိုင်တွယ်ဖြေရှင်းရမယ့် ပြဿနာနဲ့ပတ်သက်ပြီး ကျွန်တော်တို့ အခု ကတည်းက လေ့လာသင့်တာတွေ လေ့လာ၊ စဉ်းစားသင့်တာတွေ စဉ်းစား ထားခဲ့ရင် အချိန်ကျတဲ့အခါ ပိုပြီးလွယ်လွယ်ကူကူ ဖြေရှင်းနိုင်လိမ့်မယ်။ အနည်းဆုံးတော့ ဘယ်ပြဿနာကိုတော့ ပထမ၊ ဘယ်ပြဿနာကိုတော့ ဒုတိယ စသဖြင့် အမှတ်စဉ် ထိုးပြီး ကိုင်တွယ်ဖြေရှင်းနိုင်လိမ့်မယ်လို့ ကျွန်တော် ယူဆတယ်ဗျ။

## ဒါတွေမှာ အမြင်မတူနိုင်ဘူး

အဲဒီတော့ အမြင်မတူမှုလို့ ပြောစရာ ရှိနိုင်တာတွေထဲက အရေးပါ အခြေခံကျတဲ့ အမြင်တွေကို စဉ်းစားကြည့်လိုက်တော့ ဟောဒါတွေ ထွက်လာတယ်ဗျ။

(၁) ၆၂ အာဏာသိမ်းမှုဟာ ဗိုလ်ချုပ်ကြီးနေဝင်းက သိမ်းတာလား။ တပ်မတော်က သိမ်းတာလား။ အာဏာသိမ်းတာဟာ သိမ်းဖို့လိုအပ်လို့လား။ အာဏာလိုချင်လို့ သိမ်းတာလား။

(၂) စစ်မှန်တဲ့ဖက်ဒရယ်ပြည်ထောင်စုမူဆိုတာ ပြည်ထောင်စုကို ဖြိုခွဲမယ့်မူလား။ ပြည်ထောင်စုကို ပိုမိုခိုင်မာကျစ်လျစ်စေမယ့်မူလား။

(၃) နယ်စပ်ဒေသက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေဟာ သောင်းကျန်း သူတွေလား။ တော်လှန်ရေးသမားတွေလား။

(၄) နှစ်ပေါင်း ၅၀ ကျော်ကာလအတွင်း ပေါ်ပေါက်ခဲ့တဲ့ အရေးအခင်းတွေဟာ ဆူပူအကြမ်းဖက်မှုတွေလား။ အာဏာရှင်ဆန့်ကျင် ဒီမိုကရေစီ တောင်းဆိုတဲ့ ဆန္ဒဖော်ထုတ်မှုတွေလား။

(၅) ဒီမိုကရေစီဆိုတဲ့ စကားလုံးရှေ့မှာ 'စည်းကမ်းပြည့်ဝသော' ဆိုတဲ့ နာမဝိသေသန ထည့်ဖို့ လိုအပ်သလား။ မလိုအပ်ဘူးလား။

(၆) ဒီမိုကရေစီမှာ အနောက်နိုင်ငံတွေအတွက် ဒီမိုကရေစီနဲ့ အခြားနိုင်ငံတွေ အတွက် ဒီမိုကရေစီဆိုပြီး နှစ်ခုရှိသလား။

(၇) တပ်မတော်ဟာ နိုင်ငံရေးမှာ ပါဝင်သင့်သလား၊ မပါဝင်သင့်ဘူးလား။

(၈) မြန်မာပြည်မှာ နိုင်ငံရေးအကျဉ်းသားရှိသလား၊ မရှိဘူးလား။

အဲဒါတွေက ရုတ်တရက် ကျွန်တော်စဉ်းစားလို့ ရသလောက် ကောက်ရေးချ လိုက်တာသာ ဖြစ်တာမို့ ကျွန်တော် မစဉ်းစားမိတာတွေလည်း ရှိချင် ရှိနေဦးမှာ ဖြစ်တယ်ဗျ။

## အချိန်မဆိုင်းဘဲ ညှိယူရမယ်

အခု တင်ပြခဲ့တဲ့ အမြင်မတူမှုတွေကို ကြည့်လိုက်မယ်ဆိုရင် အားလုံးဟာ တစ်ခုနဲ့ တစ်ခု ဆက်စပ်နေတယ်ဆိုတာကို တွေ့ကြရမယ်။ တစ်ချိန်တည်းမှာ တချို့သော အမြင်မတူမှုတွေဟာ နက်ရှိုင်းကျယ်ပြန့်တာကြောင့် အချိန်ယူ ညှိနှိုင်းမှ တရွေ့ရွေ့ နီးစပ်လာနိုင်စရာရှိတဲ့ အမြင်မျိုးတွေ ဖြစ်ပေမယ့် တချို့သော အမြင်မတူမှုတွေကတော့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို တကယ်ပဲ အလေးအနက်ထားတယ်ဆိုရင် အချိန်မဆိုင်းဘဲ အမြန်ဆုံး ညှိယူကြရမယ့်အမြင်တွေ ဖြစ်တယ်လို့ ကျွန်တော် သဘောရတယ်ဗျာ။

## အကျဉ်းသားအခေါ်အဝေါ်

ဥပမာတစ်ခု ပြရမယ်ဆိုရင် နိုင်ငံရေးအကျဉ်းသား ပြဿနာဖြစ်တယ်ဗျာ။ အခုဆိုရင် အဲဒီအသုံးအနှုန်းနဲ့ ပတ်သက်ပြီး အစိုးရဘက်က ပုဂ္ဂိုလ်တွေ မနှစ်သက်မှန်းသိလို့ ဒေါ်အောင်ဆန်းစုကြည် အင်အားစုဘက်က 'ယုံကြည်ချက်အကျဉ်းသား' လို့ ပြောင်းလဲပြောဆို သုံးနှုန်းလာနေကြတာ အားလုံးအသိဖြစ်တယ်ဗျာ။ နိုင်ငံရေး အင်အားစုတွေဘက်ကလဲ သူတို့ကို ရာဇဝတ်သားတွေနဲ့ တစ်တန်းတစ်စားတည်း သဘောထားတာမျိုးကိုတော့ သူတို့ လုံးဝလိုလားနှစ်သက်ခြင်း မရှိကြဘူးဗျာ။

## ဂဠုန်ဆရာစံ ရာဇဝတ်သားလား

မကြာသေးခင်က ပြည်သူ့ခေတ်ဂျာနယ်မှာ ဆောင်းပါးရှင် မောင်ကိုနီ (တရားရုံးချုပ်ရှေ့နေ)က ဂဠုန်ဆရာစံဟာ ရာဇဝတ်သားလား၊ မျိုးချစ် တော်လှန်ရေးသမားလားဆိုတဲ့မေးခွန်းနဲ့ နိုင်ငံရေးအကျဉ်းသားဆိုတဲ့ အဓိပ္ပာယ်ကို ရှင်းပြဖို့ကြိုးစားခဲ့တာ တွေ့လိုက်ရတယ်ဗျာ။ ဗြိတိသျှနယ်ချဲ့တွေဘက်က ကြည့်ရင် ဆရာစံဟာ နိုင်ငံတော် ပုန်ကန်မှုကို ကျူးလွန်တဲ့ ရာဇဝတ်သား အမှန်ပဲပေါ့။ တောင်သူလယ်သမားတွေနဲ့ မျိုးချစ် မြန်မာပြည်သူတွေရဲ့နှလုံးသားထဲမှာတော့ ဆရာစံဟာ တောင်သူလယ်သမား အရေးတော်ပုံခေါင်းဆောင်တစ်ယောက်လို့ပဲ စွဲမြဲနေမှာ ဖြစ်တယ်ဗျာ။

## ၈၈ ကျောင်းသားနဲ့ မုဒိမ်းသမား

အလားတူပါပဲ၊ ကျွန်တော့်မျက်လုံးထဲမှာ မိမိတို့ရဲ့လူငယ်ဘဝ တစ်ခုလုံးနီးပါး အကျဉ်းထောင်ထဲမှာ ကုန်ဆုံးသွားခဲ့ကြရပြီ ဖြစ်တဲ့ ၈၈ ကျောင်းသားခေါင်းဆောင်တွေရဲ့

မျက်နှာတွေနဲ့ ဟိုတလောတုန်းက ဂျပန်တိုးရစ်မလေးတစ်ယောက်ကို အဓမ္မ ပြုကျင့် သတ်ဖြတ်မှုနဲ့ ပြစ်ဒဏ်ကျခံခဲ့ရသူရဲ့ မျက်နှာကို နှိုင်းယှဉ် မြင်ယောင်မိတယ်ဗျ။ သူတို့ကိုသာ ရာဇဝတ်သားချင်း အတူတူပဲလို့ မြင်လိုက်ရင်ဖြင့် ဒီမိုကရေစီ အင်အားစုများရဲ့ အသားနုတက်တော့မလိုလို ဖြစ်နေတဲ့ ရင်ထဲက အနာ ဆားနဲ့ အပက်ခံလိုက်ရသလိုများ ဖြစ်သွားလေမလားလို့ တွေးပြီး သက်ပြင်းပူကြီးတစ်လုံးကို မှုတ်ထုတ်လိုက် မိတယ်ဗျာ။

၂၉၊ နိုဝင်ဘာ၊ ၂၀၁၁

○

# ပြည်သူတွေ ပါဝင်ရမယ့် နိုင်ငံရေးတစ်ခေတ်ဆန်းပြီ

ဗြိတိသျှကိုလိုနီနယ်ချဲ့အစိုးရကို ရရာလက်နက် မီးကျိုးမောင်းပျက်တွေနဲ့ ခုခံတော်လှန်ခဲ့တဲ့ လယ်သမားခေါင်းဆောင်ကြီး ဆရာစံ ကြိုးပေးကွပ်မျက်ခြင်း ခံခဲ့ရမှု (၈၀) နှစ်မြောက် အခမ်းအနားကို ဆရာစံရဲ့ ဂဠုန်တော်လှန်ရေး အခြေစိုက်ခဲ့ရာ သာယာဝတီမြို့မှာ နိုင်ငံရေး အင်အားစုတွေနဲ့ နိုင်ငံရေး ပါတီတွေက ကြီးမှူးပြီး ပထမဆုံးအကြိမ်အဖြစ် ကျင်းပခဲ့တယ်ဆိုတဲ့ သတင်းကို ကြားသိခဲ့ရတယ်ဗျ။

အဲသလိုပဲ ကိုလိုနီခေတ်မှာ မြန်မာပြည်သူတွေကို ပထမဆုံး နိုင်ငံရေးမျက်စိ ဖွင့်ပေးခဲ့သူ၊ အဲဒီတုန်းက ဗြိတိသျှနိုင်ငံသား မြန်မာပြည် ဘုရင်ခံကို 'ကရက်ဒေါက်ဂက်တောက်' ဆိုတဲ့ မောင်းထုတ်တဲ့စကားနဲ့အတူ နိုင်ငံရေးတရားများကို ရဲရဲတောက် ဟောပြောခဲ့သူ ဆရာတော် ဦးဥတ္တမရဲ့ မွေးနေ့ နှစ်လည် အမှတ်တရ အခမ်းအနား များကိုလည်း ရန်ကုန်မှာရော၊ ရခိုင်ပြည်နယ်မှာပါ မကြာသေးမီက ကျင်းပပြုလုပ်ခဲ့ တယ်ဗျာ။ အဲသလိုပဲ ရှစ်လေးလုံး အမှတ်တရပွဲ၊ နိုင်ငံရေးခေါင်းဆောင်များ ပူဇော်ကန်တော့ပွဲ၊ ကျောင်းသားခေါင်းဆောင်တစ်ယောက်ရဲ့ မွေးနေ့ပွဲ၊ အကျဉ်းသား လွတ်မြောက်ရေး ဆုတောင်းပွဲ စတဲ့ နိုင်ငံရေးနဲ့ ဆက်နွှယ်နေတဲ့ လှုပ်ရှားမှုတွေ အခုတလောမှာ ခပ်စိပ်စိပ် ပေါ်ထွက်လာနေခဲ့တာ အားလုံးအသိဖြစ်တယ်ဗျ။ ဒါ့အပြင် NLD ဒီချုပ် ပါတီဝင်ဟောင်းတချို့ စည်းရုံးစီစဉ်တဲ့ လမ်းလျှောက် ချီတက်ပွဲ နဲ့ လယ်သမား တချို့ရဲ့ ဆန္ဒဖော်ထုတ်ပွဲတွေလည်း မကြာသေးမီ လပိုင်းအတွင်း ပေါ်ပေါက်ခဲ့တယ်ဗျ။

## လွှတ်ငြိမ်းချမ်းသာခွင့်

အားလုံးသိကြတဲ့အတိုင်း ၂၀၁၀ ရွေးကောက်ပွဲရဲ့ ရလဒ်အဖြစ် အစိုးရသစ်တစ်ရပ် ပေါ်ထွက်လာခဲ့ပြီးတဲ့နောက်မှာ ပြစ်ဒဏ်လျှော့ပေါ့သက်သာခွင့်ပဲခေါ်ခေါ် လွှတ်ငြိမ်းချမ်းသာခွင့်ပဲခေါ်ခေါ် သမ္မတလက်မှတ် ရေးထိုး ထုတ်ပြန်ခဲ့တဲ့ အမိန့်တွေကြောင့် အကျဉ်းသားတွေ လွတ်မြောက်လာခဲ့ကြတာ နှစ်ကြိမ်ရှိသွားပြီဖြစ်တယ်ဗျ။ ပထမဆုံး အကြိမ်မှာ ပြစ်ဒဏ်တစ်နှစ် လျှော့ပေါ့ပေးလိုက်တယ်ဆိုတဲ့ ဖော်ပြချက်ကြောင့် ပြည်သူတွေမှာ ခဲလေသမျှ သဲရေကျဖြစ်သွားခဲ့ကြရပေမယ့် ဒုတိယအကြိမ်မှာ နာမည်ကြီးတချို့အပါအဝင် ယုံကြည်ချက်ကြောင့် အကျဉ်းချခံထားရသူ နှစ်ရာကျော် ပါလာတဲ့အချက်နဲ့ မကြာခင် နောက်ထပ် လွှတ်ပေးဖို့ရှိပါ သေးတယ်ဆိုတဲ့ နိုင်ငံတော် အစိုးရတာဝန် ရှိသူတချို့ရဲ့ ပြောစကားတွေကြောင့် ပြည်သူတွေဟာ တတိယအကြိမ် လွှတ်ပေးမှုကို မျှော်လင့်ခြင်းကြီးစွာဖြင့် စောင့်ဆိုင်းနေခဲ့ကြတယ်ဗျ။ ဒုတိယအကြိမ် တုန်းက မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်ရဲ့ပန်ကြားမေတ္တာရပ်ခံချက် ထွက်ပေါ် လာပြီး နောက်တစ်နေ့မှာ အကျဉ်းသားတွေ ပြန်လွှတ်လာခဲ့တာမို့ တတိယ အကြိမ် အတွက် ပြည်သူတွေရဲ့မျှော်လင့်ချက်ဟာ လူ့အခွင့်အရေး ကော်မရှင်ရဲ့ဒုတိယအကြိမ် ပန်ကြားချက် ထွက်ပေါ်လာခဲ့ပြီး နောက်တစ်နေ့ကစလို့ တစ်ဟုန်ထိုး လင်းလက် တောက်ပလာခဲ့တယ်ဗျ။

## မေးခွန်းထုတ်လာကြပြီ

ဒါပေမဲ့ အားလုံးသိကြတဲ့အတိုင်း အဲဒီပန်ကြားချက် ထွက်ပေါ်လာခဲ့တာ အခုဆိုရင် ရက်သတ္တသုံးပတ်လောက်ရှိသွားခဲ့ပြီ ဖြစ်ပေမယ့် ပြည်သူ အားလုံးမျှော်လင့်စောင့် ဆိုင်းနေကြတဲ့ တတိယအကြိမ် အကျဉ်းသား လွတ်မြောက်မှုက ပေါ်ထွက်မလာ သေးဘူးဗျ။ ဒီအခြေအနေကြောင့် ပြည်သူတွေအကြား အားမလို အားမရဖြစ်တဲ့ လေသံတွေ ပေါ်ထွက်လာနေပြီး တချို့ဆိုရင် သမ္မတကြီးဦးသိန်းစိန်အစိုးရရဲ့ ဒီမိုကရေစီ ကတိကဝတ်များအပေါ် မေးခွန်းထုတ်မှုတွေတောင် ပြန်လုပ်လာခဲ့ကြ တယ်ဗျ။

## အတည်မပြုနိုင်တဲ့သတင်းတွေ

ဒီအချိန်မှာ အကျဉ်းသားတွေကို တတိယအကြိမ် ပြန်လွှတ်ပေးရေးကိစ္စနဲ့ ပတ်သက် ပြီး အတည်မပြုနိုင်တဲ့ သတင်းတွေလည်း အမျိုးမျိုး ကြားနေရတယ်ဗျ။ အဲဒီသတင်း

တွေထဲမှာ လွှတ်ခါနီးမှ နိုင်ငံတော်ရဲ့ အမြင့်ဆုံးအာဏာပိုင် ယန္တရားဖြစ်တဲ့ 'ကာကွယ်ရေးနဲ့ လုံခြုံရေး ကောင်စီဆီက အတည်ပြုချက် မရလို့ မလွှတ်သေးတာဆိုတဲ့ သတင်းမျိုးလည်း ပါတယ်ဗျ။ ဒီသတင်းက တရားဝင်ထွက်ပေါ်လာတဲ့ သတင်းမဟုတ်ပေမယ့် ဖြစ်ချင်လည်း ဖြစ်နိုင်တာမို့ ကျွန်တော်တို့လို ပြည်သူတွေရဲ့ နား၊ မျက်စိ၊ ပါးစပ်အဖြစ် ကိုယ့်ကိုယ်ကိုယ် တာဝန်ပေးထားတဲ့ စတုတ္ထမဏ္ဍိုင်သားတွေအတွက်တော့ လုံးလုံးလျားလျား လျစ်လျူရှုလို့မရနိုင်တဲ့ သတင်းမျိုးဖြစ်တာကြောင့် ဖြစ်နိုင်ခြေကို တွက်ချက်ရာမှာ ထည့်သွင်းစဉ်းစားခဲ့ကြရတယ်ဗျာ။

## အကြံပေးအဖွဲ့ဝင်ရဲ့စကား

အဲသလို ကျွန်တော်တို့ အပါအဝင် ပြည်သူတွေက သို့လော သို့လော စဉ်းစား နေကြချိန်မှာ နိုင်ငံတော်သမ္မတရဲ့ အကြံပေးအဖွဲ့ဝင် တစ်ဦးက 'အခုတလော နိုင်ငံရေးလှုပ်ရှားမှုကလေးတွေ ဟိုနေရာ ဒီနေရာမှာ ပေါ်လာတာမျိုးလေးတွေ ရှိနေတော့ အကျဉ်းသားများ တတိယအကြိမ် လွှတ်ပေးရေးကိစ္စကို လူကြီးတွေက သေသေချာချာ စဉ်းစားဆုံးဖြတ်နေကြတယ်နဲ့ တူပါတယ်' ဆိုတဲ့ စကားကို ဂျာနယ် တစ်ခုထဲမှာ ဖတ်လိုက်ရတော့ ကျွန်တော့်ရှေ့မှာတင်ပြခဲ့တဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေနဲ့ အကျဉ်းသားတွေ တတိယအကြိမ် ပြန်လည်လွတ်မြောက် လာရေး နှောင့်နှေးကြန့်ကြာနေရတဲ့ကိစ္စ ဆက်မျှားဆက်စပ်နေသလားလို့ စဉ်းစားစရာတွေ ဖြစ်လာတယ်ဗျ။

## ပြည်သူ့အစိုးရဆိုတာ

အားလုံးသိကြတဲ့အတိုင်း ဒီမိုကရေစီစနစ်ဆိုတာ 'ပြည်သူတွေအတွက် နိုင်ငံတော်အာဏာကို ပြည်သူတွေကိုယ်တိုင် ကိုင်တွယ်စီမံ ခန့်ခွဲအသုံးပြုတဲ့ ပြည်သူ့အစိုးရစနစ် For the people, by the people, of the people ဖြစ်တယ်ဗျာ။ တစ်နည်းပြောရရင် ဒီမိုကရေစီစနစ် ဆိုတာ နိုင်ငံရဲ့အရေးအရာ အားလုံးမှာ ပြည်သူတွေက တာဝန်သိစိတ်အပြည့် နိုးနိုးကြားကြား တက်တက်ကြွကြွနဲ့ ပူးပေါင်းပါဝင် ဆောင်ရွက်တဲ့စနစ်ဖြစ်တယ်ဗျာ။ ဒါကြောင့် ဒီမိုကရေစီ စနစ်ကို ဖော်ဆောင်မယ်ဆိုတဲ့စကားရဲ့ အဓိပ္ပာယ်ဟာ နိုင်ငံ့အရေးပဲခေါ်ခေါ် နိုင်ငံရေးပဲခေါ်ခေါ် နိုင်ငံရဲ့အရေးကိစ္စအားလုံးမှာ ပြည်သူတွေ တက်တက်ကြွကြွ ပါဝင်လှုပ်ရှားလုပ်ဆောင်လာအောင် စည်းရုံးဖျောင်းဖျ နှိုးဆွလှုံ့ဆော်ရေးပဲ ဖြစ်တယ်ဗျ။ ပြည်သူတွေမှာ အဲဒီအသိမျိုးမရှိရင်တောင်

ရှိလာအောင် လုပ်ပေးရမှာဆိုတော့ ပြည်သူတွေ သူတို့အသိနဲ့သူတို့ အဲသလို လုပ်ဆောင် လာတာမျိုးတွေအပေါ် စိုးရိမ်ပူပန်နေစရာ အကြောင်းမရှိဘူးဗျ။

## နိုင်ငံရေးနဲ့ဝေးခဲ့ခြင်း အကြောင်း

အဲဒီအသိ အဲဒီအလေ့အထမျိုးဟာ ကျွန်တော်တို့ပြည်သူတွေအတွက် အသစ်အဆန်း မဟုတ်ဘူးဗျ။ အများကြီး ရင်းနှီးကျွမ်းဝင်ခဲ့ဖူးပြီး အများကြီး ကျင့်သုံးလုပ်ဆောင်ခဲ့ဖူးတဲ့ အသိနဲ့ အလေ့အထတွေဖြစ်တယ်ဗျာ။ ဒါပေမဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ နီးပါး လောက်က ပေါ်ထွက်လာခဲ့တဲ့ နိုင်ငံရေးစနစ်တစ်ခုက မြန်မာ့နည်း မြန်မာ့ဟန် ဆိုရှယ်လစ် လမ်းစဉ်ဆိုတဲ့ ခေါင်းစဉ်အောက်မှာ လက်တွေ့အရ မြန်မာပြည်သူ လူထုအများစုကြီးကို နိုင်ငံရေးနယ်ပယ်အပြင်ဘက်မှာ ခေါက်ထားခဲ့ခြင်းကြောင့်သာ မြန်မာပြည်သူတွေနဲ့ နိုင်ငံရေးဟာ 'ကြားလေသွေး'ဝေးနေခဲ့ကြရတာ ဖြစ်တယ်ဗျ။ ဒီအခြေအနေရဲ့ အကျိုးဆက်အဖြစ် အဲဒီကာလတစ်လျှောက်လုံး နီးပါးမှာ မြန်မာ ပြည်သူတွေဟာ နိုင်ငံရေးအရ ထုံထိုင်းလေးလံထိုင်းမှိုင်း နေခဲ့ကြပြီး ယိမ်းတိုက် ထားတဲ့ ကြွေးကြော်သံတွေ၊ အသက်မပါတဲ့ လက်သီး လက်မောင်း တန်းမှုတွေထဲမှာ ရုပ်သေးရုပ်များသဖွယ် လှုပ်ရှားရင်သန်ရင်း အစိုးရနဲ့ ပြည်သူ တစ်ဦးအပေါ်တစ်ဦး မယုံကြည် မလေးစားကြရာမှ ကျွန်တော်တို့နိုင်ငံ ရေစုန်မျောလုနီးပါး အခြေစိုက်ခဲ့ရ တာ အားလုံးအသိဖြစ်တယ်ဗျ။

အခုအချိန်မှာတော့ အဲဒီအခြေအနေကို ပြောင်းပြန်လှန်ပစ်ဖို့ အစိုးရကရော နိုင်ငံရေးသမားများကပါ ကြိုးစားနေကြပြီဖြစ်တယ်ဗျ။ ပြည်သူတစ်ရပ်လုံးက နီးကြားတက်ကြွမှုအပြည့်နဲ့ ပူးပေါင်းပါဝင်လှုပ်ရှားမှသာ ဆိုက်ရောက် နိုင်မှာဖြစ်တဲ့ ဒီမိုကရေစီပန်းတိုင်သို့ ဦးတည်လျှောက်လှမ်း နေပြီဖြစ်တယ်ဗျ။ ဒီလို အချိန်မျိုးမှာ ငြိမ်းချမ်းတဲ့နိုင်ငံရေးလှုပ်ရှားမှုတွေဟာ ငှက်မသိတော့ ဆက်ရက် ချိုးထင်၊ အချက် မသိတော့ သမက် သူခိုးထင်ဆိုသလို စိုးရိမ်ပူပန်နေရမယ့် အရာမဟုတ်ဘဲ ကြိုဆို အားပေးကူညီရမယ့်အရာတွေသာ ဖြစ်ကြောင်းပါဗျာ။

**၆၊ ဒီဇင်ဘာ၊ ၂၀၁၁**

❍

# နိုင်ငံရေးလုပ်ရမှာ မကြောက်ပါနဲ့

ကြောက်စိတ်ဟာ လူသားရဲ့ မွေးရာပါ ပစ္စည်းတစ်ခုဖြစ်တယ်လို့ မနုဿဗေဒ ပညာရှင်တွေက ဆိုတယ်ဗျ။ အားလုံးသိကြတဲ့အတိုင်း ခွန်အား အင်မတန်ကြီးမားတဲ့ ဒိုင်နိုဆောတို့လို သတ္တဝါကြီးတွေ၊ ရှည်လျားတဲ့ အစွယ်ရှိတဲ့ဆင်လို သတ္တဝါကြီးတွေ၊ ခွန်အားရော၊ လျင်မြန် ဖျတ်လတ်မှုပါရှိတဲ့ ကျားတွေ ခြင်္သေ့တွေလို သတ္တဝါတွေ၊ အင်မတန် အဆိပ်ပြင်းတဲ့ မြွေလိုကင်းလို သတ္တဝါတွေ အလယ်မှာ အဲဒီ စွမ်းပကားတွေ တစ်ခုမှမပါဘဲ မွေးဖွား ပေါ်ပေါက်လာတဲ့ လူသားတွေအဖို့ ပတ်ဝန်းကျင်မှာ မြင်မြင်သမျှဟာ ကြောက်စရာတွေချည်း ဖြစ်ခဲ့မှာ အမှန်ပဲဗျာ။ အဲဒီ သတ္တဝါကြီးတွေအပြင် မြေငလျင်လှုပ်တာ၊ မီးတောင်ပေါက်ကွဲတာ၊ မိုးကြိုးပစ်တာ၊ ရေကြီးတာ၊ တောမီးလောင်တာ စတဲ့ သဘာဝ ဘေးဆိုးတွေကိုပါ ကြုံတွေ့ရပြန်တော့ ကြောက်စိတ်ဟာ လူသားတွေစိတ်ထဲ စွဲစွဲမြဲမြဲ အမြစ်တွယ်လာခဲ့ပြီး ကြောက်စိတ် ဗီဇဟာ မျိုးဆက် တစ်ခုက တစ်ခုကို လက်ဆင့်ကမ်းခဲ့တဲ့အရာ ဖြစ်လာခဲ့တယ်ဗျ။ ဒီကနေ့ သိပ္ပံပညာ အတော်ကလေးမြင့်မားတိုးတက်တဲ့ ခေတ်ကာလ ရောက်နေတာတောင်မှ လူအတော်များများ အမှောင်ကို ကြောက်တာ။ မိုးသဲကြီး မဲကြီးရွာရင် ကြောက်တာ၊ မြွေကို မြင်ရင်ကြောက်တာ စတဲ့ ကြောက်စိတ်တွေဟာ လူသား ဘိုးဘေးဘီဘင်တွေရဲ့ မျိုးဗီဇတစ်ခုဖြစ်တယ်လို့ မနုဿဗေဒ ပညာရှင်တွေက ယူဆကြောင်း ကျွန်တော် ဖတ်ခဲ့ရဖူးတယ်ဗျ။

## အကြောက်လွန်ပြီဆိုရင်

မနုဿဗေဒ အယူအဆအရ ကြောက်စိတ်ဟာ လူသားရဲ့ မွေးရာပါ ဗီဇတစ်ခု ဖြစ်ကောင်းဖြစ်နိုင်တာမို့ လူတွေ ကြောက်တတ်တာ ဆန်းတဲ့ ကိစ္စတော့ မဟုတ်ဘူးဗျ။

ဒါဟာ မှုမှန်တဲ့ ကိစ္စတစ်ခုလိုပဲ ဆိုရမယ်ဗျ။ ဒါပေမယ့် လူတစ်ယောက်၊ လူ့အသိုင်းအဝိုင်းတစ်ခု၊ လူ့အဖွဲ့ အစည်းတစ်စုဟာ တစ်စုံတစ်ခုကို ကြောက်သင့်တဲ့ အတိုင်းအတာထက်ပိုပြီး ကြောက်ရွံ့ နေပြီဆိုရင်တော့ အဲဒါဟာ အင်္ဂလိပ်လို (Phobia) လို့ ခေါ်တဲ့ အကြောက် လွန်ကဲမှု ဖြစ်နေပြီဆိုတဲ့ သဘောပဲဗျ။ မြွေကိုမြင်လိုက်တာနဲ့ လူတိုင်းတွန့်ခနဲ ဖြစ်သွားကြတာ သဘာဝဖြစ်ပေမယ့် တစ်ကိုယ်လုံး ချွေးစေးတွေ ပြန်ပြီး လှုပ်မရရှားမရဖြစ်သွားတာ၊ သတိမေ့မြောသွားတာမျိုးကတော့ ဖိုးဘီးယားသာ ဖြစ်တယ်ဗျ။ ကြောက်တာဟာ စိတ်ရောဂါ မဟုတ်ပေမယ့် အကြောက်လွန်တာကတော့ စိတ်ရောဂါတစ်ခုဖြစ်တာမို့ အဲဒီလူ၊ အဲဒီလူ့ အသိုင်းအဝိုင်း။ အဲဒီလူ့ အဖွဲ့အစည်းဟာ စိတ်ရောဂါစွဲကပ်နေပြီ၊ မှုမမှန်တော့ဘူးလို့ ပြောရတော့မှာပဲ ဖြစ်တယ်ဗျ။ စိတ်ရောဂါရှင်တစ်ယောက် သူ့ကိုယ်သူ မစောင့်ရှောက်နိုင်၊ သူ့ဘဝတွက် လုပတဲ့ အနာဂတ်တစ်ခုကို ဘယ်လိုနည်းနဲ့မှ တည်ဆောက်နိုင်မှာ မဟုတ်သလိုပဲ စိတ်ရောဂါ စွဲကပ်ပြီး မှုမမှန်တဲ့ လူ့အဖွဲ့အစည်းတစ်ခုဟာလည်း ငြိမ်းချမ်းသာယာစည်ပင်ဝပြောတဲ့ အနာဂတ်တစ်ခုကို မဖန်တီးနိုင်မှာတော့ သိပ်ကို သေချာတယ်ဗျ။

## အကြောက်လွန်သူ အာဏာရလျှင်

လူ့သမိုင်းတစ်လျှောက်မှာ လူရည်နည်းနည်းပိုလည်တဲ့ အလွှာတစ်ခုက ကျန်တဲ့လူအများစုကြီးရဲ့ ကြောက်စိတ်ကို ဖိုးဘီးယား အဆင့်သို့ ရောက်သွားအောင် ပါးပါးနပ်နပ် ပွဲကိုင်စေစားတွန်းပို့ပြီး လူသားအားလုံး ပိုင်ဆိုင်တဲ့ အရင်းအမြစ် ဓနဥစ္စာနဲ့ မွေးရာပါ ပိုင်ခွင့်တွေကို မောင်ပိုင်စီးခဲ့ကြတာ သမိုင်းကို မမှိတ်မသုန်ကျကျ လေ့လာသူတိုင်း အသိဖြစ်တယ်ဗျ။ သမိုင်းဖြစ်ရပ် တချို့မှာ ကျတော့လည်း အကြောက်လွန်ရောဂါ စွဲကပ်နေသူတွေကိုယ်တိုင် အာဏာ ရလာကြပြီး သူတို့က လူ့အဖွဲ့အစည်းတစ်ခုလုံးကို ဒုက္ခပင်လယ်ဝေအောင် လုပ်ခဲ့ကြတာတွေလည်း ရှိခဲ့တယ်ဗျ။ အမုန်းတရားကြောင့် အဲသလို လုပ်ခဲ့ကြတာဖြစ်ပေမယ့် စိတ်ပညာသဘောအရ အမုန်းတရားဆိုတာ အကြောက်တရားရဲ့ အမြင့်ဆုံးအဆင့်ဖြစ်တာမို့ အခြေခံကတော့ အကြောက်တရား၊ အကြောက်လွန်ကဲမှုပဲ ဖြစ်တယ်ဗျ။

နာဇီအာဏာရှင် ဟစ်တလာက ဂျူးလူမျိုး ခြောက်သန်းလောက်ကို ရက်ရက်စက်စက် သုတ်သင်ရှင်းလင်းခဲ့တာ၊ ခမာနီတွေက ကမ္ဘောဒီးယား ပညာတတ်တွေကို သုတ်သင်ခဲ့တာ၊ ရဝမ်ဒါမှာ ဟူတူတွေက တွတ်ဆီတွေကို သတ်ဖြတ်ခဲ့တာ၊ ဘောစနီးယားမှာ ဆာ့ဘ်တပ်ဖွဲ့တွေက မူစလင်တွေကို အစုလိုက်အပြုံလိုက်

သတ်ဖြတ် ခဲ့တာ။ ဆူဒန်နိုင်ငံ ဒါဖူးဒေသမှာ အာရပ်နွယ် ဖွားအစိုးရရဲ့ကျောထောက်နောက်ခံပေးမှုနဲ့ အာရပ်နွယ်ဖွား ဂျန်ဂျာဝိမြင်းစီး သေနတ်ကိုင်တွေက အာဖရိကနွယ်ဖွား ပြည်သူတွေကို နှိပ်စက်ညှဉ်းပန်း သတ်ဖြတ်ခဲ့တာ စတဲ့ လုပ်ရပ်တွေအားလုံးရဲ့ ပင်မလှုံ့ဆော်မှု အကြောင်းရင်းက ဖိုးဘီးယားပဲ ဖြစ်တယ်ဗျ။

## နိုင်ငံခြားသားကြောက် ရောဂါ

သေသေချာချာပြန်ပြီး လေ့လာသုံးသပ်ကြည့်လိုက်ရင် ကျွန်တော်တို့ နိုင်ငံမှာလည်း ဖိုးဘီးယားတွေ ရှိခဲ့တာကို တွေ့ရမှာပဲဗျာ။ နှစ်ပေါင်းတစ်ရာကျော် လူမျိုးခြားလက်အောက်မှာ ကျွန်သပေါက်ဘဝနဲ့ နေထိုင်ခဲ့ရတဲ့ ကျွန်တော်တို့ လူ့အဖွဲ့အစည်းမှာ အထင်ရှား အပေါ်လွင်ဆုံး - ဖိုးဘီးယားကတော့ (xenophobia) လို့ခေါ်တဲ့ သူစိမ်းကြောက်ရောဂါ၊ နိုင်ငံခြားသားကြောက် ရောဂါပဲဗျာ။ အခုအချိန်မှာ အဲဒီရောဂါ အတော်ကလေးလျော့ပါးသွားပြီ ဖြစ်ပေမယ့် တချို့ကတော့ ပြည်သူ အစိတ်အပိုင်းတွေထဲမှာတော့ နိုင်ငံခြားသား ဆိုရင် ငါတို့ ပြည်တွင်းရေး ဝင်စွက်မယ့်သူတွေလား။ ငါတို့ပစ္စည်းတွေလာခိုး၊ လာလိမ်၊ လာလုမယ့်သူတွေလား။ ငါတို့ကို ကျွန်ပြုဖို့လာတဲ့ ကိုလိုနီလက်သစ် တွေလားစတဲ့ သံသယတွေနဲ့ ဖိုးဘီးယား အပျော့စားတွေကို ဆက်လက် မွေးမြူထားကြဆဲ ဖြစ်တယ်ဗျ။

## နိုင်ငံရေးဖိုးဘီးယား

သမိုင်းတစ်ကွေ့မှာ ကျွန်တော်တို့ ပြည်သူတွေရဲ့ အရေးပါတဲ့ အစိတ်အပိုင်းတစ်ခုအတွင်း 'ကွန်မြူနစ်ဖိုးဘီးယား' ရောဂါလည်း စွဲကပ်ခဲ့ဖူးတယ်ဗျ။ အဲဒီရောဂါကတော့ ပြည်တွင်းပြည်ပ ကွန်မြူနစ်ရေချိန်ကျဆင်းသွားမှုနဲ့အတူ အခု အချိန်မှာ အတော်ကလေး အရှိန်ကျသွားခဲ့ပေမယ့်လုံးလုံး အကင်းသေသွားပြီလို့ မဆိုနိုင်တဲ့ အခြေအနေမှာတော့ ရှိနေသေးတာ ဖြစ်တယ်ဗျ။

လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ နီးပါး ကာလအတွင်း မြန်မာပြည်သူလူထု အများစုကြီးအတွင်း နက်နက်ရှိုင်းရှိုင်း အမြစ်တွယ် စွဲကပ်နေခဲ့တဲ့ ဖိုးဘီးယားကတော့ 'နိုင်ငံရေးဖိုးဘီးယား' ပဲ ဖြစ်တယ်ဗျ။ ၁၉၆၂ မှာ ပေါ်ထွန်းခဲ့တဲ့ နိုင်ငံရေးစနစ်သစ်ကို ဦးဆောင်ခဲ့ကြသူတွေအနေနဲ့ အဲသလို ဖြစ်သွားစေဖို့ ရည်ရွယ်ခဲ့ကြတာ မဟုတ်ဘူးလို့ ကျွန်တော်ယုံကြည်ပေမယ့် လက်တွေ့မှာတော့ အခြေခံ ပြည်သူလူထု အများစုကြီးဟာ 'နိုင်ငံရေး' ဆိုတဲ့ စကားလုံးကြားတာနဲ့ 'နားကြောစိမ့်' သွားလောက်အောင်

ကြောက်တာကြတာတော့ အမှန်ပဲဗျ။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို အမြဲတေ ပါတီအဖြစ်က ပြည်သူ့ပါတီဖြစ်လာအောင် ကြိုးစားခဲ့တာ ဆိုပေမယ့် အဲဒါဟာ စာအုပ်ထဲနဲ့ အစည်းအဝေးခန်းမထဲတွေထဲမှာသာ ရှိခဲ့ပြီး ပြည်သူလူထု အများစုကြီး အတွက်တော့ 'နိုင်ငံရေး' ဆိုတာ ငါတို့နဲ့ 'လားလားမှ မထိုက်တဲ့အရာ'၊ အခွင့်ထူးခံ လူတန်းစား တစ်ခုအတွက်သာ သီးသန့်ဖယ်ထားတဲ့ အရာတစ်ခု ဖြစ်ခဲ့တယ်ဗျာ။

အဲဒီ ဖိုးဘီးယားဟာ နောက်ထပ်ခေတ်သစ်တစ်ခုရဲ့ ကန့်လန့်ကာအဖွင့် ဖြစ်တဲ့ ရှစ်ဆယ့်ရှစ် လူပ်ရှားမှုကြီး နောက်မှာတောင် အားကောင်းကောင်းနဲ့ ဆက်ရှိနေခဲ့ပြီး အခုအထိ အငွေ့တလူလူ ဖြစ်နေသေးတာကို တွေ့ရတဲ့အပြင် သူက နောက်ဆုံးပေါ် ဖိုးဘီးယားရောဂါသစ်တစ်ခုကိုတောင် ခေါ်လာတာကို တွေ့နေရတယ်ဗျ။

## နိုင်ငံရေးမပီဖိုးဘီးယား

အဲဒါကတော့ 'နိုင်ငံရေးမပီ ဖိုးဘီးယား' ဖြစ်တယ်ဗျ။ ရာစုတစ်ဝက်လောက် နိုင်ငံရေး ဖိုးဘီးယားရောဂါနဲ့အတူ နေထိုင်လာနေတဲ့ မြန်မာပြည်သူတွေဟာ ၂၀၁၀ ရွေးကောက်ပွဲနောက်ပိုင်း ရုတ်တရက် ပြောင်းလဲသွားတဲ့ အခြေအနေတွေ အထူးသဖြင့် မှတ်ပုံတင်ဖို့ NLD ဒီချုပ်က ဆုံးဖြတ်လိုက်ပြီးနောက် အခြေအနေတွေ ကို အမီလိုက်ပြီး 'စမ်းဝါး' ကြည့်ဖို့ မစွမ်းနိုင်ဖြစ်နေကြတဲ့ အသံတွေ ကြားနေရတယ်။ သိပ်တော့လည်း မဆန်းဘူးဗျ။ ရှေ့ဆုံးတန်းက ရဲရဲရင့်ရင့် နိုင်ငံရေးလုပ်နေသူ တချို့ကတောင် 'ကျွန်တော် ကျွန်မတို့ဟာ နိုင်ငံရေးသမား မဟုတ်ပါဘူး။ နိုင်ငံ့အရေး လုပ်နေကြတာသာ ဖြစ်ပါတယ်' လို့ ခပ်ဝါးဝါး ပြောနေကြတာကို မကြာခဏ ကြားနေ ရတဲ့ ပြည်သူတွေအတွက် နိုင်ငံရေး ပါတီဆိုတာ မဝင်အပ်တဲ့ နယ်မြေလိုလို ဘာလိုလိုဖြစ်နေတာ နားလည်နိုင်တဲ့ ကိစ္စဖြစ်နေတယ်ဗျ။

တကယ်တော့ အခုအချိန်မှာ ဘာမှ ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေစရာ အကြောင်း မရှိတော့ပါဘူးဗျာ။ နိုင်ငံရေးပါတီဆိုတာ နိုင်ငံကောင်းစားရေး အတွက် စွမ်းစွမ်းတမံ ရှုပ်ရှုပ်ချွံချွံ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ဖို့ အခြေခံသဘောထားအမြင် အယူအဆ ရပ်တည်ချက်ချင်း တူသူတွေ ပေါင်း စုဖွဲ့စည်းထားတဲ့ အစုအဖွဲ့တွေသာ ဖြစ်တယ်ဗျ။ ဒီတော့ မိမိတို့ဟာ နိုင်ငံကောင်းစားရေးကို အားကြိုးမာန်တက် ကိုယ်ရော စိတ်ပါ ထိထိ ရောက်ရောက် လုပ်ဆောင်လိုသူဖြစ်တယ်လို့ မိမိကိုယ်မိမိ ယုံကြည်တယ်ဆိုရင် မိမိနှစ်သက်ယုံကြည်ရာ ပါတီတစ်ခုထဲကို အမြန်ဆုံး ဝင်ရောက် ပြီး လုပ်ဆောင်ရမှာပဲ ဖြစ်တယ်ဗျ။

## အာဏာဆန့်ဖမ်းတာမဟုတ်

နိုင်ငံ့ဝန်ထမ်းနဲ့ သာသနာ့ဝန်ထမ်းတွေကလွဲပြီး ဘယ်သူမဆို မိမိတို့ နှစ်သက်ရာ ပါတီထဲဝင်ပြီး နိုင်ငံ့အကျိုးသယ်ပိုးနိုင်ခွင့်ရှိတာ ဒီမိုကရေစီရဲ့သွင်ပြင်လက္ခဏာတစ်ခု ဖြစ်ပါတယ်။ ဒီလို ပါတီထဲဝင်ပြီး လုပ်တာဟာ (မကြာသေးခင်ကအထိ အမျိုးသား နိုင်ငံရေးလို့ သုံးသုံးနေကြတဲ့) အမျိုးသားရေးကို ကျောခိုင်းတာ လုံးဝ (လုံးဝ) မဟုတ်သလို တချို့ကစွပ်စွဲနေကြသလို အာဏာဆန့်ဖမ်းတာလည်း လုံးဝ (လုံးဝ) မဟုတ်ဘူးဗျ။

စတုတ္ထမဏ္ဍိုင်သားတွေ ဖြစ်ကြတဲ့ ကျွန်တော်တို့ စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ၊ အနုပညာမီဒီယာလောကသားတွေအနေနဲ့လည်း ဒီကိစ္စနဲ့ပတ်သက်ပြီး ရှင်းရှင်း လင်းလင်း သဘောပေါက်ထားသင့်တယ်ဗျ။ ဒီလောကသားတွေအနေနဲ့ မိမိတို့ဆန္ဒ ရှိရင် ကြိုက်တဲ့ပါတီ ဝင်နိုင်ရမယ်ဗျာ။ မီဒီယာလို့ခေါ်တဲ့ လူထုဆက်သွယ်ရေး နည်းလမ်းတွေမှာ မိမိတို့ရဲ့ဖန်တီးမှုများကို တင်ပြတဲ့အခါ မိမိတို့ ဝင်ထားတဲ့ ပါတီကို အခွင့်သာစေမယ့် တစ်နည်းပြောရရင် ဘက်လိုက်မှုပါတဲ့ ဖန်တီးမှုမျိုးတွေ မဟုတ်ဘူး ဆိုရင် စတုတ္ထမဏ္ဍိုင် လောကသားအဖြစ် မိမိတို့ကိုယ် မိမိတို့ လိပ်ပြာသန့်သန့်ခံယူ နိုင်ကြပါတယ်ဗျာ။

၂၀၊ ဒီဇင်ဘာ၊ ၂၀၁၁

○

# အရေးကြီး နိုင်ငံရေး အချိုးအကွေ့တစ်ခုနှင့် ရိုးသားပွင့်လင်းသော ရှုမြင်ချက်

ဟံသာဝတီဦးဝင်းတင်ခေါ် ဆရာဦးဝင်းတင်ရဲ့ ထူးခြားတဲ့ အင်တာဗျူး အမေးအဖြေတစ်ခုကို ပန်းရွှေကြာ စာအုပ်တိုက်က စာစောင်ငယ်ကလေး ထုတ်ဖို့ စီစဉ်နေတဲ့အကြောင်း ကျွန်တော့်ကို ပြောပြတော့ သူတို့ရဲ့ စေတနာကို ချက်ချင်း သဘောပေါက်လိုက်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီ အင်တာဗျူးဟာ ခေတ်သစ် မြန်မာ့နိုင်ငံရေး သမိုင်းကို ပြန်ရေးတဲ့အခါ အရေးပါတဲ့ မှတ်တိုင်တစ်ခုနဲ့ ဆက်စပ်ပတ်သက်နေလို့ပဲ ဖြစ်ပါတယ်။

၁၉၉၀ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ အပြတ်အသတ်အနိုင်ရခဲ့တဲ့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ဟာ နိုင်ငံရေး လောကဓံအမျိုးမျိုးကို ရင်ဆိုင်ဖြတ်သန်းခဲ့ရပြီးနောက် နှစ်ပေါင်း ၂၀ကျော်မျှ ကြာအောင် ဆက်လက် ရှင်သန်ရပ်တည်နေခဲ့ပါတယ်။ ၂၀၀၈ခုနှစ်ကျတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းတာကို မျက်မှောက်ပြုခဲ့ရတယ်။ အဲဒီနောက် ၂၀၁၀ ရွေးကောက်ပွဲနဲ့ တည့်တည့်တိုးခဲ့ရတယ်။ ၂၀၁၀ ရွေးကောက်ပွဲကို အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က သပိတ်မှောက်ခဲ့တယ်။ ရွေးကောက်ပွဲဝင်မယ့် ပါတီတွေ ပါတီမှတ်ပုံတင်ရမယ်လို့ စည်းကမ်း သတ်မှတ်တဲ့အခါ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က မှတ်ပုံမတင်ပါဘူး။ ဒါတင်မက ၂၀၁၀ ရွေးကောက်ပွဲနဲ့ပတ်သက်လို့ Vote No မဟုတ်ဘူး။ No Vote လို့နိုးဆော် ခဲ့တယ်။ အဲဒီ သဘောထားတွေကို ဆုံးဖြတ်အကောင်အထည် ဖော်ရာမှာ ဆရာ ဦးဝင်းတင်ဟာ အရေးပါတဲ့ အခန်းကဏ္ဍက ဦးဆောင်ပါဝင်ခဲ့တယ်ဆိုတာ ကျွန်တော် တို့သိခဲ့ပါတယ်။

သည်လိုနဲ့ ၂၀၁၀ ရွေးကောက်ပွဲဟာ အချေအတင် အငြင်းပွား ဝေဖန်သံများနဲ့ အတူ ပြီးမြောက်သွားခဲ့ပါတယ်။ အဲဒီရွေးကောက်ပွဲ ရလဒ်ကို အခြေခံပြီး ၂၀၀၈ အခြေခံဥပဒေနဲ့ အညီ ဖွဲ့စည်းတဲ့ သမ္မတဦးသိန်းစိန် ခေါင်းဆောင်သော အစိုးရအဖွဲ့ ပေါ်ပေါက်လာပါတယ်။ မှုးမကြာမီမှာပဲ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ တရားဝင် ရပ်တည်ခွင့်နဲ့ စပ်လျဉ်းပြီး မေးခွန်းတွေ ထုတ်လာတယ်။ အဲဒီအချိန်ပိုင်းတွေဟာ တိုင်းပြည်အတွက် အရေးကြီးတဲ့ အချိန်ပိုင်းတွေ ဖြစ်ခဲ့ပါတယ်။ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ဘာလဲ ဘယ်လဲပေါ့။

သို့သော် ပြည်ထဲရေးဌာနက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ရပ်တည်မှုနဲ့ ပတ်သက်လို့ မေးခွန်းထုတ်လာချိန်နဲ့ မရှေးမနှောင်းမှာပဲ ဒေါ်အောင်ဆန်းစုကြည်နဲ့ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်တို့ တွေ့ဆုံမှုတွေ၊ အဲဒီကနေ ဒေါ်အောင်ဆန်း စုကြည်နဲ့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တွေ့ဆုံမှုအထိ ဆက်တိုက်ဖြစ်ပေါ်လာတယ်။ အမျိုးသား ပြန်လည် သင့်မြတ်ရေး အလားအလာကောင်းတွေကို မျှော်လင့်နိုင်တဲ့ အနေအထားတွေ ပေါ်ပေါက်လာတယ်။

သည်လိုနဲ့ ၂၀၁၁ခုနှစ်မကုန်ခင် နိုဝင်ဘာလ ၁၈ ရက်မှာ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ပါတီ မှတ်ပုံတင်ဖို့နဲ့ မကြာခင် ကျင်းပမယ့် ကြားဖြတ်ရွေးကောက်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်တွေ ထွက်ပေါ်လာတယ်။ ဒါတွေဟာ မြန်မာ့ နိုင်ငံရေးမှာ ကြီးစွာသော အချိုးအကွေ့များပဲ ဖြစ်ပါတယ်။ အများကြီး ချင့်ချိန်တွက်ဆ ပြီးမှ ချမှတ်ခဲ့ရတဲ့ ဆုံးဖြတ်ချက်များဖြစ်တယ်လို့ နားလည်ရပါတယ်။

ယခု စာစောင်ငယ်လေးတစ်ခုအဖြစ်ထုတ်ဝေတဲ့ ဆရာဦးဝင်းတင်နဲ့ မော်နီတာ ဂျာနယ် အင်တာဗျူးဟာ အထက်ဖော်ပြခဲ့တဲ့ အခြင်းအရာတွေအပေါ် ဆရာဦးဝင်းတင် ရဲ့ ရိုးသား ပွင့်လင်းတဲ့ သဘောထားအမြင် တွေကို ဖော်ထုတ်ထားတာပဲ ဖြစ်ပါတယ်။

ဆရာက နောက်လာမယ့် ရွေးကောက်ပွဲတွေမှာ ဘယ်အခန်းကမှ မပါဘူးလို့ ပြောတယ်။ သို့ပေမယ့် ပါတီရဲ့ ရေရှည်လုပ်ငန်းစဉ်ကို ဆုံးဖြတ်တဲ့ လုပ်ငန်းတွေမှာတော့ အင်တိုက်အားတိုက်ပါဝင်ရမယ့် အနေအထားမှာ ရှိတယ်၊ ပါဝင်လုပ်ဆောင်မှာပါ လို့လဲ ပြောချင်ပါတယ်လို့ ဆိုထားပါတယ်။ဒေါ်အောင်ဆန်းစုကြည်ရဲ့ အရှိန်ဩဇာနဲ့ စွမ်းဆောင်ရည်ကို ခြွင်းချက်မရှိ ယုံကြည်သူတစ်ယောက်ဖြစ်တဲ့ ဆရာ ဦးဝင်းတင်က ‘ဒေါ်အောင်ဆန်းစုကြည် ဟာ ပြင်ပမှာတောင်မှ လုပ်ငန်းတွေကို မပျက်မကွက် လုပ်ကိုင်ဆောင်ရွက် နိုင်ခဲ့တယ်ဆိုရင် လွှတ်တော်ထဲ ရောက်သွားတဲ့အခါမှာလည်း ဖြစ်နိုင်တဲ့ နည်းတွေနဲ့ လုပ်သွားမှာပါ။ ထိရောက်တဲ့ ပုံသဏ္ဌာန်တွေတော့ ပေါ်လာ လိမ့်မယ် ထင်ပါတယ်’ လို့ ပြောသွားပါတယ်။

ဆရာဦးဝင်းတင်ဟာ သတင်းစာဆရာဘဝမှာရော နိုင်ငံရေးသမား ဘဝမှာပါ ကျွန်တော့်ရဲ့ ဆရာလည်းဖြစ်၊ လုပ်ဖော်ကိုင်ဖက်လည်း ဖြစ်ပါတယ်။ တိုင်ပင်ဖော် တိုင်ပင်ဖက်လည်း ဖြစ်ပါတယ်။ ကံတူအကျိုးပေး အတူတကွ ကြုံခဲ့ရတာတွေလည်း အများကြီးပါ။ နှစ်ပေါင်းလေးဆယ်ကျော်မျှ ဆရာ ဦးဝင်းတင်နဲ့ စိတ်ချင်းနီးကပ်စွာ ဆက်ဆံခဲ့ရတဲ့တစ်လျှောက် ကျွန်တော် ယုံယုံကြည်ကြည် အာမခံဝံ့တာကတော့ ဆရာ့ရဲ့ဖြူစင်မှုကိုပဲ ဖြစ်ပါတယ်။ ဆရာ့ရဲ့ဖြူစင်မှုဟာ ဆရာ့ရဲ့သတင်းစာဆရာဘဝ မှာရော နိုင်ငံရေးသမား ဘဝမှာပါ အများက လေးစားတန်ဖိုးထားခြင်းခံရတဲ့ ဂုဏ်ရည် ဖြစ်ခဲ့ပါတယ်။

အလျဉ်းသင့်လို့ ဆရာနဲ့အတူတွဲအလုပ်လုပ်ခဲ့ဖူးတဲ့ လုပ်ဖော်ကိုင်ဖက်ဟောင်း တစ်ယောက်ဆီက မကြာသေးခင် ရက်ပိုင်းအတွင်း ကျွန်တော့်ထံ ပေးပို့တဲ့ email ကို ဖော်ပြလိုက်ပါတယ်။ ဆရာ့အပေါ် လူတွေက ဘယ်လို သဘောထားကြသလဲဆိုတာ တွေ့ရပါလိမ့်မယ်။

Dear Saya,

I was glad to read about your efforts to establish a foundation for Saya U Win Tin.
I worked with U Win Tin at the Hanthawaddy when it was first moved and set up in Mandalay from 1969 to 1973.
I was the Deputy General Manager with the Hanthawaddy at that time.

I have since then, over 40 years, never met a finer or more respectable person than U Win Tin. He is a credit to the world of journalism and is also a very honorable and capable person.

I was extremely happy to hear that all of you have volunteered to establish a foundation in his name. I am sure Saya U Win Tin's remarks are going to be ." he is only doing what he believes to be the right thing and will probably say he does not deserve this honor ". I also noticed the comments about him "receiving and giving away most of all that he has received" in the news article that I read. That is second nature with U Win Tin over the years that I worked with him.

I would also like to send in my contribution to the foundation in his honor. I would appreciate if you will kindly let me know where and

who should I address it to ?

Please give my regards to Saya U Win Tin and the Hanthawaddy family.

Thank you.

With Metta,

Tin Maung Khin
Owings Mills,Maryland, USA

အထက်ပါပေးစာထဲကလိုပါပဲ။ ဆရာဦးဝင်းတင်ဟာ အလွန်မှ လောဘနည်းသူ၊ ကိုယ်ကျိုး လုံးဝမကြည့်သူ ဖြစ်ပါတယ်။ ရှာမှ ရှားတဲ့ နိုင်ငံရေးသမားစာရင်းထဲမှာ ထိပ်ဆုံးက ပါသူဖြစ်ပါတယ်။

ကျွန်တော်ဟာ ဆရာနဲ့ နေရာတိုင်း သဘောတူသူမဟုတ်ပါဘူး။ ဆရာပြောသမျှ အားလုံးအမှန်ဆိုပြီး ထောက်ခံသူ မဟုတ်ပါဘူး။ ဆရာ့ကို ကြည်ညိုလေးစားတန်ဖိုးထားတာက သတ်သတ်၊ ကျွန်တော် သဘောမတူတာတွေကို စောဒကပြုပြီး ဝေဖန်ဆွေးနွေးတာက သတ်သတ် ဖြစ်ပါတယ်။ အဲသလို လုပ်ခွင့်ရတဲ့အတွက်လည်း ကျွန်တော်က ဆရာ့ကို ပိုပြီး လေးစား ခဲ့ပါတယ်။

ဆရာကလည်း သူ့မှန်နဲ့သူပါပဲ။ အများက ထောက်ခံလို့ မိုးခါးရေ သောက်တဲ့ထဲ ဆရာမပါဘူး။ သို့ပေမယ့် ဆရာဦးဝင်းတင်က တာဝန်ခံယူမှုရှိသူ ဖြစ်ပါတယ်။ ဒီမိုကရေစီကို အပြည့်အဝ ယုံကြည်သူဖြစ်ပါတယ်။ အများရဲ့ သဘောဆန္ဒကို လိုက်နာပါတယ်။ တစ်ချိန်တည်းမှာ (သူ့သဘောဆန္ဒက လူကြိုက်နည်းနေရင်တောင်မှ) သူ့အမြင်သူ့အတွေးကိုတော့ ရိုးသား ပွင့်လင်းစွာ တင်ပြဝံ့သူဖြစ်ကြောင်း ဤအင်တာဗျူး တွင် လေ့လာတွေ့ရှိမယ်လို့ ယူဆပါတယ်။
ဒီမိုကရေစီ အရေးတော် အောင်ပါစေ။

၂၂၊ ဒီဇင်ဘာ၊ ၂၀၁၁

# ဂျာနယ်တွေ ပိုပြီး ဖတ်ကောင်းလာဦးမယ်

အခုတလော ဂျာနယ်တွေ ပိုပြီးဖတ်ကောင်းလာတယ်ဗျ။ အဲဒါကတော့ ကျွန်တော့် မိတ်ဆွေတစ်ဦး ပြောလိုက်တဲ့ စကားဖြစ်တယ်ဗျ။ သူက တစ်ခါကတော့ စာသမားလို့ ဆိုနိုင်လောက်အောင် စာဖတ်သူဖြစ်တယ်ဗျ။ ဒါပေမယ့် ဒီဘက် ဆယ့်လေးငါးနှစ်အတွင်း ကုန်ပစ္စည်းတွေကို ကွန်ရက်ဖွဲ့ပြီး ဖြန့်ဖြူးရောင်းချတဲ့စနစ် (Multi Level Marketing) တစ်ခုအတွင်း ဝင်ရောက်လုပ်ကိုင်ရင်း စီးပွားရေး အတော်ကလေး ပြောဆိုလာခဲ့ပြီး အရင်ကလောက် စာကြီးပေကြီးတွေ မဖတ်နိုင်တော့ပေမယ့် စာဖတ်ဝါသနာ ရင့်သန်သူမို့ တစ်ကျော့ပြန် ဂျာနယ်ခေတ်ဦးကစလို့ ဂျာနယ်တွေကို စုံစုံမက်မက် အားပေးလာခဲ့သူဖြစ်တယ်ဗျ။

ခင်ဗျားအဆိုကို အသေးစိတ်လင်းစမ်းပါဦးဗျလို့ ကျွန်တော်က တောင်းဆိုလိုက်တော့ သူက ဒီလိုရှင်းပြတယ်ဗျ။ 'ဟုတ်တယ်လေဗျာ။ ခင်ဗျားသိတဲ့အတိုင်း ဂျာနယ်ခေတ်တစ်ကျော့ပြန်လာတာက (၁၉၉၀) ခုနှစ်တွေကုန်ခါနီးလောက်မှာဖြစ်မယ်။ အတိအကျတော့ ကျွန်တော် မသိဘူး။ ထားပါတော့။ အဲဒီမတိုင်မီတုန်းက ကျွန်တော်တို့မှာ လုံးချင်းတွေကလွဲရင် ဖတ်စရာဆိုလို့ သတင်းစာပဲရှိတယ်။ ပွင့်ပွင့်လင်းလင်း ပြောရရင် သတင်းစာဆိုတာကလည်း ကျွန်တော်တို့အတွက် နာရေးကလွဲပြီး ဘာမှဖတ်စရာပါတာ မဟုတ်ဘူးဗျ။ အဲဒီတော့ ဂျာနယ်တွေ ပြန်ထွက်လာတော့ ကျွန်တော်တို့ ဝမ်းသာအားရကြိုဆိုအားပေးခဲ့ကြတယ်။ ဂျာနယ်ရွှေခေတ်တစ်ခေတ်ဖြစ်ခဲ့ဖူးတဲ့ အိုးဝေတို့၊ ရွှေတူတို့၊ ပွင့်လင်းတို့၊ မှန်ပြောင်းတို့ ပြည်သူ့ကြယ်တို့ သတင်းဂျာနယ်တို့ခေတ်ကို ကျွန်တော်တို့က မီခဲ့ဖူးသူတွေဆိုတော့ အဲဒီခေတ်ကို တမ်းတမြင်ယောင် ရင်း အဲဒီခေတ် တစ်ကျော့ပြန်လာလေမလားဆိုတဲ့ မျှော်လင့်ချက်နဲ့လည်း ပါတာပေါ့ဗျာ။ ဒါပေမယ့် ခင်ဗျားလဲ သိတဲ့အတိုင်း စာပေဆိုတာ နိုင်ငံရေးရဲ့လက်အောက်ခံဆိုတော့ အဲဒီအချိန်တုန်းက နိုင်ငံရေးအခြေအနေက

ကောင်းတာမဟုတ်ဘူးလေ။ နိုင်ငံရေး အခြေအနေ မကောင်းမှတော့ အဲဒီအောက်မှာ ထွက်နေတဲ့ ဂျာနယ်တွေရဲ့ အခြေအနေတွေကလည်း ကျွန်တော်တို့ မျှော်မှန်းသလောက် ဘယ်ကောင်း နိုင်ပါ့မလဲ။ ဒါပေမဲ့လည်း နိုင်ငံတော်အစိုးရက ထုတ်ဝေတဲ့ တစ်ခုတည်းသော အာဘော်နဲ့ တစ်မျိုးတည်းသော သတင်းအမျိုးအစား တွေကိုပဲ ထည့်သွင်းဖော်ပြနေတဲ့ သတင်းစာအပေါ် ငြီးငွေ့စိတ်ကုန်နေကြတဲ့ ကျွန်တော်တို့လို သတင်းဆာလောင် ငတ်မွတ်နေသူတွေအတွက်တော့ အဲဒီတုန်းက ထွက်လာတဲ့ ဂျာနယ်တွေဟာ တကယ့်ကို ဇီဝိတာမင်တွေဖြစ်ခဲ့တာ အမှန်ပါပဲ။ စာပေစိစစ်ရေး အဖွဲ့ကလည်း တင်းကျပ်တဲ့ မူဝါဒတွေကို အတန်သင့်လျှော့ပေါ့ ပေးလိုက်တာပဲလား။ ဒါမှမဟုတ် စစ်ရတဲ့ဂျာနယ်တွေ များလာလို့ စေ့စေ့အောင် မစစ်နိုင်တော့တာပဲလား တော့ မသိဘူး။ ဂျာနယ်တွေမှာ ပြည်သူတွေ ဖတ်ချင်တဲ့ သတင်းအမျိုးအစားတွေ ပါစပြုလာခဲ့တယ်ဗျ။ ဒါပေမယ့် အကန့်အသတ်တွေက အတော်များများ ရှိနေဖြစ်တာကြောင့် ကျွန်တော်တို့မှာ ဆတ်တငံ့ငံ့ဖြစ်ရတာတွေ ကတော့ ခဏခဏပေါ့ဗျာ။ ဟော ... အခုတော့ အခြေအနေက အတော်ကြီး ပြောင်းလဲသွားပြီဗျ။ ပွင့်ပွင့်လင်းလင်း ပြောရရင် ကျွန်တော်ကိုယ်တိုင် မဲသွားမထည့်ခဲ့တဲ့ (၂၀၁၀) ရွေးကောက်ပွဲနဲ့ တက်လာတဲ့ သမ္မတဦးသိန်းစိန်အစိုးရရဲ့ မယုံကြည်နိုင် လောက်စရာ လုပ်ရပ်တွေကြောင့် ကျန်တာတွေကိုထားဦး ဂျာနယ်တွေဟာ ဖတ်လို့ အရမ်းကောင်းလာတယ်ဗျာ။ ခေတ်စကားနဲ့ ပြောရရင်တော့ ဟတ်ထိလာတယ်ပေါ့ဗျာ။ အခုလို ဖြစ်မလာခင်က ကျွန်တော် ဂျာနယ်နှစ်စောင်ပဲ ပုံမှန်ဝယ်ဖတ်တယ်။ အခုတော့ ပုံမှန်ဝယ်ဖတ်တဲ့ ဂျာနယ်တောင် (၆)စောင်ရှိတယ်။ ဒါတောင် အားမရ သေးဘူး။ နောက်ထပ် ဂျာနယ်လေးငါးခြောက်စောင်လောက်ကို အငှားဆိုင်က ငှားဖတ်သေးတယ်။ ကိုယ်ဖတ်ချင်တဲ့သတင်းတွေက ဂျာနယ်တိုင်းလိုလိုမှာ ပါနေ ကြတော့ အခုအချိန်မှာ ကျွန်တော်တို့လို သတင်းဆာလောင်သူတွေကို ဟင်းခွက် (၃၀၀) နဲ့ နေ့တိုင်းပွဲတော်တည်တဲ့ နရသီဟပတေ့မင်းနဲ့ နိုင်းရတော့မလိုဖြစ်နေပြီဗျ။ ပိုဆိုးတာက အခုရက်ပိုင်း ဗိုလ်ချုပ်အောင်ဆန်းအဏ္ဍာပြတ္တိုက်ရှိရင် ဇာတ်ကား ရိုက်ကူးမယ်ဆိုတဲ့ သတင်းကြောင့် ကျွန်တော်တို့မှာ ဟိုဂျာနယ်မှာများ အဲဒါနဲ့ ပတ်သက်တဲ့ သတင်းထူးကလေးပါမလား။ ဒီဂျာနယ်မှာများ သတင်းဆန်းကလေး ပါမလားဆိုပြီး ဂျာနယ်တိုင်း လှန်နေရတာ အမောပဲဗျို့။

ကျွန်တော့်မိတ်ဆွေဆီက အဲဒီစကားတွေကြားခဲ့ရပြီးတဲ့နောက် ကျွန်တော် (**Consumerism**) လို့ခေါ်တဲ့ စားသုံးသူ ပမာနဝါဒအကြောင်း တွေးနေမိတယ်ဗျ။ အဲဒီစကားလုံးက ဘောဂဗေဒနယ်ပယ်က အသုံးအနှုန်းတစ်ခု ဖြစ်တယ်ဗျ။

ကုန်ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူ (Supplier) နဲ့ ဝယ်ယူစားသုံးသူ (Consumer) ဆိုတဲ့ အဓိကအစိတ်အပိုင်းကြီးနှစ်ခုနဲ့ ပေါင်းစပ်ဖွဲ့စည်းထားတဲ့ ဈေးကွက်ဆိုတဲ့ ကမ္ဘာလောကမှာ စားသုံး သူကသာ ပဓာနဖြစ်တယ်။ စားသုံးသူက အရာရာကို အဆုံးအဖြတ်ပေးတဲ့ အနေအထားရှိမှသာ အဲဒီစီးပွားရေးစနစ်ကို မှန်ကန်တဲ့ ဈေးကွက် စီးပွားရေးစနစ်လို့ ခေါ်နိုင်မယ်။ အဲဒီစီးပွားရေးစနစ်ကသာ ရေရှည်ခံကြံ့ခိုင် တောင့်တင်းတဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု (sustainable growth) ကို ဖန်တီးနိုင်မှာ ဖြစ်တယ်ဆိုတဲ့ ဈေးကွက်စီးပွားရေး ပညာရှင်တွေရဲ့ အယူအဆဖြစ်တယ်ဗျ။

နိုင်ငံရေးရှုထောင့်ကကြည့်ရင် အဲဒီစားသုံးသူ ပဓာနဝါဒဆိုတာဟာ ပြည်သူတွေက အာဏာပိုင်စိုးတဲ့ ဒီမိုကရေစီစနစ်ပဲ ဖြစ်တယ်ဗျ။ အုပ်ချုပ်ရေးဆိုတဲ့ ဝန်ဆောင်မှုကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချတဲ့ အစိုးရဆိုတဲ့ (Supplier) နဲ့ ဝယ်ယူစားသုံးသူတဲ့ ပြည်သူဆိုတဲ့ (Consumer) နှစ်ဦးမှာ ပြည်သူက အဓိကနေရာမှာရှိတဲ့ နိုင်ငံရေးစနစ်ဖြစ်တာကြောင့် ဒီမိုကရေစီစနစ်ဟာ စားသုံးသူပဓာနနိုင်ငံရေးစနစ် ဖြစ်တယ်လို့ ကျွန်တော် ဆိုခြင်းဖြစ်တယ်ဗျ။

အားလုံးသိကြတဲ့အတိုင်း ကျွန်တော်တို့နိုင်ငံကို ၁၉၆၂ က ၁၉၈၈ အထိ အုပ်ချုပ်သွားခဲ့တဲ့ အစိုးရကလည်း သူတို့ရဲ့ နိုင်ငံရေးစနစ်ဟာ ဆိုရှယ်လစ်ဒီမိုကရေစီဖြစ်တယ်လို့ ပြောခဲ့ကြတယ်ဗျ။ ၁၉၈၈ က ၂၀၁၀ အထိ အုပ်ချုပ်သွားခဲ့ကြတဲ့ တပ်မတော်အစိုးရများကလည်း နိုင်ငံမှာ ပါတီစုံဒီမိုကရေစီစနစ် ပြန်လည် သွတ်သွင်းတည်ထောင်ပေးခဲ့ပါပြီလို့ ပြောခဲ့ကြတာပဲဗျ။

ဒါပေမယ့် လက်တွေ့မှာတော့ မြန်မာပြည်သူလူထု အများစုကြီးကရော၊ ဒီမိုကရေစီနိုင်ငံတကာ အသိုင်းအဝိုင်းကပါ ပထမခေတ်ကို တစ်ပါတီအာဏာရှင်ခေတ်၊ ဒုတိယခေတ်ကို စစ်အာဏာရှင်ခေတ်အဖြစ် သဘောထားခဲ့ကြတာ အားလုံးအသိဖြစ်တယ်ဗျ။ အကြောင်းကတော့ ဒီမိုကရေစီဆိုတဲ့စကားလုံးတွေ ဘယ်လောက်သုံးသုံး တကယ့်လက်တွေ့မှာ ပြည်သူ (Consumer) တွေရဲ့ဆန္ဒဟာ အစိုးရ (Supplier) ရဲ့ ဆုံးဖြတ်ချက်အပေါ် ဘယ်တုန်းကမှ မလွှမ်းမိုးနိုင်ခဲ့တာကြောင့်ပဲ ဖြစ်တယ်ဗျ။

အခုတော့ အားလုံးသိကြတဲ့အတိုင်း ရာစုတစ်ဝက်လောက် တည်ရှိခဲ့တဲ့ အဲဒီအနေအထားဟာ လပိုင်းအတွင်း အကောင်းဘက်ကို ပြောင်းလဲလာခဲ့ပြီး အဲဒီတူရှုချက်အတိုင်း ဆက်လက်ပြောင်းလဲမယ့် အရိပ်လက္ခဏာတွေကိုလည်း မြင်တွေ့နေရတာပဲဗျ။ အစိုးရခေါင်းဆောင် တွေက 'ကျွန်တော်တို့ ဘယ်တော့ နောက်ပြန်လှည့်တော့မှာ မဟုတ်ပါဘူး'ဆိုတဲ့ စကားကို အခွင့်ကြုံတိုင်း ထပ်တလဲလဲ

ပြောနေကြပြီး အဲဒီစကားရဲ့ အဓိပ္ပာယ်က တစ်ပါတီအာဏာရှင်စနစ်၊ စစ်အာဏာရှင်စနစ်တွေဘက်ကို ဘယ်တော့မှ ခေါင်းပြန်မလှည့်တော့ဘူးဆိုတာ ဖြစ်တယ်လို့ နားလည်နိုင်တယ်ဗျ။ ဒါဟာ စစ်ခေါင်းဆောင်တစ်ဖြစ်လဲ လက်ရှိအစိုးရခေါင်းဆောင်တွေအနေနဲ့ ဘယ်လောက်ပဲ ပြင်းထန် နက်ရှိုင်းတဲ့ နာကျင်ပင်ပန်းမှုတွေ ကြုံတွေ့ခံစားကြရတဲ့တိုင်အောင် ပြည်သူတွေကအားလုံးပိုင်စိုးတဲ့ ဒီမိုကရေစီနိုင်ငံရေးစနစ်ကို မဖြစ်မနေ အကောင်အထည်ပေါ်လာအောင် တည်ဆောက်သွားကြဖို့ သန္နိဋ္ဌာန်ချထားကြပြီ ဖြစ်တယ်လို့ ယူဆနိုင်တယ်ဗျ။

အဲဒီတော့ နှစ်ငါးဆယ်နီးပါး ပေးတာပဲ ယူ၊ ကျွေးတာပဲ စားလာခဲ့ကြရတဲ့ 'သတင်းခေတ်' စားသုံးသူတွေအနေနဲ့လည်း ရှေ့မှာ ဂျာနယ်တွေ အခုထက်တောင် ပိုပြီးတော့ ဖတ်ကောင်းလာဖို့ ရှိနေသေးတယ်လို့ ကျွန်တော် ဟောကိန်းထုတ်နိုင်တယ်ဗျ။ အခုလောလောဆယ် စာဖတ်သူ (consumer) တွေနဲ့ စာပေဖန်တီးထုတ်လုပ်သူ (supplier) တွေကြား အရံအတားတစ်ခုရှိနေသေးပေမယ့် အဲဒီအရန်အတား တဖြည်းဖြည်း ပါးလျားဖျော့မှိန်လာပြီး နောက်ဆုံးမှာ လုံးလုံးပျောက်ကွယ်သွားကာ ရင်ခုန်သံချင်း တိုက်ရိုက်ဆက်သွယ်နိုင်တဲ့ တစ်နေ့ စားသုံးသူရဲ့ ရင်ခုန်သံက ထုတ်လုပ်သူရဲ့ ရင်ခုန်သံကို အပြည့်အဝစေစားနိုင်မယ့် တစ်နေ့ မကြာမီရောက်လာတော့မှာ သေချာတယ်လို့ ကျွန်တော် ပြောချင်တယ်ဗျာ။

၀

# တံခါးပေါက်ကြီးရဲ့တကျွိကျွိမြည်သံ

အခုတလော စာပေဟောပြောပွဲအချို့ လိုက်ဟောရင်း ဟသ်ာတ ဇလွန်စာပေ ခရီးမှာ ဆရာဦးအောင်သင်းနဲ့ ပြန်ဆုံခဲ့တယ်ဗျ။ အင်မတန် အဟောအပြော ကောင်းတဲ့ဆရာ ဦးအောင်သင်းက ကျွန်တော့်ကို သတင်းစာ၊ ဂျာနယ်အလုပ်တွေနဲ့ပဲ နစ်မြုပ်နေပြီး ရသစာပေ မရေးရကောင်းလားလို့ တပျစ် တောက်တောက် ဝေဖန်တာကို လှိမ့်ပြီး ခံခဲ့ရတယ်ဗျာ။ သူနဲ့ အတူ ခရီးသွားရင်း လွန်ခဲ့တဲ့နှစ်သုံးဆယ်လောက်က စာပေ ဟောပြောပွဲတစ်ခုမှာ ဆရာအောင်သင်း ပြောပြခဲ့တဲ့ အဖြစ်အပျက်ကလေးတစ်ခု အကြောင်း ပြန်ပြီး သတိရနေမိတယ်ဗျ။

## နှစ်ပေါင်းများစွာ ယဉ်ပါး

အဲဒီဟောပြောချက် အနှစ်ချုပ်က နိုင်ငံခြားသား စာရေးဆရာတစ်ယောက် သူ့ကိုယ်သူ တွေ့ရှိသွားခဲ့ပုံအကြောင်း ဖြစ်တယ်ဗျ။ အဲဒီစာရေးဆရာရဲ့အိမ်က တံခါးမကြီးဟာ နှစ်တွေကြာ ရာသီဥတုက တိုက်စားတော့ တံခါးပေါက်နဲ့ အံကျ မဖြစ်တော့ဘူး။ အပြင်ကို ထွက်တိုင်း အပြင်က ပြန်လာတိုင်း အိမ်ထဲဝင်တဲ့အခါ အဲဒီတံခါးမကြီးဟာ အားနဲ့မပြီး ဖွင့်မှရတယ်။ ဒါတောင် တကျွိကျွိနဲ့ အသံမျိုးစုံက မြည်သေးတယ်။ အဲဒီလိုဖြစ်နေတာ နှစ်ပေါင်းများစွာ ကြာပြီ။ စာရေးဆရာတို့ တစ်အိမ်သားလုံးဟာ အဲဒီတံခါးကြီးရဲ့ တကျွိကျွိ မြည်သံနဲ့ ကောင်းကောင်းကြီး ယဉ်ပါးနေကြပြီ။

## တကျွိကျွိကို လွမ်းသလိုလို

တစ်နေ့တော့ စာရေးဆရာဟာ လေးငါးခြောက်ရက်လောက်ကြာတဲ့ ခရီးရှည်တစ်ခု ထွက်သွားတယ်။ ခရီးက ပြန်ရောက်လာပြီး အိမ်ထဲဝင်ဖို့ အဲဒီတံခါးမကြီးကို ဖွင့်လိုက်တော့ တံခါးက ကျွိကျွိမမြည်တော့ဘူး။ လျှောခနဲ အသာလေးပွင့်သွားတယ်။ အဲဒီ ပထမဆုံး အတွေ့အကြုံမှာတော့ စာရေးဆရာဟာ ဘာမှထူးထူးခြားခြား မခံစားရဘူး။ ဒါပေမယ့် နောက်နေ့ နောက်နေ့ တွေမှာလည်း တံခါးက ဖွင့်လိုက်တိုင်း အဲသလိုပဲ အလွယ်တကူ လျှောခနဲ လျှောခနဲ ပွင့်သွားတဲ့အပေါ် စာရေးဆရာက စိတ်အနှောင့်အယှက်ဖြစ်သလို ခံစားလာရတယ်။ သူ့ရဲ့မသိစိတ်ထဲမှာ တံခါးပွင့်တိုင်း အရင်က နှစ်ပေါင်းများစွာ ယဉ်ပါးလာခဲ့သလိုပဲ တကျွိကျွိမြည်ပြီးမှ ပွင့်သွားတဲ့ အတွေ့အကြုံကို လွမ်းဆွတ်သလိုလို ခံစားနေရတယ်။ အခုအချိန်မှာ ဖွင့်လိုက်တာနဲ့ တံခါးက ဘာသံမှ မကြားဘဲ လျှောခနဲ အလွယ်တကူပွင့်သွားတဲ့အပေါ် သူ့ရင်ထဲမှာ ဟာတာတာကြီးဖြစ်ပြီး သူ့မှာအပြစ်ရှိသလိုလို ဘာလိုလို ခံစားနေရတယ်။

## အဟောင်းဆွဲငင်မှုက ရုန်းထွက်ဖို့

အဲဒီစာရေးဆရာဟာ နောက်ပိုင်းမှာ အဲသလို ဘာကြောင့်ဖြစ်ရသလဲ ဆိုတာကို ပြန်သုံးသပ်ကြည့်တော့ အဟောင်းမှာ ခေါက်ရိုးကျိုး အရိုးစွဲနေကြတဲ့ လူသားတွေရဲ့ သဘာဝတစ်ခု၊ 'အသစ်' က လွယ်ကူ ချောမွေ့တယ် ဆိုရင်တောင်မှ ခက်ခဲတဲ့ 'အဟောင်း'ရဲ့ဆွဲငင်မှုထဲက ရုန်းထွက်ဖို့ ခက်ခဲလေ့ရှိကြတဲ့ သဘာဝတစ်ခုအကြောင်း ရှာဖွေတွေ့ရှိသွားခဲ့တယ်လို့ ဟောပြောခဲ့တာ ဖြစ်တယ်ဗျ။

အခုဆိုရင် ခရစ်နှစ် ပြက္ခဒိန်အရ နှစ်ဟောင်းကုန်လို့ နှစ်သစ်ကူး သွားခဲ့ပြီဗျာ။ မိမိကိုယ်ကို ပြန်လည်ဆန်းစစ်သုံးသပ်တဲ့ အလုပ်ဟာ ဘယ်အချိန် ဘယ်အခါမျိုးမှ လုပ်ရမယ့်အလုပ်ဖြစ်တယ်ဆိုပြီး သတ်မှတ်မထားပေမယ့် ယေဘုယျအားဖြင့်တော့ ကျွန်တော်တို့ လူသားတွေဟာ ဒီအလုပ်ကို နှစ်ဟောင်း အကုန် နှစ်သစ်အစမှာ လုပ်လေ့ရှိကြတာဖြစ်တယ်ဗျ။ အထူးသဖြင့် နှစ်သစ်တစ်ခုအရောက်မှာ အဲဒီအလုပ်ကို မှတ်မှတ်ရရ အလေးအနက် ထားပြီး လုပ်လေ့ရှိကြတာဖြစ်တယ်ဗျ။ ဒါကြောင့် ကျွန်တော်လည်း အခုလို နှစ်သစ်ကူးအခါသမယမှာ ကိုယ့်ကိုယ်ကိုယ် ရပ်တန့် စစ်ဆေးတဲ့ အလုပ်ကို ခါတိုင်းထက် အချိန်ပိုပေးပြီးလုပ်ဖြစ်ခဲ့တယ်ဗျာ။ ချစ်စွာသော စာဖတ်ပရိသတ် များ အပါအဝင် မြန်မာပြည်သူအားလုံးလည်း အဲသလို လုပ်ဖြစ် ကြလိမ့်မယ်လို့ ကျွန်တော် မျှော်လင့်တယ်ဗျာ။

## သံသယနဲ့မနာလိုမှု

မြန်မာ့လွတ်လပ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းက ကျွန်တော်တို့ လူမျိုးတွေဟာ သံသယနဲ့ မနာလိုမှုအားကြီးတယ်လို့ ပြောဆိုခဲ့ကြောင်း ကျွန်တော် ဖတ်ခဲ့ဖူးတယ်ဗျ။

ဗိုလ်ချုပ်အောင်ဆန်းစကားဆိုရင် ဘယ်တော့မှ မမှားဘူးလို့ မပြောနိုင်တာမှန်ပေမယ့် ဗိုလ်ချုပ် တိုင်းပြည်ကို ဘယ်လောက်အထိ ချစ်မြတ်နိုးတယ်၊ အသက်အရွယ်နဲ့မလိုက်အောင် အရည်အသွေး ဘယ်လောက် ထူးချွန် ထက်မြက်တယ်။ ဘယ်လောက်ရိုးသားဖြူစင်၊ အာဃာတ၊ မာန်မာန ကင်းစင်တယ်ဆိုတဲ့ အများလက်ခံထားကြပြီးသား လေးစားချက်တွေအရ ဗိုလ်ချုပ်ရဲ့ အဲဒီစကားဟာ ကျွန်တော်တို့အသေအချာ အလေးထား ဆင်ခြင်သုံးသပ်ရမယ့် စကားဖြစ်တယ်လို့ ကျွန်တော်တော့ယူဆတယ်ဗျာ။

## ပြည်သူတွေရဲ့မျှော်လင့်ချက်

အားလုံးသိကြတဲ့အတိုင်း အခုအချိန်မှာ ကျွန်တော်တို့နိုင်ငံဟာ ဒီမိုကရေစီရေးဦးတည်တဲ့ အပြောင်းအလဲတွေကို စတင်မြင်တွေ့နေရတဲ့ အချိန် ဖြစ်တယ်ဗျာ။ ရာစုတစ်ဝက်နီးပါးကာလအတွင်း ဒီလိုမြင်ရတာ (တစ်နည်း) ပြည်သူတွေရဲ့ မျှော်လင့်ချက်တွေ အခုလောက် နိုင်နိုင်မာမာ တောက်ပ လင်းလက်နေတာ ဒါ ပထမဆုံးအကြိမ်ဖြစ်တယ်လို့ ကျွန်တော် ရိုးရိုးသားသား ဆိုချင်တယ်ဗျ။

## လွတ်လပ်စွာသံသယဖြစ်ခွင့်

သမိုင်းအတွေ့အကြုံတွေကြောင့် လက်ရှိ အစိုးရအပေါ်ကိုရော လူထုခေါင်းဆောင်တွေအပေါ်ကိုပါ သံသယစိတ်ရှိသူတွေ ရှိနေကြ ဦးမယ်ဆိုတာ ကျွန်တော် နားလည်နိုင်တယ်ဗျ။ ဒီမိုကရေစီက သဘောထားကွဲပြားမှုရှိတာကို လက်ခံသဘောတူ **agree to disagree** တာမို့ လွတ်လပ်စွာ သဘောထားကွဲပြားခွင့်၊ လွတ်လပ်စွာ သံသယဖြစ်ခွင့်ရှိတာကို ကျွန်တော် လက်ခံပါတယ်။

ဒါပေမယ့် သံသယဟာ ရှိသင့်တဲ့အတိုင်းအတာထက် ပိုရင်တော့ အဲဒီသံသယကိုရင်ဝယ်ပွေ့ထားရသူကိုယ်တိုင် ပူပြင်းလောင်မြိုက် ရမှာဖြစ်သလို သူ့ပတ်ဝန်းကျင်ကလူတွေဟာလည်း အဲဒီအပူရှိန်ကြောင့် ဝေဒနာခံစားကြရမှာ ဖြစ်တယ်ဗျ။

## ရေကူးပြီးလိုက်နေမယ့်အစား

ဒီဇင်ဘာလ ၁ဝရက်နေ့က ဒေါ်အောင်ဆန်းစုကြည် ငြိမ်းချမ်းရေး နိုဝယ်ဆု ချီးမြှင့်ခံရမှု အနှစ်နှစ်ဆယ်ပြည့် ဂုဏ်ပြုပွဲမှာ ဆရာကြီး ဟံသာဝတီဦးဝင်းတင်က ဒီမိုကရေစီပန်းတိုင်ဆီသို့ လျှောက်လှမ်းရာမှာ မိမိတို့နဲ့ အမြင်ချင်းမတူသူတွေကို 'ရေကူးပြီးလိုက်နေမယ့်အစား ဒေါ်အောင်ဆန်း စုကြည် ပဲ့ကိုင်နေတဲ့ လှေကြီးပေါ်တက်လိုက်ပြီး ဝိုင်းကူလှော်ကြပါ။ လှော်တဲ့သူ ပိုများလာရင် ပန်းတိုင်ကို ပိုပြီးမြန်မြန်ရောက်ပါလိမ့်မယ်' လို့ ကမ်းလှမ်းခဲ့တယ်ဗျ။

ဒီမိုကရေစီဟာ ငြိမ်းချမ်းစွာလုပ်ဆောင်နေသမျှ ကာလပတ်လုံး မတူကွဲပြားခြားနားတဲ့ အမြင်သဘောထားထုတ်ဖော်မှုတွေကို လက်ခံ ရုံသာမက ကာကွယ်စောင့်ရှောက်မှုပါပေးတဲ့စနစ်_ ဖြစ်ပါတယ်။ ဒါကြောင့် ဒီမိုကရေစီ ပန်းတိုင်ဆီသို့ ရေကူးပြီး အရောက်လှမ်းနေသူတွေကိုလည်း အပြစ်ဆိုစရာ အကြောင်း မရှိဘူးဗျ။ လှေကို နောက်က ဆွဲမထားဘူးဆိုရင်ပေါ့ဗျာ။

## မနာလိုတာ အကုသိုလ်စိတ်

ဗိုလ်ချုပ်ပြောခဲ့တဲ့ စိတ်ထားနှစ်ခုမှာ သံသယသာလျှင် အလေးထား ဆွေးနွေးအပ်တဲ့အကြောင်းအရာဖြစ်ပြီး မနာလိုဝန်တိုမှုဆိုတာကတော့ အကုသိုလ်စိတ်တစ်မျိုးသာဖြစ်တာကြောင့် အကျယ်ချဲ့ ဆွေးနွေးစရာမရှိဘူးဗျ။ ဒေါ်အောင်ဆန်းစုကြည်ကတော့ မုဒိတာစိတ်ထားကို လူတိုင်းထားနိုင်ရင် လောကကြီး ငြိမ်းချမ်းမယ်လို့ ပြောသွား တယ်ဗျာ။ မနာလိုဝန်တိုမှုရဲ့ ဆန့်ကျင်ဘက်ဟာ မုဒိတာစိတ်ပဲဗျ။

## ယုံကြည်မှု ရှေ့တန်းတင်ပါ

သံသယအကြောင်းဆက်ပြောရရင် ကျွန်တော်ကတော့ ယုံကြည်မှုမရှိရင် ဘာအလုပ်မှ ရှေ့ဆက်လုပ်မရဘူးလို့ ယုံကြည်လက်ခံထားသူဖြစ်တယ်ဗျ။ ဒါကြောင့် ဒီကနေ့ပေါ်ပေါက်နေတဲ့ မြန်မာနိုင်ငံရေး အပြောင်းအလဲတွေ အကြောင်း စဉ်းစားတဲ့အခါ ကျွန်တော်က သဘောလွယ်သူပဲပြောပြော သံသယထက် ယုံကြည်မှုကို ရှေ့တန်းပိုတင်ပြီး လုပ်ဆောင်ချင်သူ ဖြစ်တယ်ဗျ။ ပြည်သူတွေရဲ့ ယုံကြည်မှုကို အလွဲသုံးစားလုပ်ရင်တော့ လုပ်တဲ့သူတွေကို သမိုင်းခုံရုံးက ပြစ်ဒဏ်စီရင်ချက်ချမှာပေါ့ဗျာ။ အခုအချိန်မှာ ကျွန်တော်တို့ပြည်သူတွေအနေနဲ့ တံခါးဟောင်းကြီးရဲ့တက္ကိုကြို့မြည်သံကို စွဲလမ်းမနေသင့်တော့ဘူး ထင်တာပဲဗျာ။

၃၊ ဇန်နဝါရီ၊ ၂ဝ၁၂

❍

# တော်လှန်မျိုးဆက်မှ
# တည်ဆောက်ရေးမျိုးဆက်သို့

လူမှုရေးသိပ္ပံပညာရှင်အများစုက လူသားမျိုးဆက်တစ်ဆက်ရဲ့ သက်တမ်းကို နှစ်အစိတ်လို့ သတ်မှတ်ထားကြပါတယ်။ လူတစ်ယောက်ဟာ ယေဘုယျအားဖြင့် အသက်အစိတ်ဝန်းကျင်လောက်မှာ သားသမီး ပွားစီးကြတယ်လို့ သတ်မှတ်ပြီး အဲဒီအချိန်မှာ မိခင် ဖခင်တွေက မျိုးဆက်ဟောင်း။ မွေးဖွားလာတဲ့ သားသမီးတွေက မျိုးဆက်သစ်။ အဲသလိုနဲ့ မျိုးဆက်တစ်ဆက်သက်တမ်းကို ၂၅ နှစ် လို့ ယေဘုယျသဘော ယူဆပြောဆိုခဲ့ကြတာ ဖြစ်နိုင်ပါတယ်။

## မျိုးဆက်နှစ်ဆက် ပေါက်ဖွားခဲ့ချိန်

အဲဒီအယူအဆအရ ပြောရင် ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံရေးစနစ် တစ်ဆစ်ချိုးပြောင်းလဲ သွားခဲ့တဲ့ ၁၉၆၂ ခုနှစ်ကနေ နိုင်ငံရေးစနစ် နောက်ထပ်တစ်ကြိမ် သမိုင်းတစ်ပတ်လည် ပြောင်းလဲသွားခဲ့ပြန်တဲ့ ၂၀၁၁ ခုနှစ်အထိ ကာလအတွင်း မျိုးဆက်နှစ်ဆက် ပေါက်ဖွားရှင်သန်ခဲ့တယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။ ဒီအဆိုကို သဘောတူတယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံရဲ့အနာဂတ်အတွက် ကြိုတင်ပြင်ဆင်ဖို့ ကြိုးပမ်းချက်တစ်ခုအနေနဲ့ အဲဒီမျိုးဆက်နှစ်ခုရဲ့ သဘောသဘာဝ၊ စရိုက်လက္ခဏာ အသွင်အပြင် ဟန်ပန်အမူအရာတွေ အကြောင်း ကျွန်တော်တို့ ဝိုင်းဝန်းစဉ်းစား ကြည့်ကြရအောင်။

## ပခုံးပေါ်ကျရောက်လာတဲ့တာဝန်

'သေသူကို ရှင်သူက တ ရ' ဆိုတဲ့ အမျိုးအစားထဲမှာ ထိပ်ဆုံးတန်းက ပါဝင်သူတစ်ဦးဖြစ်တဲ့ စာရေးဆရာကြီး ဇန်းမော်တင်အောင်က သူ့ရဲ့သားဖြစ်သူကို ပြောကြားခဲ့တဲ့ စကားတစ်ခွန်းဟာ ခုချိန်ထိ ထင်ရှားတဲ့ အဆိုအမိန့်တစ်ခုအဖြစ် ကိုးကားနေကြရပါတယ်။ အဲဒါကတော့ 'ငါ့သား ...လူတစ်ယောက်ရဲ့တန်ဖိုးကို သူ ဖြတ်သန်း ကျော်လွှားနေတဲ့ခေတ်ကြီးက သူ့ပခုံးပေါ်တင်ပေးလိုက်တဲ့ သမိုင်းပေး တာဝန်ကို သူ ဘယ်လောက် သယ်ပိုးထမ်းဆောင်ခဲ့တယ်ဆိုတဲ့ အချက်နဲ့ တိုင်းတာ ရမှာပဲ' ဟူ၍ ဖြစ်ပါတယ်။

ဆရာဇန်းမော်တင်အောင်ရဲ့ အဆိုအမိန့်နဲ့ ကိုက်ညီမယ်ဆိုရင် ၁၉၆၂-၂၀၁၁ မှာ ရှင်သန်လှုပ်ရှားခဲ့တဲ့ မျိုးဆက်နှစ်ဆက်ရဲ့ပခုံးပေါ် ကျရောက်လာခဲ့တဲ့ သမိုင်းပေး တာဝန်က ဘာလဲ။ သူတို့ဟာ အဲဒီတာဝန်ကို သယ်ပိုးထမ်းဆောင်ခဲ့ကြရဲ့လား။ အဲဒီမေးခွန်းတွေကို ဖြေဆိုနိုင်ဖို့အတွက် သူတို့ ကြုံတွေ့ခဲ့ရတဲ့ သမိုင်းဆိုင်ရာ အဖြစ် အပျက်တွေနဲ့ သူတို့ဖြတ်သန်းခဲ့ရတဲ့ သမိုင်းဆိုင်ရာ ခရီးစဉ်ကို အရင်ဆုံး စေ့ငု ကြည့်သင့်ပါတယ်။

## သမိုင်းဖြစ်ရပ်နှစ်ခု

နိုင်ငံရေးတစ်ခေတ်ပြောင်းချိန်မှာ ပထမဆုံး လူငယ်မျိုးဆက် ကြုံတွေ့ရင်ဆိုင်လိုက်ရတဲ့ အထင်ရှား အပေါ်လွင်ဆုံးသမိုင်းဖြစ်ရပ်က ဘာလဲ။ သွေးလွှမ်းတဲ့ ဇူလိုင် ၇ ရက် ဖြစ်ရပ်နဲ့ မြန်မာ့လွတ်လပ်ရေးရဲ့ ထင်ရှားတဲ့သင်္ကေတတစ်ခု ပျောက်ကွယ်သွားမှုကို ကိုယ်စားပြုတဲ့ ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ အဆောက်အဦကြီး ဖောက်ခွဲ ဖျက်ဆီးခံလိုက်ရတဲ့ ဖြစ်ရပ်တို့ပဲ ဖြစ်ပါတယ်။

ခေတ်တစ်ခေတ်ရဲ့ ကနဦးလန်ကာအဖွင့်မှာ အဲဒီလိုမျိုး ဖြစ်ရပ်နှစ်ခုနဲ့ တစ်ချိန် တည်း တစ်ပြိုင်တည်း ကြုံတွေ့လိုက်ရပြီးတဲ့နောက်မှာ အဲဒီခေတ်ရဲ့ပထမမျိုးဆက်ဟာ 'အံ့ကြိတ်'တဲ့မျိုးဆက် ဖြစ်လာခဲ့တော့တာပါပဲ။ သူ့ရဲ့သမိုင်းပေးတာဝန်ဟာလည်း အာဏာရှင်ဖြိုဖျက်ရေးနဲ့ ဒီမိုကရေစီ ပြန်လည် ထွန်းကားရေး ဖြစ်လာခဲ့တော့တာပါပဲ။ ဒီလိုနဲ့ လူ့အဖွဲ့အစည်းရဲ့ စီမံခန့်ခွဲသူ အခြမ်းမှာ 'ရေဘူး ပေါက်တာ မလိုချင်ဘူး၊ ရေပါတာပဲလိုချင်တယ်' ဆိုတဲ့အယူအဆ၊ 'မှန်မှန်မှားမှား အောက်က အထက်ကို နာခံရမယ်' ဆိုတဲ့ အယူအဆ၊ 'တစ်သွေး တစ်သံ တစ်မိန့်' ဆိုတဲ့ အယူအဆတွေ လွှမ်းမိုးတွင်ကျယ်လာချိန်မှာ လူ့အဖွဲ့အစည်းရဲ့ အစီမံ အခန့်ခွဲခံ အခြမ်းမှာလည်း ' ခင်ဗျားတို့ မိုးကောင်းတုန်း ရွာထားဦးပေါ့။ ကျုပ်တို့ မိုးကောင်းမှ မိုးကြိုးပါ

ပစ်ချလိုက်မယ်' ဆိုတဲ့ အယူအဆ၊ 'နေသေးသပ ချုံထဲက ချိုသွေးသပ တမြမြ' ဆိုတဲ့ အယူအဆ၊ ကမ္ဘာမကျေဘူးဟေ့ဆိုတဲ့ ခံစားချက်တွေ ပျံ့နှံ့ကြီးစိုး လာခဲ့ပါတယ်။

## တော်လှန်မျိုးဆက်

အဲဒီအခြမ်းရဲ့ အတက်ကြွဆုံးအပိုင်းဖြစ်တဲ့ လူငယ်မျိုးဆက်ရဲ့ ခံစားချက်ကတော့ အပြင်းထန်ဆုံးပါပဲ။ သူတို့ရင်ဘတ်တစ်ခုလုံးကို သိမ်းပိုက်ထားတာက အထက်က ကျလာတဲ့ အရာမှန်သမျှကို ဆန့်ကျင်ဖို့ ဖီဆန်ဖို့ အာခံဖို့ တော်လှန်ဖို့ဆိုတဲ့အတွေးပါပဲ။ အထက်က ကျလာတဲ့အရာတိုင်း မှားတာ မဟုတ်ဘူးလို့ သူတို့မတွေးနိုင်ကြတော့ပါဘူး။ ဒါမှမဟုတ် မတွေးချင်ကြတော့ပါဘူး။ သူတို့ခေါင်းထဲရှိနေတဲ့ အတွေးက လက်ရှိ ရှိနေတဲ့ လူမှုရေး၊ နိုင်ငံရေးစနစ်ကြီးတစ်ခုလုံးကို ရိုက်လှဲဖြိုဖျက် ဖျက်ဆီးပစ်လိုက် ဖို့ပါပဲ။ အထက်ကလာတဲ့ အရာမှန်သမျှ ဟာ သူတို့အတွက် အလေးထား လိုက်နာ လုပ်ဆောင် အကောင်အထည်ဖော်ရမယ့် အရာတွေမဟုတ်ပါဘူး။ ကဖျက်ယဖျက် လုပ်ဖို့ ပြောင်လှောင်သရော်ဖို့သာ ဖြစ်ပါတယ်။ သူတို့ကို လွှမ်းမိုးနေခဲ့တာက ကပ်စထရို၊ ချေဂွေဗားရား၊ မော်စီတုံး၊ ဟိုချီမင်း၊ ဂျိုဆေရီဇော်၊ ငုယင်ဝန်ထရှိုင်း၊ ချောအိမန်၊ ဂျူလီယက်ဖူးချစ်စတဲ့ တော်လှန်ရေးသူရဲကောင်းတွေရဲ့ ဝိညာဉ်တွေ ဖြစ်ပါတယ်။

အဲဒီခေတ်ရဲ့ ဒုတိယမျိုးဆက်အခြေအနေကရော ဘယ်လိုလဲ။ ပထမမျိုးဆက်က လက်ဆင့်ကမ်းပေးခဲ့တဲ့ စစ်ကြောရေးစခန်းတွေ၊ သားပိုက်ကောင်တရားရုံးတွေ၊ အကျဉ်းထောင်တွေနဲ့ ခေါက်တုံ့လူးလာလုပ်နေခဲ့ရတဲ့ အခြေအနေပါပဲ။ အံကြိတ်ရ လွန်းလို့ သွားတွေ ပျက်စီးပြီး ပထမမျိုးဆက်ဝင်တွေ အရွယ်မတိုင်မီ သွားဆရာဝန်နဲ့ တိုင်ပင်ဆွေးနွေးနေရချိန်မှာ ဒုတိယ မျိုးဆက်ကလည်း သွားဆရာဝန်ဆီ သွားဖို့ ခြေလှမ်းပြင်နေရတဲ့အခြေအနေပါပဲ။ ဒါပေမဲ့ အဲဒီ မျိုးဆက်နှစ်ဆက်စလုံးဟာ သူတို့ပခုံးပေါ် သမိုင်းက တင်ပေးခဲ့တဲ့ ဒီမိုကရေစီပြန်လည် ထွန်းကားရေးတာဝန်ကို သယ်ပိုးထမ်းဆောင်ခဲ့ကြတယ်လို့ ဆိုရပါလိမ့်မယ်။

## ဖြိုဖျက်ရေးနဲ့တည်ဆောက်ရေး

ရှုထောင့်တစ်ခုကနေ ပြောရရင်တော့ လွန်ခဲ့တဲ့ နှစ်ပေါင်း ငါးဆယ်အတွင်း ကျွန်တော် တို့နိုင်ငံမှာ ရှင်သန်ခဲ့တဲ့ မျိုးဆက်နှစ်ဆက်ဟာ ဖြိုဖျက်ရေးကိုပဲ ဦးတည်အားသန်ခဲ့တဲ့၊ ဖြိုဖျက်ရေးကိုပဲ ကျွမ်းကျင်ခဲ့တဲ့ မျိုးဆက်တွေ ဖြစ်ပါတယ်။ သူတို့မှာ တည်ဆောက်ရေး အတွေ့အကြုံမရှိပါဘူး။ အတွေ့အကြုံမရှိတော့ ကျွမ်းကျင်မှုဆိုတာ ဝေလာဝေးပါပဲ။

နိုင်မာတောင့်တင်းတဲ့ နိုင်ငံတစ်ခု တည်ဆောက်ဖို့ မဆိုထားနဲ့ ခိုင်မာ တောင့်တင်းတဲ့ အဖွဲ့အစည်းတစ်ခု တည်ထောင်တဲ့ အတတ်ပညာကိုတောင် အပန်းတကြီး လေ့လာ သင်ယူကြရမယ့် အနေအထား ဖြစ်ပါတယ်။

စပ်မိလို့ပြောရရင် ကျွန်တော် အခုပြောနေတဲ့ ဖြိုဖျက်ရေး မျိုးဆက်ရဲ့ ရှေ့က မျိုးဆက်ကျတော့ ကွဲအက်ရေး ခွဲထွက်ရေးမျိုးဆက်လို့ ပြောစရာဖြစ်ခဲ့ပါတယ်။ ဂျီစီဘီအေကြီးကစပြီး နိုင်ငံရေး အသင်းအပင်းတွေ ကွဲအက် ခွဲထွက်လာခဲ့ကြတာ တို့ဗမာအစည်းအရုံးကြီးတောင် ကွဲခဲ့တာပါပဲ။ လွတ်လပ်ရေးခေတ်ကျတော့လည်း ကွန်မြူနစ်ပါတီကွဲ၊ ပြည်သူ့ရဲဘော်ကွဲ၊ ဖဆပလကွဲ၊ သန့်ရှင်းဖဆပလကနေ ပြည်ထောင်စုပါတီ (ပထစ) ဖြစ်လာပြီး ပထစထဲမှာ ဦးဗိုလ်နဲ့သခင် အုပ်စုတွေကွဲ၊ ပမညတတွေ ကွဲနဲ့ အကွဲသံသရာ လည်မဆုံး ဖြစ်ခဲ့ပါတယ်။

## မတူတာကို ပေါင်းစပ်လို့မရ

၁၉၈၈-၈၉မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စည်းရုံးရေးမှူးတစ်ဦးအဖြစ် ကျွန်တော်နဲ့ အတူ တာဝန်ထမ်းဆောင်ခဲ့တဲ့ အလံနီနိုင်ငံရေးသမားဟောင်းတစ်ယောက် (ယခု ကွယ်လွန်ပါပြီ)နဲ့ ပတ်သက်တဲ့ အတွေ့အကြုံတစ်ခုကို သတိရမိပါတယ်။ အဲဒီကာလ က ၈၈ သပိတ်အုပ်စုကွဲတွေကို ကျွန်တော်တို့က အဖွဲ့ချုပ်အလံအောက်မှာ တစု တစည်းတည်း ပါဝင်ကြဖို့ စည်းရုံးကြရတာကိုး။ တော်တော့်ကို ခက်ခက်ခဲခဲနဲ့ မြို့နယ် စည်းရုံးရေးအဖွဲ့တွေ ဖွဲ့နိုင်ဖို့ ကြိုးစားကြရပါတယ်။ တစ်ခါတော့ ပြည်မြို့က သပိတ်အုပ်စုဟောင်းလေးစုကို စုစည်းဖို့ကြိုးစားရင်း ဘယ်လိုမှ ညှိနှိုင်းလို့မရတဲ့အခါ သူက ကျွန်တော့်နားနားကပ်ပြီး ခုလို ပြောပါတယ်။ 'ကိုဝံသရေ ကျုပ်က အလံနီလုပ်လာခဲ့တာဗျ။ ကျုပ် ကျွမ်းကျင်တဲ့အတွေ့အကြုံက သဘောထားချင်း မတူတဲ့လူတွေနဲ့ ညှိနှိုင်းနေစရာမလိုဘူး။ မတူတာတွေကို ပေါင်းစပ်ဖို့ ကြိုးစားရင်လဲ သိပ်မကြာဘူး ကွဲအက်မှာပဲ။ ဒါကြောင့် ကျုပ်တို့ ပေါ်လစီက ကွဲအက်ရေးမှ ခွဲထွက်ရေးသို့ပဲ။ အခု ကျုပ်တို့လုပ်နေရတာက ကွဲနေပြီးသားအဖွဲ့တွေကို ညီညွတ်ရေး ရအောင် လုပ်နေရတာ။ ပြောင်းပြန်။ ရှင်းရှင်းပြောရရင် ကျုပ်က အဲဒီအလုပ် အတွေ့ အကြုံလဲမရှိဘူး။ ယုံလဲ မယုံကြည်ဘူး။ ဒီတော့ သူတို့တွေကို ပေါင်းစည်းနိုင်အောင် ခင်ဗျား တစ်ရက် ကြိုးစားကြည့်၊ မရရင် ကျုပ်ကိုပြော' လို့ ပြောပါတယ်။ ကျွန်တော် တကယ်ပဲ ကြိုးစားကြည့်ပါတယ်။ နောက်ဆုံး ဘယ်လိုမှ စုစည်းလို့မရတော့ လက်မြှောက်ပြီး သူ့ကို အပ်လိုက်ပါတယ်။ သူက သပိတ်အုပ်စု လေးစုထဲက အသင့်ဆုံးလို့ သူယူဆတဲ့ အုပ်စုတစ်စုနဲ့ ဘယ်အုပ်စုမှ မပါသူ အပြင်လူတချို့ကို

အမှုဆောင်များအဖြစ်ရွေးချယ်ပြီး ကြေညာလိုက်ပါတယ်။ အဲဒီမှာ ကျန် သုံးစုထဲက မကျေနပ်သူတွေ ထွက်သွားကြပါတယ်။ တခြားပါတီတွေနဲ့ ဆက်သွယ် လုပ်ကိုင်သွားကြပါတယ်။ ကျွန်တော့်ရဲဘော်ကြီးက အဲဒီအတွက် စိတ်မကောင်းမဖြစ်ဘူး။ လူတွေ ပိုသန့်သွားတာဖြစ်လို့ ပိုကောင်းတယ်လို့ သုံးသပ်ပါတယ်။ ဟုတ်ကဲ့ သူရွေးလိုက်တဲ့ အဖွဲ့ဟာလဲ နှစ်နှစ်နီးပါးလောက်တော့ ခံပါတယ်။ ၁၉၉၀ ရွေးကောက်ပွဲနီးတော့ ကွဲအက်သွားပြန်ပါတယ်။ ဒီလိုပါပဲ။ ဒါဟာ နိုင်ငံရေးပါပဲ။

## ယုံကြည်မှုတော့ ရှိရမှာပဲ

အားလုံးသိကြတဲ့အတိုင်း အခုအချိန်မှာ ကျွန်တော်တို့ နိုင်ငံဟာ ဒီမိုကရေစီ နိုင်ငံတော်သစ်ကို တည်ဆောက်ဖို့ကြိုးပမ်းနေချိန်ဖြစ်ပါတယ်။ အမျိုးသား ပြန်လည် သင့်မြတ်ရေး ဖြစ်စဉ်တစ်ခုအတွင်း ဖြတ်သန်းနေပါတယ်။ ဒါကြောင့် ညီညွတ်ရေး ကိုတော့ တည်ဆောက်ယူရမှာပါ။ ဒီကနေ့ခေတ်ဟာ တည်ဆောက်ရေးခေတ် ဖြစ်တယ်လို့ ယုံကြည်မှု ထားရှိရမှာပါ။

ဒီကနေ့ခေတ်က လူငယ်မျိုးဆက်တွေရဲ့ ပခုံးပေါ် တင်ပေးလိုက်တဲ့ တာဝန် ကတော့ ပထမဆုံး ကိုယ့်ကိုယ်ကိုယ် တည်ဆောက်ရေးပဲ ဖြစ်ပါလိမ့်မယ်။ ဘာကို တည်ဆောက်ရမှာလဲဆိုရင် ဒီမိုကရေစီ အရေးတော်ပုံတပ်သားကောင်းတွေဖြစ် အောင် မိမိကိုယ်မိမိ ပျိုးထောင်ကြဖို့ လေ့ကျင့်သင်ကြားကြဖို့ပါပဲ။

၁၀၊ ဇန်နဝါရီ၊ ၂၀၁၂

○

## ဒီမိုကရေစီခရီး နီးအောင်ပင်လှမ်း

နှစ်သစ်မှာ ပထမဆုံးထွက်ပေါ်လာခဲ့တဲ့ သမ္မတရဲ့ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ကြောင့် အတော်ကလေး စိတ်ပျက်လက်ပျက်ဖြစ်သွား ခဲ့တဲ့ ကျွန်တော် ပထမအမိန့်ထွက်ပြီး ရက်သတ္တနှစ်ပတ်တောင် မကြာသေးတဲ့အချိန်မှာ ထပ်မံထွက်ပေါ်လာတဲ့ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်နဲ့ နောက်တစ်နေ့မှာ ကြားရမြင်ရတဲ့ အဖြစ်အပျက်တွေကြောင့် ပွင့်ပွင့်လင်းလင်းပြောရရင် တကယ့်ကို လိုက်လိုက်လှဲလှဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရတယ်ဗျာ။ ယခု ဇန်နဝါရီ ၁၃ ရက်မှာ လွတ်လိုက်ပုံက အစုလိုက် အပြုံလိုက် လွတ်လိုက်တာ ဆိုတော့ ပျော်စရာတောင် ကောင်းသေးလို့ ပြောရမလို ဖြစ်နေတယ်။ သို့ပေမယ့် ဒီတစ်သုတ်မှာ မလွတ်ဘဲ ကျန်နေသူတချို့အတွက် စဉ်းစားမိလိုက်ပြန်တော့ ကိုယ်ချင်းစာနာစိတ်နဲ့ ရင်ထဲ ဆို့သွားမိတယ်ဗျာ။ ကျန်သူတွေလည်း အမြန်လွတ်လာကြပါစေလို့ ဆုတောင်းနေပါတယ်။

### ကြုံဖူးတယ်

ကျွန်တော့်ရဲ့ သတင်းစာသမားဘဝနဲ့ နိုင်ငံရေးဘဝ ရာစုနှစ် တစ်ဝက်ခန့်ကာလ အတွင်း ယုံကြည်ချက်ကြောင့် အကျဉ်းချခြင်းခံထား ရသူတွေ အစုလိုက် အပြုံလိုက် ပြန်လည်လွတ်မြောက်လာတဲ့အဖြစ်အပျက်မျိုးကို လေးငါး ခြောက်ကြိမ် ခုနစ်ကြိမ် ထက် မနည်း ကျွန်တော် ကြုံခဲ့ဖူးတယ်ဗျ။ အထူးသဖြင့် ကိုယ်တိုင် နိုင်ငံရေးလောကထဲ ဝင်ရောက်ခဲ့ပြီးတဲ့နောက်ပိုင်း လွတ်ငြိမ်း ချမ်းသာခွင့် ကြေညာပြီး ဖြစ်စေ၊ မကြေညာဘဲ ဖြစ်စေ ယုံကြည်ချက် အကျဉ်းသားတွေ အတော်များများ သို့မဟုတ် တစ်ယောက်မကျန် လွတ်မြောက် လာတဲ့အဖြစ်မျိုးတွေကို ကြုံတွေ့ခဲ့ဖူးတယ်။ သို့ပေမယ့် ခုတစ်ကြိမ်လောက် ထူးထူးခြားခြား ဝမ်းမြောက် ပျော်ရွှင်တယ်ဆိုတဲ့

ခံစားမှုမျိုး ရင်ထဲမှာ မပေါ်ခဲ့တာ အမှန်ပဲဗျာ။ 'သြော် ... လွတ်လာကြပြီကိုး' ဆိုတဲ့ အသိလောက်ပဲ ရှိခဲ့တယ်ဗျ။

## ကျေးဇူးမတင်ပါဘူး

ပွင့်ပွင့်လင်းလင်း ပြောရရင် အဲသလိုလွတ်ပေး တဲ့အတွက် ကိုယ်နဲ့ ယုံကြည်ချက်ချင်း တူသူတွေဘက်က ကြည့်ပြီး ဝမ်းသာပေမယ့် လွှတ်ပေးတဲ့ အစိုးရကို တစ်ခါမှ ကျေးဇူး မတင်ခဲ့ဖူးဘူးဗျ။ အစကတည်းက မဖမ်းသင့်ဘဲ ဖမ်းထားခဲ့သူတွေကို လွှတ်ပေးတာ ဘာကျေးဇူးတင်စရာ ရှိလို့လဲဆိုတဲ့ သဘောပဲ ရှိခဲ့တာဖြစ်တယ်ဗျာ။

## မျှော်လင့်ချက်နဲ့မဆက်စပ်

အရင်က ယုံကြည်ချက်အကျဉ်းသားတွေ အစုလိုက် အပြုံလိုက် ပြန်လွတ်လာခဲ့ကြတဲ့ အပေါ် ကျွန်တော့်စိတ်ထဲ ထူးထူးခြားခြား ဝမ်းသာ ပျော်ရွှင်မှု ဘာကြောင့် မရှိခဲ့ ရတာလဲ ဆိုတာရဲ့ အကြောင်းရင်းကို စဉ်းစား ကြည့်လိုက်တော့ အဲဒီလွတ်မြောက်မှု တွေနဲ့ ကျွန်တော် အပါအဝင် မြန်မာပြည်သူတွေရဲ့ ဒီမိုကရေစီရေး မျှော်လင့်ချက် အကြား ဆက်စပ်မှု မရှိသလောက်နီးပါး ဖြစ်ခဲ့လို့ဆိုတာကို သွားတွေ့တယ်။ တစ်နည်း ပြောရရင် အဲဒီအခေါက်တွေတုန်းက ယုံကြည်ချက် အကျဉ်းသားတွေရဲ့ လွတ်မြောက် လာမှုက ကျွန်တော်တို့ရဲ့ ဒီမိုကရေစီရေးမျှော်လင့်ချက်အပေါ် သက်ရောက်မှု မရှိ သလောက် ဖြစ်ခဲ့လို့ပဲဖြစ်တယ်ဗျ။ 'သူတို့လွတ်မြောက်လာတာ ဝမ်းသာပေမယ့် ငါတို့ဘဝတွေက ဒုံရင်းအတိုင်း ဆက်ရှိမှာပါပဲ' ဆိုတဲ့ အတွေးက လွှမ်းမိုးကြီးစိုးနေ ခဲ့တာကြောင့် ဖြစ်တယ်ဗျ။ တော်လှန်ရေးကောင်စီ အစိုးရလက်ထက်၊ လမ်းစဉ်ပါတီ အစိုးရ လက်ထက်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေး အစိုးရလက်ထက်၊ နိုင်ငံတော် အေးချမ်းသာယာရေး အစိုးရလက်ထက်တွေမှာ ပေါ်ပေါက်ခဲ့ဖူးတဲ့ ယုံကြည်ချက် အကျဉ်းသား အစုလိုက် အပြုံလိုက် လွတ်မြောက်မှုတွေက မိမိတို့ရဲ့ ဒီမိုကရေစီရေး မျှော်လင့်ချက်ကို ထူးခြား သိသာစွာ ပိုမို လင်းလက်တောက်ပစေခြင်း မရှိခဲ့တာ မြန်မာပြည်သူတွေ အသိဖြစ်တယ်ဗျ။

## လွတ်လွတ်ကျွတ်ကျွတ်အောင်သွားပြီ

ဒါပေမဲ့ အခုတစ်ကြိမ်ကတော့ အဓိပ္ပာယ်က သိပ်ကိုထူးခြား လေးနက် နေတယ်ဗျာ။ ဘာကြောင့်လဲဆိုတော့ အပြောင်းအလဲမှုတွေ ကျယ်ကျယ်ပြန့်ပြန့် ပေါ်ပေါက်ခဲ့တဲ့ အခြေခံ

ဥပဒေနဲ့ ရွေးကောက်ပွဲတို့ကတစ်ဆင့် တက်လာ ခဲ့တာဖြစ်ပေမယ့် ပြည်သူ့ဆန္ဒကို အလေးထားတဲ့ လုပ်ရပ်တွေ တစ်ခုပြီးတစ်ခု လုပ်ဆောင်ခဲ့တာကြောင့် ပြည်သူလူထုနဲ့ ယုံကြည်မှုကို တိုးတက်ရရှိလာနေခဲ့တဲ့ တစ်ချိန်တည်းမှာ ရှေ့တစ်လှမ်းတိုး နောက်တစ်လှမ်းဆုတ်သလို ဖြစ်နေတဲ့ လုပ်ဟန်ကြောင့် ပြည်သူ့ယုံကြည်မှုရရှိရေး စာမေးပွဲမှာ မော်ဒရေးရှင်း ထိုင်ရမလိုဖြစ်နေတဲ့ နိုင်ငံတော်သမ္မတဦးသိန်းစိန်ဟာ အခုနောက်ဆုံးလုပ်ရပ်နဲ့ လွတ်လွတ်ကျွတ်ကျွတ် အောင်မြင်သွားခဲ့လို့ပဲ ဖြစ်တယ်ဗျ။

## ဆက်ညှိနှိုင်းသွားရင် ရလောက်တယ်

အခုအထိ ယုံကြည်ချက်အကျဉ်းသားဆိုတဲ့ အသုံးအနှုန်းကို လက်မခံ သေးတာ။ ကျွန်တော်တို့က ယုံကြည်ချက်အကျဉ်းသား အနည်းငယ်ကျန်နေ သေးတယ်လို့ ပြောနေရတာ စတဲ့ကိစ္စတွေကိုတော့ အမျိုးသားပြန်လည် သင့်မြတ်ရေးနဲ့ တိုင်းပြည်ရဲ့ အနာဂတ်ကို မျှော်တွေးပြီး ဆက်လက် ညှိနှိုင်းသွားရင် ရနိုင်ကောင်းတယ်လို့ ကျွန်တော် ယူဆတယ်ဗျာ။

အခုဆို ကျွန်တော်တို့နိုင်ငံရှေ့တိုးသွားနိုင်ဖို့ကိစ္စမှာ အရေးအကြီးဆုံး အခြေခံပြဿနာကြီးနှစ်ခုထဲက တစ်ခုဖြစ်တဲ့ ယုံကြည်ချက် အကျဉ်းသားများ လွတ်မြောက်ရေးကိစ္စ ပြေလည်သွားခဲ့ပြီဖြစ်သလို နောက်တစ်ခုဖြစ်တဲ့ ငြိမ်းချမ်းရေး ကိစ္စမှာလည်း အလားအလာကောင်းတွေ မြင်တွေ့နေရပြီ ဖြစ်တယ်ဗျာ။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တချို့ရဲ့ ခေါင်းဆောင်တွေ ရင်ထဲ သံသယတွေ ကျန်နေသေးပြီး အဖွဲ့ တစ်ခုနဲ့ တိုက်ပွဲတွေ ဆက်ဖြစ်နေဆဲ ဖြစ်ပေမယ့် သမိုင်းတစ်ပတ် ပြန်လည်သွားလောက်အောင်တော့ အခြေအနေ မဆိုးနိုင်ဘူးလို့ ကျွန်တော် ယုံကြည်နေတယ်ဗျာ။

## သံချေးကိုက်နေတဲ့ တံခါးကြီး

ကျွန်တော်တို့နိုင်ငံရဲ့နှစ်ပေါင်းရှည်ကြာ ပိတ်ထားခဲ့မှုကြောင့် ပတ္တာတွေ သံချေးကိုက်နေတဲ့ ဒီမိုကရေစီတံခါးကြီးဟာ စေ့ရာမှဟ၊ ဟရာမှ တဖြည်းဖြည်းချင်း ကျယ်သထက်ကျယ်စွာ ပွင့်ဟလာနေပြီလို့ ကျွန်တော့်မျက်စိထဲ မြင်နေတယ်ဗျ။ ပြောရရင် ဒီမိုကရေစီလိုလားတဲ့ ရဟန်းရှင်လူကျောင်းသား ပြည်သူတွေနဲ့ နိုင်ငံတကာ မိတ်ဆွေအသိုင်းအဝိုင်းတွေရဲ့ ကြိုးပမ်းမှုကို သမ္မတကြီး ဦးသိန်းစိန်အစိုးရက ထပ်မံလိုက်လျောခဲ့တာလို့ ပြောနိုင်မယ်ဗျ။

## ဖြုတ်စဗျင်းတောင်း အရှုပ်တွေ

တံခါးပိုပိုပြီး ပွင့်လာချိန်မှာ ကျွန်တော်တို့ဟာ ရာစုတစ်ဝက်လောက် ပိတ်ထားခဲ့တဲ့ အခန်းထဲက ပရမ်းပတာ၊ ကသောင်းကနင်း၊ ဖရိုဖရဲ အလဲလဲ အပြိုပြိုဖြစ်နေတဲ့ ပစ္စည်းတွေကိုလည်း မြင်တွေ့နေရပြီဖြစ်တယ်ဗျ။ ကျွန်တော်တို့ဟာ တံခါးကို ပွင့်သထက်ပွင့်လာပြီး နောက်ဆုံးမှာ ဟင်းလင်းဖြစ်သွားအောင် ကြိုးပမ်းနေကြရမယ့် တစ်ချိန်တည်းမှာ အခန်းထဲက ဖြုတ်စဗျင်းတောင်း အရှုပ်အထွေးတွေကိုလည်း အားကြိုး မာန်တက် ရှင်းကြလင်းကြရမှာ ဖြစ်တယ်ဗျ။

## ဒီမိုကရေစီနဲ့မတာန်တဲ့ စိတ်တွေ

ပထမဆုံး လှည်းကျင်းရှင်းထုတ်ကြရမှာကတော့ ဒီမိုကရေစီကို အလေးမထား ခဲ့တဲ့စနစ်ဆိုး ကြီးစိုးခဲ့တဲ့တစ်လျှောက်လုံး တဖြည်းဖြည်းချင်း ရင့်သန် အမြစ်စွဲ လာခဲ့တဲ့ ကျွန်တော်တို့ ခေါင်းထဲက ဒီမိုကရေစီနဲ့ မထိုက်တန်တဲ့ အတွေးအခေါ် အညစ်အနွမ်း အဟောင်းအမြင်း အမှိုက်သရိုက်တွေ ဖြစ်တယ်ဗျ။ ပျင်းတာ၊ စိတ်ဓာတ်သိမ်ဖျင်းတာ၊ တစ်ယောက်အပေါ်တစ်ယောက် မကောင်းသတင်း လွှင့်တာ၊ ကိုယ့်ဘက်သာ မနာလိုတာ၊ မုဒိတာ တရား ခေါင်းပါးတာ၊ ငါသာ အသိဆုံး အတတ်ဆုံး အတော်ဆုံးလို့တွေးတာ၊ ကိုယ်နဲ့မတူတဲ့ သဘောထားကို စိတ်ရှည် သည်းခံနိုင်စွမ်း မရှိတာ၊ ပြိုင်ဘက်ကို ကိုယ့်အရည် အသွေးတက်လာအောင် ကူညီပံ့ပိုးနေသူအဖြစ် မမြင်နိုင်ဘဲ အပြတ်ရှင်းပစ်ရမယ့် ရန်သူလို့ သဘောထားတာ၊ ချက်အောက်ထိုးပြီး အနိုင်ယူချင်တာ၊ ဘယ်သူသေသေ ငတေမာရင်ပြီးရော စိတ်မွေး တာ၊ အမှန်တကယ် ရှက်ရမယ့် ကြောက်ရမယ့်အလုပ်ကို မရှက်မကြောက်လုပ်ပြီး အမှန်တကယ် မရှက် မကြောက်ရမယ့်ကိစ္စတွေကို ရှက်တာ ကြောက်တာ။ ပြောရ ရင်တော့ ပြောမဆုံးပေါင် တောသုံးထောင်ပဲဗျ။ တစ်ခါလည်း ကျွန်တော် စိတ်ရှိလက်ရှိ ရေးပြီးပြီဗျာ။

## တာထွက်မှတ်မျှသာ

နှစ်ပေါင်းငါးဆယ်လောက် ဒီမိုကရေစီနဲ့ ကွာရှင်းပြတ်စဲထားခဲ့ရတာ ဆိုတော့လည်း ဒီမိုကရေစီဟာ ကျွန်တော်တို့ ပြည်သူတွေအတွက် သူစိမ်းတရံဆံသလို ဖြစ်ပြီး အခု ပြန်တွေ့ချိန်မှာ အမ်းတမ်းတမ်းဖြစ်နေတာက သဘာဝကျပါတယ်။ ဒါကြောင့် ဒီမိုကရေစီနဲ့ ပြန်ပြီး ယဉ်ပါး လာအောင် စုံမက်မြတ်နိုးစွာ ရွေးချယ်ခဲ့တဲ့ လမ်းဖြစ်တဲ့

အတွက် ဘယ်လောက်ဝေးဝေး လျှောက်လှမ်းကြရမှာပဲ ဖြစ်တယ်ဗျ။ နိုင်ငံတကာ စံချိန်စံညွှန်းတွေနဲ့ ကိုက်ညီတဲ့ ဒီမိုကရေစီအစိုးရစစ်စစ် တစ်ရပ်ကို ရွေးချယ်ဖွဲ့စည်းနိုင်ခဲ့တယ်ဆိုရင်တောင် အဲဒါဟာ ဒီမိုကရေစီခရီးကြမ်းရဲ့ ပန်းတိုင်မဟုတ်သေးဘဲ တာထွက်မှတ်သာ ဖြစ်တယ်ဆိုတာကို မြန်မာ့သမိုင်း၊ ကမ္ဘာ့သမိုင်းတွေက အကြိမ်ကြိမ် သက်သေပြခဲ့ပြီးဖြစ်တာမို့ ကျွန်တော်ကတော့ ကျွန်တော်တို့ နိုင်ငံအဖို့ အခုအချိန်မှာ ဒီမိုကရေစီပန်းတိုင်ဆီသို့ ဤခရီး နီးအောင် အတော်လှမ်းရဦးမယ် လို့ပဲ ဆိုလိုက်ချင်တယ်ဗျာ။

**၁၂၊ ဇန်နဝါရီ၊ ၂၀၁၂**

○

# ကြိုးနီစနစ်နဲ့ ဗျူရိုကရက်

‘ကြိုးနီစနစ်ဆိုတာ ဘာလဲလို့ အသက် ၄၀ကျော်လောက် ဘွဲ့ရလူငယ် တစ်ယောက်က မေးပါတယ်၊ ကျွန်တော်ကတော့ ရှေးတုန်းက ဖလက်ဖိုင်တွေကို အလံအနီကလေး တပ်ပြီး ရုံးတွေမှာ သုံးတာလို့ ဖြေလိုက်တယ်။ ဗျူရိုကရေစီ ယန္တရားရဲ့ သင်္ကေတ အဖြစ် ပြောကြ တာလို့ ယေဘုယျလောက် ပြောပြထားတယ်။ အသေးစိတ် ရှင်းပြ နိုင်ရင် ဆရာ့အနေနဲ့ ဆောင်းပါးတစ်ပုဒ် ရေးပေးပါလား’

မွန်ပြည်နယ်က လာတဲ့ မိတ်ဆွေကြီး ဦးချစ်ရီက ပြောတာပါ။ ကျွန်တော်က နိုင်ငံရေးဝေါဟာရ အဘိဓာန် စာအုပ် ပြုစုထားသူဆိုတော့ ရှင်းပြနိုင်မယ် ထင်လို့ပါ-တဲ့။ တကယ်ကတော့ ကျွန်တော်လည်း ဦးချစ်ရီ သိသလောက်ပဲ သိပါတယ်။ ကြိုးနီစနစ်အကြောင်း နက်နက်ရှိုင်းရှိုင်း သိတယ်လို့ မပြောနိုင်ပါဘူး။ ဒါကြောင့် အစိုးရ အုပ်ချုပ်ရေးလုပ်ငန်းတွေနဲ့ သက်ဆိုင်တာတွေ သိချင်တာရှိရင် ကျွန်တော့်ရဲ့ သက်ရှိအဘိဓာန်လို မေးမြန်းနေကျ အဆင့်မြင့် ဗျူရိုကရက်ဟောင်းကြီး အန်ကယ်ကြီးဦးစိုးမောင်ထံ ဖုန်းဆက်မေးရပါတယ်။

ဦးစိုးမောင်က စိတ်ရှည်လက်ရှည် ရှင်းပြပါတယ်။

‘ခင်ဗျားတို့ သိထားသလို ဖလက်ဖိုင်မှာ အလံအနီတပ်ပြီး အထက်ကို တင်ပြရတဲ့စနစ်ဆိုတာ ဟုတ်တယ်။ ဗြိတိသျှတွေရဲ့ အုပ်ချုပ်ရေးစနစ်က ပါလာတဲ့ အလေ့အကျင့်ပဲ။ ဖလက်ကို အရောင်ခွဲထားတယ်။ အနီ၊ အပြာ၊ အဖြူပေ့ါ။ အနီက အရေးတကြီး၊ အပြာက သာမန်၊ အဖြူကတော့ ကျုပ်လဲ မေ့တော့တော့ဖြစ်နေပြီ။ အသုံးနည်းပါတယ်။ ကြိုးအနီက အရေးကြီးတယ်ဆိုပေမယ့် တင်ရတဲ့ အဆင့်တွေက များတယ်။ ရုံးဝန်ထောက်ကနေ တတိယအတွင်းဝန်၊ သူကမှ ဒုတိယအတွင်းဝန်၊ အဲဒီကနေ အတွင်းဝန်၊ အတွင်းဝန်က မဆုံးဖြတ်နိုင်ရင် ဝန်ကြီးဆီ ပို့တယ်။

ဝန်ကြီးဆီကမှ ပြန်ချပေးတော့လဲ ခုနအတိုင်း တစ်ဆင့်ပြီးတစ်ဆင့် ပြန်လာတာ။ ပြန်လာတဲ့ အမိန့်ထဲမှာ မရှင်းတာ ရှိရင် ခုနအတိုင်း ပြန်တင်၊ ပြန်ကျ လုပ်ရပြန်ရော။ အဲဒါကြောင့် ဗျူရိုကရေစီ အုပ်ချုပ်ရေးယန္တရားမှာ အဆင့်တွေများတယ်၊ ကြန့်ကြာတယ် ဆိုတာကို ကြိုးနီစနစ်လို့ တင်စားပြောတာ ဖြစ်တယ်။ ဒီနေရာမှာ ဗျူရိုကရေစီနဲ့ ပတ်သက်ပြီး ခင်ဗျားတို့ မီဒီယာတွေကရော၊ နိုင်ငံရေးသမားတွေကရော ဗျူရိုကရေစီမှန်သမျှ အားလုံးမကောင်းဘူး ပြောနေကြတာ မဟုတ်သေးဘူးဗျ။ ဗျူရိုးဆိုတာက အခန်း။ ကရေစီက အုပ်ချုပ်ရေး။ အခန်းထဲက အုပ်ချုပ်တယ်လို့ ပြောတာ။ အဲဒီစနစ်နဲ့ အုပ်ချုပ်သူကို ဗျူရိုကရက် ခေါ်တယ်။ ဒါပေမယ့် ကျုပ်တို့ လုပ်ခဲ့တုန်းက အခန်းထဲချည်း ထိုင်နေတာ မဟုတ်ဘူး။ တစ်လမှာ နှစ်ပတ်လောက်က နယ်တွေ ထွက်နေရတာ။ ပြည်သူတွေ ကြားကို ရောက်နေတာပဲ။ သိပ္ပံမောင်ဝ စာတွေ တွေ့တယ်မဟုတ်လား။ အဲဒါ ဗျူရိုကရက်ဆိုတဲ့ လူတွေ နယ်လှည့် အလုပ်လုပ်ကြရတာကို ပြတာပဲ။ ခုခေတ်ကျမှ အခန်းထဲထိုင်ပြီး လက်မှတ်ချည်း ထိုးနေကြတာဗျ။ ဘာပဲပြောပြော ကြိုးနီစနစ်ဆိုတာ အစိုးရယန္တရားမှာ အထက်တင်လိုက် အောက်ချလိုက်လုပ်ပြီး ကြန့်ကြာနေတတ်တာကို ပြောတာလို့ပဲ ရှင်းပြလိုက်ပါ။'

အန်ကယ်ကြီး ဦးစိုးမောင်ဆီက သိသင့်သလောက် သိရပြီး နောက်ထပ် အသိမိတ်ဆွေ ဗျူရိုကရက်ဟောင်းတစ်ယောက်ဆီ လှမ်းမေးပါသေးတယ်။ သူကလဲ ဦးစိုးမောင် ပြောသလောက်ပဲ ပြောပြတယ်။ သို့ပေမယ့် သူက ကျွန်တော့် ဆောင်းပါး တစ်ပုဒ်နဲ့ ပတ်သက်ပြီး သူပြောချင်တာလေးတွေကို အဆစ်ပြောလိုက်ပါတယ်။ ပြီးခဲ့တဲ့ အပတ်က ပြည်သူ့ခေတ်မှာ ဖော်ပြခဲ့တဲ့ "ဗိုလ်ဉာဏလမ်းမှ တော်ဝင်စင်တာသို့" ဆောင်းပါးပါ ဗျူရိုကရက်ဟောင်း တစ်ယောက်နဲ့ တွေ့ပုံ ကျွန်တော် ရေးထားတာကို သူက ထောက်ပြပါတယ်။

'ခင်ဗျားရေးလိုက်တာဟာ ဗျူရိုကရက်ဟောင်းအားလုံးကို မဆိုလိုဘူးဆိုတာ ကျွန်တော်နားလည်ပါတယ်။ ဒါပေမယ့် ဗျူရိုကရက်တွေရဲ့ စရိုက်လက္ခဏာဟာ အားလုံး ဒီလိုချည်းပဲလို့ ထင်မြင်စရာ ဖြစ်သွားရင် စိတ်မကောင်းစရာပေါ့။ ခင်ဗျားရေးထားတာက ခင်ဗျားနဲ့ ရွယ်တူတန်းတူလောက် အသိမိတ်ဆွေဆိုတော့ ဒီဘက်ခေတ် နှစ် လေးငါးဆယ်အတွင်း ဗျူရိုကရက် တစ်ယောက်လို့ မှန်းလို့ရတယ်။ ကျုပ်တို့ ကိုစိုးမောင်တို့လို အသက် ၈၀ တစ်ဝိုက် ဗျူရိုကရက်ဟောင်းအများစုက အဲသလို မဟုတ်ကြပါဘူးဗျာ။ ကျွန်တော်တို့ ရှေ့က အိုင်စီအက်စ် ဦးတင်ထွဋ်တို့လို ပုဂ္ဂိုလ်တွေ ကြည့်ဗျာ။ ဗိုလ်ချုပ် အောင်ဆန်းကတောင် ခေါ်ပြီး သုံးခဲ့တယ် မဟုတ်လား။ ဦးတင်ထွဋ်တို့ကလဲ နိုင်ငံရေးသမားတွေကို လေးလေးစားစား ဆက်ဆံ

ပြီး ကိုယ်ကျွမ်းကျင်တဲ့ အုပ်ချုပ်ရေးပညာနဲ့ တိုင်းပြည်ကို အလုပ်အကျွေးပြုခဲ့ကြတာပဲ။ ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌကြီး ဦးဘငြွေး ဆိုရင်လည်း ခင်ဗျားတို့ ပြောတဲ့ စကားနဲ့ ဆိုရင် အကြီးစား ဗျူရိုကရက်ကြီးပဲလေ။ ဒါပေမယ့် သူဘယ်လို ဦးဆောင်သွားသလဲ၊ တွေ့တယ် မဟုတ်လား။ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ ဖြစ်အောင် တာဝန်ယူသွားခဲ့တာပဲ။ ခင်ဗျားနဲ့ တွေ့တဲ့ အငြိမ်းစား အရာရှိကြီးဆိုတာက ဒီဘက်ခေတ် ဗျူရိုကရက်ထဲက ဖြစ်မယ်။ ပြည်သူတွေကြား မဆင်းဘဲ အခန်းထဲက မထွက်တဲ့ လူစားတွေ ဖြစ်မယ်။ သူတို့က နိုင်ငံရေးသမားတွေကို အထင်မကြီးတာလဲ မဆန်းပါဘူး။ သူတို့တွေ့နေရတာက နိုင်ငံရေးသမားဆိုတာ ထောင်နှုတ်ခမ်း လျှောက်နေကြသူတွေချည်းပဲလေ။

'အတိုက်အခံနိုင်ငံရေးသမားတွေဟာ အမြဲတမ်း အာဏာမဲ့ဖြစ်နေမှာ မဟုတ်ဘဲ နောက်ရွေးကောက်ပွဲ တစ်ခုခုမှာ တစ်လှည့်တစ်ပြန် အာဏာရနိုင်တယ်လို့ မျှော်မှန်းလို့ရတဲ့ ဒီမိုကရေစီနိုင်ငံရေးစနစ်အောက်မှာ ဗျူရိုကရက်တွေဟာ နိုင်ငံရေးသမားတွေကို အထင်သေး အမြင်သေး မဆက်ဆံဝံ့ပါဘူး။ အတိုက်အခံ ဆိုတာ ဘယ်တော့မှ အစိုးရ ဖြစ်လာမယ့် အခွင့်အလမ်းမရှိနိုင်တဲ့ တစ်လမ်းသွား နိုင်ငံရေးစနစ်အောက်မှာတော့ ဗျူရိုကရက်တွေက အတိုက်အခံနိုင်ငံရေးသမားကို ပမာမခန့် လုပ်ကြမှာပဲ။ အာဏာရပါတီဘက်က ပင်းလို့ သူတို့ကို ဘယ်သူကမှ အရေးမယူဘူးလေ။ အတိုက်အခံကို ပစားပေးတယ်လို့ အာဏာရှိသူက ငြိငြင်သွားရင်သာ ကုလားထိုင် လှုပ်မှာကိုး။

'ဗြိတိန်နိုင်ငံလို လေဘာပါတီက အစိုးရဖြစ်လိုက်၊ ကွန်ဆာဗေးတစ် ပါတီက အစိုးရဖြစ်လိုက်နဲ့ နိုင်ငံရေးသမားဆိုတာ အချိန်မရွေးအစိုးရဖြစ်နိုင်ခွင့်ရှိတဲ့ နိုင်ငံမျိုးမှာ ဗျူရိုကရက်တွေဟာ နိုင်ငံရေးသမားမည်သူ့ကိုမဆို အထင်မသေးရဲဘူး၊ ပမာမခန့်မလုပ်ရဲဘူး။ သူတို့စိတ်ထဲက အထင်သေးနေရင်တောင် ကာယကံမြောက် အားဖြင့်တော့ လေးလေးစားစား ဆက်ဆံကြပါတယ်'

ကျွန်တော်က အငြိမ်းစား ဗျူရိုကရက်ကြီးကို ကျေးဇူးတင်ကြောင်း ပြောပြီး ဖုန်းချလိုက်ရပါတယ်။

**၂၊ ဖေဖော်ဝါရီ၊ ၂၀၁၂**

○

# မေတ္တာ ကရုဏာ မုဒိတာ နိုင်ငံရေး

## သူတို့ပုံ သူတို့သတင်းတွေ

အခုတလော ပုဂ္ဂလိက သတင်းဂျာနယ်တွေ အားလုံးလိုလိုနီးပါးသာမက နိုင်ငံရေး စီးပွားရေးသတင်းကို ဦးစားမပေးတဲ့ အနုပညာလို ဂျာနယ်မျိုးတွေမှာတောင် ဒေါ်အောင်ဆန်းစုကြည်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ရှစ်ဆယ့်ရှစ်မျိုးဆက် ကျောင်းသားတွေရဲ့ လှုပ်ရှားမှု သတင်းတွေ အလျှံပယ် ပါရှိနေတဲ့ကိစ္စနဲ့ပတ်သက်ပြီး မလိုလားသူတွေရဲ့ အသိုင်းအဝိုင်းမှာ တီးတိုးတီးတိုး သဖန်းပိုးလုပ်နေကြတယ်ဆိုတဲ့ သတင်းတွေ ကြားနေရတယ်ဗျ။ အဲဒီထဲက တချို့ကဆိုရင် အဲဒီဂျာနယ်တွေကို 'လူ တစ်ယောက်သတင်း။ ပါတီတစ်ခုသတင်း။ လူတစ်စုသတင်းတွေကိုပဲ ဇောင်းပေး ချဲ့ကားပြီး ရေးနေကြတယ်။ အလကား ဂျာနယ်တွေ။ ဘာစတုတ္ထမဏ္ဍိုင်လဲ' ဆိုပြီး ပစ်ပစ်ခါခါ ပြောဆိုနေကြတယ်လို့ သိရတယ်ဗျ။

## ကြိုက်ဖို့မကြိုက်ဖို့လုပ်ယူလို့မရ

လောကမှာ လူတစ်ကိုယ် အကြိုက်တစ်မျိုး၊ လူအမျိုးမျိုး စိတ်အထွေထွေ ရှိကြ တာကြောင့် ဒေါ်အောင်ဆန်းစုကြည်တို့ မင်းကိုနိုင်တို့ကို ချစ်ခင်ကြည်ညို လေးစားသူ တွေ၊ သူတို့မျက်နှာကိုပဲ တစိုက်မတ်မတ်ကြည့်နေချင်၊ သူတို့သွားရာ နောက်ကိုပဲ တကောက် ကောက် လိုက်နေချင်တဲ့သူတွေရှိနေတဲ့ တစ်ချိန်တည်း မှာပဲ သူတို့မျက်နှာ မမြင်ချင်၊ သူတို့အသံ မကြားချင်သူတွေလည်း ရှိနေနိုင်တယ် ဆိုတာ သဘာဝကျတဲ့ ကိစ္စတစ်ခု ဖြစ်တယ်ဗျ။ ဒီမိုကရေစီခေတ်မှာ ကြိုက်သူတွေကို မကြိုက်နဲ့လို့ ဘယ်သူကမှ အမိန့်ပေးပိုင်ခွင့် မရှိသလို မကြိုက်သူတွေကိုလည်း ကြိုက်ရမယ်လို့ ဘယ်သူကမှ

အမိန့်ပေးပိုင်ခွင့်မရှိဘူးဗျ။ အရောက်စ္စတစ်ခုကို ကြိုက်ဖို့ မကြိုက်ဖို့ဆိုတာ ဘယ်သူမှ လုပ်ယူလို့မရတဲ့ လူ တစ်ယောက်ရဲ့ မွေးရာပါအခြေခံအခွင့်အရေး ဖြစ်တယ်ဗျ။ အဲဒီအခွင့်အရေးကို လေးစားတန်ဖိုးထားတာဟာ ဒီမိုကရေစီစနစ်ရဲ့ အင်မတန်မှ နှစ်သက်မြတ်နိုးစရာ ကောင်းတဲ့ အခြေခံမှုတစ်ခုပဲ မဟုတ်လားဗျာ။

## စတုတ္ထမဏ္ဍိုင်ကို အထင်လွဲရင်တော့

ဒေါ်အောင်ဆန်းစုကြည်၊ မင်းကိုနိုင်နဲ့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်တို့ကို ကြိုက်ချင်ကြိုက်၊ မကြိုက်ချင်နေ။ ဒီကိစ္စမှာ ကျွန်တော်တို့ ဘာမှဝင်ရောက် စွက်ဖက်ပိုင်ခွင့် ပြောပိုင်ခွင့်မရှိဘူးဗျ။ ဒါပေမဲ့ နှစ်ပေါင်းငါးဆယ်ကာလအတွင်း ပထမဆုံးအကြိမ် အဖြစ် နိုင်ငံတော် အကြီးအကဲကတောင် လေးစားတန်ဖိုး ထားကြဖို့ အထူးပြု ပြောကြားလာခဲ့တဲ့ စတုတ္ထမဏ္ဍိုင်နဲ့ပတ်သက်ပြီး အထင်အမြင် လွဲမှားမှုရှိနေတယ်လို့ ယူဆရင်တော့ စတုတ္ထမဏ္ဍိုင်လောကသား တစ်ဦးအနေနဲ့ အဲဒီ အထင်အမြင်လွဲမှား နေသူတွေကို ကောင်းမွန်သော စေတနာအရင်းခံပြီး ရှင်းပြဖို့ တာဝန်ရှိတယ်လို့ ကျွန်တော် ယူဆတယ်ဗျ။ စတုတ္ထမဏ္ဍိုင်အပေါ် အမြင်တိမ်းစောင်းနေသူတွေအနေနဲ့ သူတို့ရဲ့အမြင် သဘောထားကို လူသိရှင်ကြား ပြောသည်ဖြစ်စေ၊ တိုးတိုးတိတ်တိတ်ပဲ ပြောသည်ဖြစ်စေ၊ တစ်နည်းနည်းနဲ့ သိလာပြီဆိုရင် ကျွန်တော်တို့အနေနဲ့ 'ဆိုရေးရှိက လိုအပ်လှ၏၊ ဆိုစမျှားမျှား၊ ထားပချေမိ၊ ငါ့ဝန်ရှိလိမ့်' ဆိုတဲ့စကားအတိုင်း မီဒီယာ လမ်းကြောင်းကတစ်ဆင့် ပြန်လည်ရှင်းလင်းတင်ပြဖို့ လိုအပ်တယ်လို့ ကျွန်တော် ယုံကြည်တယ်ဗျ။

## စာဖတ်ပရိသတ်အားပေးမှုရှိမှ

ပထမဆုံး ရှင်းပြရမှာက ပုဂ္ဂလိကဂျာနယ်တွေရဲ့ အခြေခံသဘော သဘာဝဖြစ်ပါတယ်။ အစိုးရ သို့မဟုတ် အဖွဲ့အစည်းတစ်ခုက ထုတ်ဝေတဲ့ စာနယ်ဇင်းတွေအဖို့ သူတို့ ရှင်သန်ရပ်တည်နိုင်ရေးအတွက် စာဖတ်ပရိသတ် (တစ်နည်း) ပြည်သူလူထုရဲ့ ထောက်ခံအားပေးမှုဟာ အရေးအကြီးဆုံး မဟုတ်ပေမယ့် ပုဂ္ဂလိက စာနယ်ဇင်းတွေ အတွက်တော့ စာဖတ်ပရိသတ်တွေရဲ့ ထောက်ခံအားပေးမှုဟာ အသက်ဝိညာဉ် ဖြစ်ပါတယ်။ စာဖတ်ပရိသတ် အားပေးမှုမရှိတဲ့ ဘယ်ပုဂ္ဂလိက စာနယ်ဇင်းမှ ရေရှည်ရှင်သန်ရပ်တည်နိုင်ခြင်း မရှိဘူးဗျ။ ဒါကြောင့်လည်း ပုဂ္ဂလိကစာနယ်ဇင်းမှာ စာဖတ်ပရိသတ်များနိုင်သမျှ များများရဲ့ အာရုံကို ညှို့ယူသိမ်းသွင်းနိုင်ရေးဟာ

ဘယ်တော့မှ မပြီးဆုံးနိုင်တဲ့ အကြီးဆုံး ပြိုင်ပွဲဖြစ်တယ်ဗျာ။ 'အဝါရောင် ဂျာနယ်လစ်ဇင်'လို့ခေါ်တဲ့ လူပြိန်းကြိုက် စာနယ်ဇင်းလောကမှာပဲဖြစ်ဖြစ်၊ 'လေးနက်တဲ့ဂျာနယ်လစ်ဇင်' ခေါ် အတည်အခန့် စာနယ်ဇင်းလောကမှာပဲဖြစ်ဖြစ် စာနယ်ဇင်းတွေဟာ ကိုယ့်ဆီ ပရိသတ်များများ ရောက်လာအောင် ဆွဲဆောင်စည်းရုံးတဲ့ အလုပ်ကိုတော့ မဖြစ်မနေလုပ်ကြရတာပဲဗျ။

## စာပေလွတ်လပ်ခွင့် မြည်းစမ်းချိန်

အားလုံးသိကြတဲ့အတိုင်း ကျွန်တော်တို့နိုင်ငံမှာကလည်း နှစ်ပေါင်း ငါးဆယ်ကြာကာလအတွင်း နိုင်ငံတကာ ဒီမိုကရေစီ စံချိန်စံညွှန်းများနဲ့ အတိုင်းခံနိုင်တဲ့ စာပေလွတ်လပ်ခွင့်ဆိုတာကို မနေ့တစ်နေ့လောက်ကမှ စတင်မြည်းစမ်းခွင့်ရခဲ့ကြတာဖြစ်ပါတယ်။ အဓိပ္ပာယ်က မြန်မာပြည်သူတွေဟာ သူတို့ ဘာဖတ်ချင်တယ်၊ ဘာမဖတ်ချင်ဘူးဆိုတာကို မကြာသေးခင် လအနည်းငယ်ကမှ ဆုံးဖြတ်ပိုင်ခွင့် ရရှိလာခဲ့ကြတာဖြစ်တယ်ဗျ။ နှစ်ပေါင်း များစွာ ဖန်လှောင်အိမ်ကလေးထဲ နေခဲ့ရရာကနေ သမုဒ္ဒရာပြင်ကျယ်ကြီးထဲ ရောက်သွားတဲ့ ရွှေငါးကလေး နားဖို့တောင် သတိမရနိုင်လောက်အောင် ကူးခတ်ပျော်ရွှင်နေသလိုပဲ နှစ်ပေါင်းများစွာ မဖတ်ချင်တာပဲ ဖတ်ရ၊ ဖတ်ချင်တာလည်း မဖတ်ရတဲ့ အခြေအနေကနေ ရုတ်ခြည်းလွတ်မြောက်သွားခဲ့ကြတဲ့ ပြည်သူတွေဟာ သူတို့တစ်လျှောက်လုံး ဖတ်ချင်နေခဲ့ကြတဲ့ အကြောင်း အရာတွေကိုပဲ အားသာငန်းငန်း တောင်းဆိုနေကြတာဖြစ်တယ်ဗျ။ ဒါကြောင့်လည်း စာဖတ်ပရိသတ်ရဲ့ လိုအင်ဆန္ဒကို အမြဲမပြတ် အကဲခတ် နေကြရတဲ့ ဂျာနယ်တွေက ဒေါ်အောင်ဆန်းစုကြည်၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်နဲ့ ရှစ်ဆယ့်ရှစ်မျိုးဆက်ကျောင်းသားတွေရဲ့ လှုပ်ရှားမှု သတင်းတွေကို အဆက်မပြတ်တင်ဆက်နေကြတာပေါ့ဗျာ။

## လူသားချင်းစာနာ ရှုထောင့်

မလိုတမာဖြစ်နေသူတွေအနေနဲ့ ဒီကိစ္စကို လူသားချင်းစာနာတဲ့ ရှုထောင့် ကလည်း ကြည့်သင့်တယ်လို့ ကျွန်တော် ယူဆတယ်ဗျ။ ကျွန်တော်တို့နိုင်ငံရဲ့ လွတ်လပ်ရေးဖခင်ကြီးရဲ့သမီး ဒေါ်အောင်ဆန်းစုကြည်ဟာ ၁၉၈၈ က ၂၀၁၁ အထိ ၂၃ နှစ်ကျော်ကာလအတွင်း အိမ်အကျယ်ချုပ်နဲ့ ၁၅ နှစ်ကြာ နေခဲ့ရသူဖြစ်တဲ့အပြင် အမိမဲ့ အဖမဲ့ ရင်သွေးတွေက အဝေးမှာမို့ တစ်ကိုယ်တည်း အထီးကျန်ရှိနေတဲ့ အခြေအနေမှာ ခင်ပွန်းသည်ရဲ့နောက်ဆုံးအချိန်မှာတောင် အနားမှာရှိနေခွင့်မရခဲ့ ရျာပနတောင်

လိုက်ပါပို့ဆောင်ခွင့်မရခဲ့သူ ဖြစ်တယ်ဗျာ။ NLD ဒီချုပ်ပါတီဆိုရင်လည်း ပါတီသက်တမ်း တစ်လျှောက်လုံး ထောင်းထောင်းညက်ညက် ကြေလုအောင် ဖြစ်ခဲ့ရတယ်ဗျာ။ အဲသလိုပဲ ရှစ်ဆယ့်ရှစ်ကျောင်းသားခေါင်းဆောင်တွေဆိုရင်လည်း သူတို့ရဲ့ လူငယ်ဘဝ တစ်ခုလုံးကို အကျဉ်းထောင်တွေထဲမှာ ပေးဆပ်ခဲ့ကြရသူတွေ ဖြစ်တယ်ဗျာ။ ဒါကြောင့် ဘာသာတရားအားလုံးရဲ့ အခြေခံဖြစ်တဲ့ မေတ္တာ၊ ကရုဏာ၊ မုဒိတာ ရှုထောင့်က ကြည့်မယ်ဆိုရင်လည်း သူတို့ကို ပြည်သူတွေက ချစ်ခင်ကြတာ သူတို့သတင်းတွေ ဂျာနယ်တိုင်းမှာ ပါနေတာတွေဟာ ပီတိပွားရမယ့်ကိစ္စတွေ မဟုတ်လားဗျာ။

## မုဒိတာနည်းနေကြလေသလား

ဒေါ်အောင်ဆန်းစုကြည်က သူ ငြိမ်းချမ်းရေးနိုဗယ်ဆုရခြင်း အနှစ်နှစ်ဆယ်ပြည့်မြောက်ချိန် ဂုဏ်ပြုအခမ်းအနားမှာ 'မေတ္တာဆိုတာ ကိုယ်နဲ့ အဆင့်အတန်းချင်းတန်းတူရည်တူတွေအပေါ်ထားတဲ့ ချစ်ခင်နှစ်လိုစိတ်၊ ကရုဏာဆိုတာ ကိုယ့်အောက်နိမ့်တဲ့သူတွေအပေါ် ထားတဲ့ ချစ်ခင်နှစ်လိုစိတ်၊ မုဒိတာဆိုတာ ကိုယ့်ထက်မြင့်တဲ့သူတွေအပေါ်ထားတဲ့ ချစ်ခင်နှစ်လိုစိတ် ဖြစ်တယ်။ ကျွန်မတို့ နိုင်ငံက ပြည်သူတွေကြားမှာ မေတ္တာနဲ့ ကရုဏာ စည်ပင် ဖွံ့ဖြိုးပေမယ့် မုဒိတာစိတ်ထားတဲ့ကိစ္စမှာ နည်းနည်းအားနည်းနေသလားလို့ ကျွန်မ ထင်မိတယ်'လို့ ပြောခဲ့တယ်ဗျ။

ဒီမိုကရေစီဆိုတာ စိတ်ထားမြင့်မြတ်သူများနဲ့သာ ထိုက်တန်တဲ့ စနစ်ဖြစ်တာမို့ ကျွန်တော်တို့ကိုယ်တိုင် စိတ်ထားမြင့်မြတ်သူရဲ့ အခြေခံ အင်္ဂါရပ် သုံးခုဖြစ်တဲ့ မေတ္တာ၊ ကရုဏာ၊ မုဒိတာစိတ်ထားပြည့်ဝသူတွေ ဖြစ်လာအောင် ကြိုးစားရင်း ကိုယ့်ပတ်ဝန်းကျင်က လူတွေလည်း အဲသလိုဖြစ်လာစေဖို့ ဝိုင်းဝန်း ကြိုးပမ်းကြပါစို့လားဗျာ။

၇၊ ဖေဖော်ဝါရီ၊ ၂၀၁၂

○

# လွှတ်တော်နိုင်ငံရေး နှင်းဆီခိုင် အဖြစ်သို့

ဧပြီလ ၁ ရက်နေ့မှာ ကျင်းပမယ့် ကြားဖြတ်ရွေးကောက်ပွဲ အပါအဝင် ယှဉ်ပြိုင်ကြမယ့် ပါတီတွေဟာ အခုဆိုရင် တရားဝင် မဲဆွယ် စည်းရုံးမှုတွေကို စတင်လုပ်ဆောင်နေကြပြီ ဖြစ်တယ်ဗျ။ ၂၀၁၀ ရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့တဲ့ ၉၀ ပြည့်နှစ် ရွေးကောက်ပွဲ အနိုင်ရ NLD ဒီချုပ်ပါတီ ပြန်လည်ပါဝင်လာတဲ့ အဲဒီရွေးကောက်ပွဲဟာ အစိုးရသစ် လက်ထက်မှာ မြင်တွေ့ခဲ့ကြရတဲ့ အားတက်မျှော်လင့်စရာ မြင်ကွင်းတွေအရရော ပြည်တွင်း ပြည်ပက စိတ်ဝင်တစား အနီးကပ်စောင့်ကြည့်လေ့လာ အကဲခတ် နေကြမယ့် အနေအထားအရပါ ယေဘုယျအားဖြင့် ချောချောမွေ့မွေ့ အောင်အောင် မြင်မြင် ပြီးဆုံးသွားနိုင်လိမ့်မယ်လို့ ကျွန်တော်ကတော့ ထင်မြင်ယူဆထားတယ်ဗျ။

## လွှတ်တော်ထဲ ရောက်သွားမယ်

အဲဒီရွေးကောက်ပွဲအပြီးမှာ ဘယ်ပါတီက ကိုယ်စားလှယ်လောင်းဘယ်နှယောက် အရွေးခံကြရပြီး ဘယ်ပါတီက ကိုယ်စားလှယ် အများဆုံးနဲ့ အနိုင်ရသွားမယ်ဆိုတာကို အတပ်မပြောနိုင်ပေမယ့် လောလောဆယ်မြင်တွေ့ကြားသိနေရတဲ့ အခြေအနေတွေ အရ ရာခိုင်နှုန်းအတော်များများ ပြောနိုင်တာတစ်ခုကတော့ NLD ဒီချုပ်ပါတီရဲ့ ကိုယ်စားလှယ်တချို့ လွှတ်တော်ထဲ ရောက်သွားမှာဖြစ်တယ်ဆိုတဲ့ အချက်ပဲဗျ။

အားလုံးသိကြတဲ့အတိုင်း ၁၉၉၀ ရွေးကောက်ပွဲမှာ တောင်ပြိုကမ်းပြိုထောက် ခံမဲတွေနဲ့ အနိုင်ရခဲ့ပေမယ့် နိုင်ငံအရေးအရာများကို စီမံခန့်ခွဲခွင့် မရရှိခဲ့တဲ့ NLD ဒီချုပ်ပါတီဟာ အဆင့်ဆင့်သော ပါတီခေါင်းဆောင်များရဲ့ ကန့်ကွက်သူမရှိ တစ်ခဲနက်

သဘောတူညီမှုနဲ့ ချမှတ် ထုတ်ပြန်ခဲ့တဲ့ ရွှေဂုံတိုင် ကြေညာချက်ကို ကိုင်စွဲပြီး (၂၀၁၀) ရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့တာ ဖြစ်တယ်ဗျ။ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်က လွတ်မြောက်မလာခင် နှစ်နှစ်ကျော် ကာလအတွင်း ပါတီကို သဘောတရားအရ ဦးဆောင်မှုပေးခဲ့တဲ့ သတင်းစာဆရာကြီး ဦးဝင်းတင်ဆိုရင် အခုကျင်းပဖို့ ပြင်ဆင်နေပြီဖြစ်တဲ့ ကြားဖြတ်ရွေးကောက်ပွဲကိုပါ အစောပိုင်းတုန်းက ဆက်လက်ပြီး ပြတ်ပြတ်သားသား ဆန့်ကျင်ခဲ့သူဖြစ်တယ်ဗျ။ သူက နိုင်ငံရေးဆိုတာ လွှတ်တော်တွင်း နိုင်ငံရေးတစ်ခုတည်းရှိတာ မဟုတ်ဘူး။ လွှတ်တော် ပြင်ပနိုင်ငံရေးလည်း ရှိတယ်။ ပြည်သူတွေရဲ့ထောက်ခံမှုသာရှိတယ်ဆိုရင် NLD ပါတီဟာလည်း တရားဝင်တယ်။ လွှတ်တော်ပြင်ပ နိုင်ငံရေးကိုလည်း လုပ်လို့ ရတယ်ဆိုတဲ့ သဘောထားနဲ့ ၂၀၀၈ အခြေခံဥပဒေက မွေးဖွားလာတဲ့ ရွေးကောက်ပွဲ မှန်သမျှကို သပိတ်မှောက်ရေး ရပ်ချက်ကို ကိုင်စွဲထားခဲ့တာ ဖြစ်တယ်ဗျ။ NLD ကလည်း ဆရာကြီး ဦးဝင်းတင်ရဲ့ အဲဒီသဘောထားအတိုင်း ရပ်တည်ခဲ့တယ်ဗျာ။

## အပြောင်းအလဲတွေကြောင့် ပြောင်းလဲတာ

ဒါပေမဲ့ အခုတော့ NLD ရဲ့ ရွေးကောက်ပွဲသပိတ်မှောက်ရေး သဘောထားဟာ အတိတ်မှာ ကျန်ရစ်ခဲ့ပြီဖြစ်တယ်ဆိုတာ အားလုံးအသိ ဖြစ်တယ်ဗျာ။ NLD ရဲ့ ရပ်တည်ချက် ဘာကြောင့်ပြောင်းသွားခဲ့ရတာလဲ။ အဓိက အကြောင်းရင်းကတော့ ၂၀၁၀ ရွေးကောက်ပွဲနဲ့ တက်လာတဲ့ အစိုးရရဲ့ အရေးပါတဲ့အခြေခံသဘောထား ရပ်တည်ချက်တချို့ ပြောင်းလဲလာမှုပဲ ဖြစ်တယ်ဗျ။ အများမျှော်လင့်မထားခဲ့ကြတဲ့ အစိုးရရဲ့ အဲဒီသဘောထား အပြောင်းအလဲတချို့ပေါ် မူတည်ပြီး NLD က သူ့ရဲ့ မူလရပ်တည်ချက်ကို စွန့်လွှတ်ပြီး လွှတ်တော်ထဲဝင်ဖို့ ဆုံးဖြတ်ခဲ့တာလို့ သိရတယ်ဗျ။

ဒါပေမဲ့ ဒီဆုံးဖြတ်ချက်နဲ့ပတ်သက်ပြီး ဆရာဦးဝင်းတင်က ဒါဟာ မိမိတို့ရဲ့ လွှတ်တော်ပြင်ပ နိုင်ငံရေးကို လွှတ်တော်ထဲသို့ တိုးချဲ့တာသာ ဖြစ်တယ်လို့ ပြောဆိုထားပြီး ဒုတိယအကြိမ် မှတ်ပုံတင်ပြန်တင်တဲ့ NLD ပါတီမှာ ဥက္ကဋ္ဌဖြစ်လာတဲ့ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကလည်း မိမိတို့ပါတီ ရွေးကောက်ပွဲဝင်တာဟာ အဓိကအားဖြင့် ရည်ရွယ်ချက်ကြီး သုံး ခုကြောင့်သာဖြစ်တယ်။ အဲဒါတွေကတော့ နိုင်ငံမှာ တရားဥပဒေစိုးမိုးရေးပေါ်ထွန်းလာစေဖို့၊ ငြိမ်းချမ်းရေးရရှိဖို့နဲ့ ၂၀၀၈ အခြေခံဥပဒေထဲက ပြည်သူတွေ အကျိုးစီးပွားနဲ့ မကိုက်ညီတဲ့အချက်တွေကို ပြင်ဆင်ဖို့တို့ ဖြစ်တယ်လို့ ပြတ်ပြတ်သားသား ရှင်းရှင်းကင်းကင်း ပြောထားတယ်ဗျ။

## ရွေးချင်းရွေးမယ်ဆိုရင်

The Voice ဂျာနယ် အတွဲ (၈)၊ အမှတ် (၈) မှာ ဆောင်းပါးရှင်ကျော်လင်းဦးက 'လွှတ်တော်နိုင်ငံရေးနှင့် လွှတ်တော်ပြင်ပ နိုင်ငံရေး' ဆိုပြီး ဆောင်းပါးတစ်ပုဒ် ရေးထားတယ်ဗျ။ သူက သူ့ဆောင်းပါးကို 'အကယ်၍ လွှတ်တော်နိုင်ငံရေးနှင့် လွှတ်တော်ပြင်ပနိုင်ငံရေးနှစ်ခုအနက် တစ်ခုကို ရွေးချယ်ရန် စာရေးသူကို တစ်စုံတစ်ယောက်က မေးလာခဲ့လျှင် လွှတ်တော်နိုင်ငံရေးကိုသာ ရွေးချယ်မိမည်ဖြစ်သည်' ဆိုတဲ့ ဝါကျနဲ့ စထားပြီး ထိုင်းနိုင်ငံမှာ ရှပ်နီတွေက လွှတ်တော်နိုင်ငံရေး (တစ်နည်း) အခြေခံဥပဒေဘောင်အတွင်း နိုင်ငံရေးကို ကျောခိုင်းကာ လမ်းပေါ်ဆန္ဒ ပြပွဲတွေနဲ့ အစိုးရကို ဖြုတ်ချဖို့ ကြိုးပမ်းခဲ့ကြတာကြောင့် လူအများအပြား သေဆုံးဒဏ်ရာရ၊ တိုင်းပြည်လည်း အကြီးအကျယ် ဆုံးရှုံးနစ်နာ ခဲ့ရကြောင်း ဒါကြောင့် မြန်မာ့နိုင်ငံရေးမှာလည်း ရေရှည်မှာ လွှတ်တော်တွင်း နိုင်ငံရေးကို ဇောင်းပေးကြရမှာ ဖြစ်ကြောင်း ရေရှည်မှာ လွှတ်တော်နိုင်ငံရေးမှာ ပါဝင်သူတို့သာ အဓိကဇာတ်ဆောင်များ ဖြစ်လာကြမှာ ဖြစ်ပြီး လွှတ်တော်ပြင်ပနိုင်ငံရေးမှာ လှုပ်ရှားနေသူတွေကတော့ ဇာတ်ပို့တွေသာ ဖြစ်လာကြမယ့် အကြောင်းနဲ့ နိဂုံးချုပ်ထားတယ်ဗျ။

## အမျိုးသားပြန်လည် သင့်မြတ်ရေးကြောင့်

ကျွန်တော့်အနေနဲ့ ဆောင်းပါးရှင်ကျော်လင်းဦးရဲ့ အယူအဆနဲ့ ပတ်သက်ပြီး လက်မခံနိုင်စရာမရှိဘူး။ ဖြည့်စွက်ဆွေးနွေးစရာပဲ ရှိတယ်ဗျ။ အဲဒါကတော့ ရေရှည်မှာ လွှတ်တော်နိုင်ငံရေး ပိုမိုအားကောင်းလာပြီး လွှတ်တော်နိုင်ငံရေးသမားတွေသာ 'ဇာတ်လိုက်' တွေ ဖြစ်လာဖို့အတွက် လွှတ်တော်ဟာ အမှန်တကယ်ပြည်သူကို တစ်ရာရာခိုင်နှုန်းကိုယ်စားပြုတဲ့ ပြည်သူ့လွှတ်တော် ဖြစ်လာဖို့ လိုတယ်ဆိုတဲ့ အချက်ပဲ ဖြစ်တယ်ဗျ။

ဆိုလိုတာက အခုရှိနေတဲ့ လွှတ်တော်ဟာ ဘယ်လိုလွှတ်တော်လဲ။ လွှတ်တော်ကိုယ်စားလှယ် အများစု အနိုင်ရရှိထားတာ ဘယ်ပါတီလဲ။ အဲဒီပါတီဟာ ဘယ်လိုပေါ်ပေါက်လာသလဲ။ အဖွဲ့ဝင်တွေကို ဘယ်လိုစုဆောင်းခဲ့တာလဲ စတဲ့ စတဲ့ အချက်တွေဟာ ပြည်သူအားလုံး သိပြီးသားဖြစ်တယ်ဗျ။ အခုအချိန်မှာ အဲဒါတွေကို ပြည်သူတွေ ထုတ်မပြောကြတာက အတိတ်ကို ကျောခိုင်းစွန့်ခွာပြီး ပြည်သူ့ဆန္ဒကို အလေးထားကြောင်း တစ်နေ့တခြား ပိုပိုပြီး ပြသလာနေတဲ့ အစိုးရနဲ့လွှတ်တော်ရဲ့ လုပ်ရပ်တွေနဲ့ အတိတ်ထက် အနာဂတ်ကိုသာ ပိုပြီး အာရုံရောက်နေကြတဲ့ ပြည်သူတွေရဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး နှလုံးသားကြောင့် ဖြစ်တယ်ဗျ။

ဒါပေမဲ့ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ NLD ပါတီကတော့ အမျိုးသားပြန်လည်သင့်မြတ်ရေး အတိတ်ကို အတိတ်မှာပဲ ထားခဲ့ရေးဆိုပြီး ၂၀၀၈ အခြေခံဥပဒေကို မတို့မထိဘဲ နေမှာမဟုတ်ဘူးဗျ။ အခုကြွေးကြော်ထားတဲ့အတိုင်း ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ပြီး အနိုင်ရလို့ လွှတ်တော်ထဲ ရောက်သွားတဲ့အခါ အခြေခံဥပဒေပြင်ဆင်ရေးကို တွန်းတွန်းတိုက်တိုက် လုပ်ဆောင်မှာပဲလို့ မျှော်လင့်ရတယ်ဗျ။ လူထုကလည်း ပြင်သင့်တာတွေကို ပြင်ဖို့ကြိုးပမ်းကြတာကို အင်တိုက်အားတိုက် ဝိုင်းဝန်းပံ့ပိုး ကူညီကြမှာ သေချာတယ်ဗျာ။

၂၀၀၈ အခြေခံဥပဒေ၊ ၂၀၁၀ ရွေးကောက်ပွဲဆိုတဲ့ ပေးထားချက်တွေအရ အနည်းဆုံး အဲဒီအချိန်အထိတော့ ဆက်ပြီးရှိနေဦးမှာ ဖြစ်တဲ့ လွှတ်တော်ပြင်ပနိုင်ငံရေး အင်အားစုတွေကလည်း အဲဒီလုပ်ရပ်ကို ထောက်ခံပံ့ပိုးကြမှာ ဖြစ်တယ်ဗျ။ အဲဒီအချိန်မှာ ပြည်သူတွေရဲ့ ဆန္ဒတွေ လွှတ်တော်နိုင်ငံရေးနည်းလမ်းကတစ်ဆင့် အောင်မြင်ဖို့ အရေးမှာ အခရာကျတာကတော့ နိုင်ငံ့ခေါင်းဆောင်များရဲ့ သဘောထားပဲဖြစ်တယ်ဗျာ။ ချောချောမွေ့မွေ့ ညင်ညင်သာသာ အောင်မြင်သွားမယ်ဆိုရင်တော့ လွှတ်တော်နိုင်ငံရေးဟာ အမှန်တကယ်ပဲ 'ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်' ဖြစ်လာလိမ့်မယ်လို့ ကျွန်တော် ယုံကြည်နေတယ်ဗျ။

၁၅၊ ဖေဖော်ဝါရီ၊ ၂၀၁၂

○

## မောင်ဝံသ သတိဆွဲလိုက်ပြီ

အခုရက်ပိုင်းအတွင်း အငြိမ့်ခွေနှစ်ခွေ ကြည့်ဖြစ်ခဲ့တယ်ဗျ။ ဒီလို ပြောလိုက်လို့ ဘယ့်နှယ်...နိုင်ငံရေးဆောင်းပါးရှင် နာမည်ခံထားတဲ့ မောင်ဝံသ ဘယ်လိုတွေ ဖြစ်နေတာလဲ။ တစ်ခါမှ မလုပ်ဖူးတာတွေ လုပ်နေပါလား။ ဟိုတစ်ခါတုန်းကလည်း ရုပ်သံကလွှင့်တဲ့ ဘောလုံးပွဲ ကြည့်တယ်ပြောတယ်။ အခုလည်း အငြိမ့်ခွေ ကြည့်ဖြစ်တယ်ပြောပြန်ပြီ။ နပ်တွေ ဝက်အူတွေ နည်းနည်းများ ချောင်နေရော့လား။ သူငယ်များပြန်နေပြီလား။ အဲသလိုတော့ မထင်လိုက်ကြပါနဲ့ဗျာ။ သူငယ်ပြန်တာ မဟုတ်ပါဘူး။ သူငယ်ပြန်တဲ့အရွယ်လည်း မရောက်သေးပါဘူးဗျ။ အဲဒီအရွယ် ရောက်ရင်လည်း ကျွန်တော်ကတော့ ကိုယ့်ကိုယ်ကို သူငယ်ပြန်မယ်လို့ မထင်ဘူးဗျ။ အကြောင်းကတော့ စဉ်းစားခြင်းအလုပ် ဖွဲဖွဲမြဲမြဲလုပ်သူတွေဟာ ဦးနှောက်အာရုံကြော တွေ အမြဲတမ်း သွက်လက်တက်ကြွနေလို့ သူငယ်ပြန်ဖို့ အလားအလာနည်းတယ်ဆိုတဲ့ ဆေးဘက်ဆိုင်ရာ အယူအဆတစ်ခုကို ဖတ်ဖူး ကြားဖူးထားတာကြောင့် အဲသလို ကိုယ့်ကိုယ်ကိုယ် အတော်ကလေး စိတ်ချထားမိတာ ဖြစ်တယ်ဗျ။

### မှားဒွေးကြီး ဝါးခြမ်း

ဦးနှောက်အလုပ် သိပ်လုပ်သူတွေ သူငယ်ပြန်နိုင်တဲ့ အလားအလာ နည်းတယ်ဆိုတဲ့ အယူအဆ ဘယ်လောက်အထိ မှန်ကန်တယ် မမှန်မကန်ဘူးဆိုတာကို သေသေချာချာ မသိပေမယ့် လတ်တလောမှာတော့ ဦးနှောက်အလုပ် များလွန်း လို့ တစ်ခါတစ်ခါများ မရှုနိုင် မကယ်နိုင်ဖြစ်လောက်အောင် မွန်းကျပ်မိတာတော့ အမှန်ပဲဗျ။ ဦးနှောက် အလုပ်ဆိုရာမှာလည်း အဓိကအားဖြင့်တော့ ရေးတဲ့ သားတဲ့အလုပ်ပေါ့ဗျာ။ 'ပြည်သူ တို့၏စကားပြန်' တို့၊ 'စတုတ္ထမဏ္ဍိုင်လောကသားတို့' စတဲ့ ကြီးကြီးကျယ်ကျယ်

စကားလုံးတွေ သုံးပြီး ကိုယ့်ကိုယ်ကိုယ် ပေးထားတဲ့ တာဝန်တွေကြောင့် ကျွန်တော့်မှာ (ဆရာသိပ္ပံမောင်ဝရဲ့ ဝတ္ထုဆောင်းပါးတွေ ထဲမှာ ပါသလို) ဖွားဒွေးကြီးရဲ့ ဝါးခြမ်းထက် ပိုကြောက်စရာ ကောင်းတဲ့ တာဝန်ဝါးခြမ်းရဲ့ ကျောကော့အောင် ပြင်းတဲ့ ရိုက်ချက်နဲ့ စာတွေ မပြတ်ရေးနေရတယ်ဗျ။ ရေးရလွန်းလို့ တစ်ခါတစ်ခါ ဆရာ မြသန်းတင့်ရဲ့ စကားတစ်ခွန်းကို ကြားယောင်မိပြီး ဆရာ့ကို မျက်နှာပူမိတယ်ဗျာ။ ဆရာက "စာရေးဆရာနှစ်မျိုးရှိတယ်၊ တစ်မျိုးက စာတွေသာ အများကြီးဖတ်ပြီး သိပ်မရေး ဖြစ်တဲ့စာရေးဆရာ။ အဲဒီစာရေးဆရာမျိုးကို 'အမြုံ'လို့ ခေါ်ရမယ်၊ နောက်တစ်မျိုး ကတော့ စာတွေ ကြုံးရေးရလွန်းလို့ မဖတ်ဖြစ်တော့တဲ့ စာရေးဆရာ။ အဲဒီ စာရေး ဆရာမျိုးကိုတော့ 'အကန်း'လို့ ခေါ်ရမယ်" လို့ ပြောခဲ့ဖူးတာဖြစ်တယ် ဗျ။ အဲဒီတော့ ဆရာပြောတဲ့ 'အကန်း' စာရေးဆရာ စာရင်းထဲမှာ ငါပါနေပြီလားလို့ တွေးပြီး ဆရာ့ကို မျက်နှာပူမိတာ ဖြစ်တယ်ဗျာ။

အဲသလို လက်က မီးခိုးထွက်လောက်အောင် ရေးရလွန်းလို့ တစ်ခါတစ်ခါ စိတ်ကိုထွက်ပေါက်ပေးတဲ့အနေနဲ့ ဘောလုံးပွဲတို့၊ အငြိမ့်ခွေတို့ ကြည့်ပြီး (ခုတလော ဆိုရင် စာပေဟောပြောပွဲခွေတွေ ထိုင်ကြည့်နားထောင်ပြီး) အပန်းဖြေတဲ့ အကျင့် လုပ်ထားရတယ်ဗျာ။

## ပြည်တော်ပြန် သီးနှစ်သီး

အငြိမ့်ခွေတွေက ပြည်တော်ပြန်သီးနှစ်သီးနဲ့ ပြည်တွင်းက လူရွှင်တော်တချို့ ပူးပေါင်းပြီး ပထမဆုံးအနေနဲ့ မျှော်စင်ကျွန်းမှာ တင်ဆက်ခဲ့တဲ့ အငြိမ့်ခွေနဲ့ သီးလေးသီးစလုံးနဲ့ ပြည်တွင်းက အခြားလူရွှင်တော်အချို့ ပါဝင်ပြီး ဇာဂနာဦးဆောင် တင်ဆက်ခဲ့တဲ့ တောင်ငူမြို့က အငြိမ့်ခွေတို့ဖြစ်တယ်ဗျ။ ကျွန်တော်လည်း မွန်းကျပ် နေတဲ့စိတ်တွေကို ဖြေလျှော့တဲ့အနေနဲ့ တစ်ညမှာ အလုပ်တွေအကြောင်း ဘာတစ်ခုမှ မတွေးတော့ဘဲ နှစ်ခွေစလုံး ပြီးတဲ့အထိ အားရပါးရ ကြည့်ပစ်လိုက် တယ်ဗျာ။

အဲဒီအငြိမ့်ခွေနှစ်ခွေ ကြည့်ပြီးတော့ ကျွန်တော့်စိတ်ထဲ ပေါ်လာတဲ့ ခံစားချက် လေးတွေကို စာဖတ်သူတွေနဲ့ မျှဝေခံစားကြည့်ချင်လို့ ဒီဆောင်းပါးကို ရေးလိုက် တာဖြစ်တယ်ဗျ။

## ဘာကိုမှ မကြောက်ဘဲ ပြက်လုံးထုတ်

ကြည့်ပြီးသူတွေတော့ သိကြပြီးဖြစ်ပါလိမ့်မယ်။ အငြိမ့်နှစ်ခုစလုံးမှာ လူရွှင်တော်တွေဟာ ဘာကိုမှ ကြောက်ရွံ့စိုးရိမ်ပူပန်မှု မရှိကြတဲ့ ပုံမျိုးနဲ့ ပြက်လုံးတွေကို ရဲရဲတင်းတင်း အားရပါးရ ထုတ်ထားကြတာဖြစ်တယ်ဗျ။ မကြာသေးမီ လအနည်းငယ်လောက်ကဆိုရင် စဉ်းစားကြည့်လို့တောင် မရနိုင်လောက်တဲ့ ပြက်လုံးမျိုးတွေကို ပြက်ခဲ့ကြတာကို တွေ့ရတယ်ဗျာ။ ပြောရရင် မြန်မာပြည်သူတွေ (တစ်နည်း) အငြိမ့်ပွဲလာပရိသတ်တွေဟာ သူတို့ဆယ်စုနှစ် ငါးခုလောက် အထူးသဖြင့် ဒီဘက် ဆယ်စုနှစ်နှစ်ခုလောက် ပြင်းပြင်းပြပြ ငတ်မွတ်တောင့်တနေခဲ့ကြတဲ့ ပြက်လုံးမျိုးတွေကို အဲဒီအငြိမ့် နှစ်ခုမှာ ကြားခဲ့ကြရတယ်ဗျ။

## ပရိသတ် ဟာတ်ထိပုံမရ

လူထုတစ်ရပ်လုံးရဲ့ အကျိုးအတွက် စတေးပေးဆပ်ခဲ့တဲ့ ဘဝတစ်ခုအပေါ် ကျွန်တော်တို့ရဲ့ လေးနက်တဲ့ကျေးဇူးတင်မှုကို ဖော်ပြကြမှာဖြစ်ပါတယ်လို့ ပြောဆိုခဲ့တာ ဖြစ်တယ်ဗျ။

ဆိုလိုတာကတော့ မင်ဒဲလားရုပ်ပုံပါတဲ့ ငွေစက္ကူထုတ်ဝေတဲ့ လုပ်ရပ်ဟာ မင်ဒဲလားက တောင်အာဖရိက နိုင်ငံအပေါ် ပြုခဲ့ဖူးတဲ့ ကျေးဇူးနဲ့ နှိုင်းစာလိုက်ရင် ဘာမှမပြောပလောက်အောင် သေးမွှားသိမ်နုပ်လွန်းလှပါတယ်လို့ ဝန်ခံ ပြောဆိုလိုက်တာဖြစ်တယ်ဗျ။ နိုင်ငံ့ ဖခင်ကြီးတစ်ဦးအပေါ် နောက်မျိုးဆက် ခေါင်းဆောင်တစ်ဦးက ကျေးဇူးသိစိတ်အပြည့်နဲ့ ပြောဆိုလိုက်တဲ့ စကားမှန်း ပေါ်လွင်ထင်ရှားနေတယ်ဗျာ။

## ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံ

ကျွန်တော်တို့ဆီမှာလည်း လွတ်လပ်ရေးဗိသုကာ အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံ ရိုက်နှိပ်ထားတဲ့ ငွေစက္ကူတွေ ထုတ်ဝေဖြန့်ချိသွားဖို့ အစီအစဉ်ရှိ၊မရှိ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မေးမြန်းပြီး သက်ဆိုင်ရာ ပြည်ထောင်စု အစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ပြောကြားသွားတဲ့ သတင်းကို တလောက သတင်းစာမှာ ဖတ်လိုက်ရတယ်ဗျ။

အားလုံးသိကြတဲ့အတိုင်း ဗိုလ်ချုပ်အောင်ဆန်းဟာ တပ်မတော်ရဲ့ ဖခင်လည်း ဖြစ်၊ နိုင်ငံ့လွတ်လပ်ရေးအတွက် စွမ်းစွမ်းတမံ ကြိုးပမ်း ဆောင်ရွက်ရင်း တိုင်းပြည်အတွက် အသက်ကို စတေးပေးဆပ်သွားခဲ့သူလည်း ဖြစ်တယ်ဆိုတဲ့ အပေါ်မှာ မြန်မာ

နိုင်ငံသားအားလုံးဟာ တစ်သဘောတည်း ရှိကြပေမယ့် ၁၉၆၂ နောက်ပိုင်း ကာလ တစ်ခုအတွင်း မြန်မာပြည်သူလူထု အများစုကြီးရဲ့ ရင်ထဲမှာ ကသိကအောင့် မကျေမချမ်းဖြစ်စရာလေးတွေ ရှိခဲ့တယ်ဗျ။ ပြည်သူတွေရဲ့ ရင်ထဲက အသံအစစ် အမှန်ကို နားစွင့်နေရတဲ့ မီဒီယာလောကသားတစ်ဦးအနေနဲ့ ပွင့်ပွင့်လင်းလင်း ပြောရရင် မြန်မာပြည်သူတွေက သူတို့မိဘဘိုးဘွားဘီဘင် အရင်းအချာတွေ ထက်တောင် ပိုပြီး လေးစားမြတ်နိုးတန်ဖိုးထားတဲ့ ဗိုလ်ချုပ်အောင်ဆန်းဟာ အဲဒီနှစ်ငါးဆယ်ကာလ အထူးသဖြင့် ဒီဘက် ၂၂ နှစ်ကာလအတွင်း တမင် ရည်ရွယ် ချက်ရှိရှိ မေ့မှိန်ဖျော့တော့အောင်လုပ်ထားခြင်း ခံနေခဲ့ရတယ်လို့ ခံစားနေခဲ့ကြတာ ဖြစ်တယ်ဗျ။

ဒီလို ခံစားခဲ့ရတာကလည်း အကြောင်းမဲ့မဟုတ်ဘူး။ အကြောင်းရင်း အလုံ အလောက် ရှိတယ်ဗျ။ အထူးသဖြင့် ပါလီမန်ဒီမိုကရေစီခေတ် ၁၉၄၈-၆၂ ကို သိမီ လိုက်တဲ့လူကြီးတွေမှာရှိတဲ့ အကြောင်းရင်းက ပိုလို့တောင် လုံလောက်တယ်ဗျ။ ၁၉၆၂ နောက်ပိုင်း ဗိုလ်ချုပ်ရဲ့ အခန်းကဏ္ဍကို တဖြည်းဖြည်းချင်း ဘယ်လိုလျှော့ချ လာခဲ့ကြသလဲဆိုတဲ့အကြောင်း သူတို့က ကောင်းကောင်းရှင်းပြနိုင်ကြတယ်ဗျာ။

## ဧည့်ခန်းထဲ မချိတ်ရဲအောင်

နိုင်ငံတော်က ဦးစီးကျင်းပတဲ့ အာဇာနည်နေ့အခမ်းအနားတွေကို တစ်ချိန်က နိုင်ငံအကြီးအကဲကိုယ်တိုင် တက်ရောက်ရာကနေ နောက်ပိုင်းမှာ ဝန်ကြီးအဆင့် လောက်သာ တက်ရောက်စေခဲ့တာအစ၊ အစိုးရရုံးဌာနကျောင်းတွေမှာ စတိ လောက်သာ ကျင်းပလာခဲ့တာ အလယ်၊ ငွေစက္ကူပေါ်မှာ ဗိုလ်ချုပ်ပုံအစား အခြား ပုံတွေ ဝင်လာတာအဆုံး ဗိုလ်ချုပ်ရဲ့အရေးပါမှု ဖျော့မှိန်လာမှုအပေါ် ထုတ်မပြောရဲ ပေမယ့် ပြည်သူတွေ ရင်ထဲ မသက်မသာ ခံစားလာခဲ့ကြရတာ အဲဒီကာလတွေ ဖြစ်တယ်ဗျ။ အခြေအနေ တရွေ့ရွေ့ပိုဆိုးလာချိန်မှာ ဗိုလ်ချုပ်ပုံကိုတောင် ဧည့်ခန်းမှာ မချိတ်ဝံ့လောက်တဲ့အထိ ဖြစ်လာပြီး ထောင်ထဲ ဗိုလ်ချုပ်ပုံ သွင်းလာတာကိုတောင် တရားမဝင်ပစ္စည်း ခိုးသွင်းမှုနဲ့ စွဲချက်အတင်ခံရတဲ့အထိ ဖြစ်လာခဲ့တာ အားလုံး အသိဖြစ်တယ်ဗျ။

## အလွဲတစ်ခုပြန်တည့်သွားပြီ

ဒါပေမဲ့ ဗိုလ်ချုပ်အောင်ဆန်းပုံရှေ့မှာ ဗိုလ်ချုပ်သမီးနဲ့ သမ္မတကြီးတို့ ကြည်လင်သော အပြုံးကိုယ်စီနဲ့ ရပ်နေကြတဲ့ပုံ သတင်းစာထဲပါလာပြီးတဲ့ နောက်မှာတော့ ကျွန်တော်တို့နိုင်ငံမှာ ရာစုတစ်ဝက်လောက် တည်ရှိနေခဲ့တဲ့ 'အလွဲ'တစ်ခု ပြန်တည့် သွားခဲ့ပြီ ဖြစ်တယ်ဗျာ။ ပွင့်ပွင့်လင်းလင်း ပြောရရင် ပြည်သူတွေဟာ သူတို့နှစ်ပေါင်း များစွာ လိုလားတောင့်တနေခဲ့ကြတဲ့ သမ္မတကြီးဦးသိန်းစိန်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံဆွေးနွေး ခဲ့ကြတယ်ဆိုတဲ့ သတင်းထက် အဲဒီဓာတ်ပုံကြောင့် ပိုပြီး 'ဟတ်ထိ' သွားခဲ့ကြတာ ဖြစ်တယ်ဗျာ။ စစ်အစိုးရအဆက်ဆက်နဲ့ ပတ်သက်ပြီး သူတို့ရင်ထဲက မကျေလည်မှုတွေဟာ အဲဒီဓာတ်ပုံကြောင့် အတော်များတဲ့ အတိုင်းအတာအထိ ပြေလျော့သွားခဲ့တာ ဖြစ်တယ်ဗျာ။

ဒါကြောင့် ဒီအချက်ကို အလေးအနက်ပြုပြီး နိုင်ငံတော်အစိုးရအနေနဲ့ ဗိုလ်ချုပ်ပုံပါတဲ့ ငွေစက္ကူအသစ်တွေ ထုတ်ဝေခဲ့မယ်ဆိုရင် အစိုးရဟာ ပြည်သူတွေရဲ့ ချစ်ခင်နှစ်သက်မှုကို ထပ်မံရရှိမှာဖြစ်တဲ့အပြင် နိုင်ငံတော် အခုလျှောက်လှမ်းနေတဲ့ လမ်းကြောင်းနဲ့လည်း အံဝင် ခွင်ကျကွက်တိပဲလို့ ကျွန်တော်ကတော့ ယုံကြည် နေမိတယ်ဗျ။

**၂၁၊ ဖေဖော်ဝါရီ၊ ၂၀၁၂**

○

# အချိန်တရားသူကြီး၏ အဆုံးအဖြတ်

မကြာသေးမီ တစ်ရက်က ဖတ်ခဲ့ရတဲ့ အင်တာနက်သတင်းတစ်ပုဒ်ကြောင့် ကျွန်တော့် အတွေးစတွေ ရှည်လျားသွားမိခဲ့တဲ့အကြောင်း ပြောပြချင်တယ်ဗျ။

သတင်းက ဖေဖော်ဝါရီလ ၁၅ ရက်နေ့စွဲနဲ့ ရေးသားပေးပို့ခဲ့တဲ့ ဘီဘီစီသတင်းဗျ။ သတင်းတည်ရာအရပ်က မြောက်ကိုရီးယား နိုင်ငံဖြစ်ပြီး မကြာခင်က ခရီးလှည့်ရင်း မီးရထားပေါ်မှာ နှလုံးရောဂါကြောင့် ရုတ်တရက် ကွယ်လွန်သွားခဲ့တယ်ဆိုတဲ့ အဲဒီနိုင်ငံရဲ့ ခေါင်းဆောင် ကင်ဂျုံအီရဲ့အသက် ၇၀ ပြည့် မွေးနေ့မတိုင်မီမှာ သူ့ရဲ့မြင်းစီးနေပုံ ဖရာမကြေးရုပ်တုကြီးတစ်ခုကို မြို့တော်ပြုံယမ်းမှာ ဖွင့်လှစ်ခဲ့ပုံကို ဘီဘီစီ သတင်းထောက်က ရေးသားတင်ပြ ထားတာဖြစ်တယ်ဗျ။

ကင်ဂျုံအီရဲ့ ပထမဆုံးကြေးပန်းပုရုပ်တုဖြစ်ပြီး ကွယ်လွန်သူ သူ့ဖခင် ကင်အီဆွန်းရဲ့ မြင်းစီးကြေးရုပ်တုဘေးမှာ ကပ်လျက်တည်ရှိတဲ့ အဲဒီ ခြောက် မီတာ အမြင့်ရှိ ရုပ်တုဖွင့်ပွဲသို့ မြောက်ကိုရီးယားနိုင်ငံရဲ့ ထိပ်တန်းအရပ်ဘက်နဲ့ စစ်ဘက်ခေါင်းဆောင်များ တက်ရောက်ခဲ့တယ်လို့ သတင်းမှာ ဖော်ပြထားတယ်ဗျ။

## ထူးထူးဆန်းဆန်းတွေ

ကင်ဂျုံအီ ရုတ်တရက် ကွယ်လွန်သွားခဲ့တုန်းက သူ့တို့နိုင်ငံမှာ ထူးခြားတဲ့ သဘာဝအခြင်းအရာတချို့ဖြစ်ပွားခဲ့ကြောင်း မြောက်ကိုရီးယား အစိုးရ မီဒီယာ (အဲဒီနိုင်ငံမှာ ပုဂ္ဂလိက မီဒီယာလည်း တစ်ခုမှမရှိပါဘူး) က ဖော်ပြခဲ့ပုံတွေကို ကျွန်တော် ဆောင်းပါးတစ်ပုဒ်မှာ ရေးသားခဲ့ပြီး ဖြစ်တာကို ဖတ်မိခဲ့ကြသူတွေ မှတ်မိနေကြလိမ့်မယ်ထင်တယ်ဗျ။ ကင်ဂျုံအီကွယ်လွန်သွားချိန်မှာ သူ့မွေးရပ်မြေအနီးက မီးတောင်ပေါင်းတစ်ခုမှာ နှင်းမုန်တိုင်းတစ်ခု အချိန်အခါမဟုတ်ဘဲ ကျရောက်လာခဲ့ပြီး ရေကန်ထဲက ရေခဲတွေကို မိုးကြိုးထိမှန်ခဲ့ကြောင်း။ အဲဒီ မီးတောင်ရဲ့ ကျောက်တောင်

တစ်ခုပေါ်မှာ ကင်ဂျုံအီကို ဂုဏ်ပြုထွင်းထုထားတဲ့ စာသားတွေဟာ ထူးထူးဆန်းဆန်း တစ်နေ့လုံး လင်းလက် တောက်ပနေခဲ့ကြောင်း စသဖြင့် ဖော်ပြခဲ့တာ ဖြစ်တယ်ဗျ။

## ဂုဏ်ပြုလို့ဖြင့် မဆုံးနိုင်

ကင်ဂျုံအီဟာ ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့မှာ ကွယ်လွန်သွားခဲ့တာဖြစ်ပြီး သူ ကွယ်လွန်ချိန်မှာ အသက် ၆၉ နှစ်ရှိပြီဖြစ်တယ် ဗျ။ သူ ကွယ်လွန်သွားခဲ့ပြီးနောက်မှာ မြောက်ကိုရီးယားအစိုးရ (အဲဒီအစိုးရက သူ့ရဲ့သားဖြစ်သူ အသက် ၃၀ ဝန်းကျင်သာ ရှိသေးတဲ့ ကင်ဂျုံအန်း ဦးဆောင်တဲ့ အစိုးရဖြစ်ပါတယ်) က သူ့ကို အမှတ်တရ ဂုဏ်ပြုတဲ့လုပ်ဆောင်မှုတချို့ ပြုလုပ်ခဲ့တယ်ဗျ။ အဲဒီထဲမှာ တောင်နံရံ တစ်ခုမှာ သူ့ကို ဂုဏ်ပြုတဲ့ ကြွေးကြော်သံတစ်ခုကို ဧရာမစာလုံးကြီးတွေနဲ့ ထွင်းထုတာ သူ့ရုပ်ပုံ ရိုက်နှိပ်ထားတဲ့ တံဆိပ်ခေါင်းတွေ၊ ဆုတံဆိပ် တွေ၊ ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးတွေ ထုတ်ဝေတာတွေပါတယ်ဗျ။

ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှာတော့ မြောက်ကိုရီးယားအစိုးရက ကင်ဂျုံအီကို နိုင်ငံရဲ့ အမြင့်ဆုံး ဂုဏ်ဒြပ်ဖြစ်တဲ့ ကြည်း၊ ရေ၊ လေ တပ်ပေါင်းစုရဲ့ အကြီးအကဲဘွဲ့ထူးကို ပေးအပ်ချီးမြှင့်လိုက်ကြောင်း ကြေညာခဲ့တယ်ဗျ။ အဲဒါဟာ မြောက်ကိုရီးယားနိုင်ငံကို ထူထောင်ခဲ့သူ သူ့ဖခင်ကင်အီဆွန်းရရှိခဲ့တဲ့ ဂုဏ်ဒြပ်ဖြစ်တယ်ဗျာ။

ဒီသတင်းကို ပေးပို့ခဲ့တဲ့ ဘီဘီစီသတင်းထောက်က မြောက်ကိုရီးယားနိုင်ငံမှာ စားနပ်ရိက္ခာ မလုံလောက်မှုနဲ့ ပတ်သက်ပြီး စိုးရိမ်ပူပန် မှုတွေ ဆက်ရှိနေချိန်မှာ အစိုးရကတော့ 'တောက်ပသော ကြယ်၏နေ့' လို့ သူတို့ တင်စားခေါ်ဝေါ်ထားတဲ့ ကင်ဂျုံအီရဲ့ ၇၀ နှစ်မြောက် မွေးနေ့ပွဲကို အထိမ်းအမှတ်ပြုတဲ့ အခမ်းအနားတွေ ကျယ်ကျယ်ပြန့်ပြန့် ကျင်းပပြုလုပ်သွားဖို့ စီစဉ်ထားတယ်လို့ ယုံကြည်ရကြောင်းဆိုတဲ့ ဝါကျနဲ့ သူ့သတင်းကို ပိတ်ထားတယ်ဗျ။

## ကွန်မြူနစ်စနစ် ဘယ်လိုလဲ

ဒီသတင်းကိုဖတ်ပြီး ကျွန်တော် အတွေးစတွေ ရှည်လျားမိခဲ့တယ်ဗျ။ ပထမဆုံး ခေါင်းထဲပေါ်လာတဲ့ စကားလုံးကတော့ 'ကွန်မြူနစ် စနစ်'ဆိုတဲ့ စကားလုံးပဲဗျ။ လက်တစ်ဆုပ်စာ စက်ရုံ၊ အလုပ်ရုံပိုင်ရှင် သူဌေးကြီးတွေက သူတို့ကိုယ်တိုင် ဒါမှမဟုတ် သူတို့ရဲ့ကိုယ်စားလှယ်တွေကတစ်ဆင့် စစ်တပ်၊ ရဲအဖွဲ့၊ တရားရုံး၊ ထောင် စတဲ့ လက်နက်ကိရိယာတန်ဆာပလာတွေကို အသုံးပြုပြီး လုပ်အားကလွဲလို့

ဘာအရင်းအနှီးမှ မရှိတဲ့ အလုပ်သမားတွေရဲ့ ကုပ်သွေးတွေကို စိတ်ထင်တိုင်း အားရပါးရ စုပ်မျိုနေတဲ့ကာလမှာ အဲဒီစနစ်ကို ဖြိုလဲ ဖျက်သိမ်းနိုင်ဖို့ ရည်ရွယ်ချက်နဲ့ ကားလ်မာ့ခ်စ်၊ အိန်ဂျယ် စတဲ့ တွေးခေါ်ရှင်တွေ ရှာဖွေတွေ့ရှိ ဖော်ထုတ်တင်ပြခဲ့တဲ့ ကွန်မြူနစ်စနစ်ဟာ နှစ်ပေါင်း တစ်ရာကျော်ကြာလာပြီးတဲ့နောက်မှာ ဘယ်လို ရုပ်ဆင်းအင်္ဂါရှိနေပြီလဲဆိုတာကို တွေးနေမိတာ ဖြစ်တယ်ဗျ။

ဒီကနေ့ ခေတ်ပြိုင်နိုင်ငံရေးသိပ္ပံပညာရှင်တွေက ကွန်မြူနစ်ဆိုတဲ့ နိုင်ငံတွေ အကြောင်းစာရင်းတို့ကြတဲ့အခါ မြောက်ကိုရီးယားနဲ့ ကျူးဘားကို ရှေးရိုးစွဲ ကွန်မြူနစ် နိုင်ငံတွေအဖြစ် ဖော်ပြလေ့ရှိကြတယ်ဗျ။ မြောက်ကိုရီးယားကိုတော့ (Secretive Hermit Communist State) ဆိုတဲ့ အထူးပြုချက်နဲ့ ပါတွဲပြီး ဖော်ပြလေ့ ရှိကြတယ်ဗျ။ အလွန်လျှို့ဝှက်ပြီး တောမှီရသေ့လို ဇကစာကျင့်တဲ့ ကွန်မြူနစ် နိုင်ငံပေါ့ဗျာ။

## အာဏာအမွေခံပုံချင်းတူညီ

အဲဒီနိုင်ငံနှစ်ခုအကြား တူညီမှုတွေ အတော်များများရှိနေတဲ့အနက် ထူးထူးခြားခြား ပေါ်ပေါ်လွင်လွင် မြင်တွေ့နေရတာတစ်ခုကတော့ နှစ်နိုင်ငံစလုံးရဲ့ အာဏာဆက်ခံပုံ ယန္တရားစနစ်ဖြစ်တယ်ဗျ။ ကျူးဘားမှာ အာဏာရှင်ဘာတစ္စတာအစိုးရကို တော်လှန် ဖယ်ရှားခဲ့တဲ့ ပြောက်ကျားခေါင်းဆောင် ဖီဒယ်ကက်စထရိုဟာ နှစ်ပေါင်း ငါးဆယ် လောက် နိုင်ငံကို အုပ်စိုးခဲ့ပြီးတဲ့နောက် သူ အာဏာလွှဲပေးခဲ့သူက သူ့ရဲ့ညီအစ်ရင်း ရောလ်ကက်စထရိုဖြစ်တယ်ဗျာ။ အဲသလိုပဲ မြောက်ကိုရီးယားနိုင်ငံကို ထူထောင်ခဲ့သူ ခေါင်းဆောင်ကြီး ကင်အီဆွန်းကလည်း နိုင်ငံကို နှစ် ၄၀ ကျော် အုပ်ချုပ်ခဲ့ပြီးတဲ့နောက် သားဖြစ်သူ ကင်ဂျုံအီကို အာဏာလွှဲပေးခဲ့တယ်။ ကင်ဂျုံအီ ကလည်း သူ မသေခင်မှာကို သားဖြစ်သူ ကင်ဂျုံအန်းကို အာဏာလွှဲပေးဖို့ ကြိုတင်ပြင်ဆင်ခဲ့ပြီး သူကွယ်လွန်သွားတော့ သူ့သားက နိုင်ငံခေါင်းဆောင် ဖြစ်လာခဲ့တယ်ဗျ။

## ဆွေစဉ်မျိုးဆက် အန္တရာယ်ကင်းပို့

အဲဒီတော့ အဲဒီအမာခံရှေးရိုးစွဲ ကွန်မြူနစ်နိုင်ငံနှစ်ခုကို ကြည့်ရင် နိုင်ငံကို ထူထောင်ခဲ့သူ ခေါင်းဆောင်တွေအနေနဲ့ ကွန်မြူနစ် ဆိုရှယ်လစ်စနစ်ကို ငါနဲ့ ငါ့သားစဉ် မြေးဆက်တွေကပဲ ဦးဆောင်ထူထောင်မှသာ အောင်မြင်နိုင်လိမ့်မယ်လို့ ယုံကြည် နေကြတာများလား။ ဒါမှမဟုတ် မိမိတို့ ဆွေစဉ်မျိုးဆက်တွေရဲ့ အသက်အိုးအိမ် စည်းစိမ်ကို ဒီနည်းနဲ့ ကာကွယ်ထားမှပဲ လုံခြုံစိတ်ချရလိမ့်မယ်လို့ တွေးထားကြ လေသလား။ ဘယ်လိုသဘောလဲဆိုတာ မပြောနိုင်ဘူးဗျ။ ဒီနှစ်နိုင်ငံက အာဏာ

ဆက်ခံ ပုံစနစ်ဟာ မှာ့ခ်စ်တို့ အိန်ဂျယ်တို့ရဲ့ လမ်းညွှန်မှုနဲ့ ကိုက်ညီသလား မကိုက်ညီဘူးလားဆိုတာလည်း ကျွန်တော် တွေးလို့မရဘူးဗျ။ ကွန်မြူနစ်စနစ်မှာ လူသားတွေအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမယ့် လုပ်နည်းလုပ်ဟန်တွေ အများအပြားရှိတယ်လို့ အခုအထိ ခိုင်ခိုင်မာမာ ယုံကြည်နေဆဲဖြစ်တဲ့ ကျွန်တော့် မိတ်ဆွေတစ်ဦးကတော့ ကွန်မြူနစ်စနစ်နဲ့ ပဒေသရာဇ်စနစ်ရဲ့ အာဏာဆက်ခံပုံချင်း ဟာ ပြဒါးတစ်လမ်းသံတစ်လမ်း ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ပါတယ်လို့ ပြောတယ်ဗျာ။

## ရုပ်တုတွေ

နောက်ထပ် ရည်မိတဲ့ ကျွန်တော့်ရဲ့အတွေးစတစ်ခုကတော့ ရုပ်တုတွေနဲ့ ပတ်သက် လို့ဖြစ်တယ်ဗျ။ အားလုံးသိကြတဲ့တိုင်း ရုပ်တုဆိုတာ သွားလေသူတွေရဲ့ ကျေးဇူး ဂုဏ်ကို အမြဲအောက်မေ့ဆင်ခြင်သတိရနေစေချင်လို့ ရည်ရွယ်ပြီး နောက်လူတွေက ထုလုပ်ကြတာဖြစ်တယ်ဗျ။ ကျွန်တော်တို့ နိုင်ငံမှာဆိုရင်လည်း သခင်ကိုယ်တော်မှိုင်း။ ဗိုလ်ချုပ်အောင်ဆန်း။ ဆရာစံ၊ သခင်ဖိုးလှကြီး။ ဆရာတော်ဦးဝိစာရ၊ ဆရာဇော်ဂျီ စတဲ့ နိုင်ငံကို အကျိုးပြုခဲ့ကြတဲ့ ပုဂ္ဂိုလ်ကြီးတွေရဲ့ ရုပ်တုတွေရှိတယ်ဗျ။ အဲသလိုပဲ အခြားသောနိုင်ငံတွေမှာလည်း သူတို့နိုင်ငံသမိုင်းမှာ ထင်ရှားခဲ့တဲ့ ပုဂ္ဂိုလ်တွေရဲ့ ရုပ်တုတွေရှိကြတယ်ဗျ။

ဒါပေမဲ့ ရုပ်တုတွေကို ဘယ်ခေတ်မှာ ထုခဲ့တယ်၊ ဘယ်သူတွေက ထုခဲ့ကြတယ်။ ရုပ်တုတွေရဲ့ သက်တမ်းဘယ်လောက်ကြာကြာ ခံတယ်ဆိုတဲ့ အချက်တွေက နိုင်ငံတွေ ရဲ့ သမိုင်းဖြစ်စဉ်တွေကို လှစ်ဟဖော်ကျူးနေလိမ့်မယ်လို့ ကျွန်တော်ယူဆ တယ်ဗျာ။ တချို့ရုပ်တုတွေဟာ သမိုင်းရဲ့ စစ်ဆေးမှု (ရာသီဥတုရဲ့ စစ်ဆေးမှုမဟုတ်) ကို ခံနိုင်ရည် ရှိကြပြီး တချို့ကတော့ ခံနိုင်ရည်မရှိကြဘူးဗျ။ တချို့ရုပ်တုတွေက သမိုင်းခေတ် အဆက်ဆက်မှာ ပြည်သူတွေရဲ့ ရိုသေလေးစားမှုကို ရရှိခဲ့ပေမယ့် တချို့ကတော့ ရုပ်တုကို ကိုယ်စားပြုသူ ကွယ်လွန်သွားပြီးနောက် ဖြိုချဖယ်ရှားခံခဲ့ရတယ်။ တချို့ ကတော့ သူမသေခင်မှာတင် သူ့ရုပ်တု ဖြိုချပယ်ရှားခြင်းခံခဲ့ရတယ်ဗျ။ ဆက်ဒမ် ဟူစိန်လိုပေါ့ဗျာ။ အဲဒီတော့ နိုင်ငံ့ခေါင်းဆောင်တစ်ဦးရဲ့ ရုပ်တုဟာ အဲဒီနိုင်ငံက ပြည်သူတွေရဲ့ ဆန္ဒအမှန်ကို ထင်ဟပ်သလား။ မထင်ဟပ်ဘူးလားဆိုတာကို အဆုံး အဖြတ်ပေးတာကတော့ အချိန်တရားသူကြီးပဲဖြစ်တယ်လို့ တွေးနေမိကြောင်းပါဗျာ။

၂၁၊ ဖေဖော်ဝါရီ၊ ၂၀၀၂

○

# နိုင်ငံရေးမှာ ပြည်သူအများစု ပါဝင်ရမယ်

နိုင်ငံရေးစာပေ စိတ်ဝင်တစား လေ့လာခဲ့ကြသူတိုင်း ဖရန့်စစ် ဖူကူယားမားရဲ့ 'သမိုင်းနိဂုံး' အယူအဆကို သိကြလိမ့်မယ်၊ အနည်းဆုံးတော့ ကြားဖူးကြ လိမ့်မယ်လို့ ကျွန်တော် ယုံကြည်တယ်ဗျ။ နိုင်ငံရေးစာပေ လေ့လာမှုကို အစပျိုးနေကြတဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် အဲဒီအယူအဆ သဘော တရားနဲ့ ပတ်သက်ပြီး အနှစ်ချုပ်ဖော်ပြရရင်တော့ ကွန်မြူနစ်ဝါဒနဲ့ လစ်ဘရယ် ဒီမိုကရေစီဝါဒတို့ နယ်ပယ်အားလုံးမှာ ပြိုင်ဆိုင်ကြတဲ့ ဖြစ်စဉ်ကို တင်စား ခေါ်ဝေါ်ထားတာဖြစ်တဲ့ 'စစ်အေး' (Cold war) ဟာ ဘာလင်တံတိုင်း ပြိုကျမှု၊ ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲမှုတို့နဲ့အတူ နိဂုံးချုပ် သွားခဲ့ပြီးတဲ့နောက် လစ်ဘရယ်ဒီမိုကရေစီစနစ်ကို တုတူတန်တန် ပခုံးချင်းယှဉ်နိုင်တဲ့ သဘောတရား ရယ်လို့ ထပ်မံပေါ်ထွက်လာခဲ့ခြင်း မရှိသေးဘူး။ အနာဂတ်မှာလည်း ပေါ်ထွက်လာဖွယ်မရှိတော့ဘူး။ ဒါကြောင့် အယူအဆသဘောတရား တိုက်ပွဲအပေါ်မှာ အခြေခံထား တဲ့ သမိုင်းဖြစ်စဉ်ကြီးဟာ လစ်ဘရယ်ဒီမိုကရေစီ စနစ်ရဲ့ အနိုင်ရရှိမှုနဲ့အတူ နိဂုံးချုပ်သွားခဲ့ပြီဆိုတာပဲ ဖြစ်တယ် ဗျ။

## ဒီမိုကရေစီလှိုင်းသဘောတရား

ဆန်းသစ်ရဲရင့်တဲ့ အယူအဆတို့ ကြုံရမြဲဖြစ်တဲ့ဓမ္မတာအတိုင်း အဲဒီအယူအဆ ပေါ်ထွက်လာချိန်မှာ လက်မခံနိုင်တဲ့ ပညာရှင်တွေက အဲဒီ အယူအဆကို ချေဖျက်ဖို့ ကြိုးပမ်းခဲ့ကြတယ်ဗျ။ ဒါပေမဲ့ အဲဒီအယူအဆကို စင်ပေါ်က ဆင်းသွားရလောက် အောင် အလဲထိုးချလိုက်နိုင်တဲ့ အယူအဆ တစ်ခုခုကို ကျွန်တော် ဉာဏ်မီသလောက် ပြောရရင်တော့ မတွေ့ရသေးဘူးဗျာ။ လစ်ဘရယ်ဒီမိုကရေစီစနစ်ဟာ လူသားတွေ

တီထွင်ဖန်တီးထားတဲ့စနစ်ဖြစ်တဲ့ အားလျော်စွာ ချွတ်ယွင်းချက်တွေ၊ အပြစ်အနာအဆာတွေ ရှိတာ အမှန်ပဲ ဖြစ်တာကြောင့် အဲဒီအားနည်းချက်တွေကို ထောက်ပြပြီး လစ်ဘရယ် ဒီမိုကရေစီစနစ်တို့ တိုက်ခိုက်တာတွေရှိခဲ့ကြပေမယ့် ဘယ်ပညာရှင်ကမှ လစ်ဘရယ် ဒီမိုကရေစီစနစ်ထက် ပိုကောင်းတဲ့စနစ်တစ်ခု တီထွင်ဖော်စပ် ပြနိုင်ခဲ့ခြင်း မရှိသေးတာကို တွေ့ရတယ်ဗျ။ လစ်ဘရယ် ဒီမိုကရေစီစနစ်ရဲ့ ခန္ဓာဗေဒနဲ့ ပတ်သက်ပြီး ဖုကူယားမားနောက်ပိုင်းပေါ်လာတဲ့ ခွဲခြမ်းစိတ်ဖြာသုံးသပ်မှုတွေထဲမှာ လက်ခံနိုင်ဖွယ် အကောင်းဆုံး သုံးသပ်မှုအဖြစ် ဒီမိုကရေစီဒီရေတက်တဲ့ကာလနဲ့ ကျတဲ့ကာလကို တွက်ချက်ပြထားတဲ့ 'ဒီမိုကရေစီလှိုင်း' သဘောတရားသာ ရှိခဲ့တယ်ဆိုတာကို တွေ့ကြရမှာဖြစ်တယ်ဗျ။

## ကပြားဒီမိုကရေစီ

ဒီနေရာမှာ နိုင်ငံရေးကို တင်းတင်းကျပ်ကျပ် ထိန်းချုပ်ထားပြီး (တစ်နည်း) လစ်ဘရယ်ဒီမိုကရေစီစနစ်ကို လွှတ်မပေးဘဲ စီးပွားရေးပိုင်းမှာပဲ တစ်စုံတစ်ခု သောအတိုင်းအတာအထိ လွတ်လပ်ခွင့်ပေးထားတဲ့ နည်းလမ်းကို ကျင့်သုံးရင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ရရှိလာခဲ့ကြတဲ့ တရုတ်၊ ဗီယက်နမ်၊ စင်ကာပူ၊ မလေးရှား၊ (ပတ်ချုံးဟီးလက်ထက်) တောင်ကိုရီးယားလို နိုင်ငံတွေကို ထောက်ပြပြီး 'ကပြားဒီမိုကရေစီ' (တစ်နည်း) ရေရောဒီမိုကရေစီဟာ လစ်ဘရယ်ဒီမိုကရေစီကို ပခုံးချင်းယှဉ်နိုင်တဲ့ အယူအဆသဘောတရား ဖြစ်သယောင်ယောင် ပြောဆိုကြတာတွေ ရှိလာခဲ့တာ အားလုံးအသိဖြစ်တယ်ဗျ။

## ရေရှည် မကြံ့ခိုင်ပါဘူး

ဒါပေမဲ့ ပြည်သူတွေရဲ့ အခြေခံလွတ်လပ်ခွင့်တွေကို ကန့်သတ်ပိတ်ပင် ထားမြဲထားတဲ့ အဲဒီကပြား ဒီမိုကရေစီ၊ ရေရောဒီမိုကရေစီ စနစ်အပေါ်မှာ တည်ဆောက်ထားတဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့၊ လူမှုရေး တည်ငြိမ်မှု တို့ဆိုတာတွေဟာ ရေရှည်ခံကြံ့ခိုင်တောင့်တင်းတဲ့ (sustainable) အရာတွေ မဟုတ်ဘူးဆိုတဲ့အချက် တစ်နေ့တခြား ထင်ရှားပေါ်လွင်လာတာကို အဲဒီနိုင်ငံတွေ လျှောက်လှမ်းနေတဲ့ လမ်းကြောင်းကို လေးလေးနက်နက် လေ့လာရင်ပဲ တွေ့ရှိနိုင်တယ်ဗျ။

## တစ်စတစ်စ လစ်ဘရယ်ဖြစ်လာကြပြီ

တောင်ကိုရီးယားနိုင်ငံဟာ အာဏာရှင် ဗိုလ်ချုပ်ကြီးဟောင်း ပတ်ချုံဟီး လက်ထက်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု စတင်အရှိန်ရလာခဲ့တာ ဖြစ်ပေမယ့် အခုအချိန်မှာ လစ်ဘရယ် ဒီမိုကရေစီတင်းပြည့်နီးပါးရှိနေတဲ့နိုင်ငံတစ်ခု ဖြစ်နေပြီဗျ။ စင်ကာပူနဲ့ မလေးရှားတို့ကလည်း လီကွမ်ယုနဲ့ မဟာသီယာ မိုဟာမက်တို့ နောက်ပိုင်းမှာ လစ်ဘရယ်ဒီမိုကရေစီစနစ်ဘက်ဆီသို့ တစ်စ တစ်စ ပိုမိုလျင်မြန်စွာ ချီးကွေ့လာနေပြီ ဖြစ်တယ်ဗျ။ ဗီယက်နမ်က သူ့ရဲ့စီးပွားရေး အောင်မြင်မှုကို ဆက်ထိန်းထားနိုင်ဖို့ အာဏာရှင်စနစ်နဲ့ ဒီမိုကရေစီစနစ်ကို မဖြစ်မနေ အလဲအထပ် လုပ်ရတော့မယ့် အခြေအနေနဲ့ ရင်ဆိုင်နေရပြီး နိုင်ငံရေးသဘောတရား ဆန်းစစ်ဝေဖန်သူတွေကို မျက်စိလည်သွားစေခဲ့ဖူးတဲ့ တရုတ်နိုင်ငံကြီးဟာလည်း ပုလင်းလည်ပင်းနဲ့တူတဲ့ 'ဒီမိုကရေစီ မွန်းကျပ်မှတ်' နားဆီသို့ တရွေ့ရွေ့ တိုးတက်ရောက်ရှိလာနေပြီဖြစ်တာကြောင့် မကြာခင် ထွက်ပေါ်လာမယ့် မျိုးဆက်သစ်ခေါင်းဆောင်စု မဟုတ်ရင်တောင် သူတို့ နောက်မှာ ပေါ်လာမယ့် ခေါင်းဆောင်စုတစ်စုစုဟာ စစ်မှန်တဲ့ လစ်ဘရယ် ဒီမိုကရေစီစနစ်နဲ့ နိုင်ငံမတည်ငြိမ်မှု၊ အဲဒီနှစ်ခုထဲက တစ်ခုခုကို မဖြစ်မနေ ရွေးရတော့မယ့် အခြေအနေကို အနေးနဲ့အမြန် ရောက်ရှိလာတော့မယ်လို့ ပညာရှင် အချို့က သုံးသပ်ပြောဆိုရေးသားနေကြတယ်ဗျ။

## ပွင့်လင်းလူ့အဖွဲ့အစည်းတည်ဆောက်

အဲဒီတော့ ဒီမိုကရေစီထူထောင်ရေးလမ်းကြောင်းကို ရွေးထားပြီးဖြစ်တဲ့ ကျွန်တော်တို့ နိုင်ငံအနေနဲ့ ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်သမိုင်းအတွေ့အကြုံ အရရော နိုင်ငံတကာ (အထူးသဖြင့် အာရှတန်ဖိုးလို့ တစ်ချိန်က ဝင့်ကြွားခဲ့ကြတဲ့ ဒေသတွင်း နိုင်ငံတွေရဲ့) အတွေ့အကြုံတွေအရပါ မမိုတ်မသုံ ဆက်လုပ်ဖို့ကတော့ ဒီမိုကရေစီစနစ် ဖွံ့ဖြိုးသထက် ဖွံ့ဖြိုး၊ စည်ပင်သထက် စည်ပင်လာအောင် ကြိုးပမ်းတည်ဆောက်ကြဖို့ပဲ ဖြစ်တယ်ဗျ။ အဲသလို တည်ဆောက်တဲ့ နေရာမှာ နိုင်ငံရဲ့အပေါ်ပိုင်းအလွှာဖြစ်တဲ့ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနဲ့ တရားစီရင်ရေးဆိုတဲ့ အဓိကမဏ္ဍိုင်ကြီးသုံးရပ် တစ်ခုနဲ့ တစ်ခု အပြန်အလှန် စစ်ဆေးထိန်းကျောင်းတဲ့နည်းလမ်းနဲ့ လွတ်လပ် အမှီအခိုကင်းစွာ ရပ်တည် သွားနိုင်ရေးကို တာဝန်ရှိသူတွေက လုပ်ဆောင်နေကြတဲ့ တစ်ချိန်တည်းမှာ နိုင်ငံရဲ့အောက်ပိုင်းအလွှာဖြစ်တဲ့ အခြေခံပြည်သူလူထုကြီးကလည်း ဒီမိုကရေစီစနစ်ရဲ့ အခြေခံအုတ်မြစ်တစ်ခုဖြစ်တဲ့ 'ပွင့်လင်းတဲ့လူ့အဖွဲ့အစည်း' (open Society) တစ်ခုကို အားသွန်ခွန်စိုက် တည်ဆောက်နေကြရမှာ ဖြစ်တယ်ဗျာ။

အားတက်စရာကောင်းတာကတော့ အစပိုင်းမှာ စိုးရိမ်ပူပန်မှုတွေ ရှိခဲ့ကြရပေမယ့် အခုအချိန်မှာ အဲဒီဖြစ်စဉ်နှစ်ခုစလုံးဟာ ဟန်ချက် ညီညီရှေ့ကို တိုးသွားနေတာကို မြင်နေရခြင်းပဲဖြစ်တယ်ဗျာ။ မဏ္ဍိုင်ကြီး (၃)ရပ် အထူးသဖြင့် အုပ်ချုပ်ရေးမဏ္ဍိုင်နဲ့ ဥပဒေပြုရေးမဏ္ဍိုင်အကြား အပြန်အလှန် စစ်ဆေး ထိန်းညှိမှု စနစ် တစ်နေ့တခြား ပိုမိုပီပြင်လာနေတာကို တွေ့မြင်နေရတဲ့ တစ်ချိန်တည်းမှာ ပြည်သူလူထု အတွင်း ပွင့်လင်းလူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာရေး လှုပ်ရှားမှုတွေကလည်း အရှိန်ရစ ပြုလာနေတာကို တွေ့နေ ရတယ်ဗျာ။

## ရှစ်ဆယ့်ရှစ်တွေရဲ့ အစပျိုးလုပ်ဆောင်မှု

ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုတွေကို တကယ်တမ်း လုပ်လာတဲ့ အချိန်ဟာ အင်မတန်မှ တိုတောင်းလှသေးပေမယ့် ဒီမိုကရေစီရဲ့ အခြေခံအင်္ဂါရပ် တစ်ခုဖြစ်တဲ့ လူထုအခြေပြု အရပ်ဘက်အဖွဲ့အစည်းတွေ တစ်ခုပြီးတစ်ခု အပြိုင်းအရိုင်းပေါ်ပေါက်လာနေသလို မကြာသေးခင်ကမှ ပြန်လည်လွတ်မြောက်လာခဲ့ကြတဲ့ ရှစ်ဆယ့်ရှစ်မျိုးဆက် ကျောင်းသား ခေါင်းဆောင်တွေကလည်း သူတို့ ကတိအတိုင်း ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးရဲ့ သော့ချက်ကိစ္စတစ်ခုဖြစ်တဲ့ ပွင့်လင်းလူ့အဖွဲ့အစည်း တစ်ရပ် ပေါ်ပေါက် လာရေးကို မရပ်မနား ကြိုးပမ်းနေကြတာ တွေ့ရလို့ ပြည်သူတွေနဲ့အတူ ကျွန်တော်တို့တွေလည်း ရွှင်လန်းဝမ်းမြောက်အားတက်မိတယ်ဗျာ။ လတ်တလော ပေါ်ပေါက်နေတဲ့ မြန်မာ့နိုင်ငံရေး အခင်းအကျင်းနဲ့ ဆက်စပ်မှုလည်း ရှိ၊ သီးခြားကင်းလွတ်မှုလည်း ရှိတဲ့ သူတို့ရဲ့ တီထွင်ဖန်တီး ဦးဆောင် အစပျိုးလုပ်ကိုင်နိုင်စွမ်း (creative Initiative) အတွက်လည်း လေးစားချီးကျူးပါတယ်ဗျာ။

ဒါပေမဲ့ လုပ်စရာတွေကတော့ အများကြီး အများကြီးရှိနေပါသေးတယ်။ အထူးသဖြင့် ဒီမိုကရေစီဆိုတာ ပြည်သူလူထုရဲ့ ဆန္ဒနဲ့ကိုက်ညီတဲ့ အုပ်ချုပ်မှုစနစ်ဖြစ်တဲ့အတွက် နိုင်ငံရေးရပ်ဝန်းထဲသို့ ပြည်သူအများစုကြီး ရောက်ရှိလာစေရေးဟာ နိုင်ငံရေးတက်ကြွလှုပ်ရှားသူတိုင်း ထာဝရ ထမ်းဆောင် နေရမယ့် တာဝန်ဖြစ်တယ်လို့ တိုက်တွန်းနှိုးဆော်လိုက်ချင်တယ်ဗျာ။

# အသွင်ကူးပြောင်းရေးကာလ ပြဿနာ အချို့

ကျွန်တော်တို့ နိုင်ငံဟာ အခုအချိန်မှာ အင်မတန်မှ သိမ်မွေ့ နက်နဲသလောက် အင်မတန်မှလည်း ခက်ခဲ ရှုပ်ထွေးတဲ့ အခြေအနေတစ်ခုအတွင်း ရောက်ရှိနေ တယ်လို့ ကျွန်တော် မြင်နေတယ်ဗျာ။

ဘာကြောင့် ဒီလို ပြောရသလဲဆိုတော့ အာဏာရှင်စနစ်မှသည် ဒီမိုကရေစီ စနစ်ကို ကူးပြောင်းခဲ့တဲ့ နိုင်ငံတွေထဲမှာ မြန်မာနိုင်ငံရဲ့ အသွင် ကူးပြောင်းပုံ ကူးပြောင်း နည်းဟာ တခြားနိုင်ငံတွေနဲ့ တစ်မူထူးခြား ကွဲပြားနေပြီး ကိစ္စကလည်း မပြတ်သေး လို့ ဖြစ်တယ်ဗျ။

## ပုံသေနည်း ဆင်တူယိုးမှား

အာဏာရှင်ကနေ ဒီမိုကရေစီကို ကူးပြောင်းတဲ့ နိုင်ငံအများစုဟာ ပုံသေနည်းဆန်ဆန် လို့တောင် ပြောစရာဖြစ်အောင် ဆင်တူယိုးမှား ဖြစ်ခဲ့ကြတာ တွေ့ရမှာပါ။ လူထု အုံကြွမှုကြောင့်ဖြစ်စေ၊ နိုင်ငံတကာက ထောက်ခံအားပေးတဲ့ လက်နက်ကိုင် တော်လှန်ရေးကြောင့် ဖြစ်စေ အာဏာရှင်တွေပြုတ်ကျပြီး (တူနီးရှား၊ အီဂျစ်၊ လစ်ဗျား စသည်) ဒီမိုကရေစီ ရွေးကောက်ပွဲတွေကတစ်ဆင့် ဒီမိုကရေစီအင်အားစုတွေ အာဏာရလာခဲ့ကြတယ်။ ခြွင်းချက်တစ်ခုကတော့ ချက်ကိုစလိုဗက်ကီးယားက ကတ္တီပါတော်လှန်ရေးပါ။ ကွန်မြူနစ်အာဏာရှင် အစိုးရနဲ့ လူထုအုံကြွမှု ခေါင်းဆောင် တွေ စေ့စပ်ဆွေးနွေးကာ သဘောတူညီမှု ရရှိပြီး ရွေးကောက်ပွဲကျင်းပတယ်။ ရွေးကောက်ပွဲ အနိုင်ရတဲ့ အတိုက်အခံများ လက်ထဲ ငြိမ်းချမ်းစွာ အာဏာလွှဲပြောင်း ပေးခဲ့တာ ဖြစ်ပါတယ်။

## ကတ္တီပါတော်လှန်ရေးနဲ့ဝေးခဲ့

ကျွန်တော်တို့ဆီမှာလည်း ရှစ်လေးလုံး အရေးတော်ပုံကြီးတုန်းက နောက်ဆုံး သမ္မတ ဒေါက်တာမောင်မောင်က သုံးလအတွင်း ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲတွေ ကျင်းပပေးမယ်လို့ကတိပေးပြီး ကမ်းလှမ်းခဲ့ပေမယ့် တစ်ဖက်နဲ့တစ်ဖက် ယုံကြည်မှု တည်ဆောက်ခြင်း မပြုနိုင်ခဲ့ကြလို့မြန်မာ့ ကတ္တီပါတော်လှန်ရေး ဖြစ်မလာခဲ့ပါဘူး။ ကျွန်တော်တို့က ချက်တွေထက် တစ်နှစ်ကျော် စောပါတယ်။

လမ်းစဉ်ပါတီအစိုးရဆီက တပ်မတော်က အာဏာလွှဲပြောင်းယူပြီး ၁၉၉၀ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကျင်းပပေးခဲ့ပေမယ့် အနိုင်ရတဲ့ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ကို အာဏာမလွှဲပေးတဲ့အတွက် ကတ္တီပါ တော်လှန်ရေးအနားရောက်ဖို့ ဝေးသထက်ဝေးခဲ့ရပါတယ်။ အဲဒီကတည်းက ကျွန်တော်တို့ နိုင်ငံရဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးပုံစံဟာ ကမ္ဘာမှာ ရှိခဲ့ပြီးတဲ့ ပုံသေနည်းတွေနဲ့တခြားစီဖြစ်ခဲ့ပြီ လို့နားလည်ခဲ့ရတယ်ဗျာ။

## ထင်သာမြင်သာ အပြောင်းအလဲများ

၁၉၉၀ကနေ ၂၀၁၁ မတ်လအတွင်း ဖြစ်ရပ်တွေ အခြေအနေတွေကို စာဖတ်သူများ သိပြီးသားလို့ ယူဆတဲ့အတွက် ဒီဆောင်းပါးမှာ ပြန်မညွှန်းတော့ဘဲ ၂၀၁၁ခုနှစ် မတ်လမှာ သမ္မတ ဦးသိန်းစိန် အစိုးရ တက်လာပြီးချိန်ကိုပဲ ဆက်ကြည့်ရအောင်။

၂၀၀၈ခု အခြေခံဥပဒေကို လက်မခံတဲ့အတွက် ၂၀၁၀ ရွေးကောက်ပွဲမှာ မပါဝင်ခဲ့တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ၂၀၁၂ခု ဧပြီလ ကြားဖြတ် ရွေးကောက်ပွဲကို ဝင်ပြီး လွှတ်တော်ထဲကို ဒီချုပ်အမတ်တွေ ရောက်လာတယ်။ အရေးကြီးတဲ့ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တွေအားလုံး နှစ်ရှည် အကျဉ်းကျခံနေရာက လွတ်လာကြတယ်။ တစ်ချိန်က ထောင်မှူးနဲ့ ထောင်သား ဆက်ဆံရေးလိုမျိုးပဲ ရှိခဲ့ကြသူတွေ ယခုတော့ တစ်ယောက်နဲ့တစ်ယောက် လက်ဆွဲ နှုတ်ဆက်ကြ၊ ပြုံးပြုံးရွှင်ရွှင် ရယ်ရယ် မောမော ပြောကြဆိုကြ၊ အတူတွဲပြီး သီချင်းတွေဆိုကြ၊ ကခုန်ကြနဲ့မြင်ရသူ ပြည်သူအပေါင်းဟာ တကယ့်ကို စိတ်ဘဝင် ချမ်းမြေ့စရာမြင်ကွင်းတွေ ဖြစ်တယ်ဗျ။

## ဒီမိုကရေစီစစ်စစ်လို့ပြောဖို့လည်း ခက်

ဒါပေမဲ့ အခြားတစ်ဖက်မှာလည်း စစ်အာဏာရှင်စနစ်အဖြစ် ရှုမြင်ထားခဲ့ကြတဲ့ မူလလက်ပောင်း အုပ်ချုပ်ရေး စနစ်ရဲ့ အခြေခံအုတ်မြစ် ကတော့ ဘာမှမပြောင်းလဲဘဲ နဂိုအတိုင်း (Intact)ရှိနေတုန်းပဲလို့ ရှုမြင်နေသူတွေလည်း အများကြီး ရှိနေတယ်ဗျ။ အဲသလို ရှုမြင်စရာ အထင်ရှား အမြင်သာဆုံး ဥပမာကတော့ ၂၀၀၈ အခြေခံဥပဒေ ဖြစ်တယ်ဗျာ။ “တပ်မတော် သည် နိုင်ငံတော်၏ ဦးဆောင်ကဏ္ဍတွင် ရှိသည်” ဆိုတဲ့ အခြေခံမူပေါ်မှာ ရေးဆွဲထားတဲ့ ၂၀၀၈ အခြေခံဥပဒေကြောင့် မြန်မာနိုင်ငံဟာ ဒီမိုကရေစီနိုင်ငံ စစ်စစ် ဖြစ်နေပါပြီလို့ သေချာပေါက် ပြောဖို့ ခက်နေတာလည်း အမှန်ပဲဗျ။

## ဝေခွဲမရနိုင်သူတွေ ရှိနေချိန်

ဒီတော့ အချို့သူတွေအဖို့ ဒီကနေ့ မြန်မာနိုင်ငံမှာ အဓိက ထမ်းဆောင်ရမယ့် တာဝန်ဟာ တော်လှန်ရေးလား၊ တည်ဆောက်ရေးလား ဆိုတာ ပြတ်ပြတ်သားသား ရှင်းရှင်းလင်းလင်း မဆုံးဖြတ်နိုင်ဖြစ်နေကြတယ်ဗျ။ သူတို့အမြင်အရ ၂၀၀၈ အခြေခံဥပဒေကြီး ရှိနေသေးတာကြောင့် တော်လှန်ရေးကို ဆက်လက်ဆင်နွှဲရဦးမယ်လို့ ယုံကြည်နေခြင်းနဲ့ တစ်ပြိုင်တည်းမှာ လက်တွေ့မြေပြင်ပေါ်မှာ မျက်စိနဲ့ တပ်အပ်မြင် နေရတဲ့ နိုင်ငံရေးအပြောင်း အလဲတွေကလည်း သူတို့ကို တည်ဆောက်ရေးသမားတွေ ဖြစ်နိုင်သမျှ အမြန်ဆုံး ဖြစ်လာအောင် ကြိုးစားကြဖို့ တောင်းဆိုနေပြန်တယ်။ သူတို့ အဓိက လုပ်ရမှာက တော်လှန်ရေးလား။ တည်ဆောက်ရေးလား။ ပေါ့ပေါ့တွေးသူများ အဖို့ အရေးမကြီးလှပေမယ့် လေးလေးနက်နက် ဆင်ခြင် တွေးတောတတ်သူများ အဖို့တော့ တကယ့်ကို ဝေခွဲမရနိုင် (dilemma) ဖြစ် လောက်တယ်ဗျာ။

## အလံနှစ်ခု ကိုင်ထားရမလား

ခုရက်ပိုင်းအတွင်း ရှစ်ဆယ့်ရှစ် မျိုးဆက်ကျောင်းသား ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ကိုမင်းကိုနိုင်က သူ့ရဲ့ ဥရောပခရီးစဉ်အတွင်း သူဟာ တည်ဆောက်ရေးလုပ်ငန်းကို မကျွမ်းကျင်ပါဘူးလို့ ပြောခဲ့ကြောင်း အင်တာနက် သတင်းတွေမှာ တွေ့လိုက်ရတယ် ဗျ။

တကယ်ဆို မင်းကိုနိုင်တို့လို အသက်ငါးဆယ်ဝန်းကျင် မျိုးဆက်ဟာ နိုင်ငံ တည်ဆောက်ရေးလုပ်ငန်းအတွက် တကယ့်ကို အကောင်းဆုံး အသင့်တော်ဆုံး

မျိုးဆက်ပဲ မဟုတ်လားဗျာ။ အကောင်းဆုံးသော တိုင်းပြည်တည်ဆောက်ရေးသမားတွေဟာ သူတို့အရွယ်တွေထဲက ထွက်လာတာများတယ်ဆိုတာ ကမ္ဘာ့ သမိုင်းကို လေ့လာကြည့်ရင် တွေ့နိုင်တယ်ဗျ။

ဒါပေမဲ့ ကျွန်တော်တို့ဆီမှာက နိုင်ငံကို အချစ်ဆုံးလူတွေက ဘဝတစ်လျှောက်လုံး တော်လှန်ရေးလုပ်ငန်းစဉ်တွေနဲ့ပဲ ယဉ်ပါးခဲ့။ လက်ရှိ တိုင်းပြည်အခြေအနေကလည်း ကြောင်လိုလို ငါးလိုလို (ရှော့ခ်သုံးခုနဲ့ ဖျံ ကြောင် ငါး)။ အဲဒီတော့လည်း သူတို့လို မြန်မာ့နိုင်ငံရေးရဲ့ ရှေ့ဆုံးတန်း တစ်နေရာမှာ ရှိနေသူတွေသာမက ကျန်ရှိနေတဲ့ တက်ကြွ လှုပ်ရှားသူတွေပါ အလံနှစ်ခု ကိုင်ထားကြရတာ မဆန်းဘူးပေါ့ဗျာ။

## ကွဲအက်ရေးမှ ခွဲထွက်ရေးသို့

ဒီနေရာမှာ ကျွန်တော့် ကိုယ်တွေ့တစ်ခု ထည့်ပြောစရာ ရှိပါတယ်။ ၁၉၈၈ခုနှစ်အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလောက်က ကျွန်တော်ပါဝင် ဆောင်ရွက်နေတဲ့ နိုင်ငံရေးပါတီကြီးတစ်ခုရဲ့ မြို့နယ်စည်းအဖွဲ့များ ဖွဲ့စည်းရေးတာဝန်နဲ့ နယ်တွေကို ခရီးထွက်ခဲ့ရပါတယ်။ ကျွန်တော့်ထက် အသက်အရွယ်ရော နိုင်ငံရေးဝါပါ ကြီးရင့်တဲ့ စီနီယာနိုင်ငံရေးသမား တစ်ယောက်နဲ့ အတူတွဲအလုပ်လုပ်ခဲ့ရတာပါ။ ကျွန်တော်တို့ရဲ့ အဓိကအလုပ်က ရှစ်လေးလုံး သပိတ်ကြီးတုန်းက ကိုယ့်အစုနဲ့ကိုယ် ပါဝင်ဆင်နွှဲခဲ့ကြတဲ့ အင်အားစုတွေကို စုစည်းပြီး မြို့နယ်စည်းတွေမှာ လက်တွဲလုပ်ကြဖို့ ညှိနှိုင်းဖွဲ့စည်းပေးရတာ ဖြစ်ပါတယ်။ နေရာအတော်များများမှာ အုပ်စုကွဲတွေကို စည်းရုံးရေးအဖွဲ့တစ်ခုတည်းမှာ ပူးပေါင်းလုပ်ကြဖို့ ညှိနှိုင်းဆွေးနွေး အောင်မြင်ခဲ့ပေမယ့် မြို့ကြီးတချို့မှာ ဘယ်လိုမှ ညှိပေးလို့ မရခဲ့ပါဘူး။ ဆွေးနွေးရင်း ဆွေးနွေးရင်း စိတ်မရှည်နိုင်တော့တဲ့ စီနီယာကြီးက လူတွေ ကွယ်ရာမှာ ကျွန်တော့်ကို လက်ကုတ်ပြီး ပြောတယ်။

'ကျုပ် တစ်သက်လုံး လုပ်လာတဲ့ နိုင်ငံရေးအတွေ့အကြုံက ကွဲအက်ရေးမှ ခွဲထွက်ရေးပဲဗျ။ အခြေခံသဘောတားချင်း တူသလား။ တူအောင်ညှိလို့ရသလား။ တူအောင်ညှိတယ်ဆိုတာကလည်း ကျုပ်တို့ပါတီက ပြောတာကို ဆွေးနွေးဖက်ပါတီက လက်ခံဖို့ညှိတာပဲ။ လက်မခံနိုင်ဘူးဆိုရင် သွားပေတော့။ သူမထွက်ရင် ကိုယ်ထွက်ပဲ။ ညီညွတ်ရေးဆိုတာ တံတွေးနဲ့ဆွတ်ပြီး ကပ်ထားသလို လုပ်လို့မရဘူး။ ဒီမြို့မှာ ခုအတိုင်းဆို ဖွဲ့စည်းရေး ဘယ်လိုမှ လုပ်နိုင်မှာ မဟုတ်ဘူး' လို့ ပြောပါတယ်။

ကျွန်တော်က ကျွန်တော်နည်းနည်း ကြိုးစားကြည့်ချင်သေးတယ် ပြောတော့ သူက ခင်ဗျား စမ်းချင် စမ်းကြည့်လေလို့ ခွင့်ပြုပါတယ်။ ဒီတော့ ကျွန်တော်က အုပ်စုကွဲ လေးငါးခုက သပိတ်ခေါင်းဆောင်တွေကို အစည်းအဝေး တစ်ခုတည်းမှာ

မျက်နှာချင်းမဆိုင်နိုင်းဘဲ တစ်အုပ်စုချင်းနဲ့ သီးခြားစီ တွေ့ပါတယ်။ ပြီးတော့ သူတို့ ဘယ်သူတွေနဲ့ဆို တွဲလုပ်နိုင်တယ်၊ ဘယ်သူတွေနဲ့ တွဲမလုပ်နိုင်ဘူးဆိုတာ သဘောထားရအောင် မေးပါတယ်။ နောက်ဆုံး တွဲလုပ်နိုင်သူတွေချည်းပဲကို စည်းအဖွဲ့ အမှုဆောင်များအဖြစ် ရေးချပြီး သူတို့သဘောတူကြောင်း လက်မှတ်ထိုးခိုင်းပါတယ်။ အဲဒီစာရင်းကို ကြည့်ပြီး လိုက်တော့ကာ မကျေနပ်တဲ့ အုပ်စုတချို့က လူနည်းစုတွေ လောက်ပဲ တခြားပါတီတွေကို ဝင်သွားကြတယ်။ ကျွန်တော်တို့ဆီမှာတော့ အပြန် အလှန်သည်းခံပြီး လက်တွဲလုပ်နိုင်တဲ့ လူကောင်းတွေကို ရလိုက်ပါတယ်။ ဒီအပေါ်မှာ ကျွန်တော့်စီနီယာက မှတ်ချက်ပေးပါတယ်။ 'ခင်ဗျားနည်းက အလုပ်တော့ ဖြစ်သားပဲ။ ဒါပေမယ့် ကိုယ့်အုပ်စုကနေ ခွဲထွက်လာပြီး စည်းအဖွဲ့ထဲမှာ ပူးပေါင်းတဲ့လူတွေဟာ နိုင်မာမှု ရှိမရှိ မသေချာဘူး။ သူတို့ကို သတိထားရမယ်' လို့ ပြောပြန်ပါတယ်။

## အမြင်အမျိုးမျိုး လုပ်နည်း အမျိုးမျိုး

အခု ကျွန်တော်ပြောပြတဲ့အတွေ့အကြုံဟာ လက်ရှိတိုင်းပြည် အခြေအနေကို ထင်ဟပ် ပြောချင်တာ မဟုတ်ပါဘူး။ နိုင်ငံရေးမှာ အမြင်အမျိုးမျိုး လုပ်ထုံး လုပ်နည်း အမျိုးမျိုး ရှိတတ်တာကို ပြောချင်တာပါ။

အထူးသဖြင့် ယခုအချိန်အခါလို ဗုံမဟုတ် ပတ်မဟုတ်၊ တော်လှန်ရေးလား တည်ဆောက်ရေးလား ဝေခွဲရန် ခက်နေသူတွေ ရှိနေသေးတဲ့အခြေအနေကို အမြတ်ထုတ်ဖို့ကြိုးစားနေသူတချို့ကိုလည်း ကျွန်တော်ကတော့ မြင်နေရသလိုပဲဗျ။ နိုင်ငံရေးအခြေအနေတွေ ပြောင်းလဲလာတယ်ဆိုတာကို ရိုးရိုးသားသား လက်မခံ နိုင်တဲ့သူ၊ စစ်အာဏာရှင်တွေဟာ မျက်လှည့်အကွက်ဆန်းတစ်မျိုး တီထွင်ပြီး ပြနေ တာဖြစ်တယ်လို့ ရိုးရိုးသားသားမြင်နေတဲ့သူတွေကို ကျွန်တော် ဘာမှ မပြောလိုပါဘူး။ သူတို့ကတော့ လက်ရှိအခြေအနေကို အကောင်းမြင်ကြမှာ မဟုတ်ပါဘူး။ လူတိုင်းမှာ လွတ်လပ်စွာ ထင်မြင်ယူဆပိုင်ခွင့်ရှိပါတယ်။ ဒါပေမယ့် နိုင်ငံရေးအခြေအနေတွေ တကယ် ပြောင်းလဲသွားခဲ့ရင် သူတို့ လက်ရှိရထားတဲ့ စည်းစိမ်ဥစ္စာတွေ၊ လုပ်ပိုင်ခွင့် အာဏာတွေ ဆုံးရှုံး ဒါမှမဟုတ် လျော့ပါးသွား တော့မလားဆိုတဲ့ စိုးရိမ်ပူပန်စိတ်နဲ့ အခြေအနေတွေကို တမင်သက်သက် မငြိမ်မသက် ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေအောင် လုပ်နေတဲ့သူတွေလည်း ရှိနိုင်တယ်လို့ ကျွန်တော် ယူဆတယ်ဗျ။ သူတို့ဟာ ကိုယ်တိုင် မီးရှို့လို့ ရရင်ရ၊ မရရင်လည်း သူဘာသာသူ ပေါ်လာတဲ့ မီးစကလေးတွေကို မီးတောက်ကြီးတွေ ဖြစ်လာအောင် ဓာတ်ဆီဝင်လောင်းပေးနေကြတယ်လို့ ကျွန်တော် ခံစားနေရတယ်ဗျာ။

ရိုးရိုးသားသား အမြင်သဘောထားမတူတဲ့သူတွေကိုတော့ ဒီမိုကရေစီရဲ့ သဘာဝမို့ဘာမှ ပြောစရာမရှိပေမယ့် အဲသလို မရိုးသားတဲ့ ရည်ရွယ်ချက်နဲ့ ဖျက်လို ဖျက်ဆီးလုပ်ချင်နေသူတွေရဲ့ အကွက်ထဲ မဝင်မိအောင် ရှောင်ရှားနိုင်ဖို့ ကတော့ ဒီမိုကရေစီဘက်တော်သားတိုင်းသတိထားသင့်တယ်လို့ နှိုးဆော်လိုက်ရကြောင်း ပါဗျာ။

**၂၄၊ ဖေဖော်ဝါရီ၊ ၂၀၁၃**

○

# အတိုက်အခံအကွဲနှင့် ရွေးကောက်ပွဲ ရလဒ်

ပြီးခဲ့တဲ့ အပတ်က ပြည်သူ့ခေတ်ဂျာနယ်မှာ ရွေးကောက်ပွဲ သင်ခန်းစာ နမူနာ အချို့ခေါင်းစဉ်နဲ့ ၁၉၉၀ ရွေးကောက်ပွဲတုန်းက ကျွန်တော့်ရဲ့ ရဲရဲတင်းတင်း အာမခံချက်လွှဲချော်ပြီး ပဲခူးတိုင်းမှာ ဒီချုပ် တစ်နေရာရှုံးခဲ့တဲ့အကြောင်း ရေးခဲ့ပါတယ်။ အဲဒီအကြောင်းအစပြန်ဖော်ရတာက လောလောဆယ် ပြည်နယ်တချို့က တိုင်းရင်းသားပါတီတွေက နောက်ရွေးကောက်ပွဲတွေကျရင် နိုင်ငံလုံးဆိုင်ရာ ပါတီကြီးတွေ သူတို့ဆီမှာ လာမပြိုင်စေချင်ဘူးလို့ အတိအလင်း သဘောထားထုတ်ဖော်နေကြတာကို ကြားသိနေရလို့ ဖြစ်ပါတယ်။

ပြည်မြို့နယ် မဲဆန္ဒနယ် တစ်ခုမှာ ဖြစ်ခဲ့တဲ့ကိစ္စရဲ့ ဇာစ်မြစ်ကို ခုအချိန်မှာ ဇာတ်ကြောင်းပြန်မလှန်ချင်တော့ပါဘူး။ ၉၀ ပြည့်နှစ် ရွေးကောက်ပွဲအတွက် အမတ်လောင်းတွေ ရွေးချယ်ချိန်မှာ ကျွန်တော် အင်းစိန်ထောင်ထဲ ရောက် နေပါတယ်။ ၁၉၈၉ ဇူလိုင်လ ၂၀ ရက်နေ့ညက ဒီချုပ်ပါတီဌာနချုပ်ရုံးထဲကနေ ဗဟိုကော်မတီ ဦးမိုးသူနဲ့ ကျွန်တော့်ကို ဖမ်းသွားတာပါ။ စစ်ကြောရေးစခန်းနဲ့ ထောင်ထဲမှာ ကိုးလကျော် ပုဒ်မ ၁၀ (က)နဲ့ ထိန်းသိမ်းထားပြီး ရွေးကောက်ပွဲ မကျင်းပခင် တစ်လလောက်အလိုမှာမှ ပြန်လွှတ်ခဲ့ပါတယ်။ ဝေါမြို့နယ် အမှတ် ၂ မဲဆန္ဒနယ်ကနေ အမတ်လောင်းအဖြစ်ဝင်အရွေးခံဖို့ ပုံစံတွေကို ဒီချုပ်က ထောင်ထဲကို ပို့လိုက်တာ ကျွန်တော်က လက်ခံသဘောတူကြောင်း လက်မှတ်ရေးထိုး ပြန်ပို့လိုက်တာဖြစ်လို့ အမတ်လောင်းတစ်ယောက်အနေနဲ့ ပြန်လွှတ်တာ ဖြစ်ပါတယ်။

ကျွန်တော့်ကို ပြန်လွှတ်တဲ့နေ့က အိမ်ကို တန်းပြီး ပြန်မပို့သေးဘူး။ ခင်ဗျားထိန်းသိမ်းခံနေရတဲ့ ကိုးလကျော်အတွင်း တည်ဆောက်ပြုပြင်ရေးတွေကြောင့် ရန်ကုန်မြို့ကြီး ဘယ်လောက် တိုးတက်နေတယ်ဆိုတာ လိုက်ပြမယ်ဆိုကာ ကားနဲ့

လုညွှ်ပြပါတယ်။ ရွေးကောက်ပွဲအတွက် ပါတီတွေရဲ့မဲဆွယ်ပိုစတာကြီး တွေကိုလည်း ပြပါတယ်။ အဲသလိုပြရင်း 'ခင်ဗျားတို့အဖွဲ့ချုပ်ကတော့ အမတ်လောင်းအဝေမတည့်လို့ ရန်တွေဖြစ်ကြ၊ တံမြက်စည်းရိုးနဲ့ ရိုက်မောင်း ပုတ်မောင်းတွေ ဖြစ်ကြ၊ ခင်ဗျား သိပ်မကြာခင်ကြားပါလိမ့်မယ်' လို့ပြောပါ သေးတယ်။

အိမ်ပြန်ရောက်တဲ့နေ့ချင်းမှာပဲ အခြေအနေတွေ သိရပါတယ်။ သို့ပေမယ့် လမ်းမှာ ပြောလိုက်သလောက် ဆိုးဆိုးဝါးဝါးမဟုတ်ပါဘူး။ ထုံးစံအတိုင်း အမတ် လောင်း ရွေးချယ်ရေးမှာ ပြဿနာဖြစ်ခဲ့တဲ့နေရာတချို့ရှိခဲ့တယ်။ အဲဒီအထဲ ပဲခူးတိုင်း ပြည်မြို့နယ်လည်း ပါဝင်နေတာပါပဲ။ ဗဟိုက ရွေးချယ်လိုက်သူကို လက်မခံလိုတဲ့ အောက်ခြေပါတီဝင်တချို့က သူတို့ သဘောကျတဲ့ ဒေသခံ ဒီချုပ်အဖွဲ့ဝင် တစ်ယောက်ကို တစ်သီးပုဂ္ဂလအမတ်လောင်းအဖြစ် တင်ပြီး ယှဉ်ပြိုင်ခဲ့တာ ဖြစ်ပါ တယ်။ ကျွန်တော် မရှိတဲ့အချိန်မှာ အဲဒီပြဿနာတွေ ဖြစ်ခဲ့တာ အမတ်လောင်း စာရင်းတွေ ထွက်ပြီး မဲတောင်းဆွယ်နေကြပြီဆိုတော့ ဘာမှ မတတ်နိုင်တော့ပါဘူး။ မဲဆန္ဒရှင်အများစုက ဒီချုပ်ကို ထောက်ခံမဲပေးချင်တယ်။ သို့ပေမယ့် ခမောက် အမှတ်အသားနဲ့ ယှဉ်ပြိုင်တဲ့ အမတ်လောင်းရယ်၊ သူတို့က ဒီချုပ်တစ်ယောက်လို့ပဲ သိထားတဲ့ တစ်သီးပုဂ္ဂလအမတ်လောင်းရယ် ကြားမှာ မဲတွေကွဲကုန်ပြီး ကြားထဲက တစည အမတ်လောင်းက အနိုင်ရသွားတယ်။ သည်နှစ်ယောက်ရဲ့ မဲစုစုပေါင်းဟာ တစညအမတ်လောင်းရသွားတဲ့ မဲထက် အများကြီးသာတယ်။ သို့ပေမယ့် မဲကွဲသွားလို့ နှစ်ယောက်လုံး ရှုံးခဲ့ရတာပါ။ ဒီလို ဖြစ်ရခြင်းဟာ ဘာမှ မထူးဆန်းပါဘူး။ တောင်ကိုရီးယားမှာ ၁၉၈၇ခုနှစ်က အလားတူ အဖြစ်မျိုး အထင်အရှား ဖြစ်ခဲ့ဖူးလို့ လေ့လာသူအတော်များများက အဲဒီအကြောင်းကို နိုင်ငံရေး သိပ္ပံသင်ခန်းစာတစ်ခု အဖြစ် လေ့လာမှတ်သားခဲ့ကြပါတယ်။

တောင်ကိုရီးယားမှာ 'ကွမ်ဂျူ'အံ့ကြွမှုကြီးလို ပြည်သူအများသွေးမြေကျခံပြီး တောင်းဆိုဆန္ဒပြပွဲများစွာ ဖြစ်ပွားအပြီးမှာ အာဏာရှင် ချွန်ဒူးဝှမ်က သမ္မတကို လွှတ်တော်က ရွေးတဲ့စနစ်ကနေ ပြည်သူလူထုတိုက်ရိုက်ဆန္ဒမဲပေးရွေးချယ်တဲ့ စနစ်သို့ပြောင်းလဲတဲ့ အခြေခံဥပဒေ ပြင်ဆင်မှု ပြုလုပ်ပေးခဲ့တယ်။ ပထမဆုံး တိုက်ရိုက်မဲပေး ရွေးကောက်တဲ့ပွဲမှာ အာဏာရှင် ချွန်ဒူးဝှမ်က သူ့လူရင်း ဗိုလ်ချုပ်ကြီး နိုတေဝူးကို စစ်မှုထမ်းအဖြစ်က ထွက်စေပြီး သမ္မတလောင်းအဖြစ် ဝင်အရွေးခံ ခိုင်းတယ်။ တစ်ချိန်တည်းမှာ လက်ယာအုပ်စုက ကင်မ်ယန်းဆန် ကလည်း သမ္မတလောင်းအဖြစ် စာရင်းတင်တယ်။ တစ်သက်လုံး အတိုက်အခံ လုပ်လာသူ၊ ပြည်ပြေးဖြစ်လိုက်၊ ဝရမ်းပြေးဖြစ်လိုက်၊ ထောင်ကျလိုက်နေခဲ့ရသူ လက်ဝဲယိမ်းနိုင်ငံ

ရေးသမားကြီးလို့ လူသိများတဲ့ ကင်မ်ဒေးဂျုံကလည်း သမ္မတလောင်းအဖြစ် စာရင်းတင်ပါတယ်။ ဒီတစ်ကြိမ်မှာ သူတို့နှစ်ယောက်ထဲက တစ်ယောက်က နောက်ဆုတ်ပေးဖို့ နိုတေဝူးကို အတိုက်အခံတစ်ယောက်တည်း က ယှဉ်ပြိုင်ဖို့ အမြော်အမြင်ကြီးသူ တိုင်းပြည်ရဲ့ နားမျက်စိများက ဝိုင်းဝန်း တောင်းပန်ကြပေမယ့် ဘယ်သူကမှ နောက်မဆုတ်ပေးခဲ့ပါဘူး။ သည်လိုနဲ့ နောက်ဆုံးတော့ ဗိုလ်ချုပ်ကြီးနိုတေဝူးက အနိုင်ရကာ သမ္မတဖြစ်သွားပါတယ်။

ဒါနဲ့ မပြီးသေးဘူး။ နိုင်ငံရေးဆိုတာ ဘယ်လောက် သိမ်မွေ့သလဲဆိုရင် နိုတေဝူး သမတသက်တမ်းအတွင်း ကင်မ်ယန်းဆန်က နိုတေဝူးပါတီနဲ့ ပေါင်းလိုက်တယ်။ နောက်တစ်ကြိမ်ရွေးကောက်ပွဲကျတော့ အာဏာရပါတီရဲ့ သမ္မတလောင်းအဖြစ် ကင်မ်ယန်းဆန်ကို ရွေးလိုက်တယ်။ ကင်မ်ယန်းဆန်နဲ့ ကင်မ်ဒေးဂျုံ တစ်ပွဲချင်း ပြန်ဖိုက်ကြတဲ့အခါ ကင်မ်ဒေးဂျုံ ရှုံးသွားတယ်။ ဘာကြောင့်လဲဆိုတော့ သူ့မှာက မူလသူ့ကို ထောက်ခံတဲ့ အပိုင်မဲပဲ ရှိတယ်။ ကင်မ်ယန်းဆန်ကျတော့ မူလသူ့အပိုင်မဲအပြင် အာဏာရပါတီကို ထောက်ခံတဲ့ မဲတွေပါ သူ့ဆီဝင်ကုန်တာကိုး။ ကင်မ်ဒေးဂျုံခမျာ တတိယအကြိမ်ဝင်ပြိုင်တော့မှ သမ္မတဖြစ်ပါတော့တယ်။ (သူနဲ့ ယှဉ်ပြိုင်သူက အစိုးရနဲ့နီးစပ်သူဆိုပြီး လူထုမဲက သူ့ဆီ ပြုံရောက်သွားတာပါ။)

ကျွန်တော့် ဆောင်းပါးရဲ့ မူလဦးတည်ချက်ကို ပြန်ကောက်ပါမယ်။ တိုင်းရင်းသားဒေသ (ပြည်နယ်)တွေမှာ ပြည်မက နိုင်ငံရေးပါတီကြီးတွေ ၂၀၁၅ကျရင် လက်ရှောင်ကြပါလို့ မေတ္တာရပ်ခံနေကြတာကို ထည့်သွင်းစဉ်းစား သင့်ကြောင်း ပထမ ဆောင်းပါးမှာ ကတည်းက ကျွန်တော် ပြောခဲ့ပါတယ်။ ပါတီကြီးက အမတ်လောင်းကို ပါတီကြီးရဲ့ စည်းရုံးရေးနဲ့ အခြား အရှိန်အဝါများကြောင့် မဲပေးသူတွေ အများကြီးရှိနိုင်သလို တိုင်းရင်းသားပါတီက အမတ်လောင်းကိုလည်း တိုင်းရင်းသားချင်းဆိုတဲ့ သံယောဇဉ်နဲ့ မဲပေးကြမှာပါပဲ။ သို့ပေမယ့် မဲတွေကွဲသွားတဲ့အတွက် သူတို့နှစ်ယောက်စလုံး နိုင်ခြေနည်းပါလိမ့်မယ်။

၉၀ပြည့်နှစ်ရွေးကောက်ပွဲတုန်းက ရှမ်းပြည်နယ်မှာ SNLD က နေရာအများစုနိုင်ခဲ့တယ်။ ရခိုင်ပြည်နယ်မှာလည်း ALD က အများစုနိုင်ခဲ့ပါတယ်။ မွန်ပြည်နယ်မှာလည်း မွန်ပါတီက အတော်များများနိုင်ခဲ့တယ်လို့ ကျွန်တော် မှတ်မိပါတယ်။

၁၉၆၀ပြည့်နှစ် ရွေးကောက်ပွဲတုန်းက ဦးနုရဲ့ သန့်ရှင်းဖဆပလကို ပုံအော မဲပေးခဲ့ကြတဲ့အတွက် ယခင်ရွေးကောက်ပွဲ (၁၉၅၆)တုန်းက အမတ်နေရာ ၄၆နေရာရခဲ့တဲ့ အတိုက်အခံတပ်ပေါင်းစု (ပမညတ)ဟာ အမတ်တစ်နေရာပဲ နိုင်ခဲ့ပါတယ်။ ပြည်သူချစ်တဲ့ ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောသည်ပင်လျှင် တစ်သီးပုဂ္ဂလအဖြစ်

ဝင်ပြိုင်တာ အနိုင်မရခဲ့ပါဘူး။ ၉၀ပြည့်နှစ်တုန်းက ဒီချုပ်အနေအထားဟာ ၁၉၆၀ ပြည့်နှစ်က သန့်ရှင်းဖဆပလနဲ့ ဆင်တူပါတယ်။ ဟိုတုန်းက နုမှ နု ဖြစ်ခဲ့သလို ၉၀ပြည့်မှာလည်း စုမှ စု ဖြစ်ခဲ့တာပါ။

သို့သော် ဟိုတုန်းက သန့်ရှင်းဖဆပလက ပြည်နယ်တွေမှာ တိုင်းရင်းသား ပါတီတွေနဲ့ ရွေးကောက်ပွဲ မဟာမိတ် (electoral alliance) တွေ ဖွဲ့ပြီး အပေးအယူ လုပ် ယှဉ်ပြိုင်ခဲ့ကြတယ်ဆိုတာ လေ့လာသင့် ပါတယ်။ နိုင်ငံရေးမှာ အကျိုးဆက်တွေ ဖြစ်ပေါ်တတ်တဲ့ ထုံးစံအတိုင်း အဲသလို ရွေးကောက်ပွဲ မဟာမိတ်လုပ်ခဲ့ခြင်းရဲ့ဂယက် တွေလည်း ကျန်ခဲ့တာပါပဲ။ ဦးနုဟာ နောက်ပိုင်းမှာ ဝေဖန်မှုတွေအများကြီးနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ရွေးကောက်ပွဲ မဟာမိတ်ပုံစံအချို့ အကြောင်း နောင် အလျဉ်း သင့်ရင် တင်ပြပါဦးမယ်။

၁၆၊ မတ်၊ ၂၀၁၃

○

## ဒီမိုကရေစီကို အရိပ်တကြည့်ကြည့်

ဒီမိုကရေစီဆိုတာ အင်္ဂလိပ်ဝေါဟာရတစ်ခုဖြစ်ပေမယ့် အခုအချိန်မှာ ရေဒီယိုတို့၊ ကက်ဆက်တို့၊ မော်တော်ဆိုင်ကယ်တို့၊ မော်တော် ပီကယ်တို့ကို မွေးစား စကားလုံး တစ်လုံးအဖြစ် မြန်မာ့ဝေါဟာရဘဏ်တိုက်ထဲသို့ တရွေ့ရွေ့ သက်ဆင်းရောက်ရှိလာနေပြီ ဖြစ်တယ်ဗျ။ ဒီမိုကရေစီလို့ဆိုလိုက်တာနဲ့ အင်္ဂလိပ်စာ မပြောနဲ့ မြန်မာစာတောင်မတတ်တဲ့ ကျေးလက်ဒေသက တောသူတောင်သားတွေကတောင် 'အရေးကိစ္စ မှန်သမျှမှာ ပြည်သူလူထု အများစုကြီးရဲ့ဆန္ဒက အခရာဖြစ်တဲ့စနစ်'ဆိုတာကို သိနေကြပါပြီ။

### နားရည်ဝနေပါပြီ

အထူးသဖြင့် မကြာမီလပိုင်းတွေ အတွင်း ဒီမိုကရေစီဆိုတဲ့ စကားလုံးဟာ ကျွန်တော်တို့နိုင်ငံမှာ ကြားရလွန်း ဖတ်ရလွန်းလို့ လူတိုင်း လူတိုင်း ကိုယ့်အိမ်ထောင်စုဝင် တစ်ယောက်ရဲ့ နာမည်ကို သိသလိုမျိုး သိနေကြတဲ့အမည် (Household Name) တစ်ခုဖြစ်နေပါပြီ။ ရုပ်သံလွှင့်မီဒီယာတွေ၊ ပုံနှိပ်မီဒီယာတွေ ကတစ်ဆင့် နားလည်တတ်ကျွမ်းသူတွေရဲ့ ဖွင့်ဆိုရှင်းလင်း ပညာပေးမှုတွေကြောင့်လည်း ပြည်သူတွေ၊ အထူးသဖြင့် ဂျာနယ်တွေ အရောက်အပေါက် ရှိတဲ့ မြို့နေပြည်သူတွေဟာ ဒီမိုကရေစီနဲ့ပတ်သက်ပြီး အတော်ကလေး နားရည်ဝ နေကြပြီဖြစ်တယ်လို့ ယူဆနိုင်တယ်ဗျ။

## ပြည်သူက အရှင်သခင်

ဒီမိုကရေစီဟာ ပြည်သူ့အုပ်ချုပ်ရေးစနစ်ဖြစ်တဲ့အတွက် ဒီမိုကရေစီစနစ်မှာ ပြည်သူတွေဟာ သူတို့ လွတ်လပ်ငြိမ်းချမ်းလုံခြုံစွာ စီးပွား ရှာဖွေလုပ်ကိုင်နေထိုင် နိုင်ရေးကို မျှော်မှန်းပြီး လူ့အဖွဲ့အစည်းတစ်ခုရဲ့ ပင်မလုပ်ငန်းဆောင်တာကြီး သုံးခုဖြစ်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့ကို သူတို့ကိုယ်စား လုပ်ဆောင်ပေးဖို့ အစိုးရဆိုတာကို ရွေးချယ်ကြတာဖြစ်တယ်ဗျ။ ဒါကြောင့် ဒီမိုကရေစီစနစ်မှာ ပြည်သူက အရှင်သခင်၊ အစိုးရက အစေခံ၊ အဲသလို သုံးနှုန်းတာ ရင့်သီးတယ်ဆိုရင် ပြည်သူက အလုပ်ရှင် အစိုးရ အလုပ်သမားဖြစ်တယ်ဗျာ။ အစိုးရက မိဘ၊ ပြည်သူက သားသမီးဆိုတဲ့ တင်စားချက်မျိုးဟာ သက်ဦးဆံပိုင် ပဒေသရာဇ်စနစ်အတွက်သာ ဖြစ်ပြီး ဒီမိုကရေစီစနစ်နဲ့ လားလားမှ မသက်ဆိုင် မဆီလျော်တဲ့ တင်စားချက် ဖြစ်တယ်ဗျာ။

## အခွင့်အရေးနဲ့တာဝန်

ဒါပေမယ့် ဒီမိုကရေစီစနစ်မှာ အင်မတန် အရေးကြီးတဲ့အချက်တစ်ခုက ကျွန်တော်တို့ လမ်းလျှောက်ရာမှာ ဘယ်ခြေနဲ့ညာခြေ ဟန်ချက်ညီညီလှမ်းမှ လိုရာခရီးကို တည်တည်ငြိမ်ငြိမ် ဟန်ကျပန်ကျရောက်နိုင်မှာ ဖြစ်သလို အခွင့်အရေးနဲ့တာဝန် တိုက်ရိုက်အချိုးနဲ့ တည်ရှိနေတယ်ဆိုတဲ့အချက်ကို ပြည်သူတွေ သဘောပေါက်နားလည်ကျင့်ကြံလုပ်ကိုင်ကြမှသာ ဒီမိုကရေစီစနစ် ပီပြင်စွာ အကောင်အထည်ပေါ်လာနိုင်မယ်ဆိုတာဖြစ်တယ်ဗျ။ ကျွန်တော်တို့ နိုင်ငံမှာ ပါတီစုံလစ်ဘရယ် ဒီမိုကရေစီစနစ် ရပ်ဆိုင်းသွားခဲ့ချိန်ကစလို့ ဒီကနေ့အထိ၊ (တစ်နည်း) ၁၉၆၂ ဇူလိုင် ၇ ရက် အရေးအခင်းကစလို့ ၂၀၀၇ သံဃာတော်တွေရဲ့ မေတ္တာပို့ကြွချီတဲ့ အရေးအခင်းအထိ ကျွန်တော်တို့ ပြည်သူတွေ ဒီမိုကရေစီဆိုတဲ့ ပြည်သူ့အုပ်ချုပ်ရေးစနစ်ကို တောင်းဆိုလာခဲ့ကြတာရဲ့ အဓိပ္ပာယ် အစစ်အမှန်က ကျွန်တော်တို့ မြန်မာပြည်သူတွေဟာ ကိုယ့်ကိုယ်ကိုယ် အုပ်ချုပ်နိုင်စွမ်းရှိသူတွေ ဖြစ်တယ် ဆိုတာကို လူသိရှင်ကြား ကြေညာလာခဲ့ကြတာပဲ ဖြစ်တယ်ဗျာ။

## တပ်မတော်ခေါင်းဆောင်တွေ

အခုတော့ အားလုံးသိကြတဲ့အတိုင်း နိုင်ငံတို့နှစ်ပေါင်း ၅၀ ကြာ လက်ဆင့်ကမ်း အုပ်ချုပ်လာခဲ့ကြတဲ့ တပ်မတော်ခေါင်းဆောင်တွေက ပြည်သူတွေရဲ့ အဲဒီကြေညာ

စကားကို ကြားလည်းကြား အသိအမှတ်လည်း ပြုခဲ့ပြီဖြစ်ပုံရတာကြောင့် ဒီမိုကရေစီစနစ်ကိုလည်း ဦးဆောင်မှုနေရာကနေ စတင် အကောင်အထည်ဖော်နေပြီဖြစ်တယ်ဗျာ။

## မွေးရာပါ အခွင့်အရေး

လူတစ်ယောက် သူ့ဘာဝသူ အုပ်ချုပ်စီမံခန့်ခွဲတဲ့ကိစ္စဟာ ဘယ်သူမှ လုယူလို့မရတဲ့ အဲဒီလူရဲ့မွေးရာပါ ကိုယ်ပိုင်အခွင့်အရေးဖြစ်တဲ့ တစ်ချိန်တည်းမှာ သူ မလွဲမသွေ ထမ်းဆောင်ရမယ့်တာဝန်လည်း ဖြစ်တယ်ဗျ။ တာဝန်ဆိုတာကို သိမှသာ သူဟာ အဲဒီအခွင့်အရေးကို ရမှာဖြစ်တယ်ဗျ။

အခုအချိန်မှာ ကျွန်တော်တို့ ပြည်သူတွေ ရာစုတစ်ဝက်လောက် ဆုံးရှုံးခဲ့ကြရတဲ့ အခွင့်အရေးတချို့ပြန်ရကြပြီဖြစ်ပေမယ့် မရသေးတဲ့ အခွင့်အရေးတွေ အများအပြား ရှိနေသေးတယ်ဆိုတာ အားလုံးအသိ ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီအခွင့်အရေးတွေ ရလာစေဖို့ ဆက်လက် တောင်းဆိုရေးဟာ ကျွန်တော်တို့ ပြည်သူတွေရဲ့ တာဝန် ဖြစ်တယ်ဗျ။ တစ်ချိန်တည်းမှာ ကျွန်တော်တို့ဟာ အဲဒီအခွင့်အရေးတွေနဲ့ ထိုက်တန်သူတွေဖြစ်ကြောင်း ပြသဖို့ကိစ္စဟာလည်း ကျွန်တော်တို့ရဲ့တာဝန်ပဲဖြစ်တယ်ဗျ။

## ရေဆန်ကို ကူးခတ်နေရသလို

ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်အတွေ့အကြုံတွေအရရော နိုင်ငံတကာရဲ့ အတွေ့အကြုံတွေ အရပါ ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးလုပ်ငန်းဟာ ရေဆန်ကို ကူးခတ်နေရတဲ့ လုပ်ငန်းဖြစ်တာကြောင့် ကူးခတ်တာ ရပ်လိုက်တာနဲ့ အောက်ဘက်ကို ပြန်မျောပါသွားပြီး အဆုံးတစ်နေ့မှာ အာဏာရှင်စနစ်ဆိုတဲ့ ရေအောက်ကို ပြန်မြုပ်သွားမှာ ဖြစ်တယ်ဗျ။

## မျက်ခြည်မပြတ်စောင့်ကြည့်ရမယ်

ဒီမိုကရေစီစနစ်မှာ ပြည်သူတွေရဲ့ အရေးကြီးတဲ့တာဝန်တစ်ခုကတော့ မိမိတို့ ရွေးချယ်တင်မြှောက်ထားတဲ့ အစိုးရရဲ့လုပ်ရပ်များကို မျက်ခြည်မပြတ် သတိနဲ့ စောင့်ကြည့်နေဖို့ပဲ ဖြစ်တယ်ဗျ။ အကြောင်းကတော့ အဲသလို မလုပ်ရင် အစိုးရတွေဟာ တဖြည်းဖြည်းချင်း အောက်ခြေလွတ်လာပြီး ရွေးကောက်ခံ အာဏာရှင်စနစ် အဲဒီကမှတစ်ဆင့် ပြောင်ပြောင်တင်းတင်း အာဏာရှင် စနစ်ဆီသို့ လျှောကျသွားနိုင်တာကြောင့်ပဲ ဖြစ်တယ်ဗျ။

## ဟန်ဂေရီမှာ စလာပြီ

အဲဒီကိစ္စနဲ့ပတ်သက်ပြီး မကြာသေးခင်က ဖတ်ခဲ့ရတဲ့ နိုင်ငံတကာ သတင်းတချို့ အကြောင်း ပြောပြချင်ပါတယ်။ တစ်ခုက ဟန်ဂေရီ နိုင်ငံကလာတဲ့ သတင်းဗျ။ အားလုံးသိကြတဲ့အတိုင်း နှစ်ဆယ်ရာစုအစောပိုင်းမှာ ဟန်ဂေရီဟာ ဆိုဗီယက် ပြည်ထောင်စုရဲ့ ပတ်လမ်းကြောင်းအတွင်း ကွန်မြူနစ် တစ်ပါတီ နိုင်ငံရေးစနစ်ကို ကျင့်သုံးခဲ့တဲ့ နိုင်ငံဖြစ်တယ်ဗျ။ ဒါပေမယ့် ဆိုဗီယက် ပြည်ထောင်စုပြိုကွဲ သွားခဲ့ပြီး နောက်မှာ ဟန်ဂေရီဟာလည်း အခြား အရှေ့ဥရောပနိုင်ငံ အများအပြားနည်းတူ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးတဲ့ နိုင်ငံဖြစ်လာခဲ့တယ်ဗျ။ ပြန်လည် ပြင်ဆင်ရေးဆွဲခဲ့တဲ့ အခြေခံဥပဒေမှာလည်း ဒီမိုကရေစီစနစ်နဲ့အညီ နိုင်ငံသားတွေရဲ့ အခြေခံ လူ့အခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်တဲ့ ဖော်ပြချက်တွေ ထည့်သွင်းခဲ့တယ်ဗျ။ ဒါပေမယ့် မကြာသေးခင်က ပြုလုပ်ခဲ့တဲ့ ရွေးကောက်ပွဲမှာ အနိုင်ရပြီး အစိုးရဖြစ်လာတဲ့ပါတီက အဲဒီအခြေခံဥပဒေထဲက ပြည်သူတွေနဲ့ အခြေခံရပိုင်ခွင့်တွေကို အကာအကွယ်ပေးထားတဲ့အချက်တွေကို ပယ်ရှား ပစ်ဖို့ ကြိုးပမ်းလာတာကြောင့် အတိုက်အခံ ပါတီတွေက ဝိုင်းပြီး ကန့်ကွက်နေကြရတယ်ဗျာ။

## ပီနိုချေးခေတ်ကို ပြင်ဖို့ကြိုးစားလာတယ်

နောက်တစ်ခုက ချီလီကလာတဲ့သတင်းဗျ။ ချီလီမှာ အာဏာရနေတဲ့ ဗဟိုလက်ယာယိမ်း အစိုးရက ၁၉၇၃ က ၁၉၉၀ အထိ အုပ်ချုပ်သွားခဲ့တဲ့ လက်ယာဝါဒီ ဗိုလ်ချုပ်ကြီး အော်ဂတ်စတို ပီနိုချေး အစိုးရလက်ထက်ကာလကို ကျောင်းသင်ရိုးသမိုင်းစာအုပ်တွေမှာ အစဉ်အဆက် 'အာဏာရှင်ခေတ်'ကို သုံးနှုန်းလာခဲ့တာကို 'သာမန်အုပ်ချုပ်ရေး ခေတ်ကာလ' တစ်ခုလို့ပဲ ပြင်ဆင်သုံးနှုန်းရေးသားဖို့ ကြိုးပမ်းနေတယ်ဆိုတဲ့ သတင်းဖြစ်တယ်ဗျ။ ဒီကိစ္စနဲ့ ပတ်သက်လို့လည်း ချီလီနိုင်ငံရေးလောကမှာ အတော်ဂယက်ရိုက်ပြီး အငြင်းပွားမှုတွေ ဖြစ်နေတယ်လို့ နိုင်ငံခြားသတင်းတွေမှာ ဖတ်ရတယ်ဗျ။

## စိတ်ချလက်ချနေလို့မရ

နိုင်ငံတကာသတင်းလောကမှာ အဲဒီလိုမျိုးသတင်းတွေ မကြာမကြာ ပေါ်ထွက်လာလေ့ ရှိတာကို ကျွန်တော် သတိပြုမိတယ်ဗျ။ ဒီသတင်းတွေကို ကြည့်ရင် အာဏာရှင်စနစ်က အသွင်ကူးပြောင်းယူလာရတဲ့ နိုင်ငံတွေမှာ ဒီမိုကရေစီစနစ်ဟာ ရန်သူ

ပတ်လည် အဝိုင်းခံနေရတာမျိုး မဟုတ်ဘူး ဆိုရင်တောင် အမြဲတမ်း အေးအေးလူလူ စိတ်ချလက်ချနေလို့ရတဲ့ အနေ အထားမျိုး မဟုတ်ဘူးဆိုတာကို သတိပြုမိကြ တယ်ထင်တယ်ဗျ။ ဒီမိုကရေစီ စနစ်ကို အမှန်တကယ် မယုံကြည်ပေမယ့် အခြေအနေ အရ မတတ်သာလို့ ဒီမိုကရေစီလိုက်ရတဲ့လူတွေ၊ အစကတော့ ဒီမိုကရေစီပါပဲ နောက်တော့မှ ကုလားထိုင်ပေါ်မှာ အနေကြာပြီး တဖြည်းဖြည်းချင်း အော်တိုကရေစီ ဖြစ်သွား တတ်တဲ့လူတွေရဲ့ အန္တရာယ်တွေက အမြဲရှိနေတာ ဖြစ်တယ်ဗျ။

## စောင့်ကြည့်နေရမယ်

ဒါကြောင့် ကိုယ်ဆောက်ထားတဲ့ အဆောက်အုံကို ရေရှည်ခံအောင် အမြဲပြုပြင် မွမ်းမံနေရသလိုပဲ ကျွန်တော်တို့ ပြည်သူတွေဟာလည်း ကိုယ့်ကိုယ်ကိုယ်ရော ခေါင်းဆောင်အဖြစ် ကိုယ်က အသိအမှတ်ပြုထားရသူတွေကိုပါ ဒီမိုကရေစီစနစ် တည်တံ့ခိုင်မြဲရေးအတွက် အမြဲမပြတ် တစ်ရံမလပ် အရိပ်တကြည့်ကြည့် စောင့်ရှောက် စစ်ဆေး လေ့လာ သုံးသပ်နေကြဖို့ လိုအပ်ကြောင်းပါဗျာ။

၀

# နွံ့အိုင်လည်းမဟုတ်
# ခြောက်အိပ်မက်လည်းမဟုတ်

သေသူကို ရှင်သူက တရတယ်ဆိုတဲ့ လူ့အမျိုးအစားထဲမှာ ထိပ်ဆုံးတန်းက ပါဝင်တဲ့ ကျွန်တော်တို့နိုင်ငံရဲ့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက လူတစ်ယောက်ရဲ့တန်ဖိုးကို ရိုးသားဖြောင့်မတ်မှုနဲ့ အမှန်တရားကို ချစ်မြတ်နိုးမှုဆိုတဲ့ စံနှုန်းနှစ်ခုနဲ့ တိုင်းတာရမယ် လို့ မိန့်ကြားခဲ့ဖူးတယ်ဗျ။

## အမှားနဲ့အမှန်ကို သိရမယ်

ရိုးသားဖြောင့်မတ်မှုဆိုတာက လူတစ်ယောက်ရဲ့ မွေးရာပါ ကိုယ်ပိုင် ဂုဏ်ရည်လည်း ဖြစ်နိုင်သလို လူ့လောကထဲရောက်လာပြီးနောက်မှ လေ့ကျင့် ပြုစုပျိုးထောင်ယူလို့ ရနိုင်တဲ့ အခြင်းအရာလည်း ဖြစ်တယ်ဗျ။ ဒါပေမယ့် အမှန်တရားကို ချစ်မြတ်နိုးခြင်းဆိုတာကတော့ ပညာနဲ့သာ ဆိုင်တဲ့ ကိစ္စ သက်သက်ဖြစ်ပြီး ပညာဆိုတာကလည်း မွေးရာပါ ကိုယ်ပိုင်ဂုဏ်ရည်မဟုတ်ဘဲ လူ့လောကထဲ ရောက်လာပြီးနောက်မှသာ အချိန်နဲ့အမျှ ဖြည့်ဆည်းရင်း ကုံလုံ ကြွယ်ဝလာနိုင်တဲ့အရာမျိုး ဖြစ်တယ်ဗျ။ (ဒီနေရာမှာ ဉာဏ်ကောင်းတာနဲ့ ပညာ ပြည့်ဝတာ မတူဘူး။ မွေးရာပါ ဉာဏ်ကောင်းသူတိုင်း ပညာပြည့်ဝသူ ဖြစ်လာတာ မဟုတ်ဘူးဆိုတာကို သဘောတူကြမယ်ထင်ပါတယ်) လူတစ်ယောက်ဟာ အမှန်တရားကို မချစ်မြတ်နိုးခင် ဘယ်ဟာအမှန် ဘယ်ဟာ အမှားဆိုတာကို အရင်သိအောင်လုပ်ရမှာ ဖြစ်ပြီး အဲဒါကို ပညာမျက်စိနဲ့သာ ခွဲခြားသိမြင်နိုင်တာ ဖြစ်တယ်ဗျ။

အဲဒီ အခြင်းအရာနှစ်ခုစလုံးဟာ လူသားတိုင်းမှာ ရှိရမယ့် လိုအပ်ချက်တွေဖြစ်တယ်ဆိုတာ မေးခွန်းထုတ်စရာမလိုတဲ့ အချက်ဖြစ်တယ်ဗျာ။ ဒါပေမယ့် သာမန်အရေးကိစ္စတွေမှာ လူတစ်ယောက်ဟာ ရိုးသားဖြောင့်မတ်မှုဆိုတဲ့ အခြင်းအရာတစ်ခုတည်းရှိရုံနဲ့ လုံလောက်ပေမယ့် လွတ်လပ်ငြိမ်းချမ်းသာယာဝပြောတဲ့ လူ့ဘောင်လောကတစ်ခု၊ လူ့အဖွဲ့အစည်းတစ်ခု၊ နိုင်ငံတစ်ခု တည်ဆောက်ရေးမှာ ထက်သန်တက်ကြွစွာ ပါဝင်လှုပ်ရှားသွားဖို့ ရည်သန်ပိုင်းဖြတ်ထားသူများအတွက်တော့ အမှန်တရားကို ချစ်မြတ်နိုးနိုင်ဖို့အတွက် ဘယ်ဟာ အမှန် ဘယ်ဟာအမှားဆိုတာကို ခွဲခြားသိမြင်နိုင်စွမ်းရှိဖို့ တစ်နည်းပြောရရင် ပညာပြည့်ဝသူတွေဖြစ်ဖို့ သိပ်ကို အရေးကြီး တယ်ဆိုတာ အထူး ပြောစရာရှိမယ် မထင်ဘူးဗျ။

## သမိုင်းကို မှန်မှန်ကန်ကန် သိရမယ်

ပညာဆိုတာ စကားလုံးက နှစ်လုံးတည်းပေမယ့် ဖွင့်ဆိုလို့မဆုံးတဲ့ အရာဖြစ်တာမို့ ဒီနေရာမှာ ကျွန်တော်ပြောချင်တဲ့ကိစ္စတစ်ခုအတွက်ပဲ သီးသီးသန့်သန့်ဖွင့်ဆိုဆွေးနွေးချင်တယ်ဗျ။ အဲဒါကတော့ အတိတ် ပစ္စုပ္ပန် အနာဂတ် တစ်ခုနဲ့တစ်ခု ဆက်စပ်နေမှု၊ အကြောင်းနဲ့အကျိုး ဆက်စပ်နေမှု (တစ်နည်း) သမိုင်းနဲ့ ပတ်သက်တဲ့ အသိပညာ အကြောင်း စတာတို့ ဖြစ်တယ်ဗျာ။

ကျွန်တော်တို့ဟာ အတိတ်က ဖြစ်ပျက်ခဲ့တဲ့ အကြောင်းအရာတွေနဲ့ ပတ်သက်ပြီး မှန်မှန်ကန်ကန်ခမ္မမိဋ္ဌာန်ကျကျ နားမလည်ဘူးဆိုရင် မှန်ကန်တဲ့ အနာဂတ်တစ်ခု တည်ဆောက်ဖို့အတွက် ပစ္စုပ္ပန်မှာ မှန်ကန်တဲ့အုတ်မြစ်တွေကို ချနိုင်မှာ မဟုတ်ဘူးဗျ။ ဒါကြောင့် လွတ်လပ် ငြိမ်းချမ်းသာယာဝပြောတဲ့ မြန်မာနိုင်ငံတည်ဆောက်ရေးမှာ ထက်သန်တက်ကြွစွာ ပါဝင်ဆောင်ရွက် လိုသူများအတွက် မြန်မာ့သမိုင်းကို မှန်မှန်ကန်ကန် သိမြင်သဘောပေါက် နားလည်ရေးဟာ အရေးအကြီးဆုံး ဖြည့်ဆည်းရမယ့်အသိပညာ တစ်ခု ဖြစ်တယ်ဗျာ။

## စစ်နိုင်သူတွေကရေးတဲ့သမိုင်း

သမိုင်းနဲ့ပတ်သက်ပြီး မှန်မှန်ကန်ကန် သိမြင်နားလည် သဘောပေါက် ရေးဆိုရာမှာ လေ့လာသူတွေအနေနဲ့ စာတွေအများကြီး ဖတ်ဖို့ လိုအပ် တယ်ဆိုတဲ့အချက်ကတော့ ရှင်းတယ်ဗျ။ ဒါပေမယ့် တစ်ချိန်တည်းမှာ အဲဒါနဲ့ တန်းတူ အရေးကြီးတဲ့အလုပ်တစ်ခု လည်း ရှိသေးတယ်ဗျ။ အဲဒါကတော့ အကြောင်းကြောင်းကြောင့် မှတ်တမ်းမှတ်ရာ

စာအုပ်စာတမ်းများအဖြစ် ရှိမနေတဲ့ ဒါမှမဟုတ် စာအုပ်စာတမ်းအဖြစ် ရှိနေပေမယ့် တရားဝင်အဖြစ်သို့ ရောက်လာနိုင်ခြင်း မရှိကြသေးတဲ့ အဖြစ်အပျက်အကြောင်းအရာ သုံးသပ်ချက် အမြင်သဘောထားတွေကို ရှာဖွေလေ့လာဖတ်ရှုတဲ့ အလုပ်ပဲ ဖြစ်တယ်ဗျ။ အကြောင်းကတော့ 'စစ်ပွဲတစ်ခု ပြီးဆုံးသွားပြီး နောက်ပိုင်း ထွက်ပေါ်လာတဲ့သမိုင်းစာအုပ်တွေဟာ စစ်နိုင်သူတွေက ရေးတဲ့သမိုင်းတွေသာ ဖြစ်တယ်' ဆိုတဲ့ စကားလိုပဲ ဒီကနေ့ မြန်မာမှာရော ကမ္ဘာမှာပါ ရှိနေတဲ့သမိုင်း စာအုပ်အများစုဟာ စစ်နိုင်သူတွေရေးတဲ့သမိုင်းတွေ ဖြစ်တာကြောင့် အဲဒါတွေကိုပဲ ဖတ်ရှုလေ့လာပြီး မြုပ်ကွယ်နေတဲ့ အကြောင်းအရာတွေကို လေ့လာဖတ်ရှုခြင်း မရှိဘူးဆိုရင် 'တစ်ဖက်ကန်း သမိုင်းအမြင်' တွေကိုပဲ ရရှိနိုင်မှာဖြစ်ပြီး အကျိုးဆက်အဖြစ် အဲဒီလူပုဂ္ဂိုလ်အတွက်ရော နိုင်ငံအတွက်ပါ အင်မတန် အန္တရာယ်ကြီးမှာကြောင့် ဖြစ်တယ်ဗျာ။

## မေးခွန်းထုတ်စရာတွေ

'ပုဂံရာဇဝင် တုတ်တမ်းပြောရတယ်' ဆိုတဲ့ စကားပမာလိုပဲ ကျွန်တော်တို့ နိုင်ငံသမိုင်းမှာလည်း အခုအထိ လူများစုက ကျေကျေနပ်နပ် လက်ခံကျေလည်သွားကြပြီလို့ မပြောနိုင်သေးတဲ့ကိစ္စတွေ အတော်များများ ရှိနေသေးတာ အားလုံးအသိဖြစ်တယ်ဗျ။ ဥပမာ တချို့ကို ဖော်ပြရရင် မြန်မာပြည် ကျွန်ဘဝရောက်တာ အဲဒီတုန်းက တိုင်းပြည်ခေါင်းဆောင်တွေ ညံ့လို့လား။ ဒါမှမဟုတ် အဲဒီတုန်းက ကမ္ဘာကြီးမှာ ပေါ်ပေါက်နေတဲ့ တိမ်းညွှတ်မှုအရ ရှောင်လွှဲလို့ မရဘဲ ဖြစ်ကိုဖြစ်သွားခဲ့တာလား။ ၁၉၄၈ မှာ ရခဲ့တဲ့ လွတ်လပ်ရေးဟာ အစစ်အမှန် လွတ်လပ်ရေးလား။ ရွှေရည်စိမ်လွတ်လပ်ရေးလား။ ဗမာပြည်ကွန်မြူနစ်ပါတီ နစ်ခြမ်းကွဲတာ ဘယ်သူ့ကြောင့်လဲ။ ဗမာပြည်ကွန်မြူနစ်ပါတီ တောခိုတာ မှန်သလား။ မှားသလား။ ပြည်တွင်းစစ်ရဲ့ အဓိကတရားခံဟာ ဗမာပြည်ကွန်မြူနစ်ပါတီလား။ ဖဆပလအစိုးရထဲက ဆိုရှယ်လစ်အုပ်စုလား။ ၁၉၆၂ မှာ စစ်တပ်က အာဏာသိမ်းတာဟာ တကယ်ပဲ ပြည်ထောင်စုကြီး ပြိုကွဲမယ့်အန္တရာယ် ရှိနေလို့လား။ ၁၉၈၈ လူထုအုံကြွမှုကြီးဟာ တိုင်းဆူပြည်ဖျက် ဆူပူမှုလား။ ဒီမိုကရေစီအရေးတော်ပုံလား။ ၁၉၉၀ ရွေးကောက်ပွဲနိုင်ခဲ့တဲ့ နိုင်ငံရေးပါတီကို အာဏာမလွှဲတာ ဘာကြောင့်လဲ။ မြန်မာနိုင်ငံဟာ ကမ္ဘာပေါ်မှာ လက်နက်ကိုင်ပုန်ကန်တဲ့အဖွဲ့ အများဆုံးရှိနေတဲ့ နိုင်ငံတစ်ခုဖြစ်နေရခြင်းနဲ့ ကမ္ဘာပေါ်မှာ အရှည်ကြာ

ဆုံး ပြည်တွင်းစစ် ရှိနေတဲ့ နိုင်ငံတစ်ခုဖြစ်နေရခြင်းရဲ့ ဇာစ်မြစ်အကြောင်းရင်းတွေ (Root Causes) က ဘာလဲ စသဖြင့် ဖြစ်တယ်ဗျ။

## အမှန်တရားရှာဖွေဖော်ထုတ်ရေး

သမိုင်းဆိုတာ ရုန်းမထွက်နိုင်အောင် နစ်နေရမယ့် နွံအိုင်တစ်ခု မဟုတ်တဲ့အပြင် တစ်ချိန်တည်းမှာ မေ့ဖျောက်ပစ်ရမယ့် ခြောက်အိပ်မက်တစ်ခု မဟုတ်တာလည်း သေချာတယ်ဗျ။ ဒါကြောင့်လည်း ပဋိပက္ခက လွတ်မြောက်သွားခဲ့ကြတဲ့ နိုင်ငံတွေမှာ 'အမှန်တရား ရှာဖွေဖော်ထုတ်ရေးနှင့် အမျိုးသား ပြန်လည် သင့်မြတ်ရေးကော်မရှင်' တွေ ပေါ်ထွက်လာနေကြတာပဲ ဖြစ်တယ်ဗျာ။

❍

# နှုတ်တက်ရွရွ ရွတ်နေကြရမယ့် ဂါထာတစ်ပုဒ်

ဂါထာတစ်ပုဒ်ဆိုတဲ့ ခေါင်းစဉ်ပါ စကားလုံးကို ကြည့်ပြီး မောင်ဝံသ နိုင်ငံရေးဆောင်းပါးတွေ ရေးနေရာက ဂမ္ဘီရလိုင်း ကူးသွားပြီလားလို့တော့ မထင်လိုက်ပါနဲ့ဗျို့။ မကြာသေးခင်တစ်ရက်က ကိစ္စတစ်ခုနဲ့ ရန်ကုန်ဆင်ခြေဖုံး မြို့နယ်တစ်ခုကို တက္ကစီနဲ့ သွားခဲ့ရာမှာ တက္ကစီဒရိုင်ဘာရှေ့က မှန်အောက်မှာ ကပ်ထားတဲ့ စာရွက်ကလေး တစ်ရွက်က ကျွန်တော့်ကို အတွေးရေလျဉ်ကြောမှာ နစ်မျောသွားစေခဲ့တဲ့ အကြောင်း ပြောပြချင်လို့ပါဗျာ။

အဲဒီစာရွက်မှာ ရေးထားတဲ့စာသားက တိုတိုနည်းနည်းလေးပါ။ 'ဥ ... မပျင်းနဲ့ မမေ့နဲ့ မကောက်နဲ့' လို့ ဖြစ်တယ်ဗျ။ ဒါပေမယ့် အဲဒီတိုတိုနည်းနည်း စာသားလေးက ကျွန်တော့်အာရုံကို တစ်လျှောက်လုံး ဖမ်းစားထားတာမို့ ကျွန်တော့်မှာ တစ်ခုခုကို လွယ်ထားရသလို သယ်ပိုးထားရသလို ခံစားနေရလို့ အဲဒီခံစားချက်ပျောက်သွားအောင် အခုလို စာရွက်ပေါ်ချရေးလိုက်ရတာ ဖြစ်တယ်ဗျ။

အဲဒီစာသားတိုတိုကလေးက ကျွန်တော့်အတွေးတွေကို ဆွဲဆန့် သွားလိုက်တာ မဆုံးနိုင်အောင် ရှည်လျားသွားစေခဲ့တာကြောင့် လက်လှမ်းမီ သလောက် အရဖြတ်ပြီး စာဖတ်သူတွေနဲ့ မျှဝေခံစားကြည့်ချင်လို့ အခု ဒီဆောင်းပါးကို ရေးတာဖြစ်တယ်ဗျာ။

ကျွန်တော်ဟာ လက်ရှိမှာ နိုင်ငံရေးနဲ့ဆက်နွှယ်နေတဲ့ စာနယ်ဇင်းသမား တစ်ယောက်ဘဝကို ဖြတ်သန်းလျှောက်လှမ်းနေသူဖြစ်တာမို့ အဲဒီ 'ဥ ... မပျင်းနဲ့ မမေ့နဲ့ မကောက်နဲ့' ဆိုတဲ့ စာသားလေးကို ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေးဘဝဆိုတဲ့ နောက်ခံကားရှေ့မှာ ထားပြီး သုံးသပ်ဆင်ခြင် ကြည့်နေ မိတယ်ဗျ။ အထူးသဖြင့် ကျွန်တော်တို့နိုင်ငံဟာ အမျိုးသားစာဆိုကြီး ဆရာဇော်ဂျီရဲ့ ကဗျာတစ်ပုဒ်ကလို ဖွံ့ဖြိုး

တိုးတက်စည်ပင်ဝပြောဖို့ သဘာဝရုပ်ပတ်ဝန်းကျင် အခြေအနေတွင် ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် ရှိပါလျက်နဲ့ ဘာကြောင့်အခုလို နောက်ကျ နောက်ကျဖြစ်နေရတာလဲဆိုတဲ့ မေးခွန်းကို အဲဒီသတိပေးချက် သုံးခုနဲ့ တိုက်ဆိုင်စစ်ဆေးပြီး အဖြေရှာကြည့်မိတာ ဖြစ်တယ်ဗျ။

## သယံဇာတကျိန်စာ

ပထမဆုံး မပျင်းနဲ့ဆိုတဲ့ သတိပေးချက်အကြောင်း ကျွန်တော် တွေးကြည့်တယ်ဗျာ။ 'သယံဇာတကျိန်စာ' ဆိုတဲ့ ဝေါဟာရကို ဒီကနေ့ နိုင်ငံရေးလေ့လာသူ အများစု သိရှိကြလိမ့်မယ်လို့ ကျွန်တော် ထင်တယ်ဗျ။ အဲဒီဝေါဟာရကို သယံဇာတပေါကြွယ်ဝပေမယ့် ပြည်သူအများစုက ဆင်းရဲမွဲတေနေကြတဲ့ အာဖရိကက နိုင်ငံတွေအကြောင်း ရည်ညွှန်းဖို့ အသုံးပြုလေ့ရှိကြပေမယ့် အဲဒီအာဖရိကနိုင်ငံတွေနဲ့ချည်း သက်ဆိုင်တာတော့ မဟုတ်ဘူးဗျ။ အလျှံပယ်ပေါကြွယ်ဝတဲ့ သယံဇာတရင်းမြစ်တွေကြောင့် ကိုလိုနီကျွန်ပြုခံခဲ့ရတာ၊ ကျွန်ဘဝက လွတ်မြောက်ပြီး နောက်မှာတောင် အဲဒီ သယံဇာတတွေကို ပိုင်ဆိုင်ခွင့်ရရှိရေးအတွက် နိုင်ငံသားအချင်းချင်းကြား စစ်ပွဲတွေကြောင့် နိုင်ငံသားတွေဟာ ပြင်းပြင်း ထန်ထန် ကြိုးပမ်းအားထုတ်လုပ်ကိုင်ချင်စိတ် နည်းပါးတဲ့ ပျင်းရိသူတွေ ဖြစ်လာကြတာ စတဲ့အချက်တွေကို ပေါင်းရုံးပြီး 'သယံဇာတကျိန်စာ' ဆိုတဲ့ ဝေါဟာရကို သုံးနှုန်းခဲ့ကြတာ ဖြစ်တယ်ဗျ။

## လူတိုင်းမှာ တာဝန်ရှိတဲ့စနစ်

ကျွန်တော်တို့ နိုင်ငံဟာလည်း အဲသလိုမျိုး ကျိန်စာသင့်ခဲ့တဲ့ နိုင်ငံတစ်ခုဖြစ်တယ်ဗျ။ ဒါပေမယ့် အခုအချိန်မှာ အဲဒါကို နက်နက်ရှိုင်း ရှိုင်း သဘောပေါက်လာခဲ့ကြသူများက အဲဒီကျိန်စာကို ဖယ်ရှားနိုင်ဖို့ ကြိုးစားနေကြပြီဗျာ။ တစ်နည်းပြောရရင် နိုင်ငံရဲ့ ဘိုးဘွားပိုင် သယံဇာတ ရင်းမြစ်များကို နိုင်ငံသားတိုင်း၊ လူမျိုးစုတိုင်း တရားမျှတစွာ တန်းတူညီမျှ ခံစားခွင့်ရှိစေမယ့် ဒီမိုကရေစီနိုင်ငံ တည်ဆောက်ဖို့ ကြိုးပမ်းနေကြပြီဗျာ။ အားလုံးသိကြတဲ့အတိုင်း ဒီမိုကရေစီစနစ်ဆိုတာ ပြည်သူတွေအတွက် ပြည်သူတွေကိုယ်တိုင် ပါဝင်တည်ဆောက်တဲ့ ပြည်သူ့အစိုးရစနစ်ဖြစ်တာမို့ ဒီစနစ်ဟာ နိုင်ငံကောင်းစားရေးအတွက် လူတိုင်းမှာ တာဝန်ရှိတဲ့စနစ်ဖြစ်တယ်ဗျ။ ဒါကြောင့် ကုန်လွန်ခဲ့တဲ့ နှစ်ငါးဆယ်ကျော်ကာလတုန်းကလို မကောင်းလည်း အစိုးရ ကြောင့်၊ ကောင်းလည်း အစိုးရကြောင့်ဆိုပြီး အစိုးရတစ်ခုတည်းအပေါ်ကိုချည်း ပုံချပြီး

ပြည်သူတွေက နေသာသလိုနေ၊ ဖျင်းရိုငြီးငွေ့တွေဝေဝိုက်မျည်းနေလို့ ရတဲ့စနစ်မျိုး မဟုတ်တော့ဘူးဗျ။ မြန်မာပြည် ကောင်းစားရေးအတွက် မြန်မာနိုင်ငံသားတိုင်း (ဗမာတွေအပါအဝင် တိုင်းရင်းသားအားလုံး) ထထကြွကြွလုံ့လဝီရိယအပြည့်နဲ့ ရုန်းကန်လှုပ်ရှားနေကြရမယ်ဆိုတာကို 'မပျင်းနဲ့' ဆိုတဲ့ စာသားလေးက တောင်းဆိုနေတာ ဖြစ်တယ်ဗျ။

## ဗုဒ္ဓ၏ အဆုံးအမ

နောက်တစ်ခုက 'မမေ့နဲ့' ဆိုတဲ့စာသားဗျ။ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေရဲ့ ကိုးကွယ်ဆည်းကပ်လဲလျောင်းရာ ကျေးဇူးရှင်အစစ် ဖြစ်တော်မူတဲ့ ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်ပြုခါနီး လူသားတွေကို နောက်ဆုံးမှာကြားသွားတဲ့ မိန့်မှာချက်ကလည်း 'မမေ့နဲ့' အပ္ပမာဒေန သမ္ပာဒေထ ဆိုတာပဲဖြစ်တယ်ဗျ။ အိုရမှာ မေ့၊ နာရမှာ မေ့၊ သေရမှာ မေ့ပြီး ကာမဂုဏ်အာရုံတွေထဲမှာ ပျော်ပျော်ကြီး နစ်မျော ကျင်လည်နေတတ်ကြတဲ့ လူသားတွေရဲ့ သဘာဝ အကြောင်း မြတ်စွာဘုရားဟာ ကောင်းကောင်းသိတာမို့ ပရိနိဗ္ဗာန်ပြုခါနီးမှာ အရေးအကြီးဆုံး မိန့်မှာချက်အဖြစ် အဲဒီစကားကို ထားပစ်ခဲ့တာဖြစ်တယ်ဗျ။

ဗုဒ္ဓဘုရားရှင်က လောကုတ္တရာရေးအတွက် အဲဒီအမှာစကားကို ထားရစ်ခဲ့တာဖြစ်ပေမယ့် နိုင်ငံတည်ဆောက်ရေးဆိုတဲ့ လောကီကိစ္စ မှာလည်း အဲဒီမိန့်မှာချက်ကို ကျွန်တော်တို့ နိုင်ငံသားအားလုံး ဦးထိပ်ပန်ဆင်ထားကြရမှာ ဖြစ်တယ်ဗျ။ ဘာကြောင့်လဲဆိုတော့ မမေ့ မလျော့ မပေါ့မလစ်သော သတိရှိသူများကသာ နိုင်ငံကို မှန်ကန်တဲ့လမ်းကြောင်းပေါ်ကနေ ပန်းတိုင်ဆီသို့ ရောက်ဦးဆောင်ခေါ်ယူသွားနိုင်ကြမှာဖြစ်တာကြောင့် ဖြစ်တယ်ဗျာ။ မိမိတို့ရဲ့ သမိုင်းကို မေ့လျော့တဲ့၊ မစောင့်ရှောက်၊ မကာကွယ်၊ မထိန်းသိမ်းတဲ့လူမျိုးတွေဟာ ကမ္ဘာမှာ ရှေ့တန်းရောက်ဖို့ဝေးစွ ကမ္ဘာပေါ်ကနေ အပြီးတိုင် မျိုးတုံး ပျောက်ကွယ်သွားခဲ့တဲ့ သာဓကတွေရှိခဲ့တာမို့ အဲဒီလိုလူမျိုးတွေ စာရင်းထဲ ပါမသွားရအောင် ကျွန်တော်တို့ နိုင်ငံသားအားလုံး သမိုင်းကို မေ့လျော့သူတွေ မဖြစ်လို့ လိုတယ်ဗျ။ သမိုင်းကို မမေ့မှလည်း ကျွန်တော်တို့ဟာ သမိုင်းမှာ ရှေ့က လူတွေကျူးလွန်သွားခဲ့တဲ့ အမှားတွေ တစ်ကျော့ပြန်ကျူးလွန်ခြင်းမှ ရှောင်ရှားနိုင်ကြမှာ ဖြစ်တယ်ဗျ။

## လူလိမ်လူကောက်တို့ခိုအောင်းရာ

နောက်ဆုံးတစ်ခုက 'မကောက်နဲ့' ဒီစာသားဖတ်ရတော့ 'ရိုးသားမှုသည် အကောင်းဆုံး မူဝါဒဖြစ်သည်'၊ 'အဖြောင့်ဆုံးလမ်းသည် အတိုဆုံး လမ်းဖြစ်သည်' 'ဖြောင့်သော် စားမကုန်၊ ကောက်သော် စားမလောက်' ဆိုတဲ့စကားပုံတွေနဲ့အတူ ကျွန်တော်တို့နိုင်ငံရဲ့ သမိုင်းက နိုင်ငံရေး ခေါင်းဆောင်တချို့ရဲ့ ရိုးသားဖြောင့်မတ်တည်ကြည်မှုမရှိတဲ့ လုပ်ရပ်တွေအကြောင်းက ကျွန်တော့်စိတ်ထဲ ပေါ်ပေါက်လာတယ်ဗျ။ နိုင်ငံရေး အလုပ်ဆိုတာ အများအကျိုးကို ရှက်ဆောင်သယ်ပိုးရတဲ့ မြင့်မြတ်တဲ့ အလုပ် (တစ်နည်း) လောကကို စောင့်ရှောက်တဲ့အလုပ်တစ်ခုဖြစ်ပေမယ့် ဒီလုပ်ငန်းနယ်ပယ်ထဲမှာ ကောက်ကျစ်ညစ်ပတ်တဲ့ လူတွေပါ ပါဝင်နေတာကတော့ ကံကြမ္မာရဲ့ သရော်လှောင်ပြောင်ချက်တစ်ခုပဲ ဖြစ်တယ်ဗျ။ ဒါကြောင့်လည်း အနောက်တိုင်း ဒဿနပညာရှင်တစ်ဦးက 'နိုင်ငံရေးသည် လူလိမ်လူကောက်တို့ ခိုအောင်း ကျက်စားရာ နယ်ပယ် ဖြစ်သည်' လို့ နာနာကြည်းကြည်း မှတ်ချက်ချ ခဲ့တာ ဖြစ်တယ်ဗျ။

နိုင်ငံလွတ်လပ်ရေးအတွက် သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းကို သူခိုး ဓားပြိုးကမ်းလုပ်ပြီး လူသတ်မှုနဲ့ ဖမ်းဆီးအရေးယူ အပြစ်ပေးခံရစေဖို့ ကြိုးပမ်းခဲ့တာ၊ ကိုယ်အာဏာရဖို့အတွက် နိုင်ငံခေါင်းဆောင် အများအပြားကို ရက်ရက်စက် စက် လုပ်ကြံသတ်ဖြတ်ခဲ့တာ၊ မိမိမှာ လုပ်ပိုင်ခွင့် အာဏာရှိတုန်း လုပ်ဖော်ကိုင်ဖက်ရဲဘော်ရဲဖက်တွေကို ထောင်ထဲထည့် တစ်ကျွန်းပို့ပြီး ညှဉ်းပန်းနှိပ်စက်ခဲ့တာ စတဲ့ စတဲ့ နိုင်ငံရေး ခေါင်းဆောင် ဆိုသူတွေရဲ့ 'ချက်အောက်ထိုး' တဲ့ ဇာတ်လမ်းတွေ ကျွန်တော်တို့ နိုင်ငံမှာ ပြောမဆုံးပေါင် တောသုံးထောင်ရှိခဲ့တာ အားလုံးအသိဖြစ်တယ်ဗျာ။

ဒါကြောင့် ကျွန်တော်ကတော့ အခုပြောပြခဲ့တဲ့ကိစ္စတွေ အပါအဝင် ကျွန်တော့်တို့နိုင်ငံရဲ့ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် အကြောင်းစုံကို ကျပ်ကျပ်နလုံးသွင်းရင်း 'ဦး ... မပျင်းနဲ့၊ မမေ့နဲ့၊ မကောက်နဲ့' ဆိုတဲ့ဂါထာကိုပဲ တဖွဖွ ရွတ်နေမိတယ်ဗျာ။

# အရင်းရှင်စနစ်အတွင်းက တော်လှန်ရေး

အရင်းရှင်စနစ်ရဲ့ အနာဂတ် ခေါင်းစဉ်နဲ့ ကျွန်တော့် စာအုပ်တစ်အုပ် ထွက်ခဲ့ဖူးတယ်။ အခု ဆောင်းပါးက အဲဒီ စာအုပ်ရဲ့ နောက်ဆက်တွဲ ဖြစ်ပါတယ်။

၂၀၀၈ ခုနှစ် အစောပိုင်းမှာ ကမ္ဘာ့စီးပွားရေးဦးဆောင် နိုင်ငံကြီးဖြစ်တဲ့ အမေရိကန်မှာ Real Estate လို့ခေါ်တဲ့ အိမ်ခြံမြေ ဈေးကွက်ပြိုကွဲပြီး ဧရာမအိမ်ခြံမြေ ကုမ္ပဏီကြီးတွေ ဒေဝါလီခံသွား ကြရတယ်။ အဲဒါရဲ့အကျိုးဆက်အဖြစ် တစ်ကမ္ဘာလုံး (အထူးသဖြင့် ကမ္ဘာ့စီးပွားရေးကိုဦးဆောင်နေကြတဲ့ စက်မှုဖွံ့ဖြိုးပြီး နိုင်ငံအားလုံး လိုလို)မှာ ဘဏ္ဍာရေး ဈေးကွက် ကသောင်းကနင်း ဖြစ်မှုတွေ ပေါ် ပေါက်လာပြီး ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်တစ်ခုလုံး စီးပွားရေး ပျက်ကပ် (depression) လို့ မခေါ်နိုင်သည့်တိုင်အောင် စီးပွားရေး ထိုင်းမှိုင်း နေးကွေးလေးလံမှုများ (recession) လို့ခေါ်နိုင်လောက်တဲ့ အကျပ်အတည်းကြီး တစ်ခုအတွင်းရောက်ရှိ သွားခဲ့တယ်။

အရင်းရှင်စနစ်နဲ့ပက်သက်ပြီး အဲဒီစနစ် ထွန်းကား တွင်ကျယ် လွှမ်းမိုးနေရာ နိုင်ငံတွေက တက္ကသိုလ်ကြီးတွေကပဲ မွေးထုတ်ပေးလိုက်တဲ့ ပညာရှင်တွေရဲ့ပြန်လည် ဆန်းစစ်သုံးသပ်ဝေဖန်တာတွေ တစ်နည်းပြောရရင် အရင်းရှင်စနစ်ရဲ့ ကိုယ့်ကို ကိုယ် ဝေဖန်ရေးတွေဟာ အဲဒီအဖြစ်အပျက်ကြီး နောက်ပိုင်းမှာ ပေါ်ထွက်လာခဲ့ ကြတာ မဟုတ်ပေမယ့် အဲဒီအဖြစ်အပျက်ကြီး နောက်ပိုင်းမှာ ပိုပြီးနက်ရှိုင်း ပိုပြီး ကျယ်လောင် လာတယ်လို့ ကျွန်တော်ယူဆပါတယ်။

အခုလည်း ဗြိတိန်နိုင်ငံက ဘောဂဗေဒပညာရှင်တစ်ဦးဖြစ်တဲ့ ဂျွန်ဂရေးက အရင်းရှင်စနစ်ရဲ့ အတိတ်ပစ္စုပ္ပန် အနာဂတ်အကြောင်းကို ကွန်မြူနစ်စနစ်ရဲ့

ခေါင်းကိုင်ဖခင်ကြီး ကားလ်မာ့ခ်စ်ရဲ့အဆိုအမိန့် တွေကိုနောက်ခံကားထားပြီး သုံးသပ်ပြထားတဲ့ ဆောင်းပါးတစ်ပုဒ် ပေါ်ထွက်လာခဲ့ပြန်တယ်။သူ့ဆောင်းပါးရဲ့အာဘော်ကို သူ့လေသံအတိုင်း အနှစ်ချုပ် ပြီးဖော်ပြပါရစေ။

## ကားလ်မာ့ခ်စ်မှန်တယ်လို့မြင်လာကြ

၂၀၀၈ ဘဏ္ဍာရေးအကျပ်အတည်းရဲ့ ဘေးထွက်ဆိုးကျိုး တစ်ခုအဖြစ် ၁၉ရာစု ဂျာမန်အတွေးအခေါ် ပညာကျော်၊ ဘောဂဗေဒ ပညာရှင်နဲ့ တော်လှန်ရေးသမားကြီး ကားလ်မာ့ခ်စ်ရဲ့ အရင်းရှင် စနစ်နဲ့ပတ်သက်တဲ့ ရှုမြင်သုံးသပ် ချက်တွေ မှန်တယ်လို့ စတင်ထင်မြင် ယူဆလာတဲ့သူတွေ တစ်နေ့တခြားပိုများလာနေပါတယ်။အရင်းရှင် စနစ်ဟာ လုံးလုံးလျားလျား တည်ငြိမ်မှုမရှိတဲ့စနစ်တစ်ခုဖြစ်တယ်ဆိုတဲ့ သုံးသပ်ချက်ပါ။အရင်းရှင်စနစ်ဟာ တစ်ခုထက်တစ်ခု ပိုပိုပြီးကြီးလာတဲ့ စီးပွားရေး စန်းပွင့်မှုနဲ့ ပေါက်ကွဲလွင့်စဉ် ပျက်စီးမှုတွေ (booms and busts) ကိုထုတ်လုပ်ပေးပြီး အဲဒါတွေကြောင့်ပဲ အဆုံးတစ်နေ့မှာ ပျက်စီးချုပ်ငြိမ်းသွားမယ့်စနစ်ဖြစ်တယ်လို့ မာ့ခ်စ်က ယုံကြည်ခဲ့ပါတယ်။ အရင်းရှင်စနစ်ရဲ့မသတီစရာတွေကို သည်းမခံနိုင် ကြတော့တဲ့ တစ်နေ့မှာ လူထုတော်လှန်ရေးကြီး တစ်ခု ပေါ်ပေါက်လာပြီး အဲဒီတော်လှန်ရေးကြီး က ကုန်ထုတ်စွမ်းအားလည်း ပိုကောင်း၊ လူအဖွဲ့အစည်းကိုလည်း အများကြီးပိုပြီး လူသားဆန်လာစေမယ့် ကွန်မြူနစ်စနစ်ကို အရင်းရှင် စနစ်နေရာမှာ အစားထိုးပေးလိမ့်မယ်လို့ မာ့ခ်စ်ကဟောကိန်းထုတ် ခဲ့ပါတယ်။

ကွန်မြူနစ်စနစ်နဲ့ပတ်သက်တဲ့ မာ့ခ်စ်ရဲ့ဟောကိန်းက မှားခဲ့ ပါတယ်။ဒါပေမယ့် အရင်းရှင်စနစ်အတွင်း တော်လှန်ရေးတစ်ခု ပေါ်ပေါက်လာလိမ့်မယ်ဆိုတဲ့ သူ့ရဲ့ သုံးသပ်ချက်ကတော့ ဘုရားသခင်ရဲ့ တမန်တော်တစ်ဦးရဲ့ ဟောကြားချက်လိုပဲမှန်ကန်ခဲ့ပါတယ်။

မာ့ခ်စ်တို့ခေတ်တုန်းက လက်တစ်ဆုပ်စာ ဘူဇွာ ရေပေါ်ဆီ တစ်စုလောက်ပဲ ရရှိခံစားခဲ့ကြရတဲ့ အရင်းအနှီး ပိုင်ဆိုင်မှုလည်းရှိပြီး လွတ်လပ်လုံခြုံမှုလည်းရှိတဲ့ လူလတ်တန်းစား ဘဝကို အခုခေတ်မှာ လူများစုပိုင်ဆိုင်ခွင့် ရရှိလာအောင် အရင်းရှင် စနစ်က လုပ်ပေးခဲ့တာ ဖြစ်တယ်။ မာ့ခ်စ်တို့ရဲ့၁၉ရာစု အရင်းရှင်ခေတ်က လူများစုမှာ ပိုင်ဆိုင်မှု ဆိုလို့ဗလာနတ္ထိဖြစ်တယ်။ သူတို့မှာရောင်းစရာဆိုလို့ လုပ်အားသာရှိပြီး ဈေးကွက်တွေပြိုကွဲသွားတာနဲ့ ကြီးမားတဲ့ ဘဝရပ်တည်ရေး အခက်အခဲတွေ့ ကြုံတွေ့ကြရတယ်။ ဒါပေမယ့် အရင်းရှင်စနစ် တရွေ့ရွေ့ဖွံ့ဖြိုးတိုး တက်လာတာနဲ့အမျှ အဲဒီစနစ်ရဲ့အသီးအပွင့်တွေကို ရရှိခံစားနိုင်တဲ့ လူတွေပိုပိုပြီးများလာလိမ့်မယ်။

လူတွေဟာ သူတို့အနာဂတ် အတွက် ပူပန်စရာမလိုတော့ဘူး။ စုဝွေးအိမ်ပိုင်ဆိုင်မှုနဲ့ မြင့်မားတဲ့ အငြိမ်းစား လစာတွေရဲ့ ကာကွယ် စောင့်ရှောက်မှုအောက်မှာ လူများစု ကြီးဟာ စိုးရိမ်ကြောင့်ကြမှု မရှိဘဲ သူတို့ရဲ့အနာဂတ်ကို ကောင်းကောင်းကြီး စီမံ ခန့်ခွဲနိုင်ကြတော့မှာဖြစ်တယ်လို့ အရင်းရှင်စနစ်ဘက်က ခုခံ ကာကွယ်သူတွေက ပြောလေ့ရှိခဲ့ကြတယ်။ ဒီမိုကရေစီစနစ် ဖွံ့ဖြိုး ကြီးထွားလာမှုနေဥစ္စာပျံ့နှံ့လာမှုတို့နဲ့ အတူ လူတိုင်းဟာ အလယ် အလတ်တန်းလွှာဝင်တွေ ဖြစ်လာကြလိမ့်မယ်လို့သူတို့က ဟောကိန်း ထုတ်ထားကြပါတယ်။

## ဟောကိန်းနဲ့ ပြောင်းပြန်

လက်တွေ့ဘဝမှာတော့ ပြီးခဲ့တဲ့အနှစ်နှစ်ဆယ် သို့မဟုတ် သုံးဆယ်ကာလ အတွင်း ဗြိတိန်၊ အမေရိကန် ပြည်ထောင်စုနဲ့ အခြားသောဖွံ့ဖြိုးပြီး နိုင်ငံအများ အပြားမှာ ဖြစ်ပျက်ခဲ့တာတွေဟာ အဲဒီဟောကိန်းနဲ့ ပြောင်းပြန်ပါပဲ။ အလုပ်အကိုင် တွေက လုံခြုံမှုမရှိ အတိတ်တုန်းကရှိခဲ့တဲ့ ကုန်သွယ်မှုတွေနဲ့ အသက်မွေးဝမ်းကျောင်း အလုပ် အများစုလည်း အငွေ့ပျံသွားကြပြီ။ အလုပ်တစ်ခုတည်းကို တစ်သက်လုံး စွဲစွဲမြဲမြဲ လုပ်သွားရုံနဲ့ဘဝအတွက်ပြည့်စုံ လုံလောက်တယ်ဆိုတဲ့ အခြေအနေ ဟာလည်း ရာဇဝင်ထဲမှာ ကျန်ရစ်ခဲ့ပြီ။

## မနက်ဖြန် ဘာဖြစ်မယ်မသိသူတွေ

မနက်ဖြန်သူတို့ဘဝဘာဖြစ်မယ်ဆိုတာကို မသိဘဲ တစ်နေ့တာ အတွက်ပဲ ရှင်သန် နေထိုင်နေကြတဲ့လူတွေ ပိုပိုပြီးများလာနေတယ်။ နည်းပညာ တန်းနိုးကြောင့် လုပ်အားဈေးကွက် ရွှေ့လျားရွှေ့ပြောင်းနိုင်စွမ်း အလွန်မြင့်မားနေတဲ့ ဒီကနေ့ခေတ် ကမ္ဘာမှာ မိမိအလုပ်ကို စွဲစွဲမြဲမြဲ တာဝန်ကျေကျေလုပ်နေကြတဲ့လူတွေ အတွက် အောင်မြင်ဖို့ အလား အလာ မရှိသလောက်ဖြစ်နေပြီး ကိုယ့်အတွက်ပိုပြီး အခွင့်အရေး အလားအလာကောင်းတဲ့ အသစ်တစ်ခုခုကို စမ်းသပ်ပြောင်းရွှေ့ လုပ်ကိုင်ဖို့အမြဲတမ်း အဆင်သင့်ဖြစ်နေသူတွေက အောင်မြင်ဖို့ ရာခိုင်နှုန်း များနေတယ်။

## ခိုင်မာတာတွေ လွင့်ပါးကုန်မည်

မာ့ခ်စ်က 'ကွန်မြူနစ်ကြေညာစာတမ်း' ထဲမှာ ' ခိုင်မာသော အရာတိုင်း လွင့်ပါးပျောက်ကွယ်သွားလိမ့်မည်' (Everything that is solid melts into thin

air) လို့ရေးသားခဲ့တယ်။ ၁၈၄၈ မှာ ပုံနှိပ်ထုတ်ဝေခဲ့တဲ့ အဲဒီကြေညာစာတမ်းထဲက အဲဒီစာသားဟာ အခုအချိန်မှာ အံ့ဖွယ်သူရဲအမြော်အမြင်ကြီးမားလှတဲ့ ဖော်ပြချက်တစ်ခုဖြစ်နေပြီ။

အရင်းရှင်စနစ်ဟာ တော်လှန်ရေးတစ်ခုဆီသို့ ဦးတည်နေပြီ ဖြစ်တယ်။ဒါပေမယ့် မာ့ခ်စ်မျှော်လင့်ခဲ့တဲ့တော်လှန်ရေးမျိုးတော့ မဟုတ်ဘူး။ ကွန်မြူနစ်စနစ်က အရင်းရှင်ဘဝကို ဖျက်ဆီးပစ်လိုက်လိမ့် မယ်လို့ မာ့ခ်စ်က ဟောကိန်းထုတ်ခဲ့တယ်။ သူပြောခဲ့သလိုပဲ အရင်းရှင် လောကက ပျက်စီးနေပါပြီ။ ဒါပေမယ့် အရင်းရှင် လောကကို ဖျက်ဆီး ပစ်လိုက်တာက ကွန်မြူနစ်စနစ်မဟုတ်ပါဘူး။ အရင်းရှင်လောကကို ဖျက်ဆီးပစ်လိုက်တာက အရင်းရှင်စနစ်ပဲဖြစ်ပါတယ်။

အရင်းရှင်စနစ်နဲ့ပတ်သက်ပြီး အရင်းရှင်ဘောဂဗေဒ ပညာရှင် တစ်ယောက်ရဲ့ အမြင်ကိုမျှဝေလိုက်တာဖြစ်ပါတယ်။ စာဖတ်သူတွေ အတွေးဆက်နိုင်ဖို့မျှော်လင့်ပါတယ်။

Ref: John Gray, A Point of View:
The Revolution of Capitalism.

○

# ရာခိုင်နှုန်းပြည့်ထောက်ခံပါရစေ

ပြည်သူချစ် အနုပညာရှင် ဇာဂနာ မြစ်ကြီးနားထောင်က လွတ်လာပြီး လွတ်ငြိမ်းခွင့်နဲ့ စပ်လျဉ်းလို့ သူ့ အမြင် သူ့သဘောထားတွေကို မီဒီယာတွေနဲ့ ပြောတယ်။ ဖြစ်သင့်ဖြစ်ထိုက်တာတွေကို လိုရင်းတိုရှင်း ပြောသွားတယ်လို့ ကျွန်တော် သဘောရပါတယ်။

ထောင်က ခုလေးတင် ထွက်လာတဲ့ အနုပညာရှင်တစ်ယောက်ကတောင် သူ့သဘောထားကို ခုလို ပွင့်ပွင့်လင်းလင်း တင်ပြသွားရင် စာဖတ်ပရိသတ်နဲ့ အပတ်စဉ် ထိတွေ့နေတဲ့ စာတုတ္ထမဏ္ဍိုင်အဖွဲ့ဝင် သတင်းစာဆရာ တစ်ယောက်အနေနဲ့ ကျွန်တော့်အမြင် ကျွန်တော့် ဆန္ဒကိုလည်း ပရိသတ်ကို အသိပေးသင့်တယ်လို့ ယူမိတဲ့အလျောက် ယခုလို ရေးသားလိုက်ခြင်း ဖြစ်ပါတယ်။

ဒီကနေ့ သီတင်းကျွတ်လပြည့်နေ့ နေ့ထူးနေ့မြတ် (၁၂ အောက်တိုဘာ ၂၀၁၁) မှာ မြန်မာပြည်အနှံ့ ထောင်တွေထဲက အကျဉ်းသား ၆၀၀၀ ကျော် (၆၃၅၉ ဦး) ကို နိုင်ငံတော်သမ္မတရုံး အမိန့်အမှတ် ၄၉/ ၂၀၁၁ အရ လွှတ်ပေးတယ်။ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများ (နိုင်ငံရေး အကျဉ်းသား)များထဲက ဦးရေ ၁၀၀ ကျော်လောက်ပဲ ပါတယ်လို့ သိရပါတယ်။ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများ (နိုင်ငံရေး အကျဉ်းသား) များဆိုတာ ကျွန်တော်တို့က ခေါ်ဝေါ်သုံးနှုန်းတာပါ။ တရားဝင်ကြေညာချက်မှာ အကျဉ်းသားများလို့ပဲ ပါရှိပါတယ်။

ဒီနေရာမှာ 'စကားနောက် တရားပါ' ဆိုတဲ့ မြန်မာဆိုရိုးစကား အတိုင်းဆိုရင် အခေါ်အဝေါ် အသုံးအနှုန်းတွေရဲ့ နောက်ကွယ်မှာ သဘောထားခံယူချက်တွေ ရှိနေတယ်လို့ဆိုနိုင်ပါတယ်။

၁၉၈၈ တိုင်းဆူပြည်ဖျက် ဆူပူမှုများလို့ သုံးနှုန်းသူရဲ့ ခံယူချက်ဟာ ၁၉၈၈ မှာ ဖြစ်ပွားခဲ့တဲ့ ဒီမိုကရေစီတောင်းဆိုတဲ့ လူထု လှုပ်ရှားမှုများအပေါ် ရန်လိုတဲ့ သဘော

ထား ဆိုတာ ပေါ်လွင်နေတာပါပဲ။ မလွဲသာလို့သာ နောင်အခါ ထုတ်ဖော် ပြောဆိုရေးသားခြင်း မပြုဘဲ မျိုချထားရသည့် တိုင်အောင် အဲဒီသဘောထားရှိသူဟာ ဒီမိုကရေစီစနစ်ကို ဟန်ဆောင် ပန်ဆောင်တောင် လက်မခံရှုံသာမက ဒီမိုကရေစီ လှုပ်ရှားသူများအပေါ် အခဲမကျေနိုင်ဘဲ အာဃာတ ကြီးမားနေမည်သာ ဖြစ်ပါတယ်။

ယခု လွတ်ငြိမ်းချမ်းသာခွင့်ကြေညာတဲ့နေ့ မတိုင်ခင် တစ်ရက် အလိုမှာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က နိုင်ငံတော် သမ္မတထံ အိတ်ဖွင့်ပေးစာ ပေးပို့ခဲ့တာကို အစိုးရသတင်းစာတွေမှာ ဖော်ပြခဲ့ပါတယ်။ အဲဒီပေးစာထဲမှာ 'ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်နှင့် အချို့ နိုင်ငံတို့၏ မျှော်လင့်တောင့်တချက်တစ်ရပ်ဖြစ်သော 'ယုံကြည်ချက်ကြောင့် အကျဉ်းကျခံရသူများ' (prisoners of conscience) အား လွှတ်ပေးရေးကိစ္စ"လို့ ဆိုပေမယ့် "ထိုအကျဉ်းကျခံနေရသူများမှာ တည်ဆဲ ဥပဒေများကို ချိုးဖောက်သဖြင့် အပြစ်ဒဏ် ကျခံနေရခြင်း ဖြစ်သည်ဟူသော နိုင်ငံတော်အစိုးရ၏ ရပ်တည်ချက်ကိုလည်း ကော်မရှင်က သဘောပေါက် ကြောင်း" ဖော်ပြပါရှိပါတယ်။

လွတ်ငြိမ်းချမ်းသာခွင့်ပေးတဲ့ အမိန့်ကို သေချာဖတ်ကြည့်ရင် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ သို့မဟုတ် အမျိုးသား စည်းလုံး ညီညွတ်ရေးအတွက် လုပ်ဆောင်ချက်တစ်ရပ်အနေနဲ့ လွတ်ငြိမ်းခွင့်ပေး တယ်လို့ ဖော်ပြထားခြင်း မရှိပါဘူး။ အမိန့်စာထဲမှာ တရားဝင်ဖော်ပြထား ချက်များအရဆိုရင် အကျဉ်းသားတွေကို ယနေ့ လွှတ်လိုက်ခြင်းဟာ လူသားချင်း စာနာ ထောက်ထားမှု၊ သနားချစ်ခင်မှုကို အလေးထားခြင်းနဲ့ နိုင်ငံတော်ရဲ့ မေတ္တာ စေတနာအလျောက် ဆောင်ရွက်ချက် ဖြစ်တယ်လို့ နားလည်ရပါတယ်။

သို့ပေမယ့် ဇာဂနာကဲ့သို့သော အကျဉ်းသားများကို ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူ၊ နိုင်ငံရေးအကျဉ်းသားအဖြစ် လက်မခံ လိုသူများ၊ အဲသလို ခေါ်ဝေါ်သုံးနှုန်းခြင်းပင် မပြုလိုသူများကို အတင်းအကျပ် သဘောထားပြောင်းဖို့ မျှော်လင့်မနေတော့ပါဘူး။ ကြောင်ဖြူတာ မည်းတာ ပြဿနာမဟုတ်၊ ကြွက်ခုတ်ဖို့က အဓိက ဆိုသဟာလိုပဲ နိုင်ငံရေး အကျဉ်းသားလို့ မသုံးနှုန်းချင်ရင်လည်း နေပါစေတော့။ ကျန်ရှိနေသေးသော မင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုဌေးကြွယ်၊ မင်းဇေယျာ၊ ကိုမြအေး၊ ကိုပြုံးချို၊ ကိုအံ့ဘွယ်ကျော်၊ ကိုဂျင်မီ၊ မမီးမီး စတဲ့ ၈၈ မျိုးဆက်ကျောင်းသား ခေါင်းဆောင်များအားလုံး၊ ခွန်ထွန်းဦး၊ စိုင်းညွန့်လွင် အစရှိသော တိုင်းရင်းသားခေါင်းဆောင်များ အားလုံးကို တစ်ဆက်တည်း ဆက်လက် လွှတ်ပေးသင့်ပါတယ်လို့ပဲ ကျွန်တော့်ရဲ့ သဘောထားအမြင်ကို တင်ပြလိုပါတယ်။

ယခု ထုတ်ပြန်တဲ့ လွတ်ငြိမ်း ချမ်းသာခွင့်အမိန့်ဟာ တပ်မတော်သား ကိုယ်စားလှယ်များ အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များက အဆိုပြု ဆွေးနွေး ဆုံးဖြတ်ကြပြီး နိုင်ငံတော်သမ္မတကြီးထံ ထောက်ခံတင်ပြ ခဲ့ကြရာမှ ထွက်ပေါ်လာခြင်း ဖြစ်တယ်လို့ သိထားပါတယ်။ ဒါကြောင့် သည်တစ်ခါတော့ အားလုံး လွတ်ငြိမ်းခွင့်ရကြပြီး ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးမှာ တက်ညီလက်ညီ ပူးပေါင်းပါဝင်နိုင်ကြတော့မယ်လို့ မျှော်လင့်ထားတာပါ။ အဲသလို မဟုတ်ဘဲ သူတို့တွေအားလုံး လွတ်ငြိမ်းခွင့်မရဘူး၊ ကျန်သူတွေကျန်၊ ချန်သူတွေကို ချန်ထားဦးမယ် ဆိုရင်ဖြင့် ယခု နိုင်ငံတော်သမ္မတရုံး အမိန့်အမှတ် ၄၉/ ၂၀၁၁ အကောင်အထည် ဖော်မှုကို ကျွန်တော့် အနေဖြင့် ၅၀ ရာခိုင်နှုန်းပဲ ထောက်ခံနိုင်ပါဦးမယ်။ ကျွန်တော့် ဆန္ဒ အမှန်ကတော့ ရာခိုင်နှုန်းပြည့် ထောက်ခံချင်နေကြောင်းပါဗျာ။

နောက်ဆုံးတစ်ခု ပြောချင်တာတစ်ခု ရှိပါသေးတယ်။ ၁၂ အောက်တိုဘာ ၂၀၁၁ နေ့မှာ လွတ်ငြိမ်းခွင့်ရလို့ အကျဉ်းထောင်အသီးသီးက ထွက်လာကြတဲ့ လွတ်လူများရဲ့ သတင်းကို ၁၃ ရက်နေ့ထုတ် အစိုးရ သတင်းစာများမှာ လုံးဝ မတွေ့ရှိရတဲ့အတွက် ကျွန်တော့်စိတ်ထဲ လေးလံနေမိပါ တယ်။ ဘာကြောင့်မှန်းတော့ မသိပါ။ ကျွန်တော် စိတ်လေး နေတာကတော့ လေးနေတာပါပဲခင်ဗျာ။